
ဗိုလ်မှူးချစ်ကောင်း

# စာအုပ်မှတ်တမ်း

ပုံနှိပ်

တတိယအကြိမ်
၂၀၀၁ ခုနှစ်၊ မတ်လ
အုပ်ရေ (၁၀၀၀)

ထုတ်ဝေ

အမြင့်ပျံငှက်များ

ကွန်ပျူတာစာစီ

အမြင်သစ်

မျက်နှာဖုံးပန်းချီ

ကျော်ဝင်း



အမြင့်ပျံငှက်များ

# မာတိကာ


| | |
|---|---|
| ထုတ်ဝေရခြင်း ရည်ရွယ်ချက် | ၇ |
| ရဲဘော်ကျင်မောင်၏ အမှာ | ၉ |
| ကျေးဇူးစကား | ၁၅ |
| ၁။ ကြိုးမိန့်ချခြင်း | ၁၇ |
| ၂။ ကျောင်းသားသမဂ္ဂ | ၂၂ |
| ၃။ ဘီ၊ အိုင်၊ အေ | ၂၆ |
| ၄။ ဘီ၊ ဒီ၊ အေနှင့် ဗိုလ်သင်တန်း | ၃၁ |
| ၅။ လွတ်လပ်ရေးနှင့် နမဆုံးခြင်း | ၃၇ |
| ၆။ ဂျပန်သို့မလိုက် | ၄၀ |
| ၇။ ဟယ်လ်ပင်ရိပ်သာ | ၄၃ |
| ၈။ အိန္ဒိယသို့သွားရန်ပြင်ခြင်း | ၄၇ |
| ၉။ မန္တလေးသို့ | ၄၉ |
| ၁၀။ မန္တလေးမှ ဆက်ထွက်ခြင်း | ၅၂ |
| ၁၁။ အိန္ဒိယသို့ရောက်ခြင်း | ၅၈ |
| ၁၂။ စစ်ပညာသင်ခြင်း | ၆၁ |
| ၁၃။ ဘုံရိပ်သာ | ၆၅ |
| ၁၄။ အပြန် | ၆၈ |
| ၁၅။ လေထီးဆင်းခြင်း | ၇၁ |

၁၆။ တောင်ပေါ်စခန်း ၇၄
၁၇။ ကရင်–ဗမာသွေးစည်းရေး ၇၇
၁၈။ အိုင်၊ အင်၊ အေနှင့် တိုက်ပွဲ ၈၀
၁၉။ လမ်းဖြတ်တိုက်ပွဲ ၈၃
၂၀။ ဆင်ပခြတ်ရွာတိုက်ပွဲ ၈၆
၂၁။ တန်ခူးလပြည့်မှ နတ်တော်လပြည့်သို့ ၈၉
၂၂။ ဆန်းနှင့်သန်း ၉၁
၂၃။ ညီညွတ်ရေးဗိသုကာ ၉၆
၂၄။ ဖဆပလကွဲခြင်း ၉၉
၂၅။ လုပ်ကြံမှုကြီး ၁၀၃
၂၆။ ဖဆပလ ကွန်မြူနစ် ညီညွတ်ရေး ၁၀၆
၂၇။ ပြည်တွင်းစစ် ၁၁၀
၂၈။ ပြည်တွင်းစစ်ရပ်စဲရေး ၁၁၃
၂၉။ အဖမ်းခံရခြင်း ၁၁၆
၃၀။ ငြိမ်းချမ်းရေးလှုပ်ရှားမှု ၁၁၉
၃၁။ ဘားလမ်းမှာ ၁၂၃
၃၂။ ဧပြီ – ၂၆ ၁၂၆
၃၃။ ဖဆပလ ကွဲပြန်ခြင်း ၁၃၀
၃၄။ သန့်ရှင်းအစိုးရ ၁၃၅
၃၅။ စက်တင်ဘာ – ၂၆ ၁၄၀

၃၆။ မေဒေးနေ့ ၁၄၅
၃၇။ လျှောက်လဲချက် ၁၄၈
၃၈။ မိုးကြိုးတိုက်မှ ကြိုးတိုက်သို့ ၁၅၅
၃၉။ ကြိုးတိုက်ထဲဝယ် ၁၅၉
၄၀။ ရွေးကောက်ပွဲ ၁၆၂
၄၁။ ကြိုးပေးခြင်း ၁၆၅
၄၂။ နောင်အနှစ် နှစ်ဆယ် ၁၆၉

# ထုတ်ဝေရခြင်း ရည်ရွယ်ချက် - -

စစ်အာဏာရှင်လက်အောက် စာပေလွတ်လပ်ခွင့်နှင့်အတူ လွတ်လပ်ခွင့်ဟူသမျှ ဆုံးရှုံးခဲ့ရသည်မှာ နှစ်ပေါင်းကြာခဲ့ပါပြီ။ အကျိုးဆက်အားဖြင့် ပြည်သူလူထုကြီးမှာအမှန်တရားနှင့်အတူသမိုင်းဖြစ်ရပ်အကြောင်းအရာများကိုလည်း လေ့လာဝေဖန်ပိုင်းခြားနိုင်ခွင့် မရရှိခဲ့ကြပါ။ လူ့အခွင့်အရေးထဲမှတစ်ခုဖြစ်သော လွတ်လပ်စွာရေးသားပြောဆိုနိုင်ခွင့်ကြောင့် လွတ်လပ်စွာ ပြောဆိုရေးသားသကဲ့သို့ ပြည်သူများအနေဖြင့်လည်း လွတ်လပ်စွာဝေဖန်ပိုင်းခြားနိုင်ခွင့်ရှိရပေမည်။

ဗိုလ်မှူးချစ်ကောင်း၏ 'အနှစ် နှစ်ဆယ်' စာအုပ်သည် မြန်မာနိုင်ငံ လွတ်လပ်ရေး၊ ဖက်ဆစ်ဂျပန်တော်လှန်ရေးနှင့် လွတ်လပ်ရေးရပြီးနောက်ပိုင်း ပါလီမန်ဒီမိုကရေစီခေတ်၏ သမိုင်းကြောင်းတစိတ်တဒေသကိုရေးသားထားခြင်းသာ ဖြစ်ပါသည်။ သို့သော်ငြားလည်း စစ်အာဏာရှင်လက်အောက်သို့ ရောက်ခဲ့ရသည့် အချိန်မှစ၍ ဤစာအုပ်သည် လုံးဝကွယ်ပျောက်နေခဲ့ပါသည်။

အမျိုးသားညီညွတ်ရေး၊ ဒီမိုကရေစီရေး၊ နယ်ချဲ့လက်အောက်မှ လွတ်မြောက်ခါစ အမိ မြန်မာပြည် အေးချမ်းသာယာတိုးတက်ရေးအတွက် ဗိုလ်မှူးချစ်ကောင်းသည် မိမိကိုယ်တိုင် ကြိုးစားခဲ့သမျှကို နောင်လာနောက်သားများ သိရှိစေရန် ရည်ရွယ်၍ ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲမပါဘဲ၊ အဃာတ တရားမပါဘဲ ရေးသားခဲ့သည်ဟု ယုံကြည်ပါသည်။

သို့ပါသော်လည်း ဤစာအုပ်သည်စစ်အာဏာရှင်လက်အောက်တွင် တိမ်မြုပ်နေရပါသည်။ နယ်ချဲ့လွတ်မြောက်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေး သမိုင်းစာအုပ်များ အမြောက်အမြားရှိခဲ့ ပါသည်။ ရေးသူကရေး၍ဖတ်သူကလွတ်လပ်စွာ ဝေဖန်ပိုင်းခြားနိုင်ခွင့်ရှိပါသည်။ ထို့ကြောင့် ဤစာအုပ်ကို ထုတ်ပါသည်။

အမြင့်ပျံငှက်များ

# ငါ့ဘော်ကျင်မောင်ရဲ့ အမှာစာ

ဗိုလ်မှူးချစ်ကောင်းစာအုပ်ပြန်လည်ထုတ်ဝေရာမှာအမှာစာရေးပေးဖို့ တောင်းခံတော့ ချက်ချင်းပဲ လိုလိုချင်ချင် ရေးပေးမယ်လို့ ပြောခဲ့ပါတယ်။သူတို့အပေါ်မှာ အကြွေးဆပ်စရာ ရှိနေလို့ပါ။

ပထမဦးဆုံးရေးတာလည်းဖြစ်၊ နောက်ဆုံးရေးတာလည်း ဖြစ်ချင်ဖြစ်ပေမယ့် အမှာကို ရှည်ရှည်ရေးခွင့်ပြုပါ။ စာရေးသူအကြောင်း၊ စာအုပ်အကြောင်းကအားလုံးသိနေကြပြီးဖြစ်လို့ မှာစရာ သိပ်မရှိလှပါ။ ဆပ်စရာကြွေးမရေးခင် ပုဂ္ဂိုလ်အကြောင်း သိသလောက်တော့ ရေးပါမယ်။

ကိုချစ်ကောင်းနဲ့ ဗမာပြည်ကွန်မြူနစ်ပါတီလှုပ်ရှားမှုများအတွင်းမှာ တွေ့ကြတာနည်းပါတယ်။ တစ်နေရာစီ တာဝန်ယူနေရလို့ပါ။ တခါတလေတွေ့ကြတော့လည်း ပါတီရဲ့လမ်းစဉ်၊အကြပ်အတည်းကိစ္စပဲတိုးတိုးတိတ်တိတ်ဆွေးနွေးကြတာများပါတယ်။ သူဟာ ရိုးသားသူ၊ ပွင့်လင်းသူ၊ အကောက်မကြံသူ၊ ပြည်သူ့အကျိုး ဦးထိပ်ထားသူလို့ တထစ်ချ ပြောနိုင်ပါတယ်။ အဲဒီဂုဏ်ပုဒ်တွေအပြင် လူထု၊ တပ်ထု၊ အောက်ခြေထုနဲ့ အလွန်နီးစပ်သူ၊ ဟာသရှိသူလည်း ဖြစ်ပါတယ်။

၁၉၄၅ခုနှစ် ဖက်ဆစ်တော်လှန်ရေးပြီးစက ပါတီဌာနချုပ်မှာ လူစည်ကားပါတယ်။ ကွန်မြူနစ်တွေချည်း စည်ကားနေတာမဟုတ်ပါ။ လေထီးဆင်းတွေ၊ ဖက်ဆစ်တော်လှန်ရေးသမားတွေ အတော်လေးစုံပါတယ်။ ဗမာပြည်ဆိုရှယ်လစ်ပါတီဆိုတာ မရှိသေးပါ။ ဖဆပလနဲ့ ကွန်မြူနစ်ပဲ ရှိပါတယ်။ ဒါ့ကြောင့် စစ်အပြီး နိုင်ငံရေးသမား လူငယ်တွေရဲ့ မိတ်ဆုံပွဲကြီးလို ဖြစ်နေပါတယ်နောင်အခါမှာဖဆပလအစိုးရအဖွဲ့အတွင်းနဲ့ တခြားအစိုးရဌာနတွေမှာ ထိပ်တန်းတာဝန်တွေ ယူသွားသူတွေပါ ရှိနေကြပါတယ်။ လူစုံနေတာကို ပြောချင်တာပါ။

အဲဒီကာလကို ဗမာပြည်နိုင်ငံရေးလောကမှာ နောင်လူသုံးများလာမယ့် နိုင်ငံရေးဝေါဟာရတွေ တီထွင်ကြတဲ့ ကာလပိုင်းလို့ ဆိုနိုင်ပါတယ်။ အတွေ့အကြုံလည်းစုံ၊ လူမျိုးလည်းစုံ၊ ခေတ်ပညာလည်း တတ်ကြတော့ တီထွင်ကြပါတယ်။ အငြင်းအခုံတွေလည်း များပါတယ်။

တစ်နေ့မှာ လူထုဆိုတဲ့ဝေါဟာရနဲ့ ပတ်သက်ပြီး အငြင်းအခုံဖြစ်ပါတယ်။

People ကို ပြည်သူ၊ Mass ကို လူထုလို့ အများသဘောကြိုက်ညီကြပါတယ်။ စောစောက ဒီနှစ်ခုရောနေပါတယ်။ မန္တလေးမှာတုန်းကတော့ Peopleကို လူထုလို့လည်း ပြန်ခဲ့ကြပါတယ်။ အခုထက်ထိ လူထုတိုက်ရဲ့ အထိမ်းအမှတ် (Logo)ကို ကြည့်ပါ။ အဲဒီအတိုင်း ပြန်ထားပါတယ်။ သူက သမိုင်းပစ္စည်းမို့ ပြင်ဖို့မလိုပါ။

ရန်ကုန်ရောက်ကြတော့မှ ပါတီက ပြည်သူနဲ့လူထု ဝေါဟာရဘာသာပြန် ပြောင်းသွားတာ ဖြစ်ပါတယ်။ မန္တလေးတုန်းကတော့ အားလုံးတသဘောထဲပါ။ ကြီးပွား ရေးဦးလှက အဲဒီ 'လူထု'ကို သိပ်စွဲလန်းနှစ်သက်ပြီး 'လူထုဦးလှ'ဖြစ်သွားပါတယ်။

ရန်ကုန်ရောက်ကြတော့ ဝေါဟာရပြောင်းတာ အများညီကြပေမယ့် လူထုကို ဘယ်လိုစာလုံးပေါင်းမလဲဆိုတာမှာ ကွဲကြပါတယ်။ ကိုချစ်ကောင်းနဲ့ တချို့က 'ဒု'လို့ ပေါင်းချင်တယ်။ အများက 'ထု'ကိုပဲကြိုက်ကြတယ်။ အငြင်းအခုံပြင်းထန်တဲ့ တစ်ညမှာသူဟာ တိုက်နံရံမှာ ဒုဆိုတာတွေ မြေဖြူနဲ့ လျှောက်ရေးပါတယ် ဒါပေမယ့် ကိုဗဟိန်းတို့ ပါတီခေါင်းဆောင်တွေကထုကိုပဲအတည်ပြုပေးလို့သူဟာထုပဲတသက်လုံး ရေးသွားပါတယ်။ ပြောချင်တာက ဒီမိုကရေစီ ဗဟိုချုပ်ကိုင်မှုကို သူ့ရဲ့ ပါတီသက်တသက်လုံးလေးစားလိုက်နာတာပါပဲ။ ဘယ်လောက်အထိလိုက်နာသလဲဆိုရင်သူ့ "အနှစ်၂၀" စာအုပ်အပေါ် အမြင်မကြည်လင်သူတွေက သူ့ကိုနေရာချထားမှု မှားနေတာတောင် အသက်သေသည်အထိ သူလိုက်နာသွားပါတယ်။

သူ့အကြောင်း ဒီလောက်နဲ့ နားပါမယ်။ ဆပ်စရာကြွေးကိုစ ဆက်ပါမယ်။ ပါတီရဲ့ တတိယကွန်ဂရက်မတိုင်မီ ၁၉၇၅ကတည်းက လက်ဝဲစွန်းအမှားနဲ့ ပတ်သက်တဲ့ ဆပ်စရာကြွေးတွေကို ဆပ်ပြီးပါပြီ။ ဒါပေမယ့် အဲဒီတုန်းက သဗ္ဗေသတ္တာဆပ်ထားတာ ဖြစ်လို့ အခုအတိအကျ အပြေအလည် ဆပ်ချင်တာပါပဲ။

လက်ဝဲစွန်းအမှားဆိုတာ "ဖြုတ်ထုတ်သတ်"လမ်းစဉ်အမှားကို ပြောတာပါ။ ဒီ 'ဖြုတ်ထုတ်သတ်'ဆိုတာ ပါတီတွင်း သီးသန့်သုံးတဲ့ jargon(အသုံးအနှုန်း)ပါ။တရားဝင်အမည်က 'ပါတီတွင်းတော်လှန်ရေးလမ်းစဉ်'ပါ။ ဘရောက်ဒါဝါဒလမ်းစဉ်၊၅၅လမ်းစဉ်၊ ၆၄လမ်းစဉ် စသဖြင့် သုံးသလိုမျိုးပါ။

ဒါပေမယ့် ပါတီတွင်းသီးသန့် ဝေါဟာရက သစ္စာဖောက်နဲ့ စစ်အစိုးရပေါင်းပြီး တပြည်လုံးကို ဖြန့်လိုက်တော့ ပြန့်သွားပါတယ်။ ဒါ့ကြောင့်တိုတိုပဲ'ဖြုတ်ထုတ်သတ်'လို့ သုံးလိုက်တာပါ။ ကွန်မြူနစ်တွေက ဝေါဟာရကို မကြောက်ပါဘူး။ ပါတီကို'အလံဖြူ'လို့ သခင်စိုးသမုတ်ခဲ့တယ်။ ဘယ်သူက အလံဖြူရုံနဲ့ အားမရဘဲရန်သူနဲ့ပေါင်းသွားသလဲဆိုတာ သမိုင်းကပြပြီးပြီပဲ။

ပါတီက ဆပ်စရာကြွေးတွေ အားလုံးလောက် ဆပ်ပြီးပါပြီ။ နိုင်ငံခြားတင်တဲ့ကြွေးတောင် ပါပါတယ်။ ဒါလဲဆပ်ပြီးပါပြီ။ ဥပမာ ရဲဘော်ဂိုရှယ်ကိစ္စဆိုရင် အိန္ဒိယပြည် ကွန်မြူနစ်ပါတီအပေါ် တင်တဲ့အကြွေးပါ။ ကြွေးအားလုံး ကြေခဲ့ပါပြီ။

အခုဆပ်မယ့်အကြွေးက ရဲဘော်ချစ်ကောင်းနဲ့ ကိုသက်၊ ကိုဗဆွေလေး၊ ကိုစိုး ဝင်း၊ ကိုကျော်ခင်၊ ကိုအောင်သိန်းနိုင်၊ ကိုခင်ဝင်း စတဲ့သူတွေအပေါ် တင်ခဲ့တဲ့ကြွေးပါ။

ရှေ့ကရဲဘော်သုံးယောက်က လက်ဝဲစွန်းလမ်းစဉ်မှားရဲ့ ပါတီတည်ဆောက်ရေးနဲ့ စစ်ရေးလမ်းစဉ် မှားမှုကြောင့် ကျဆုံးတာပါ။ ကာယကံမြောက် လက်ဝဲစွန်းအမှားရဲ့ သတ်ဖြတ်ခြင်းခံရတာ မဟုတ်ပါဘူး။ နောက်ကရဲဘော်တချို့သာ ကာယကံမြောက်ခံခဲ့ရတာ ဖြစ်ပါတယ်။

ရန်သူကသတ်၊ အချင်းချင်းကသတ်နဲ့ ပါတီရဲ့ ပြည်တွင်းမြေအောက်အဖွဲ့အားလုံးနဲ့ အခြေခံဒေသအားလုံး ဆုံးရှုံးခဲ့ရပါတယ်။ တကယ့်ကို အားလုံးပါ။ တော်လှန်ရေးအဆက်ဆက် အခြေခံခဲ့ရာတွေ ဆုံးရှုံးသွားပါတယ်။ နယ်စပ်မှာပဲ အခြေခံကျန်ပါတယ်။ တပါတည်း ကိုယ့်အား ကိုယ်ကိုး အခြေခံလဲ ဆုံးရှုံးသွားပါတယ်။

ဒါတွေဟာ ၈ဇထိခိုက်နစ်နာမှုရဲ့ ခပ်ဝေးဝေးက အကြောင်းတရားပါ။ အနီးဆုံးအကြောင်းတရားကတော့ စစ်အေးခေတ် ပြီးဆုံးခြင်းပါ။ နဝတစစ်အစိုးရတို့၊ ဗိုလ်ခင်ညွန့်တို့ရဲ့ ကျွမ်းကျင်လိမ္မာမှုကြောင့် 'ငြိမ်း'အဖွဲ့တွေ ပေါ်တာမဟုတ်ပါဘူး။

ဗကပ ၈ဇမှာ ထိခိုက်နစ်နာတာရဲ့ အဓိက တရားခံက လက်ဝဲစွန်းလမ်းစဉ်နဲ့ ကိုယ့်အားကိုယ်ကိုး အခြေခံ ပျက်ပြားမှုပါပဲ။

တရုတ်ပြည်တော်လှန်ရေးကာလက လီလီစန်း၊ဝမ်မင်လက်ဝဲစွန်းအမှားကြောင့် တရုတ်ပြည်ကွန်မြူနစ်ပါတီ ထိခိုက်ဖူးတာမျိုး ဖြစ်ပါတယ်။ တရုတ်ပြည်မှာဆိုရင် ဒေသဖြူက မြေအောက်အဖွဲ့အားလုံး အခြေခံဒေသ တော်တော်များများဆုံးရှုံးပြီး ခရီးရှည်ချီတက်ရတာမျိုးပါပဲ။

ကျွန်တော်တို့ရဲ့ လက်ဝဲလမ်းစဉ်အမှားက တရုတ်ပြည်ထက် ပိုကြာပါတယ်။ ဘာကြောင့်လဲ။

အမှားကိုမြင်ခွင့်နဲ့ ပြင်ခွင့်မရတာ နောက်ကျလို့ပါ။ ခါတိုင်းမှားရင် ဥက္ကဋ္ဌသခင်သန်းထွန်းပဲမှားပြီး သူပဲစပြီး ပြင်ခွင့်ရခဲ့တာချည်းပါပဲ။ ဖိစမှာတော့ သူကျဆုံးသွားလို့ အမှားမြင်ခွင့်၊ ပြင်ခွင့် သူမရလိုက်ပါ။ ဥက္ကဋ္ဌသခင်ဇင်လည်း အဲဒီလိုပါပဲ။ ပြင်ခွင့်ရမသွားပါ။ သူက မှားနေတာ မမြင်လို့ မဟုတ်ပါ။ မြင်ပါတယ်။ ပြင်ဖို့အချိန်မရတာပါ။

တရုတ်ပြည်ယဉ်ကျေးမှုတော်လှန်ရေး လုပ်တာကျတော့ ဘာ့ကြောင့် ဗမာပြည်ကွန်မြူနစ်ပါတီလောက် မနာသလဲ။ ရှင်းပါတယ်။ အခြေအနေချင်း မတူကြလို့ပါ။

တရုတ်ပြည်က ယဉ်ကျေးမှုတော်လှန်ရေးကို ကြိုက်သလောက်လုပ်၊ ပါတီကို ရန်သူက မချေမှုန်းနိုင်ပါ။ ကေအမ်ဒီက ထိုင်ဝမ်ပြေးနေရပြီ။ အမေရိကန်ရဲ့နယ်ချဲ့အောက် ခိုလှုံနေရတာ ကြာပါပြီ။ အမေရိကန်ကလည်း ၁၉၅၀–၅၃မှာကိုရီးယားစစ်ပွဲနဲ့ အားစမ်းထားပြီးသား။ အကြောင်းသိဖြစ်နေတယ်။ လောလောဆယ်လည်း ဗီယက်နမ်မှာ မရှုနိုင်မကယ်နိုင်ဖြစ်နေတယ်။ ပြီးတော့ တခြား စူပါ ပါဝါကလည်း ရှိနေသေးတယ်။ သူလုပ်ချင်ဦး မလုပ်နိုင်ပါ။

တရုတ်ပြည်မှာ ယဉ်ကျေးမှုတော်လှန်ရေးကို သူတို့ဆက်လုပ်နေလည်း တတိတိ၊ တဖြေးဖြေး ထိခိုက်တာပဲ ရှိမယ်။ ဗမာပြည်မှာလို မဖြစ်နိုင်ဘူး။

ဗမာပြည်မှာက ရန်သူက အင်အားအများကြီးရှိနေတယ်။ လုပ်နေတာကလည်း ရန်သူအားကြီးရာ ရန်ကုန်၊ ပဲခူး၊ တောင်ငူ၊ သာယာဝတီ၊ ပြည် ဝိုင်းပတ်နေတဲ့ ပဲခူးရိုးမမှာ ... ။

ရန်သူကို တဖက်ကတိုက်ရင်း ဆန်သယ်စားပြီး တောထဲမှာလုပ်နေရတဲ့ ဘဝပဲ။

ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ လက်ဝဲစွန်းလမ်းစဉ်ကို တရုတ်ပြည်ပါတီက လုပ်ခိုင်းနေတာလို့ ရေးထားတဲ့စာအုပ် ဖတ်ရပါတယ်။ သူရေးတာနဲ့ ပြောင်းပြန်ပါပဲ။ အခြေအနေမသိပဲ အဝေးကနေ အကြံပေးမှားတာကို ခံရဖူးတဲ့ တရုတ်ပြည်ကွန်မြူနစ်ပါတီက ဘယ်တော့မှ အဲဒီလိုအကြံပေးတာမျိုးမလုပ်ပါ။တကယ့်ဖြစ်ရပ်မှန်မသိလို့သော်လည်းကောင်း၊ တရုတ်ပြည်နဲ့ တရုတ်ပါတီ ဆန့်ကျင်ရေးရေးမှ စားသာမှာမို့သော်လည်းကောင်း၊ နှစ်ခုစလုံးသော်လည်းကောင်း အဲဒီလူက လူတတ်လုပ်ပြီး ရေးတာဖြစ်ပါလိမ့်မယ်။

တဖန်– ပဲခူးရိုးမမှာမှားနေတာကို နယ်စပ်ကထိုင်ကြည့်နေသလားလို့ မေးရင် ထိုင်မကြည့်ဘူး၊ လုပ်စရာရှိတာ အားလုံးလုပ်တယ်လို့ပဲ ဖြေရပါမယ်။ ၁၉၆၈တုန်းက ဗိုလ်အောင်ကြီးက ဗိုလ်နေဝင်းဆီ ထောင်ထဲကနေ စာပို့တယ်။ စာရဲ့အချုပ်သဘောက တော့ နယ်စပ်ကနေ ပဲခူးရိုးမကို 'ဟိုချီမင်းလမ်း' ဖွင့်ခွင့် ဗမာပြည်ကွန်မြူနစ်ပါတီကို မပေးပါနဲ့။ ပေးမိရင် သွားပြီ။ သူတို့စစ်အုပ်စု ရှုံးပြီလို့ ရေးတာပဲ။

ဒါကြောင့် အဲဒီလမ်းမပွင့်အောင် စစ်အစိုးရက နည်းမျိုးစုံနဲ့ လုပ်တယ်။

ရှမ်းပြည်အရှေ့ပိုင်း၊ တောင်ပိုင်း၊ အင်းလေး၊ ပျဉ်းမနား၊ ရွှေကျင်နယ်၊ ညောင်လေးပင်ရှေ့မှာ ဘာတွေလုပ်ခဲ့သလဲ။ ဘာတွေဖြစ်ခဲ့သလဲ။ အဲဒါကိုလေ့လာကြည့်ရင် သိနိုင်ပါတယ်။

တဖက်ကလည်း ပါတီထဲမှာ လမ်းစဉ်နှစ်ခု၊ ဗဟိုနှစ်ခုမဖြစ်အောင်လည်း ထိန်းရပါတယ်။

လက်ဝဲလမ်းစဉ်မှားကိစ္စ ဒီလောက်ပဲ ရေးပါမယ်။

ဗမာပြည်ကွန်မြူနစ်ပါတီကို ၁၉၃၉ခုမှာ ဖွဲ့တော့ ဘယ်သူတွေ ပါကြသလဲ။ ဗကသဟောင်းတွေ ချည်းလို့ ဆိုရမလောက်ပါပဲ။ ကိုအောင်ဆန်း၊ ကိုဗဟိန်း၊ ကိုလှဖေ၊ ဂိုရှယ် စသူများအပြင် နယ်က ဗကသဟောင်းတွေချည်းပါပဲ။

ရဲဘော်ချစ်ကောင်းလည်း အဲဒီမျိုးဆက်က ဗကသဟောင်းပါပဲ။ ကျောင်းသားမျိုးဆက်ဆိုတာက မျိုးဆက်ပြောင်းတာ မြန်ပါတယ်။ ကျောင်းဆွေးဆွေးနေတဲ့သူကလွဲရင် တက္ကသိုလ်ပဲဖြစ်ဖြစ်၊ အထက်တန်းကျောင်းဖြစ်ဖြစ် ၄–၅နှစ်တစ်ကြိမ် မျိုးဆက်ပြောင်းနေတာပါပဲ။

ဖက်ဆစ်တော်လှန်ရေးအထိ အဲဒီလိုပဲ ပါတီအတွက် အားသစ်တွေ ဗကသကနေ လာနေတာပါ။ ဗကသဟောင်းဟာ နိုင်ငံရေးသာဆက်လုပ်ရင် ဗကပပဲ အဖြစ်များပါတယ်။ ဗကသသမိုင်းကိုပဲ လေ့လာကြည့်ပါ။

တရားဝင်ဗကသဟာ ၁၉၆၂မှာ တကသအဆောက်အဦးနဲ့အတူ အဆုံးသတ်သွားပါတယ်။ အဲဒီ၁၉၆၂ ဗကသနောက်ဆုံးမျိုးဆက် တောခိုကြတော့ ပါတီရဲ့ လက်ဝဲစွန်းလမ်းစဉ်နဲ့ တိုးမိပါတယ်။ ထိခိုက်ကျဆုံးပါတယ်။ အဲဒါကိုပဲ ပါတီ အပေါ်တင်တဲ့အကြွေးလို့ ကျွန်တော်ယူဆပါတယ်။ ဒါ့ကြောင့် ကြွေးဆပ်တယ်လို့ သုံးလိုက်တာပါပဲ။

ဒါဟာလည်း ယာယီပြတ်တောက်သွားတဲ့ မျိုးဆက်ပါ။ ကျောင်းသားလှုပ်ရှားမှုရှိရင် ဗကသရှိပါတယ်။ တရားဝင်ပုံစံနဲ့ မဟုတ်ရင်လည်း မြေအောက်ပုံစံရှိပါတယ်။ မဆလ စစ်အစိုးရခေတ်၊ နဝတ၊ နအဖစစ်အစိုးရခေတ် လှုပ်ရှားမှုတိုင်းမှာ လက်နက်ကိုင် ဗကပနဲ့ မြေအောက်ဗကသ လက်တွဲခဲ့တာချည်း ဖြစ်ပါတယ်။ လက်ဝဲစွန်းလမ်းစဉ်မှာ ပါတီတည်ဆောက်ရေးလမ်းစဉ်၊ စစ်ရေးလမ်းစဉ်၊ မြေယာလမ်းစဉ် စသဖြင့် ရှိပါတယ်။ အားလုံးလက်ဝဲစွန်းချည်းပါ။ အဲဒီကြွေးတွေ တင်နေတာကိုဆပ်ဖို့ ပါတီမှာ တာဝန်ရှိ ပါတယ်။ လူသိရှင်ကြား မှားခဲ့တဲ့အမှားကို လူသိရှင်ကြား ပြင်ချင်လို့ အမှာမှာ ရေးလိုက် တာပါ။

ဗိုလ်(ဒေါက်တာ)မောင်မောင်က ၁၉၈၈တုန်းက တကသအဆောက်အဦးကို

တပျော်တပါး တည်ဆောက်ကြပါစို့လို့ ပြောခဲ့ပါတယ်။ သူတို့ဆောက်ပေးမှ မဟုတ်ပါ။ ကျောင်းသားများရဲ့ တရားဝင်ဖြစ်လာတဲ့ ဗကသကပဲ တည်ဆောက်ကြရပါမယ်။ ဒီမိုက ရေစီရှိမရှိ ပြဒါးတိုင် တိုင်းချင်ရင် သမဂ္ဂကြီး(၄)ခုရှိမရှိနဲ့ တိုင်းရမယ်လို့ ယူဆပါတယ်။ ဗကသ၊ အလုပ်သမားသမဂ္ဂ၊ လယ်သမားသမဂ္ဂနဲ့ လုပ်ငန်းအလိုက် သမဂ္ဂများ ဒီလေးခုကို ဆိုလိုပါတယ်။

ရဲဘော်ချစ်ကောင်းဟာ ဗကပ ပထမဦးဆုံးထုတ်တဲ့ ပြည်သူ့အာဏာမှာ စာတည်းအဖွဲ့ဝင် ဖြစ်ခဲ့ပါတယ်။ ကျောင်းသားဘဝကလည်း စာရေးဖူးတဲ့ လက်စလက်နရှိလို့ အရေးအသား ကျွမ်းကျင်ပါတယ်။ သူရေးခဲ့တဲ့ 'အနှစ်နှစ်ဆယ်' ပြန်ထုတ်တဲ့ ရဲဘော်များကို ကျေးဇူးတင်ပါတယ်။

ရဲဘော်ချစ်ကောင်းဟာ ဗဟိုချုပ်ကိုင်မှုကို နာခံရင်း ကျဆုံးပါတယ်။ ဂုဏ်ရောင်ပြောင်တဲ့ ကျဆုံးမှုပါ။

ဗဟိုချုပ်ကိုင်မှုကို ရဲဘော်ချစ်ကောင်းနာခံတာဟာ မျက်ကန်းနာခံမှု မဟုတ်ပါ။ ပါတီရဲ့အမှားဟာ ရပ်တည်ချက်အမှားမဟုတ်တာကို သူသိပါတယ်။ ပါတီရဲ့အမှားက 'မူ'ကိုပစ်ပယ်ပြီး ရန်သူနဲ့ပေါင်းတဲ့ အမှားမဟုတ်ပါဘူး။ ဗကပဟာ ပါတီသက် (၆၀)ကျော်အတွင်း ရပ်တည်ချက်အမှား ဘယ်တုန်းကမှ မကျူးလွန်ခဲ့ပါ။ မှားခဲ့တဲ့အမှားတွေက အမြင်ဆိုင်ရာအမှား၊ နည်းနာအမှားများဖြစ်ပါတယ်။ ရပ်တည်ချက်၊ အမြင်နဲ့ နည်းနာ ဒီသုံးခုရှိရာမှာ ရပ်တည်ချက်ဟာ အခရာအကျဆုံးပါ။ ဒါကြောင့်လည်း ရဲဘော်ချစ်ကောင်းဟာ ရန်သူကိုအမုန်းလွန်သွားပြီး အစွန်းရောက်တဲ့ အမှားကို သည်းညည်းခံပြီး ဗဟိုချုပ်ကိုင်မှုကို နာခံခဲ့တာပါပဲ။

ရဲဘော်ချစ်ကောင်းဟာ ရပ်တည်ချက်မှားသွားရင် ဘယ်သူမှားမှား သည်းညည်းခံငြိမ်နေမှာမဟုတ်တဲ့ လူစားမျိုး၊ မူအပေါ်မှာ အလွန်ကြံ့ခိုင်တဲ့ ကွန်မြူနစ်ကောင်း ရဲဘော်ကြီးဖြစ်ပါကြောင်း။ ။

ရဲဘော်ကျင်မောင်
(၃-၂-၂၀၀၁)

## ကျေးဇူးစကား

ယခုတဖန် ပြန်လည်ထုတ်ဝေလိုက်သည့် 'အနှစ်နှစ်ဆယ်'သည်
မြန်မာပြည်လွတ်လပ်ရေးကြိုးစားမှု သမိုင်းတလျှောက် နယ်ချဲ့ဆန့်ကျင်ရေး၊
ဖက်ဆစ်တိုက်ဖျက်ရေး၊ ပြည်တွင်းစစ်ကာလ ငြိမ်းချမ်းရေးလှုပ်ရှားမှုတို့အတွက်
စွမ်းစွမ်းတမံ လှုပ်ရှားဆောင်ရွက်ခဲ့သူ ဗိုလ်မှူးချစ်ကောင်း၏
သမိုင်းအတွေ့အကြုံများပင် ဖြစ်သည်။
မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် ရာစုနှစ်တဝက်ကျော်
ဖြစ်ပွားနေသော ပြည်တွင်းစစ်၏ သမိုင်းကြောင်းကို
လေ့လာဆည်းပူးနေကြသူများ၊ သမိုင်းမှတ်တမ်း လေ့လာသူ
စာဖတ်သူများအတွက် အကျိုးကျေးဇူးရှိမည်ပင်ဖြစ်သည်။
ဗမာပြည်ကွန်မြူနစ်ပါတီဝင်တစ်ယောက်ဖြစ်ခဲ့သည့် ဗိုလ်မှူးချစ်ကောင်း၏
စာအုပ်အမှာအတွက် ဗမာပြည်ကွန်မြူနစ်ပါတီမှ တာဝန်ရှိသူတစ်ဦးဖြစ်သော
အထွေထွေအတွင်းရေးမှူး ဗိုလ်ကျင်မောင်က ပါတီ၏အမြင်ရှုထောင့်ဖြင့်
ရေးသားပေးပို့ခဲ့သည်ကို အထူးကျေးဇူးတင်ရှိပါသည်။
စာအုပ်အတွက် မျက်နှာဖုံးပန်းချီနှင့် ကျောဖုံးဒီဇိုင်း ရေးဆွဲပေးသော
ကိုကျော်ဝင်းအားလည်း ကျေးဇူးအထူးတင်ရှိအပ်ပေသည်။

အမြင့်ပျံငှက်များ
၂၀၀၁ခုနှစ်၊ မတ်လ။

(၁)

# ကြိုးမိန့်ချခြင်း

အနှစ်၂၀မျှ တိုင်းပြည်အတွက် လုပ်လာပြီးနောက် ကျွန်တော်သည် ကိုယ့်ကိုယ်ကိုပြန်၍ ကြည့်လိုက်သောအခါ ကြိုးတိုက်ထဲသို့ ရောက်၍နေသည်ကို တွေ့ရလေသည်။

ထိုနေ့မှာ နတ်တော်လပြည့်နေ့ဖြစ်၏။ (၁၉၅၉၊ ဒီဇင်ဘာ၊ ၁၄)။ ထိုနေ့တွင် ရန်ကုန်ခရိုင် ရာဇဝတ်တရားသူကြီး ဦးသန်းနွဲ့သည် ကျွန်တော့အား နိုင်ငံတော် သစ္စာဖေါက်မှုဖြင့် ရာဇသတ်ကြီး ပုဒ်မ ၁၂၂(၁)အရ သေဒဏ်ကျခံစေရန် အမိန့်ချမှတ်လိုက်လေသည်။

ထိုနေ့၌ ရုံးတွင် အစောင့်ရဲများကို အခါတိုင်းထက် ပိုမိုထူထပ်စွာချထားလေ၏။ ရုံးခန်းရှေ့ လူသွားလမ်းကိုလည်း လူများဖြတ်သန်း၍မသွားရန် ပိတ်ကာ၍ထားလိုက်၏။

ကျွန်တော်ရုံးပေါ်သို့မတက်မီ ရုံးအောက်ထပ်အချုပ်ခန်းထဲ၌ရှိနေစဉ်သတင်း စုံစမ်းထောက်လှမ်းရေးဌာနမှ ရဲအရာရှိများလာ၍ ကျွန်တော့လူပုံစံ အမှတ်အသားများကိုယူကြ၏။ ကျွန်တော့အား တရားသူကြီးက ကြိုးမိန့်ပေးရာ၌ ဤလူပုံစံ အမှတ်အသားများ ကိုတွဲ၍ ထောင်သို့ ပေးလိုက်ရန်ဖြစ်၏။

ကျွန်တော် ရုံးအချုပ်ခန်းမှနေ၍ ရုံးအပေါ်သို့ တက်သွားသောအခါ စီရင်ချက်ချရန် အသင့်ဖြစ်၍နေသည်ကို တွေ့ရလေ၏။ တရားသူကြီးသည် သူ၏ ကုလားထိုင်၌ ငြိမ်သက်စွာထိုင်၍နေ၏။ နှစ်ဖက်ရှေ့နေများအပြင်အခြားရှေ့နေများလည်း လာရောက်၍ နားထောင်ကြ၏။ ရုံးခန်းတစ်ခုလုံး ပြည့်နေလောက်အောင် အများစုနေရာယူထားကြသူများကား ဥပဒေသင်တန်းတက်နေကြသည့် ရဲများပင်ဖြစ်၏။ သူတို့သည် ကျွန်တော် အစစ်ခံစဉ်တုန်းကရော၊ နှစ်ဖက်ရှေ့နေများ လျှောက်လဲကြစဉ်တုန်းကရော လာရောက်၍ နားထောင်ခဲ့ကြ၏။ သူတို့အထဲ၌ စစ်ဖက်ကလူများလည်း

ပါဝင်ကြ၏။

ကျွန်တော်၏ ဇနီးနှင့် သမီးကလေးမှာ ရုံးခန်းဒေါင့်တခုမှ တန်းလျားဘေးတွင် ထိုင်၍ စောင့်နေကြလေသည်။ကျွန်တော်အခန်းတွင်းသို့ဝင်သွား၍တရားသူကြီးရှေ့စားပွဲမှ ကုလားထိုင်တန်း ကျွန်တော့်ရှေ့နေ၏ ဘေးအလွတ်နေရာတစ်ခုတွင် ဝင်ထိုင်မိသည်နှင့် တပြိုင်တည်း ကျွန်တော့်သမီးလေးက သူ့မိခင်ထံမှ ကျွန်တော်ရှိရာသို့ထ၍လာ၏။ ကျွန်တော့်သမီးကလေးမှာ ဂါဝန်ကလေးနှင့် အသက်၅နှစ်သာရှိသေး၏။ သူ၏လက်ကလေးထဲတွင် ပစ္စည်းထုပ်ကလေးတစ်ခုပါလာ၏။ ကျွန်တော် မှာထားသောသွားတိုက်ဆေးဘူး ဖြစ်၏။

ကလေးသည် အစောင့်ရဲများ၏ ဘောင်းဘီနက်များကြားမှ သူ့ကိုယ်ကလေးနှင့် တိုးဝှေ့ပြီး ကျွန်တော့်ထံရောက်အောင်လာကာ သွားတိုက်ဆေးဘူးကလေးကို ရော့ဖေဖေ ဟုဆိုကာ လက်ကလေးနှင့်လှမ်း၍ ပေးလိုက်၏။ ရဲသားတစ်ယောက်က ကလေး ၏လက်ကိုဖမ်းဆွဲပြီး ပစ္စည်းကိုယူလိုက်လေသည်။ ကလေးမှာ ဘာမှမပြော၊ ငိုလည်း မငို တွေတွေကလေး ရပ်နေ၏။ သမီးပြန်ယူသွားမေမေ့ဆီပြန်တော့ဟု ကျွန်တော်ကပြောလိုက်မှ ကလေးသည် သွားတိုက်ဆေးဘူးကိုပြန်ယူပြီး ချာခနဲ လှည့်ထွက်သွားလေသည်။

ကလေးသူ့အမေထံ ပြန်ရောက်သွားသည့်အချိန်၌ တရားသူကြီးသည် စီရင်ချက်ကိုစ၍ ဖတ်လေသည်။ အချိန်မှာ ၁၁ နာရီမိနစ် ၄၀ ရှိနေပြီဖြစ်၏။ ရုံးခန်းတစ်ခုလုံး ငြိမ်ပြီးတိတ်၍နေ၏။ တရားသူကြီး၏အသံမှာ ချောင်းရေစီးသံကဲ့သို့ အနိမ့်အမြင့်မရှိဘဲ မှန်မှန်ထွက်နေလေသည်။ နောက်ပိုင်း၌ကား ဖြေး၍သွား၏။

'ယခုအခါ တရားခံမှာ အဆုတ်နာရောဂါ စွဲကပ်နေသည့်အပြင် ဂျပန်တော်လှန်ရေးမှာလည်း ရှေ့တန်းမှနေ၍တိုက်ခိုက်လာသူဖြစ်သည်ကို စဉ်းစားမိသော်လည်း ဥပဒေအရ ထိုအချက်အလက်များကို မိမိအနေဖြင့် စဉ်းစားပိုင်ခွင့်မရှိပေ။ ထို့ကြောင့် ရာဇသတ်ကြီးပုဒ်မ ၁၂၂ (၁)အရ သေဒဏ်ကျခံစေရန် အမိန့်ချမှတ်သည်'ဟူ၍ နိဂုံးချုပ်လိုက်သည့်အသံမှာ တိမ်၍သွားလေသည်။

စီရင်ချက်ကိုဖတ်သည်မှာ ၂၅မိနစ်သာကြာ၏။

စီရင်ချက်ဖတ်၍ဆုံးသည်နှင့် တပြိုင်နက် ငြိမ်သက်မှုသည် ချက်ချင်းပျောက်၍ မသွားပေ။ ဤတိုတောင်းသော ငြိမ်သက်မှုကလေးသည် မည်သည့်အဓိပ္ပါယ်ကို ဖေါ်ပြပါသနည်း။ လူအများ၏ရင်တွင်း၌ မည်သို့ခံစားနေကြရပါသနည်း။ ဝမ်းသာခြင်းလား၊ ဝမ်းနည်းခြင်းလား၊ တည်ငြိမ်ခြင်းလား၊ တုန်လှုပ်ခြင်းလား၊ မထူးခြားခြင်းလား၊ အံ့အား သင့်ခြင်းလား။

ငြိမ်သက်မှုကိုစတင် ဖြိုဖျက်လိုက်သူမှာ ကျွန်တော်၏ ရှေ့နေကြီးဖြစ်၏။ သူက ကျွန်တော့အမှုကို တရားလွှတ်တော်တွင် အယူခံမည့်အကြောင်းထ၍ ပြောလေသည်။ ယခုမှ ရုံးခန်းအတွင်း၌ အသက်ရှူသံကို ပြန်၍ကြားလာရ၏။

ကျွန်တော့်ဇနီးအား လှမ်း၍ကြည့်လိုက်ရာ သူကလုပ်၍ယူရသောအပြုံးဖြင့် ပြုံး၍ ပြလေသည်။ ကလေးကား သူ့အမေ၏ဘေးတွင် ဤလောကကြီး ဘာဖြစ်နေသည်ကို မသိဘဲ ငြိမ်ငြိမ်ကလေး ထိုင်၍နေလေ၏။

ကျွန်တော်ကအထူးတန်းဆက်၍ပေးရန် တရားသူကြီးအားတောင်းရာ တရားသူကြီးက ခွင့်ပြုလိုက်၏။

ထို့နောက် တရားသူကြီး၏ခွင့်ပြုချက်အရ ရုံးခန်းအတွင်း၌ ကျွန်တော်၏ ဇနီး၊ သမီးတို့နှင့် တွေ့ခွင့်ရလေသည်။ ထိုအခါကျမှ သမီးသည် သူ့အဖေအား သွားတိုက်ဆေးဘူးကလေးကို ပေးရလေတော့၏။

ကျွန်တော်နှင့်ဇနီးဖြစ်သူသည် အခါတိုင်းပြောနေကျအတိုင်းပင် စကားပြောသည်။ ကျွန်တော်ကနှစ်ခုမှာလိုက်၏။ နက်ဖြန်နားပြီး ထောင်ဝင်စာ သဘက်ခါမှလာပါ။ ဘယ်လိုရေးသလဲ ဆိုတာသိရအောင် နက်ဖြန်ထုတ် သတင်းစာတွေကို ဝယ်လာခဲ့ပါ။

ကျွန်တော်တို့စကားပြောပြီးနောက် ကျွန်တော့်အား ရုံးအောက်ထပ်ရှိ အချုပ်ခန်းသို့ အခါတိုင်းကဲ့သို့ ပြန်မပို့တော့ဘဲ ကားပေါ်သို့တခါတည်းတင်ကာရန်ကုန်ထောင်ကြီးသို့ တန်း၍ ပြန်ပို့ လေသည်။ သေဒဏ်အကျဉ်းသမားတယောက်ဖြစ်သွားပြီဖြစ်၍ လုံခြုံစွာစောင့်ကြပ်၍ ပို့ကြ၏။ လက်ထိပ်ကားမခတ်ပေ။

ကျွန်တော် ထောင်ကြီးသို့ ပြန်ရောက်သောအခါ နာရီပြန် ၂ချက်ထိုးခါနီးပေပြီ။ ဘူးထဲတွင် တာဝန်ကျနေသော ထောင်မှူးသည် သေဒဏ်ပေးလိုက်ကြောင်း သိရသောအခါ ကျွန်တော်အား အချုပ်သားဘဝတုန်းက နေထိုင်သောအဆောင်သို့ ပြန်ခွင့်မပေးတော့ဘဲ ကြိုးတိုက်သို့ ပို့လိုက်လေသည်။

ကြိုးတိုက်ဆိုသည်မှာ သေဒဏ်အကျဉ်းသမားများသို့မဟုတ်ကြိုးသမားများ ထားသည့် အဆောက်အဦးတခုဖြစ်၏။ ထောင်တွင်း၌ကြိုးတိုက်ကို အခြား အဆောက်အဦးများနှင့် ခွဲခြား၍ထား၏။ ကြိုးသမားများကို အခြားအကျဉ်းသမားများ၊ အချုပ်သား များနှင့်ရော၍ မထားရပေ။ သို့ရာတွင် ထိုအချိန်က ထောင်တွင်း၌လူများကို ထားစရာနေရာ မလောက်သဖြင့် ကြိုးတိုက်အတွင်း၌ပင် အခြားသူများကို မတက်သာဘဲလာ၍ထားနေရသည့်အခါ ဖြစ်လေသည်။

သို့ဖြစ်ရာ ထိုအချိန်က ရန်ကုန်ထောင်ကြီးရှိ ကြိုးတိုက်အတွင်း၌ ဘုန်းတော်

ကြီးများရော၊ ပမညတ အမတ်ဗိုလ်ထွန်းစိန်၊ သန့်ရှင်းအမတ်သခင်ထွန်းအုံ၊ ဦးယုဆိုင်၊ ဦးသာနုနှင့် ဗိုလ်လွင်တို့ ရော၊ စစ်ဗိုလ်ဟောင်းများရော၊ မိန်းမလျှာများရော ရှိနေလေသည်။ ကြိုးသမားများမှ ၁၅ယောက် တည်းသာ ရှိနှင့်၏။ ဆဋ္ဌမမြောက်ကြိုးသမားအဖြစ် ကျွန်တော်ရောက်သွားသောအခါ ဗိုလ်ထွန်းစိန်တို့လူစုက ဆီးကြိုနှုတ်ဆက်ကြလေသည်။

ကြိုးတိုက်တွင် ကျွန်တော့်အဝတ်အစားများကို ထောင်တာဝန်ခံများသို့အပ်၍ ထောင်မှ အဝတ်အစားများကို ကျွန်တော့အားထုတ်ပေး၏။ ကျွန်တော့်မှာ ကြိုးပင်ကျသော်လည်း အထူးတန်း ဆက်လက်ရရှိခဲ့သူဖြစ်သည့်အတိုင်း အထူးတန်းရသောထောင်ကျတစ်ယောက်ကဲ့သို့ပင် အလားတူအဝတ်အစားများကို ရရှိလေသည်။ ကုတင်၊ ခြင်ထောင်နှင့် စားပွဲကုလားထိုင်များပါရ၏။

ဤပစ္စည်းများကို ထုတ်ပေးပြီးနောက် ကြိုးတိုက်တာဝန်ခံသည် ကျွန်တော့်အား ၁၀ပေ ပတ်လည်ရှိ အခန်းကလေးထဲတွင်သော့ပိတ်၍ ထားလိုက်လေသည်။

ဤသို့ဖြင့် ကျွန်တော်သည် ကြိုးတိုက်ထဲသို့ ရောက်ရှိလာခဲ့၏။

ဗိုလ်ထွန်းစိန်သည် ကျွန်တော့်အပေါက်သံတိုင်များရှေ့သို့လာပြီး၊ 'ခင်ဗျားထမင်းစားရင် ကျွန်တော်တို့မက်ထဲမှာ စားပေါ့ဗျာ' ဟုဆို၏။ ထိုနေ့ညနေစာမှစ၍ ဗိုလ်ထွန်းစိန်တို့ ကြိုးတိုက်မှ ပြောင်းသည့်နေ့အထိ သူ့မက်တွင် ကျွန်တော်ထမင်းစားခဲ့သည်။ (ထမင်းအတူစားသောလူစုကို ခေါ်သော အင်္ဂလိပ်စကားမက်စ်မှာ ထောင်ထဲတွင် ဗမာ စကားဖြစ်နေ၏။)

ထိုနေ့ည၌ ကျွန်တော်သည် စောစောအိပ်၍မရပေ။ အိပ်ရာပေါ်၌ ပက်လက်လှန်ကာ ပွယောင်းယောင်း တင်၍ထားသောခြင်ထောင် အမိုးကိုကြည့်၍နေ၏။

ဗိုလ်ထွန်းစိန်တို့လည်း ညအချိန်ဖြစ်၍ သူတို့အိပ်ခန်းများထဲမှ ထွက်၍မရတော့။ သူတို့ အခန်းတံခါးများကိုလည်း သော့ပိတ်ထားလိုက်ပြီဖြစ်၏။ သူတို့၏စကားပြောသံများမှာကား အခန်းတွေထဲမှ တဝေါဝေါ ထွက်လာနေ၏။

အလယ်စင်္ကြံလမ်း၌ တာဝန်ကျနေသော အစောင့်ဝါဒါများသည် လူးလာခေါက်ပြန်လျှောက်နေကြ၏။ သူတို့ကား ကြိုးသမားများကို စောင့်ကြည့်နေကြသူများဖြစ်ကြ၏။ ကြိုးသမားတစ်ယောက်ကို ၂၄နာရီစလုံး လူလဲနှင့် စောင့်ကြည့်နေကြရ၏။

ဝါဒါများ၏ လမ်းလျှောက်သံများ၊ အခန်းတွေထဲမှတဝေါဝေါစကားသံများ၊ ဘုးပေါ်မှ နာရီသံချောင်းခေါက်သံများသည် နားထဲသို့ဝင်လာကြသော်လည်းမကြားရ။

စိတ်အာရုံတွင် ထင်ဟပ်လာသောအရာများသည် ခြင်ထောင်ဖြူဖြူတွင် ရုပ်ပုံကားပမာ လာ၍ ပေါ်လာကြလေ၏။

ယနေ့တစ်နေ့လုံး လှုပ်ရှားနေပြီး ညအချိန်ရောက်၍ အိပ်ရာပေါ်တွင်လှဲလိုက်သည့်အခါကျမှ တစ်နေ့လုံးကြုံတွေ့ခဲ့ရသောအရာများသည် စုပြုံ၍ပေါ်လာကြလေ၏။ အချုပ်ကားနှင့် ရဲသားများ၊ ရုံးတွင်လာရောက်နားထောင်နေကြသူများ၊ စကားပြောနေသောမျက်လုံးများ၊ ဇနီး၊ သမီး၊ တရားသူကြီး။ သူတို့သည် အစီအစဉ်အတိုင်းမဟုတ်ဘဲ ပေါ်ချင်သလို တိုးဝှေ့၍ ပေါ်လာကြလေ၏။

ထိုအထဲမှ ...'ဂျပန်တော်လှန်ရေးမှာလည်း ရှေ့တန်းမှနေ၍ တိုက်ခိုက်လာသူဖြစ်သည်ကို စဉ်းစားမိသော်လည်း ....' ဆိုသော တရားသူကြီး၏အသံကို အဝေးမှလိုလို သဲ့သဲ့ကြားရလေ၏။

ဂျပန်တော်လှန်ရေးသည် အသစ်ပြန်၍ ဖြစ်လာပြန်၏။

ဂျပန်တော်လှန်ရေးမှ အစနှစ်ဖက်ကိုဆန့်ထုတ်လိုက်သောအခါ ဖက်စစ်ဂျပန်မဝင်မီက အင်္ဂလိပ်နယ်ချဲ့သမားအား ဆန့်ကျင်တိုက်ခိုက်ခြင်းနှင့် ဖက်စစ်ဂျပန်ကျဆုံးပြီးနောက် အင်္ဂလိပ်နယ်ချဲ့သမားများအား ဆန့်ကျင်တိုက်ခိုက်ခြင်း။

လွန်ခဲ့သောနှစ်ပေါင်း၂၀အတွင်း လွတ်လပ်ရေးကြိုးပမ်းချက်များ ....

ကျောင်းသားဘ၀ ....

ဘီအိုင်အေ ..... ဘီဒီအေ ....

ဂျပန်တော်လှန်ရေး .....

လွတ်လပ်ရေးတိုက်ပွဲ .....

ပြည်တွင်းစစ် .....

ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီရေး .....

ဤအနှစ် ၂၀သည်တစ်ရက်အတွင်းဖြစ်သလိုဖြစ်နေ၏။ အင်္ဂလိပ်ကို မနက်က တိုက်ခဲ့ပြီး နေ့လယ်ကဂျပန်ကိုတော်လှန်ကာ၊ ညနေတွင်လွတ်လပ်ရေးရလျှက်ယခု ည ကျွန်တော်သည် ကြိုးတိုက်ထဲသို့ ရောက်နေခဲ့လေပြီ။

ကျွန်တော်ကြိုးတိုက်ထဲသို့ရောက်နေချိန်၌ တိုင်းပြည်လွတ်လပ်ရေးအတွက် အတူလည်ပင်းဖက်၍ကြိုးပမ်းခဲ့သော မန်းဝင်းမောင်သည် နိုင်ငံတော် သမ္မတကြီးဖြစ် နေလေပြီ။

တကယ့်အဖြစ်အပျက်များသည် စိတ်ကူးယဉ်ဝတ္ထုထက် ဆန်းကျယ်သည်ဆိုတာ ဒါမျိုးဘဲလားဟု ကျွန်တော်တွေးနေမိ၏။

အတွေးမျှင်သည် မန်းဝင်းမောင်နှင့် ကျွန်တော်တို့ ဂျပန်တော်လှန်ရေး ကြိုးပမ်းခဲ့ပုံများသို့ ရောက်၍သွား၏။ ထိုမှတဆင့် ဂျပန်မဝင်မီ အင်္ဂလိပ်ကိုတိုက်ရန် ပြင်ဆင်မှုများဆီသို့ ရောက်၍ သွားလေသည်။

(၂)

## ကျောင်းသားသမဂ္ဂ

ပဌမတွင် ရှားစေးရောင်ယူနီဖေါင်းများကို ဝတ်ဆင်ထားကြသော လက်ရုံးတပ်သားများနှင့် အစိမ်းရောင်ဝတ်သံမဏိတပ်သားများ၏ ချီတက်လှုပ်ရှားမှုများကို မှုန်မွှားမွှား မြင်ရလေ၏။

အချိန်မှာ ၁၉၄၀ခုနှစ်ဖြစ်၏။ ထိုအချိန်မှာ ၁၃၀၀ပြည့်နှစ် အရေးတော်ပုံ ပြီးသည့်နောက် အင်္ဂလိပ်နယ်ချဲ့သမားများအား လက်နက်နှင့်တိုက်ထုတ်ရန် ရှေ့ရှုနေချိန် ဖြစ်လေသည်။

တပြည်လုံးလှုပ်ရှားမှုများမှာ ထိုဆီသို့ဦးတည်၍နေ၏။ ဒို့ဗမာအစည်းအရုံး (သခင်) လက်ရုံးတပ်များနှင့် ကျောင်းသားသမဂ္ဂ၏ သံမဏိတပ်များသည် စင်စစ်အားဖြင့် အင်္ဂလိပ်အား လက်နက်ကိုင်တော်လှန်ရန် လေ့ကျင့်ပြင်ဆင်နေကြခြင်းသာ ဖြစ်လေသည်။

ထိုအချိန်က ကျွန်တော်သည် မြင်းခြံတွင် ကျောင်းသားသမဂ္ဂဥက္ကဌ ဖြစ်နေ၏။

၁၃၀၀ပြည့်နှစ် အရေးတော်ပုံအတွင်းတုန်းက မြင်းခြံကျောင်းသားသမဂ္ဂဥက္ကဌမှာ ကိုမောင်မောင်၊ ယခု ကိုအောင်သူဟုခေါ်သော သံမဏိကိုမောင်မောင်ဖြစ်၏။ ထိုစဉ်က မြင်းခြံ၌ သူ၏ခေါင်းဆောင်မှုအောက်တွင် ကျွန်တော်တို့ကျောင်းသားများသည် ၁၃၀၀ပြည့်နှစ် အရေးတော်ပုံအတွင်း၌ ပါဝင်ဆင်နွှဲခဲ့ကြ၏။

ကျွန်တော် ဥက္ကဌအဖြစ်တာဝန်ယူရသောနှစ်၌ အင်္ဂလိပ်အား လက်နက်ကိုင်တိုက်ထုတ်ရေးအတွက် ပြင်ဆင်ရေးမှာ ပိုမို၍အသေးစိတ်လာလေသည်။

ကျွန်တော်တို့သည် လက်နက်လည်းရ၊ အချိန်လည်းကျသည့် အခါတွင် အသင့်ထ၍ ချနိုင်ရန် ကျောင်းသားများအား သံမဏိတပ်များဖွဲ့စည်းကာ လျှို့ဝှက်၍ စစ်သင်တန်းများပေးကြ၏။

ထိုစဉ်က ကျောင်းသားနှင့် သခင်မှာ အသွင်ခြားသော်လည်း တသားတည်း ဖြစ်နေသည့်အတိုင်း၊ ကျွန်တော်တို့ဆီတွင် သံမဏိစစ်သင်တန်းများကိုလက်ရုံးတပ်ဗိုလ်များ၏ အကူအညီနှင့် ပေးခဲ့၏။ သခင်ကံထူး၊ သခင်ဘိုကြီး၊ သခင်ဘကွန်းတို့မှာထင်ရှားသည့်လက်ရုံးတပ်ဗိုလ်များဖြစ်ကြ၏။ သံမဏိတပ်တာဝန်ခံမှာ ကျောင်းသားကိုထွန်းမြင့် ဖြစ်လေသည်။

ဗမာလိုရေး၍ ဂတ်စတင်နာနှင့် ရိုက်ထားသော စစ်ပညာစာစောင်များသည် သံမဏိတပ် ဌာနချုပ်မှအဆက်မပြတ်ရောက်၍လာကြ၏။တခါတရံတွင်ကားမည်သည့် နေရာဌာနကရောက်၍လာမှန်း မသိရသောနာမည်ဝှက်များနှင့်ရေးထားသည့်ကွန်မြူနစ် စာပေများကို ဖတ်ကြရလေသည်။ နဂါးနီမှထုတ်ဝေသည့် နိုင်ငံရေး စာအုပ်များကား ကျွန်တော်တို့၏ လက်စွဲစာအုပ်များဖြစ်ကြ၏။

ထိုစဉ်က ကျောင်းသားသမဂ္ဂ၏ စည်းလုံးညီညွတ်မှု၊ ကျယ်ပြန့်ခိုင်မာမှုနှင့် အရှိန်သြဇာကြီးမားမှုတို့မှာ အံ့မခန်းပင်ဖြစ်၏။ အမျိုးသားရေးလှုပ်ရှားမှုတွင် ကျောင်းသားများသည် အလုံးအရင်းနှင့်ပါဝင်ခဲ့ကြ၏။ ၁၃၀၀ ပြည့်အရေးတော်ပုံတွင် အလုပ်သမား၊ လယ်သမားများနှင့်လက်တွဲကာ ရှေ့တန်းနေရာမှ ပါဝင်ခဲ့ကြ၏။

ကျွန်တော်တို့မြို့ပေါ်ရှိ ကျောင်းတိုင်း ကျောင်းတိုင်းကိုသာမက အစွန်အဖျားရှိ ရွာသိမ်ရွာငယ်ကလေးများမှ ကျောင်းသား၄၊ ၅ယောက်နှင့် ထောင်ထားသော ကျောင်း ကလေးများပါမကျန် သမဂ္ဂများကို လိုက်၍ဖွဲ့ကြ၏။ ထို့နောက် မြို့လုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ၊ မြို့နယ်လုံးဆိုင်ရာသမဂ္ဂ၊ ခရိုင်လုံးဆိုင်ရာသမဂ္ဂ ဟူ၍ ဖွဲ့ကြ၏။

ထိုစဉ်က အမေရိကန်သာသနာပြုကျောင်းများပါမကျန် ဖွဲ့စည်းခဲ့ရာ ကျောင်းသားသမဂ္ဂ မရှိသောကျောင်းဟူ၍ တစ်ကျောင်းတစ်လေမျှ မကျန်ခဲ့ပေ။

ဒီနှစ်ဒီဇင်ဘာလ၌ ပြုလုပ်သော ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ ညီလာခံမှာ လက်တွေ့အားဖြင့် အင်္ဂလိပ်အား လက်နက်နှင့်တိုက်ထုတ်ရန်အတွက်ပြင်ဆင်သောညီလာခံ ဖြစ်လေသည်။

ထိုအခါက ဗကသဥက္ကဋ္ဌမှာကိုလှမောင်(ဗိုလ်ဇေယျ)ဖြစ်၍အတွင်းရေးမှူးမှာ ကိုထွန်းရှိန် (ဗိုလ်ရန်နိုင်)ဖြစ်၏။ ကိုမောင်မောင်(ကိုအောင်သူ)က သံမဏိတပ်ဌာနချုပ် တာဝန်ခံဖြစ်၏။ ထိုအခါမှစ၍ သံမဏိမောင်မောင် ဖြစ်လာ၏။ ဗကသညီလာခံကို ရန်ကုန်တက္ကသိုလ် တကသအသင်းတိုက်တွင် ကျင်းပလေသည်။

ဗကသညီလာခံသို့ တစ်ခရိုင်လျှင် ကိုယ်စားလှယ် ၂ယောက်နှင့် သံမဏိတပ် ကိုယ်စားလှယ် ၁ယောက် ပေါင်း ၃ယောက်တက်ကြရ၏။ သံမဏိတပ်ကိုယ်စားလှယ်မှာ ဌာနချုပ်တွင် လက်တွေ့ စစ်သင်တန်းထပ်၍ တက်ရန်ဖြစ်၏။ ထိုညီလာခံသို့

ကျွန်တော်တို့ဆီမှ ကိုထွန်းမြင့်(သံမဏိတပ် တာဝန်ခံ) ကိုလှမောင်နှင့် ကျွန်တော်တို့တက်ကြ၏။

ထိုညီလာခံသို့ ကြို့ပင်ကောက်မှ ကိုစောလွင်(ဗိုလ်မင်းခေါင်)လည်း တက်ရောက်လာ၏။

ထိုနှစ်စောစောပိုင်းက ကျွန်တော်သည် ဒဂုန်မဂ္ဂဇင်းတွင် 'နွားသိုးလောက'ဆိုသော ဆောင်းပါးတစ်ပုဒ်ကို 'မြင်းခြံစိုးမြင့်'ဆိုသော ကလောင်အမည်နှင့်ရေးခဲ့၏။ ထိုဆောင်းပါးမှာ တော်လှန်ရေးအတွက် စည်းလုံးညီညွတ်ကြရန် လှုံ့ဆော်ထား၏။ ခေတ်နောက်ကျသောလူကြီးများကို သရော်ကာ၊ လူငယ်များကို အားပေးအားမြှောက်ပြုထား၏။ တဖက်က မင်းမဲ့ဝါဒသဘောထားများလည်း ပါဝင်နေလေသည်။

ထိုဆောင်းပါးကြောင့် အစိုးရက ဒဂုန်မဂ္ဂဇင်းကို အာမခံငွေတောင်းရာဒဂုန်က အာမခံ မတင်ဘဲ နှစ်ပေါင်းများစွာ ထုတ်ဝေလာခဲ့သော မဂ္ဂဇင်းကိုရပ်၍ ပစ်လိုက်လေ၏။

ထို့ကြောင့် ကျောင်းသားညီလာခံ၌ ကျွန်တော့်အား ဒဂုန်မဂ္ဂဇင်းကို ပူပူနွေးနွေးရပ်အောင် လုပ်ပစ်လိုက်သူအဖြစ် ပို၍သိကြလေသည်။

ညီလာခံတွင် ကျွန်တော်က မေးခွန်းတခုဘဲမေး၏။ ဗမာပြည်လွတ်လပ်ရေးရ ပြီးရင် ဘယ်လိုစံနစ်မျိုးနဲ့ အုပ်ချုပ်မလဲ။ ဒို့ဗမာအစည်းအရုံးခေါင်းဆောင်များစဉ်းစားရေးဆွဲနေပါသည်ဟု ညီလာခံသဘာပတိ ကိုလှမောင်က ဖြေလေသည်။

အနှစ် ၂၀ ကြာပြီးနောက် ယခုအခါတွင် ဒို့ဗမာအစည်းအရုံးခေါင်းဆောင်များသည် ဗမာပြည်ကို မည်ကဲ့သို့သောစံနစ်မျိုးနှင့် အုပ်ချုပ်နေကြပါသနည်း။

ထိုညီလာခံတွင် ကိုဗဟိန်း(ကွယ်လွန်သူ ကျောင်းသားခေါင်းဆောင်နှင့်ကွန်မြူနစ်ခေါင်းဆောင်)နှင့် ဂိုရှယ်(ကွန်မြူနစ်ခေါင်းဆောင်)တို့က မာ့က်စ်ဝါဒသင်တန်းများကို လာ၍ပေးကြ၏။ သူတို့သည် ဓနရှင်ခရီးစဉ်သဘောတရားနှင့် မာ့က်စ်ဘောဂဗေဒတို့ကို ပေးကြ၏။

ညီလာခံ၏ နောက်ကွယ်တွင်ကား ကိုလှမောင်(ဗိုလ်ဇေယျ)သည် လျှို့ဝှက်သော အစည်းအဝေးတခုကိုပြုလုပ်လေ၏။ ထိုအစည်းအဝေးသို့ တစ်ခရိုင်မှတာဝန်ခံတယောက်သာ တက်ကြရ၏။

'ရဲဘော်တို့ ဒီကိစ္စကို အထူးလျှို့ဝှက်ထားမှဖြစ်မယ်။ ကျွန်တော်တို့ အင်္ဂလိပ်ကို ချရတော့မယ်။ အင်္ဂလိပ်ဟာ အနောက်ဖက်မှာလဲ အရေးနိမ့်နေပြီ။ နေရာတကာမှာ အခက်တွေ့နေပြီ။ အဲဒါ ကျွန်တော်တို့လက်ချက်ဘဲ။ကျွန်တော်တို့ဒီနေရာမှာဂျပန်အကူအညီကို ယူရလိမ့်မည်၊ ဂျပန်က လက်နက်ပေးဘို့ သဘောတူပြီးပြီဂျပန်အကူအညီ

နဲ့ ကျွန်တော်တို့လွတ်လပ်ရေးကို တိုက်ယူရမှာဘဲ။ ကျွန်တော်တို့ သံမဏိတပ်တွေကို ခိုင်ခိုင်မာမာဖြစ်အောင် လေ့ကျင့်ပေးရမယ်။ လေ့ကျင့်ဘို့ နေရာတွေ ရှာရမယ်။ ခင်ဗျားတို့နယ်ပြန်သွားရင် ဒါတွေစလုပ်ရတော့မယ်။ ကျွန်တော်တို့နဲ့အဆက်မပြတ်အောင်လဲ ဂရုစိုက်ပါ။ နောက်ထပ် အသေးစိတ်လုပ်ဘို့ အစီအစဉ်တွေကိုလဲ ကျွန်တော်မှာလိုက်အုံးမယ်။ ဆက်သွယ်ရေးအတွက် အမှတ်အသားတွေလဲ ပေးလိုက်မယ်။'

ကိုလှမောင်သည် အသံကိုနှိမ့်၍ တိုးတိုးပြောသော်လည်း ကျွန်တော်တို့ ကောင်းစွာကြားရလေသည်။ ကျွန်တော်တို့ကျောင်းသား ကိုယ်စားလှယ်များ နယ်သို့ ပြန်ကြသောအခါ သပိတ်မှောက်ကြဆိုလျှင် ဘယ်လို၊ လက်နက်ကိုင်တိုက်ကြတော့ဆိုလျှင် ဘယ်ပုံအကြောင်းကြားမည်ဟူ၍ လျှို့ဝှက်သော အထိမ်းအမှတ်များကို ပေးလိုက်လေသည်။

ကျွန်တော်တို့သည် နယ်သို့ပြန်ရောက်ကြပြီး ဌာနချုပ်မှ ညွှန်ကြားချက်အတိုင်း၊ မိမိတို့ အစွမ်းရှိသမျှ ပြင်ဆင်ခဲ့ကြ၏။

သို့ရာတွင်၊ နွေရာသီစာမေးပွဲများပြီး၍ ကျောင်းသာပိတ်သွားရော မည်သည့်လက်နက်မှလည်းမရ၊ သပိတ်မှောက်ရန် ညွှန်ကြားချက်လည်းမပါ၊ သူပုန်ထရန် အထိမ်းအမှတ်လည်း မပြ။

(၃)

# ဘီ၊ အိုင်၊ ဧအ

ကျွန်တော် မန္တလေးဥပစာကောလိပ်တွင်ရောက်နေချိန်၌ ဂျပန်က အမေရိကန်အား စစ်မကြေညာဘဲ စတင်တိုက်ခိုက်လေသည်။

ထိုအခါကျောင်းများ ပိတ်လိုက်သဖြင့် မြင်းခြံသို့ ပြန်လာခဲ့၏။

ထိုအခါက ကျွန်တော်တို့မျိုးချစ်လူငယ်များသည်မည်သူနှင့်ဘဲပေါင်း၍တိုက်ရတိုက်ရ အင်္ဂလိပ်ကို တိုက်ရလျှင်ပြီးရောဟု သဘောထားသောအခါဖြစ်၏။ ကျွန်တော်တို့သည် အင်္ဂလိပ်ကို တိုက်ရာ၌ သွေးကြွနေကြ၏။ ဂျပန်ကချသည်ဟု သိရသည်နှင့် တပြိုင်နက် ဝမ်းသာအားရ ဖြစ်မိကြလေသည်။

ကျွန်တော်တို့၏ခေါင်းဆောင်များက ဂျပန်ပြည်သို့သွားရောက်ကာ စစ်ပညာသင်ကြားပြီး၊ ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးကို ယိုးဒယားတွင် ဖွဲ့စည်းနေချိန်၌ ကျွန်တော်တို့က ပြည်တွင်းကနေ၍ တော်လှန်ရန်စိုင်းပြင်းကြလေ၏။ ကျွန်တော်တို့သည် လူစုကာ လျှို့ဝှက်သော 'ယူနစ်'များကိုဖွဲ့စည်းကြ၏။ 'ယူနစ်'များ၏ ခရိုင်ဌာနချုပ်ကိုကား ကျောင်းဆရာဦးဘသန်း (ကွယ်လွန်သူ)၏အိမ်တွင် တိတ်တိတ်ပုန်း ဖွင့်ထားကြ၏။

တပြည်လုံး၏တော်လှန်ရေးဌာနခွဲမှာ အထက်ဗမာပြည်မန္တလေးတွင်ရှိနေရာ ကျွန်တော် က မန္တလေးနှင့်အဆက်ယူရ၏။ ကိုချစ်ခိုင်(ယခု – ဒုဗိုလ်မှူးကြီးချစ်ခိုင်)က အဆက်အသွယ်လုပ်၏။ မန္တလေးဌာနခွဲတွင်ကား ကိုခင်မောင်လေး(ဗိုလ်ခင်မောင်လေး) နှင့် ကိုသိန်းဖေ (ဦးသိန်းဖေမြင့်)တို့ရှိ နေကြ၏။

လက်နက်များရဘို့မှာလည်း နီးလာပြီဖြစ်၏။ ဂျပန်ကလေယာဉ်ပျံဖြင့် လက်

နက်များလာ ချပေးမည်ဆို၍ ကျွန်တော်တို့သည် ညအခါ တောကောင်းကောင်း ယာကွက်များထဲမှနေ၍ မီးဖိုကာ ပြခဲ့ကြ၏။ နောက်လေယာဉ်ဖြင့်မဟုတ်ဘဲ မြစ်ကြောင်းမှ လှေနှင့်တင်ပို့မလိုလို ကြားရပြန်၏။ ထို့နောက် ကျွန်တော်တို့က အလုပ်လုပ်ပြနိုင်လို့ စိတ်ချရမှ လက်နက်ပေးမှာတဲ့ဟု ဆိုလာပြန်လေသည်။

သို့ရာတွင် ကျွန်တော်တို့သည်စိတ်မပျက်ကြပေ။ သေနတ်မရသေးခင် ဓါး၊ လှံ၊ မိန်း၊ တူးလေး ရရာလက်နက်တို့ကိုစု၍ ထားကြ၏။ လက်ဖြစ်လုပ်သေနတ်များကိုလည်း တစ်လက်ပြီးတစ်လက် ထုတ်လုပ်လေသည်။

ထိုအချိန်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော် ဘီ၊ အိုင်၊ အေရှိရာ(ယိုးဒယားသို့မဟုတ် ရွှေကျင်)သို့သွား၍ စစ်ပညာသင်ရန် လူ၅–ယောက် ကျွန်တော်တို့ဆီက လွှတ်ဘို့ ကိစ္စပေါ်လာ၏။

ဤကိစ္စအတွက် အိမ်ရှေ့ကပိတ်ထား၍ နောက်ဖေးကလှည့်ဝင်ရသော ဆရာဦးဘသန်း အိမ်သို့ ညအချိန်တွင်ဝင်ကြပြီး လူရွေးဘို့ဆွေးနွေးကြရာ ကျွန်တော်က ကျွန်တော်လိုက်ပါလိုကြောင်း မရမကတင်ပြသည့်အတွက် သူတို့ကခွင့်ပြုလိုက်လေသည်၊ သခင်အုန်းတင်(ဗိုလ်အုန်းတင်)၊ သခင်ဘိုကြီး၊ ကိုဘကွန်း၊ ကိုထွန်းမြင့်နှင့် ကျွန်တော်ပေါင်း ၅ယောက် သွားကြရန်ဖြစ်၏။

ကျွန်တော်တို့သည် ရန်ကုန်ရထားကိုစီးလျှင် ဘူတာရုံတွင်စောင့်ကြည့်နေကြသော စုံထောက်များသိသွားမည်စိုး၍ မန္တလေးသွားရထားကိုစီးရန်ဆုံးဖြတ်လိုက်ကြ၏။

ကျွန်တော်တို့သည် မန္တလေးတွင် ကိုသိန်းတန်(ဂျပန်ခေတ်ကအသတ်ခံသွားရသော စစ်ကိုင်းကိုသိန်းတန်)ကို တွေ့ကြ၏။ သူက ကျွန်တော်တို့ကို တရုတ်ဆိုင်တစ်ခု၌ ညစာထမင်းကျွေးပြီး 'အင်း ... ခင်ဗျားတို့လက်ဖတင်နင်တွေတော့ ဖြစ်ကြမှာပေါ့'ဟု ဆိုလေသည်။ သူသည် 'အင်္ဂလိပ်ကိုတိုက်ရေးအတွက် ဂျပန်နှင့်ပေါင်း'ဆိုသော လမ်းစဉ်ကို သဘောတူဟန်မတူပေ။

သူက ကျွန်တော်တို့ကိုကြည့်ပြီး ပြုံးနေလေသည်။ သူ၏အပြုံးမှာ ကျွန်တော်တို့၏ကိုယ်တွင်းသို့ စိမ့်ဝင်နေသည်ဟု မှတ်ထင်ရသည်။

ကျွန်တော်တို့၏အစီအစဉ်မှာ ညောင်လေးပင်သို့သွား၊ သခင်ဇင်နှင့်တွေ့၊ သခင်ဇင်က ကျွန်တော်တို့အား ရွှေကျင် သို့မဟုတ် ယိုးဒယားထိ စီစဉ်၍ပို့ပေးမည်ဖြစ်၏။

ဤစီစဉ်အတိုင်း မန္တလေးမှမီးရထားနှင့် ညောင်လေးပင်အထိစီးသွားကြရာ ညောင်လေးပင်တွင် သခင်ဇင်ကို စုံစမ်း၍မရတော့ပေ။ ထိုအချိန်က အင်္ဂလိပ်အစိုးရက သခင်များကို လိုက်လံ ဖမ်းဆီးနေချိန်ဖြစ်၍ သခင်ဇင်မှာ ရှောင်နေရလေသည်။

ကျွန်တော်တို့ ၅ယောက်စလုံးမှာ လွယ်အိတ်ကိုယ်စီလွယ်ပြီး မြို့ထဲတွင် ယောင်လည်ယောင်လည်နှင့် လှည့်နေကြရာမှကြာလျှင် ပုလိပ်များရိပ်မိသွားမည်ကို စိုးသဖြင့် ညောင်လေးပင်မှ တောင်ငူသို့ ပြန်လိုက်လာခဲ့ကြ၏။ တောင်ငူတွင် ခေတ္တ စခန်းချပြီး၊ ညောင်လေးပင်သို့ပြန်၍ စုံစမ်းရန်ဖြစ်၏။

မီးရထားအစုံနှင့်အဆန်မှာ ပြောင်းပြန်ပင်ဖြစ်တော့၏။ အစုံရထားတွင်လူ နည်းသလောက် အဆန်ရထားတွင် အောက်ဖက်မှအထက်သို့ လိမ့်တက်ပြေးလာကြ သော စစ်ပြေးထုကြီးသည် ရထားကိုယ်ထဲမှ လျှံထွက်၍နေတော့၏။

ဘူတာတိုင်းတို့မှပင်ထွက်၍ စစ်ပြေးဒုက္ခသည်များအားထမင်းထုပ်များကမ်း ကြ၏။ ရေထွက်၍ တိုက်ကြ၏။ စစ်သည် အထက်သို့ တက်၍လာနေပေပြီ။

တောင်ငူမှနေ၍ ညောင်လေးပင်သို့သွားကာ သခင်ဇင်ကိုစုံစမ်းရာ၌ ကျွန် တော် တစ်ယောက်တည်းကို လွှတ်လိုက်၏။ သူတို့ ၄ယောက်မှာ တောင်ငူမှ စောင့်နေ ရစ်ခဲ့ကြ၏။

ကျွန်တော်သည် ညောင်လေးပင်တွင်အဆက်ရှိသမျှကို လိုက်၍စုံစမ်းရာ၊ ညအချိန်သို့ရောက်မှ ညောင်လေးပင်အနီး ခြံတစ်ခြံတွင် ပုန်းခိုနေသော သခင်ဇင်ကို တွေ့ရလေသည်။

ထိုခြံတွင်းရှိ တဲအိမ်ကလေးပေါ်တွင် ကျွန်တော်ထိုင်မိသည်နှင့်မရှေးမနှောင်း မှာပင် အခန်းထဲမှ မုတ်ဆိပ်မွေးသက်သက်နှင့် ထောင်ထောင်မောင်းမောင်း လူ တစ်ယောက် ထွက်လာလေသည်။ ထိုသူမှာ သခင်ဇင်ပင် ဖြစ်၏။

ကျွန်တော်က အထိမ်းအမှတ်စကားဝှက်များကို ပြောပြီး ကျွန်တော်တို့ လာခဲ့ ကြသော ကိစ္စကိုပြောပြ၏။ ထိုအခါ သခင်ဇင်သည် ဘာမှပြန်မပြောသေးဘဲ အတော် ကြာငြိမ်သက်၍နေလေ၏။ ပြီးမှ သူက အဲဒီကိုသွားဘို့ မလွယ်တော့ဘူးဟု ဆိုလေ သည်။ သူကအကျိုးအကြောင်းကို ရှင်းပြသောအခါ ကျွန်တော်တို့ ဘယ်နည်းနှင့်မျှ ရှေ့ဆက်သွား၍ မဖြစ်နိုင်တော့ပေ။

တောင်ငူသို့ပြန်လာပြီး ကျွန်တော်တို့တိုင်ပင်ကြ၏။ ကျွန်တော်တို့ရှေ့တွင် ပြေးစရာလမ်း နှစ်လမ်းသာ ရှိတော့၏။ ဘီ၊ အိုင်၊ အေ တက်အလာကိုတောင်ငူကနေ၍ စောင့်နေမလား၊ သို့မဟုတ် မြင်းခြံသို့ပြန်ပြီး လုပ်စရာရှိသည်တို့ကို လုပ်ကြမလား။

ကျွန်တော်တို့သည် ဒုတိယလမ်းကိုရွေးပြီး မြင်းခြံသို့ ပြန်ခဲ့ကြ၏။ ကျွန်တော် တို့ မြင်းခြံသို့ ပြန်ရောက်ကြသောအခါ အစိုးရအုပ်ချုပ်ရေးအဖွဲ့မှာ ပျက်စပြုနေလေပြီ။

ထိုအချိန်တွင် သံမဏိကိုမောင်မောင် ထောင်မှလွတ်လာရာ သူကထောင်ထဲ

တွင် သခင်စိုးနှင့်ဆွေးနွေးခဲ့ရသဖြင့် သခင်စိုး၏ သဘောထားများကိုလက်ခံပြီး ကျွန်တော်တို့အား တင်ပြလေသည်။

သူ၏တင်ပြချက်မှာ အခုကျွန်တော်တို့လုပ်နေကြသော အင်္ဂလိပ်အားတိုက်ခိုက်ရေးများ ကိုရပ်ဆိုင်းပြီး အင်္ဂလိပ်နှင့်လက်တွဲလျက် ဗမာပြည်တွင်းသို့ ဝင်လာနေသော ဂျပန်အား ခုခံတိုက်ခိုက်ရန် ဖြစ်လေသည်။ သူက ကမ္ဘာပေါ်၌ ဆိုရှယ်လစ်စနစ်အကြောင်းကိုလည်းကောင်း၊ ဖက်ဆစ်စနစ်အကြောင်းကိုလည်းကောင်း၊သဘောတရားများကို ကိုးကား၍ပြလေသည်။

သို့ရာတွင် ထိုအချိန်က လက်တွေ့မကြုံရသေးသော ထိုသဘောတရားများသည် အင်္ဂလိပ်အား တိုက်ရေးဘက်သို့သာ လိမ့်ဆင်းနေသည်။ ပြင်းထန်သောလူငယ်များ၏ မျိုးချစ်စိတ်ဒီရေကို လမ်းကြောင်းမှန်သို့ရောက်အောင် ပြောင်းမပေးနိုင်ခဲ့ပေ။ ကျွန်တော်သည် ကိုမောင်မောင်အား ဒီလူ့နှယ်ဗျာ၊ သူဘဲသံမဏိတပ်တွေကိုဖွဲ့ပြီး အခုအင်္ဂလိပ်ကို တကယ်လက်တွေ့တိုက်ရတော့မှဲ အချိန်ကျမှ ဘာတွေလျှောက်ပြောနေတာလဲမသိဘူးဟု စိတ်ထဲက မနှစ်မမြို့ ဖြစ်မိလေသည်။

ကျွန်တော်တို့လူများသည် မြို့ပေါ်တွင် ဆက်လက်နေရန် မကောင်းတော့သဖြင့် ရုံးကို မြို့နှင့် ၃မိုင်ကွာသော ကျွန်တော်တို့ရွာသို့ ရွှေလိုက်လေသည်။ ကျွန်တော်တို့သည် ထိုနေရာမှနေ၍ အဆက်အသွယ်ဟူသမျှကို ချုပ်ကိုင်ကာ အလုပ်လုပ်ကြ၏။

ဂျပန်တပ်များနှင့်အတူ ချီတက်၍လာနေသော ရဲဘော်သုံးကျိပ်ခေါင်းဆောင်သည့် ဘီ၊ အိုင်၊ အေတပ်များမှာနီးလာနေပြီဖြစ်၏။သူတို့မရောက်မီသူတို့၏သတင်းများက အရင်ရောက်လာ၏။ ဗိုလ်တေဇ၊ ဗိုလ်မိုးကြိုးဆိုသောအမည်များကို ကျွန်တော်တို့ကြိုတင်သိနေကြပြီးဖြစ်၏။ ဗိုလ်ရန်နိုင်၏ ရွှေတောင်တိုက်ပွဲအကြောင်းကို စောစောကတည်းက ကြိုတင်ကြားနေရ၏။

ဂျပန်တပ်များနှင့်တွေ့သည့်အခါတွင် 'မိနာမိ၊ ဘွန်တပ်ရား'ဟူ၍ ပြောရမည်ဟု ကျွန်တော်တို့ နားလည်ထားကြ၏။ (ဗိုလ်မိုးကြိုး တပ်သားဟူ၍ အဓိပ္ပါယ်ရ၏)

မြို့ကိုဂျပန်တပ်များနှင့် ဘီ၊အိုင်၊အေတပ်များကသိမ်းပြီးသည့်အခါ ပိစ်ပရိဓာဖေးရှင်းကော်မတီ(ပီပီစီ)ခေါ် ယာယီထိန်းသိမ်းအုပ်ချုပ်ရေးကော်မတီကို ဖွဲ့လိုက်၏။ ထိုကော်မတီတွင် ဆရာဦးဘသန်းက ရာဇဝတ်ဝန်ကြီး၊ ကိုချစ်ခိုင်က ရာဇဝတ်ဝန်ကလေး လုပ်ကြ၏။ ကျွန်တော်က ဝါဒဖြန့်ချိရေးဌာနတွင်တာဝန်ယူ၏။ တာဝန်ခံမှာ ကိုဘဆက် ဖြစ်၏။

ထိုကော်မတီတွင် ဒေါက်တာဘမော်၏ ဆင်းရဲသားပါတီမှလူများလည်းပါဝင်ကြ၏။ 'ဘယ်သူတွေဘာတွေလုပ်ကြ လုပ်ကြ ကိစ္စမရှိဘူး။ ကျုပ်တို့လက်ထဲမှာ

လက်နက်တွေရှိဘို့လို ဒါဘဲ'ဟု ဆရာဦးဘသန်းက ဆိုလေသည်။ သူသည်နယ်အတွင်းမှ လက်နက်များကို လိုင်စင် ထုတ်ပေးရန် သိမ်းလိုက်ရာ တိုက်ခန်းတစ်ခုလုံး လက်နက်များနှင့် ပြည့်၍နေ၏။ လုပ်သေနတ်များကား တောင်ပုံရာပုံဖြစ်၍ နေလေသည်။

ဘီ၊အိုင်၊အေတပ်ကို အုပ်ချုပ်လာသူများမှာ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မင်းခေါင် (ကိုစောလွင်)နှင့် ဗိုလ်မြင့်ဆွေတို့ဖြစ်ကြ၏။ ကျွန်တော်တို့သည် ဘီ၊အိုင်၊အေ တပ်သားသစ်များ စုဆောင်းကြရာ လိုသည်ထက်ပို၍ရခဲ့၏။ လက်နက်ထက်လူတွေက အမြောက်အမြားပိုနေ၏။ သူတို့သည် ရရာလက်နက်များကိုကိုင်၍ တွေ့ရာယူနီဖေါင်း အဝတ်အစားများကို ဝတ်ကြလေသည်။

ဘီ၊အိုင်၊အေနှင့် ဂျပန်ကား အစကတည်းကပင် အစေးမကပ်ဖြစ်လာခဲ့၏။ ဘီ၊အိုင်၊အေ မှာ တိုင်းပြည်လွတ်လပ်ရေးအတွက် အင်္ဂလိပ်ကိုလက်နက်ကိုင်တိုက်ထုတ်ရန် ထူထောင်ထားသော တပ်မတော်ဖြစ်၏။ ဂျပန်ကား ဗမာပြည်ကို ကျွန်လုပ်ရန် ဝင်လာခြင်းဖြစ်၏။ ဤအင်အားစုနှစ်ခုသည် အပေါ်ယံက မည်မျှပင်ပူးပေါင်းနေသည့်သဏ္ဌာန်ရှိစေကာမူ တကယ်စင်စစ်တွင် မည်ကဲ့သို့ ညီညွတ်သင့်မြတ်နိုင်ပါမည်နည်း။

တစ်နေ့တွင် ကျွန်တော်တို့ဝါဒဖြန့်ချိရေးဌာနမှ စစ်သားစုဆောင်းရေးထွက်သူများကို ဂျပန်များက ရိုက်နှက်၍လွှတ်လိုက်လေသည်။ ထိုအဖြစ်အပျက်ကလေးသည် ဖက်ဆစ်ဂျပန်မှိုင်းမိ၍ မိန်းမောကာ လမ်းလွဲလိုက်နေသော ကျွန်တော်တို့အားရိုက်၍ နိုးလိုက်သလို ဖြစ်၍သွားလေသည်။

အင်္ဂလိပ်လက်ထဲမှ သခင်သန်းထွန်းနှင့် သခင်စိုးတို့လွတ်ပြီး မြင်းခြံသို့ ခေတ္တ ရောက်၍ လာကြရာ သူတို့က အသိဉာဏ်တစ်ခုပေး၍သွားကြ၏။ တချိန်တွင် ကျွန်တော် တို့သည် ဂျပန်ကို ပြန်၍ချမှဖြစ်တော့မည်။

(၄)

# ဘီ၊ ဒီ၊ အေနှင့် ဗိုလ်သင်တန်း

မကြာမီ ဂျပန်သည် ဘီ၊အိုင်၊အေကို စည်းကမ်းမရှိဟုဆိုကာ ဖျက်သိမ်းလိုက်လေ၏။

ထိုနောက် ဗိုလ်ချုပ်အောင်ဆန်းကို ဦးဆောင်စေလျက် တပ်ရင်း ၃ခုကို မ တည်ကာ ဗမာ့ကာကွယ်ရေးတပ်မတော်ကို ပြန်လည်ဖွဲ့စည်းလေသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ စစ်ဌာနချုပ်မှာ ပျဉ်းမနားတွင်ဖွင့်ထား၏။ အသစ်ထပ်မံဖွင့်သော တပ်ရင်း၃–ခုကိုလည်း ပျဉ်းမနားမှာပင် ထားလေသည်။

ကိုဘဆက်၊ ကိုကိုကြီးနှင့် ကျွန်တော်တို့သည် ဘီ၊ဒီ၊အေသို့ ဆက်၍ဝင်ခဲ့ကြ၏။

ကျွန်တော်တို့သည် ပျဉ်းမနားရှိ ဗိုလ်မှူးကျော်ဇောအုပ်ချုပ်သော တပ်ရင်း ၄တွင် ရိုးရိုးတပ်သားအဖြစ်ကစ၍ ဝင်ခဲ့ကြ၏။ ကျွန်တော်တို့သည် တပ်ခွဲ–၁ တွင်ကျရာ တပ်စုမှူးမှာ ဗိုလ်စောနောင် ဖြစ်၏။

လခမှာတစ်လလျှင် ဂျပန်ငွေ ၇–ကျပ်ဖြစ်၏။ သို့ရာတွင် ထိုအချိန်က ဂျပန် ဝင်စဖြစ်၍ ၇–ကျပ်၏တန်ဘိုးမှာ များစွာလျော့ဆင်းမှုမရှိသေးပေ။

တပ်ရင်း၄–မှာ ပျဉ်းမနားမြို့အရှေ့ ကျယ်ဝန်းသောဗိုလ်ကိတ်ခြံကြီးထဲတွင်ရှိ၏။ စစ်သင်တန်းဆင်းသည့်အခါတွင် ဤခြံကြီးထဲမှာပင် ဆင်းနိုင်၏။ တခါတရံ လယ်ကွင်းများထဲသို့သွား၍လည်း ဆင်းကြရလေသည်။ ကျွန်တော်တို့သည် တက်ကြွသောစိတ်နှင့် ရိုင်ဖယ်သေနတ်များကို ကိုင်စွဲကာ 'ဖန်နေဝန်းသို့ညီ– ထွန်းလင်းပြောင်

လေသည်'ဆိုသော စစ်ချီသီချင်းကို ပျော်ပျော်ကြီး သီဆိုပြီး သင်တန်းဆင်းခဲ့ကြလေသည်။

သင်တန်းဆင်းရာတွင် အဖြစ်အပျက်လေးတစ်ခုကို သတိရမိသေး၏။

ကျွန်တော်တို့၏ သင်တန်းမှူး ဗိုလ်ကလေးတစ်ယောက်မှာလူပျို့ဖြစ်၏။ သူသည် မိန်းမလေးတစ်ယောက်ကို ပိုး၍နေရာ၊ သူ့မိန်းကလေး၏ အိမ်နောက်ဖေးတွင်ရှိသော လယ်ကွင်းထဲတွင် ကျွန်တော်တို့အား သင်တန်းဆင်းခိုင်းလေ့ရှိ၏။ သူ့မိန်းကလေးက ပြူတင်းပေါက်ကိုဖွင့်၍ကြည့်သည့်အခါများတွင် သူသည်ဓါးကိုဝင့်ကာ ရှေ့ကတက်လျှက် ကျွန်တော်တို့အား ရန်သူကိုအတင်းဒလကြမ်း တက်၍လုံ့စွပ်ထိုးရန် အမိန့်ပေးလေ့ရှိ၏။ ဤနည်းဖြင့် ကျွန်တော်တို့သည် လုံ့စွပ်ထိုးတိုက်ပွဲအားဖြင့် သူများ၏ အချစ်ပါရမီကိုလည်း ဝင်၍ဖြည့်ခဲ့ဘူးပြီဖြစ်၏။

ကျွန်တော်တို့သည် ကင်းကျသည့်အခါများလည်း ရှိကြ၏။ ကျွန်တော်တို့ ကင်းစောင့်ရသည့်နေရာများမှာ ဗိုလ်ချုပ်အောင်ဆန်းအိမ်၊ စစ်ရုံး၊ လက်နက်တိုက်နှင့် ဆောင်ကြာမြိုင်တို့ ဖြစ်ကြ၏။

တစ်နေ့တွင် ပျဉ်းမနားမြို့ကိုဖြတ်၍စီးသွားသော ငလိုက်ချောင်းကြီးကိုဖြတ်၍ ဆောက်ထားသည့် ပေတရာလမ်းတံတားကြီးကို အင်္ဂလိပ်ကဗုံးလာ၍ချရာ တံတားပေါ်သို့မကျဘဲ တံတားဦးတွင်ရှိနေသည့် ဘုန်းကြီးကျောင်းပေါ်သို့ တည့်တည့်ကြီးလာ၍ ကျလေသည်။ ဗုံးမှာကြီးမားပြင်းထန်လှသဖြင့် ဘုန်းကြီးကျောင်းပါ ပျောက်သွားပြီး ထိုနေရာတွင် တွင်းကြီးဖြစ်၍ ကျန်ရစ်လေသည်။

ကျွန်တော်တို့သည် ထိုနေရာသို့သွား၍ ကျောင်းအုတ်ကျိုးအုတ်ပဲ့များ၊ သစ်သားအစအနများကိုဖယ်ရှားကာ လူသေများကိုကောက်ကြ၏။ ဘုန်းတော်ကြီးမှ အစ တစ်ကျောင်းလုံးတွင် အသက်ရှင်သူတစ်ယောက်မျှ မရှိတော့။ ဗုံးခွံအစအန၊ အသား၊ အသွေးနှင့် အင်္ဂတေမှုန့်များသည် ရောထွေး၍ နေခဲ့လေပြီ။ စစ်ဆိုသည်မှာ ဒါဘဲဖြစ်၏။

နောက်တစ်နေ့နံနက် ဝေလီဝေလင်းအချိန်ကစ၍ အထုပ်အပိုးများကို တင်ထားကြသောလှည်းများသည်ပျဉ်းမနားမြို့တံခါးဟူသမျှမှတစ်စီးပြီးတစ်စီးမောင်းထွက်နေကြသည်ကို တွေ့ရလေ၏။ မြို့ကလေးနှင့် အဆမတန်အောင်ချလိုက်သော ဗုံးကြောင့် လူများမှာ ဆက်လက်၍မနေရဲကြတော့ဘဲ တောပိုင်းသို့ ပြောင်းကုန်ကြတော့၏။

စိမ်းစိုစည်ကားသော မြို့ကလေးမှာ၊တခါတည်းခြောက်ကပ်၍သွားတော့၏။

ကြည်လင်အေးမြသော ရှမ်းကန်ရေသည် စစ်ကြောင့်နောက်ကျိ၍သွားခဲ့လေပြီ။ ကျွန်တော်တို့ စစ်သားများမှာကား ထိုနောက်ကျိသောရေပြင်နားမှာပင် ဆက်လက်၍နေခဲ့ကြရ၏။

ဤသို့နေရင်း ကိုဘဆက်၊ ကိုကိုကြီးနှင့်ကျွန်တော်တို့ သုံးယောက်သည် အခြားသူများနှင့်အတူ မင်္ဂလာဒုံဗိုလ်သင်တန်းကျောင်းသို့တက်ရန် အရွေးခံကြရလေသည်။

ကျွန်တော်တို့အား ရွေးချယ်ရာ၌ အမျိုးမျိုးစာမေးပွဲများ စစ်သည့်အပြင်'ခွဲစမ်းသည်' ဟုဆိုကာ အုတ်ခဲများကို တစ်ညလုံးအသယ်ခိုင်းလေသည်။ ကျွန်တော်တို့သည် မြို့ထဲတွင်ပြိုကျနေသော တိုက်တစ်တိုက်မှ အုတ်ခဲများကို တပ်ထဲသို့ တစ်ညလုံးသယ်၍ ပို့ကြရလေ၏။ နံနက်အရုဏ်တက်ခါနီး အချိန်ကျမှ ဤ'ခွဲစမ်းပွဲကြီး'သည် အောင်မြင်စွာ ပြီးဆုံးခဲ့လေသည်။

ကျွန်တော်တို့ တပ်ရင်းမှူး ဗိုလ်မှူးကျော်ဇောမှာ စေ့စပ်သေချာသည့်အရာတွင်လည်းကောင်း၊ စစ်သားများကို ခွဲရှိအောင်လေ့ကျင့်ပေးသည့် နေရာတွင်လည်းကောင်း၊ နာမည်ကြီးသူ တစ်ယောက်ဖြစ်ရာ 'ခွဲစမ်းပွဲကြီး' ပြီးသောအခါကျမှ အင်း ... ဒါ့ကြောင့်ကိုးဟူ၍ ထပ်မံအတည်ပြုလိုက်မိလေသည်။

ကျွန်တော်တို့အား ရန်ကုန်သို့မီးရထားနှင့်ပို့ကာ ဘူတာကြီးမှ မင်္ဂလာဒုံသို့ ကားများနှင့် ပို့လိုက်လေသည်။

မင်္ဂလာဒုံရှိ ဗိုလ်သင်တန်းကျောင်းကို ဂျပန်လို(ကန်ဘုခေါဝေါစေ)ဟူ၍ ခေါ် ၏။

ကန်ဘုခေါဝေါစေမှာ ဂျပန်ခေတ်က ဗမာပြည်တွင် ကမ္ဘာစစ်တက္ကသိုလ်များ အဆင့်အတန်းကို မှီနိုင်သမျှမှီအောင် လိုက်၍တည်ထောင်ထားသော စစ်ကျောင်းတစ်ခု ဖြစ်၏။

ကျွန်တော်တို့တက်ကြသောအပတ်မှာ ဒုတိယပတ်ဖြစ်၏။ ကျောင်းသား ၃၀၀–ရှိ၍ တပ်ခွဲနှစ်ခု ခွဲထားသည်။ ကိုဘဆက်နှင့် ကျွန်တော်မှာ တပ်ခွဲ ၂တွင် တစ်ခန်း တည်းသွား၍ကျ၏။ အခန်းနံပါတ်(၁)ဖြစ်၏။ ကျွန်တော်တို့မြင်းခြံမှပင် ကျောင်းနေ ဘက်ဖြစ်သော ကိုလှရွှေနှင့်လည်း တစ်ခန်းတည်းတွင် လာ၍ဆုံနေ၏။ မြင်းခြံမှ ကို သန်းမြင့်လည်း ရှိ၏။ မန္တလေးတွင် ကျောင်းအတူနေခဲ့ရသော ကိုလှမော်မှာလည်း ကျွန်တော်နှင့်ဘေးချင်း ယှဉ်လျက် အိပ်ရာချင်းကပ်နေ၏။

ကျောင်းအုပ်ကြီးမှစ၍ ဟန်ချိုခေါ် အခန်းအုပ်သင်တန်းဆရာများအထိ အား လုံး ဂျပန်များဖြစ်ကြ၏။ သူတို့အားကူညီရန် ပထမပတ်သင်တန်းဆင်းများထဲမှ ရွေး၍ ဗမာဆရာကလေးများကို ခန့်ထား၏။

စစ်သင်တန်းများမှာ ကြမ်းတမ်းပင်ပန်းလှ၏။ နေ့ခင်းစာသင်ချိန်ကိုချန်လှပ်၍ တစ်နေ့လုံး သင်တန်းဆင်းကြရ၏။ တခါတရံတွင်ညတိုက်ပွဲ၊ အရုဏ်တက်တိုက်ပွဲ

နှင့် ခရီးရှည်ချီတက်ခြင်းတို့ကိုလည်း ပြုလုပ်ကြရလေသည်။ ဂျပန်စစ်ပညာမှာ ထိုးစစ်ကို အဓိကထားရာလုံ့ စွပ်ထိုးခြင်းကို အထူးအသားပေးသင်ကြား လျှက် (ကောဂေကိဖေးရှင်း) ခေါ် တိုက်ခိုက်လိုသောစိတ်ဓါတ်ကို မြှင့်တင်ပေးလေသည်။ စစ်သားရဲဘော် အချင်းချင်း ယိုင်းပင်းကူညီမှု၊ ရဲဘော်စိတ်ရှိမှုကိုလည်း (ဌန်ဂျင်ဖေးရှင်း)ဟုခေါ်၏။ ဂျပန်များသည် ဤ (ကောဂေကိဖေးရှင်း)ကို ကျွန်တော်တို့အား နေ့စဉ်နှင့်အမျှ ရိုက်သွင်းပေးနေလေသည်။

ရိုက်သွင်းသည်ဆိုရာ၌ စကားပမာတင်စားပြောဆိုခြင်းမဟုတ်။ တကယ်လက်နှင့်ပါးကို ရိုက်၍ သွင်းနေခြင်းကို ဆိုလိုပါ၏။

ဂျပန်သည် စစ်ပညာသင်ရာ၌ ရိုက်နှက်၍သင်၏။ ဆဲဆိုငေါက်ငန်း၏။ ကျောင်းသား အချင်းချင်းကိုလည်း တစ်ယောက်တစ်လှည့် ဘယ်ပြန်ညာပြန် အရိုက်ခိုင်း၏။ ထို့ ကြောင့် ကျွန်တော်တို့အတွက် အရိုက်ခံရမှုများမှာ နေ့စဉ်နှင့်အမျှ ထမင်းစား ရေသောက်သလို ရိုး၍လာခဲ့ရာ ကြာသောအခါ အရေထူပြီး ရယ်စရာလိုဖြစ်နေလေ သည်။

စစ်စည်းကမ်းများကိုကား စက်ရုပ်လိုဖြစ်နေအောင် သင်လေသည်။ နံနက် ဖြနာရီ အိပ်ရာထ ခရာမှုတ်လိုက်သည်နှင့် တပြိုင်နက် ချက်ချင်းအိပ်ရာမှထ အိပ်ရာခြင်ထောင်များကို အမြန်ဆုံး သေသပ်စွာခေါက်ပြီး တန်းစီကြရ၏။ ခရာမှုတ်၍မဆုံးမီမှာပင် ကျွန်တော်တို့ တန်းစီပြီးသား ဖြစ်ကြလေသည်။အချိန်မှီအောင် ကြိုထနေ၍လည်း မရပေ။ အိပ်ချိန်ဆိုလျှင် အိပ်ကိုအိပ်ရ၏။ မအိပ်ဘဲ နေ၍မရ။ စကားလည်းမပြောရပေ။ အချို့က ဂျပန်စာများကို ညအချိန်တိတ်တိတ်ကျက်ကြရာ ဂျပန်မိသွားလျှင်အရိုက်ခံရလေသည်။

သန့်ရှင်းစင်ကြယ်သပ်ရပ်မှုတွင်ကား စစ်သားကိုမည်သူမျှမှီနိုင်လိမ့်မည်မဟုတ်ပေ။ ကျွန်တော်တို့၏အိပ်ရာများနှင့် ယူနီဖေါင်းများကိုခေါက်၍ စီထားသည်မှာ ဓါးနှင့်တိနေအောင်လှီးထားသလို ပုံကျ၍ညီနေ၏။ ကျွန်တော်တို့၏ ခြေထောက်များမှာ စစ်ဘိနပ်အမြဲစီးထားကြရသဖြင့် မြေတို့ ရေတို့မထိဘဲ ဘိနပ်ချွတ်လိုက်သည့်အခါခြေဖဝါးကလေးများမှာ အပျိုမ၏ပါးကလေးကဲ့သို့ ဖြူနုပြီး ရဲနေ၏။ ကျွန်တော်တို့သည် စစ်မြေပြင်မှလွဲ၍ စစ်တန်းလျား၊ အထူးသဖြင့်စစ်ကျောင်းများ၌နေသည့်အခါ၌သန့်ရှင်းစင်ကြယ် သပ်ရပ်သည့်နေရာတွင် အတော်ဆုံးအိမ်ရှင်မများသော်မှ ကျွန်တော်တို့အားလက်မြှောက်ကြရဘို့ ရှိပေသည်။

စစ်ပညာကို ဂျပန်လိုသင်ရာ ဂျပန်စာကို ကြိုးစား၍လိုက်ကြရ၏။ကျွန်တော်တို့အတွက် ဂျပန်စာမှာ စစ်ပညာထက်ပို၍ခက်လေသည်။

တစ်နေ့လျှင်ထမင်း ၃နပ်ကျွေး၏။ ဟင်းမှာကား ကဇွန်းရွက် ရေလုံပြုတ်၊ တခါတရံ ကဇွန်းရွက်နှင့်ရောစ၍ တီကောင်ကလေးများပင် ပါလာတတ်သေး၏။အပြင်မှအစာများကိုလည်း သွင်း၍မစားရ၊ ထို့ကြောင့် ကျောင်းတွင်းသို့အပြင်မှ အလုပ်လာလုပ်သူများ တိတ်တိတ်သွင်းလာသည့် ငါးပိကြော်ထုပ်ကလေးများကို တိတ်တိတ်ခိုး၍ ဝယ်စားကြရ၏။ တစ်ထုပ်လျှင် တစ်ကျပ်ပေးရပြီး အိမ်သာထဲတွင် အရောင်းအဝယ်လုပ်ကြ၏။ ထိုငါးပိကြော်ထုပ်ကလေးကို ကိုလှရွှေက လုံအောင်သိမ်းထားပြီး၊ ကျွန်တော်တို့ ထမင်းစားကြသည့်အခါ ယင်ကောင်၏ခေါင်းလောက်သာရှိသော ငါးပိကြော်ကလေးများကို ဂျပန်မမြင်အောင်လိုက်ဝေပေး၏။

ကျောင်းကန်တင်းဆိုင်တစ်ခုရှိ၏။ စားစရာဆို လဘက်ရည်၊ ကော်ဖီနှင့် ဖွဲနုမုန့်သာရှိ၏။ ထိုမုန့်များကိုလည်း ဆိုင်တွင်း၌သာစားရ၏။ အိပ်ခန်းတွင်းသို့ယူမလာရ။

တစ်နေ့ ကျောင်းသားတစ်ယောက်၏ စောင်ခေါက်ကြားထဲမှ ဖွဲနုမုန့် ၂ခုကို ဂျပန်မိသွားလေ၏။ ဂျပန်သည် ထိုကျောင်းသားကို သူ့ရုံးခန်းရှေ့သို့ခေါ်ပြီး သတိအနေအထားနှင့်အရပ်ခိုင်း၏။ ထို့နောက် ပါးစပ်အဟာခိုင်းကာ ဖွဲနုမုန့်များနှင့်ထန်းလျက်ခဲများကို ပလုပ်ပလောင်းဖြစ်အောင် အပြည့်သွင်းလေသည်။ ပြီးလျှင် ရေဇလုံတစ်ခုကို ကြိုးတပ်ပြီး လည်ပင်း၌ချိတ်ကာ ပါးစပ်အောက်က ခံပေးထား၏။ ထို့နောက် ရုံးခန်းထဲမှစာပွဲကြီးကို ပက်လက်လှန်၍ခေါင်းပေါ်၌ တင်ပေးလိုက်ပြီး ဒူးကို အကွေးခိုင်းထားလေသည်။ ဂျပန်သည် ဤမြင်ကွင်းကို ကျွန်တော်တို့ကျောင်းသားများအားတန်းစီ၍ အကြည့်ခိုင်းလေသည်။ ဆရာက တပည့်ဖြစ်သူအား မည့်သို့'လိမ္မာ'အောင် ဆုံးမရသည်ကို သင်ခန်းစာပေးခြင်းဖြစ်၏။

ကျောင်းသား၏ပါးစပ်ထဲမှ ထန်းလျက်ရည်တန်းများ ရေဇလုံထဲသို့ စီးကျနေ၏။ ဒူးများမှာကြာလေ တဇတ်ဇတ်တုန်လေ၏။ ခေါင်းပေါ်မှစားပွဲကိုကိုင်ထားသည့် လက်များမှာ ယိမ်းထိုး၍နေ၏။

မည်မျှအားကောင်းသောသူပင် ဖြစ်စေကာမူ၊ ဤအနေအထားတွင် ကြာရှည်စွာရပ်တည် နေနိုင်မည်မဟုတ်ပေ။ မကြာမီ စားပွဲကြီးမှာ ခေါင်းပေါ်မှလွတ်ကျပြီး လူမှာ သမံတလင်းပေါ် ပုံလျက်သား ခွေကျသွားလေ၏။

ဂျပန်သည် ရှူးရှူးရှားရှားဒေါသဖြစ်ကာ ပုံကျနေသူအား ခြေနှင့်ဆင့်၍ဆင့်၍ကန်လေသည်။

ကျွန်တော်တို့၏ဝမ်းထဲ၌ကား နာကြည်းခံပြင်းမှုများသည် လှိုင်းထ၍ နေကြ၏။ မကြာမီနာကြည်းမှုကို ပို၍ပြင်းထန်စေသောအဖြစ်အပျက်တစ်ခုကို ကျွန်တော်

တို့ကိုယ်တိုင်တွေ့ကြုံခံစားကြရလေသည်။

ကျွန်တော်တို့ ကျောင်းသို့ရောက်စက တစ်လကြာသည့်တိုင် အပြင်သို့ထွက်လည်ခွင့် လုံးဝမပေးဘဲထားခဲ့၏။ တစ်လကျော်ပြီးနောက်မှ တနင်္ဂနွေနေ့များတွင်အပြင်သို့ ထွက်လည်ခွင့်ရကြလေသည်။ ညနေတွင်သတ်မှတ်သည့်အချိန်အရောက် ကျောင်းသို့ပြန်ကြရ၏။ လည်ပတ်ရာတွင်လည်း သတ်မှတ်ထားသည့်နေရာနားတွင်သာလည်ပတ်ခွင့်ပြု၏။ ပထမပိုင်း၌ အင်းစိန်သို့သာ သွားခွင့်ပြုပြီး ရန်ကုန်သို့ သွားခွင့်ကိုပိတ်ထား၏။

တစ်နေ့တွင် ကိုလှမော်၊ ကိုဘဆက်နှင့် ကျွန်တော်တို့သုံးယောက်သည် နားလည်မှုလွဲပြီးသတ်မှတ်ထားသည့်ဒေသမဟုတ်သည့်နေရာ၊ရန်ကုန်သို့သွား၍လည်မိကြလေသည်။ အပြန် လမ်းတွင် ဂျပန်ကတွေ့ပြီး ကျွန်တော်တို့အား သူ့ရုံးခန်းထဲသို့ ခေါ်သွားလေသည်။

ဂျပန်ဆရာသည် ကျွန်တော်တို့သုံးဦးအား တန်းစီ၍ သတိနှင့်အရပ်ခိုင်းကာ၊ ဒန်ဖလား ပါးပါးလေး တစ်လုံးစီကို လက်နှစ်ဖက်နှင့်အကိုင်ခိုင်းပြီး ရေနွေးကြွတ်ကြွတ်ဆူကို ဖလားထဲသို့လောင်း ထည့်လိုက်လေသည်။

လက်ဖဝါးနုနုကို မီးနှင့်မြိုက်လိုက်သလို ဖြစ်သွားသော်လည်း ကျွန်တော်တို့သည် ဖလားများကို လွှတ်ချမပစ်လိုက်ဘဲ အံကြိတ်ကြိတ်ပြီးကိုင်မြဲတိုင်းကိုင်ထားကြလေသည်။

လူတကိုယ်လုံး ချွေးသီးချွေးပေါက်ကြီးများ ကျလာ၏။ ဂျပန်ကား ဖလားထဲမှ ရေအပူရှိန် လျော့သွားတိုင်းသွားတိုင်း ဆူပွက်နေသောရေသစ်များကို ဖြည့်၍ဖြည့်၍ ပေးနေလေသည်။ ကျွန်တော်တို့လက်ဖဝါးများမှာ ဖူးယောင်ပြီး အရေနီလန်ကာ အတော်ကြာမျှ အရာဝတ္ထုများကို ကိုင်တွယ်မရအောင် ဖြစ်သွားခဲ့၏။

ဤကြားထဲမှ ကျွန်တော်တို့သည် ကြိတ်မှိတ်ကာ စစ်ပညာကိုသင်ကြားခဲ့ကြ၏။

ဗိုလ်ချုပ်အောင်ဆန်းသည် တစ်နေ့တွင် ကျောင်းသို့လာ၍ကျောင်းသားများအား ဩဝါဒပေးရာ၌ 'ရဲဘော်တို့ ပညာရှာ ပမာဖုန်းတောင်းစားဆိုတဲ့အတိုင်း ဘယ်လောက်ဘဲ ဆင်းရဲဒုက္ခတွေနှင့် တွေ့ရစေကာမူ သည်းခံပြီး စစ်ပညာကိုတတ်အောင်သင်ကြပါ'ဟူ၍ ပြောကြားသွားခဲ့၏။

ကျွန်တော်တို့သည် တိုင်းပြည်ကိုချစ်လျှင် ကိုယ့်တိုင်းပြည်ကို ကိုယ်ကာကွယ်ဘို့၊ ဂျပန်ကို တော်လှန်နိုင်ဘို့၊ စစ်ပညာကို ကြိတ်မှိတ်ပြီးသင်ရမည် မဟုတ်ပါလော။

(၅)
# လွတ်လပ်ရေးနှင့် နှမဆုံးခြင်း

၁၉၄၃–ခု ဩဂုတ်လ (၁)ရက်နေ့တွင် ဂျပန်က ဗမာပြည်အား 'လွတ်လပ်ရေး'ပေးလိုက်သောအခါ ကျွန်တော်တို့ကျောင်းလည်း အတော်အတန်ပြောင်းလဲမှုများ ဖြစ်လာလေသည်။

ယခင်က ကျောင်းအုပ်ကြီး၊ တပ်ခွဲမှူးများ၊ အခန်းအုပ်များ၊ ဆရာများမှာ ဂျပန်များဖြစ်ခဲ့ရာ ယခုသူတို့နေရာတွင် ဗမာများရောက်လာကြ၏။ ကျောင်းအုပ်ကြီးမှာ ဗိုလ်မှူးဇေယျ ဖြစ်လာသည်။ ဂျပန်များက အကြံပေးသူများအဖြစ် ဆက်လက်ရှိနေကြလေသည်။

အစားအသောက်များမှာလည်း အတော်အသင့်ကောင်းမွန်လာ၏။ ကဇွန်းရွက်ထဲမှ တီကောင်များကို မတွေ့ရတော့။ ရိုက်နှက်မှုများမှာလည်း အတော်ကလေးလျော့၍သွားလေသည်။

ယခင်အခါက ညတိုင်းညတိုင်း တင်အိုဟောကာဘုရင်မင်းမြတ်ကြီးအတွက် ကျွန်တော်တို့ တာဝန်ကျေပြွန်စွာ ထမ်းဆောင်ပါမည်ဟု ရွတ်ဆိုခဲ့ကြရ၏။ ယခုကား ဗမာပြည်သစ်အတွက် ဖြစ်လာလေသည်။

ဂျပန်ဆရာများ၏ လေသံများမှာလည်း ပြောင်း၍လာ၏။ 'မင်းတို့တိုင်းပြည် လွတ်လပ်သွားပြီ။ မင်းတို့တိုင်းပြည်ကို မင်းတို့ကာကွယ်ရမှာ။ စစ်ပညာကို ကြိုးစားသင်ကြပါ'ဟုဆိုလာ၏။ အချို့ကမူ 'မင်းတို့ဟာ တစ်နေ့ ဒို့ကိုပြန်တိုက်မှာဘဲ။ ဒီတော့ မင်းတို့ ဒို့ပညာကိုမတက်ရင် ဘယ်လိုတိုက်မလဲ'ဟု တိုးတိုးတိတ်တိတ် ပြောကြလေသည်။

ထိုနှစ် အောက်တိုဘာလ၌ ကျောင်းသား ၃၀၀အနက်မှ အကြပ်အဖြစ်ဖြင့် ဆင်းရမည့်သူများကို ကျောင်းဆင်းပေးပြီး ကျောင်းကို တနင်္ဂနွေ ၂-ပတ် ပိတ်လိုက်လေ၏။ ဗိုလ်သင်တန်းဆက်၍ တက်ရမည့်သူများမှာ ကျောင်းဖွင့်လျှင် ကျောင်းသို့ပြန်လာကြရမည်ဖြစ်၏။ ယခုအချိန်ထိ ၆လ တက်ခဲ့ပြီးဖြစ်ရာ နောက်ထပ် ၆-လဆက်၍ တက်ကြရမည် ဖြစ်ပေသည်။

ထိုကျောင်းပိတ်စဉ်တုန်းက ကျွန်တော်သည်အိမ်သို့မပြန်တော့ဘဲ ရန်ကုန်မြို့ထဲမှ စစ်ကျောင်းအတူတူတက်ဖက်တစ်ဦး၏ အိမ်သို့ သွား၍နေခဲ့၏။

ကိုသန်းမြင့်က အိမ်သို့ပြန်ရာ ကိုသန်းမြင့်မှတဆင့် ကျွန်တော့်နှမလေးထံ စာတစ်စောင် အတော်ရှည်ရှည်ရေး၍ ပေးလိုက်၏။ စာနှင့်အတူ မိန်းကလေးများကြိုက်တတ်သည့် တိုလီမိုလီ ပစ္စည်းကလေးများ၊ စာရေးဆရာမဂ္ဂဇင်းနှင့် အခြားဖတ်စရာစာအုပ်ကလေးများကို ဝယ်၍ပေးလိုက်၏။

ကျွန်တော်အိမ်ကထွက်လာစဉ်က မိဘနှစ်ပါးစလုံးကရော နှမကလေးကရော ကျွန်တော် စစ်ထဲဆက်လိုက်လိမ့်မည်ဆိုသည်ကို မသိကြပေ။ သူတို့သာသိကြလျှင် အချိန်မရွေးသေနိုင်၍ အလွန်အန္တရာယ်များသောအလုပ်ကို သူတို့သဘောတူချင်မှ တူကြပေလိမ့်မည်။ သူတို့က ကျွန်တော် အခြားအလုပ်တစ်ခုရဘို့အတွက် သွားသည်ဟု နားလည်နေခဲ့ကြ၏။ ထို့ကြောင့် လူကြုံတုန်း သူတို့စိတ်ချမ်းသာမှုရှိအောင်၊စိုးရိမ်မှုကင်းအောင်၊ အားရကျေနပ်မှုရှိအောင်၊ အကျိုးအကြောင်း အမျိုးမျိုးပြ၍ စာရှည်ရှည်ရေးပေးလိုက်၏။ လိုရင်းကတော့ ကျွန်တော်တိုင်းပြည်အတွက် လုပ်နေတာမို့ အားရကြစမ်းပါဟူ၍ဖြစ်၏။

ဤစာကိုဖတ်၍ ကျွန်တော့နှမလေးသည် ပြုံး၍နေပေလိမ့်မည်။ ကျွန်တော် ဝယ်ပေးလိုက်သော ပစ္စည်းကလေးများကို ကိုင်တွယ်ပြီး ပီတိဖြစ်နေပေလိမ့်မည်။ စာနှင့်ပစ္စည်းကလေးများကိုမိဘနှစ်ပါးကိုသာလျှင်မကဘဲသူ့သူငယ်ချင်းများကိုပါလှည့်ပြပြီး ကြွားနေပေလိမ့်မည်။

ကိုသန်းမြင့် ဟိုသို့ရောက်လောက်မည့်အချိန်ကိုတွေးပြီး သည်အတိုင်း ကျွန်တော်က မြင်ယောင်နေမိ၏။ ကိုသန်းမြင့် ပြန်လာခါနီးသောအခါ နှမလေးထံကစာကို မျှော်မိလေသည်။

ကျွန်တော် မျှော်ရကျိုးမနပ်ပါ။

ကိုသန်းမြင့်ပြန်လာသောအခါ ဘာစာမှပါမလာပေ။

ကျွန်တော်က အားမလိုအားမရဖြစ်ကာ ကိုသန်းမြင့်အား အကျိုးအကြောင်း ကို အထပ်ထပ်မေး၏။ ကိုသန်းမြင့်က အေးစက်စက်မပွင့်တပွင့်နှင့် ကျွန်တော်ပေးလိုက် သောစာနှင့်ပစ္စည်းများကို ပေးခဲ့ကြောင်း၊ ဘာစာမှ ဟိုကပြန်မပေးလိုက်ကြောင်းကိုသာ ပြောပြလေသည်။

သူတို့သည် ကျွန်တော်စိတ်မကောင်းမှာစိုး၍ ဖုံးထားကြ၏။

နှမဖြစ်သူမှာ ကျွန်တော်၏မျက်ကွယ်၌ ဆုံးသွားခဲ့လေပြီ။

သည်အကြောင်းကို ရက်အတော်ကြာမှ ကိုလှရွှေကဖွင့်ပြောတော့မှ သိရ၏။

ကျွန်တော်၏ အချစ်ဆုံးနှမလေးနှင့် ဘယ်တော့မှ ပြန်မတွေ့နိုင်တော့ပါက လားဟူသော အသိသည် ကျွန်တော်၏နှလုံးသားကို ဆွဲကိုင်ဖျစ်ညှစ်လိုက်သလို ဖြစ် သွားကာ ရင်တွင်း၌နာကျင်လှသဖြင့် ဘာစကားမျှမထွက်နိုင်ဘဲ ကိုလှရွှေကိုသာကြောင် ၍ ကြည့်နေမိ၏။

သေခြင်းတရားကား ဤသို့ပင်ဖြစ်၏။ စစ်ထဲတွင်လိုက်နေသောမောင်ဖြစ်သူ က မသေဘဲ။ အိမ်တွင်ထိုင်ကျန်နေရစ်သောနှမဖြစ်သူက ဖျားပြီးဆုံးသွားခဲ့ရ၏။

ဂျပန်က 'လွတ်လပ်ရေး'ပေးသဖြင့် တပြည်လုံး ကခုန်သီဆိုနေကြချိန်၌ကျွန် တော်၏ အချစ်ဆုံးနှမလေးသည် ဆုံးသွားခဲ့လေပြီ။

(၆)
# ဂျပန်သို့ မလိုက်

ထိုအချိန်က ကန်ဘုခေါဝေါစေမှာ ဗမာ့တပ်မတော် တပ်ဖွဲ့အသီးသီးမှရဲဘော်များ၊ ဗမာတပြည်လုံးမှ လူငယ်များ၊ စုဆုံသွေးစည်းရာဌာနကြီးဖြစ်၏။

ထိုနေရာကနေ၍ တော်လှန်ရေးသမားများကို တစ်သုတ်ပြီးတစ်သုတ် မွေးထုတ်ပေးနေ၏။ ထိုနေရာကနေ၍ ဗမာပြည်၏အနာဂတ် စစ်ခေါင်းဆောင်များကို သွန်းထုပေးနေလေသည်။ ယနေ့ ဗမာပြည်တွင်စစ်ဖက်နေရာအများ၌ဦးစီးခေါင်းဆောင်နေကြသူများမှာ 'ကန်ဘုခေါဝေါစေ' ကျောင်းဆင်းများပင်ဖြစ်၏။

အပြင်မှ ဂျပန်တော်လှန်ရေးအတွက်ပြင်ဆင်စည်းရုံးမှုများသည် ကျောင်းတွင်းသို့ ထိုးဖေါက်၍ဝင်လာ၏။ ကိုလှရွှေက ဦးကျော်ငြိမ်း၏တူ ကိုကိုကြီးမှတဆင့် ဦးကျော်ငြိမ်းတို့၏ ပြည်သူ့အရေးတော်ပုံပါတီနှင့် ဆက်မိလေသည်။ ကျွန်တော်တို့က မိုးကုတ် ကိုချစ်လှိုင်မှတဆင့် ကွန်မြူနစ်ပါတီနှင့် အဆက်ရထား၏။

ကိုချစ်လှိုင်သည် နဂါးနီမှထုတ်သော မာ့က်စ်ဝါဒစာအုပ်များ၊ လောလောဆယ် ကွန်မြူနစ် ပါတီမှထုတ်သော မာ့က်စ်ဝါဒနှင့် ဂျပန်ဆန့်ကျင်ရေးစာရွက်စာတမ်းများကို ဂျပန်ဓါးအောက်မှ ကျောင်းတွင်းသို့ခိုးသွင်းကာ မှန်မှန်ဖြန့်၍နေလေသည်။ ကျွန်တော်တို့သည် ထိုစာရွက်စာတမ်းများကို စစ်ပညာမှတ်စုစာအုပ်များထဲကူးကာ

စစ် ပညာကို လေ့လာသည့်အနေဖြင့် လေ့လာကြ၏။

တစ်ကြိမ်တွင် ကျွန်တော်သည် စစ်လေ့ကျင့်ခဏ်းဆင်းရာမှ ခြေထောက်နာသွားသဖြင့် အလုံဘက်ရှိ စစ်ဆေးရုံ၌တက်နေ၏။

တစ်နေ့သ၌ ကိုချစ်လှိုင်သည် ဆေးရုံသို့ပေါက်လာကာ ကျွန်တော့်ကုတင်စွန်းတွင်ထိုင်လျက် သူ့စစ်လွယ်အိတ်ထဲမှ မျက်နှာဖုံးအနီနှင့် ဗလာစာအုပ်ကလေးကိုထုတ်ပြီး 'ခင်ဗျားဖတ်ဘို့'ဟုဆိုကာပေး၏။ သူ့လက်ရေးစိပ်စိပ်ကလေးနှင့် ရေးထားသော အနုပဋိလောမ ရုပ်ဝါဒနှင့် ရုပ်ပိုင်း ရာဇဝင်စာအုပ်ကလေးပင်တည်း။ ထိုစာအုပ်ကလေးက ကျွန်တော့်အား ကွန်မြူနစ်တယောက်ဖြစ်လာရန် အခြေခံကို ရစေပေသည်။

ဂျပန်ဆန့်ကျင်ရေးအတွက် မီးရှူးတန်ဆောင်စာတမ်းများဖြစ်ကြသော ကွန်မြူနစ်ပါတီမှ ထုတ်သည့် ဗမာ့လွတ်လပ်ရေးကြေညာစာတမ်းများသည်ကမ္ဘာ့အင်အားစု အနေအထားများကိုလည်းကောင်း၊ ဂျပန်ဖက်ဆစ်စနစ်ကိုတိုက်ဖျက်ရေးအတွက် ရနိုင်သမျှ မဟာမိတ်များနှင့်ပူးတွဲကာ ကျွန်တော်တို့လုပ်ဆောင်ရမည့်တာဝန်များကိုလည်းကောင်း၊ ဖက်ဆစ်ဝါဒ မုချကျဆုံးရမည်ဖြစ်ခြင်းကိုလည်းကောင်း၊ ပိုင်နိုင်မှန်ကန်စွာ သုံးသပ်၍ ခွဲခြမ်းစိတ်ဖြာ ဖော်ပြထားရာ ဤကဲ့သို့ သုံးသပ်ဖော်ပြနိုင်ခြင်းသည် ဗမာပြည် အပါအဝင် ကမ္ဘာ့အရပ်ရပ်မှအဖြစ်အပျက် အပြောင်းအလဲများကို မာ့က်စ်၏ အနုပဋိ လောမ ရုပ်ဝါဒကို အခြေခံကာ ထိုးထွင်းစိတ်ဖြာ ကြည့်နိုင်သောကြောင့်သာလျှင် ဖြစ်ပေ သည်ဟု ထိုအခါကျမှ ကျွန်တော်သဘောပေါက်မိလေသည်။

ကျောင်းသားများ သင်တန်းချိန်ကုန်ဆုံးသောအခါ စာမေးပွဲလုပ်ပြီး၊ နံပါတ်စဉ်အရ ထိပ်ကကျသူများကိုရွေးပြီး ဂျပန်ပြည်သို့ စစ်ပညာဆက်၍သင်ရန်လွှတ်၏။ ပထမပတ်တုန်းက ကျောင်းသား ၃၀လွှတ်ပြီး ကျွန်တော်တို့ ဒုတိယပတ်တွင်ကား၄၀ လွှတ်ရန် ရွေးလိုက်လေသည်။ ထိုအထဲတွင် ကျွန်တော်ပါနေ၏။

ဂျပန်ဆရာများသည် ဂျပန်သို့သွားရန် ရွေးထားသည့်ကျောင်းသားများကို သီးခြားထားကာ ပို၍လည်း အခွင့်အရေးပေးလေသည်။ ဂျပန်ပြည်တွင် နေထိုင်စားသောက်မှုအတွက် ဒီမှာကတည်းက ကြိုတင်လေ့ကျင့်ပေးနေ၏။ ဂျပန်များသည် အချိုများများစားတတ်သူများဖြစ်ရာ ဂျပန်သွားမည့်ကျောင်းသားများကို သကြားတွေချည်းဖိကျွေးနေလေသည်။ ဂျပန်ပြည်ကပြန်လာပြီးနောက် ရင်ဘတ်မှာ 'နဖါကလော်'တွေ ချိတ်ရမည့်အကြောင်းကိုလည်း သူတို့က အားရပါးရအမူအယာနှင့်ပြကာ ပြောကြ၏။ (ဗိုလ်ချုပ်များ၏ အကျီရင်ဘတ်တွင်ချိတ်ရသည့် အဆောင်အယောင် ပစ္စည်းများမှာ နဖါကလော်များနှင့် တူလှ၏) ကျွန်တော်တို့ကား 'နဖါကလော်တွေ' ချိတ်ရေးထက် ဂျပန်ချရေးကိုသာ စိတ်ဝင်စားနေကြရာ ဂျပန်သို့ မလိုက်လိုကြပေ။

## ဗိုလ်မှူး ချစ်ကောင်း

တော်လှန်ရေးမှာလည်း နီးကပ်လာနေပြီဖြစ်၏။

တစ်ကျောင်းလုံးတွင် ပထမရသော ကိုခင်မောင်ဦးသည် ဂျပန်သို့မလိုက်လိုသဖြင့် ဆေးရုံသွားတက်နေလေသည်။ ကိုထွန်းလွင်လည်း ရွှေးစေ့များကိုသွေး၍ မျက်စိ ထဲခတ်သဖြင့် မျက်လုံးတွေနီရဲပြီး မဖွင့်နိုင်တော့ဘဲ ဆေးရုံသို့ ပို့လိုက်ရ၏။

အချို့သူများမှာ ဒီမှာချန်နေရစ်ပြီး တော်လှန်ရေးလည်းလုပ်ချင် ဂျပန်သို့လိုက်ပြီး စစ်ပညာကိုလည်းဆက်သင်ချင်ဖြင့် ဝေခွဲ၍မရဘဲ ငိုကြလေသည်။

ထိုအချိန်၌ ကျွန်တော်သည် ဆေးရုံ၌ရှိနေ၏။

တစ်မနက်တွင် ကျောင်းအုပ်ကြီး ဗိုလ်ဇေယျရောက်လာပြီး ကျွန်တော့အား 'ဂျပန်ကိုလိုက်ဘို့ ဘယ့်နှယ်လဲ'ဟု နောက်ဆုံးလာမေးသည့် အနေနှင့်မေး၏။

ကျွန်တော်က မလိုက်တော့ပါဘူးဟု ပြန်ဖြေလိုက်လေသည်။

(၇)
# ဟယ်လ်ပင်ရိပ်သာ

ကျောင်းဆင်းသောအခါ ကျောင်းသားများကို ဗိုလ်လောင်း(မီနာရိုက်ရှ ကန်း) များအဖြစ်ခန့်၏။ အင်္ဂလိပ်ကော်လာနှစ်ဖက်၌ ပြောင်လက်သောကြေးကြယ်ကြီး နှစ်လုံးကို တပ်ပေးပြီး တပ်ဖွဲ့အသီးသီးသို့ တာဝန်ပေး၍ လွှတ်လိုက်လေသည်။ အချို့မှာ ကျောင်းမှာပင် ဆရာအဖြစ်ဆက်၍ ကျန်ရစ်ကြ၏။ ကျွန်တော်ကား အာလံတွင် တပ်စွဲထားသော တပ်ရင်း(၂)သို့သွားရန်တာဝန်ကျ၏။ သို့ရာတွင်တပ်ရင်း(၂)သို့ လက်တွေ့မသွားလိုက်ရတော့ဘဲ ရန်ကုန်တွင်ရှိသော စစ်ဦးစီးဌာနချုပ်ရုံးသို့ ရောက်သွားလေ သည်။

ထိုအခါက စစ်ဦးစီးဌာနချုပ်ရုံးမှာ ဦးဝိစာရလမ်း စစ်ဝန်ကြီးရုံးနှင့်ကပ် လျက် ဖွင့်ထား၏။ စစ်ဦးစီးဌာနချုပ်မှူးမှာ ဗိုလ်မှူးကြီးနေဝင်းဖြစ်၏။ နောက်ဗိုလ် ရန်နိုင် (ကိုထွန်းရှိန်)ရောက်လာ၏။ အထွေထွေဌာနမှူးမှာ ဗိုလ်မောင်မောင် (ဒေါက်တာမောင်မောင်)ဖြစ်လေသည်။ ကျွန်တော်သည် သူ့ဌာနတွင် တာဝန်ယူရ၏။

ကျွန်တော်တို့၏ အရာရှိရိပ်သာမှာ ဟယ်လ်ပင်လမ်းတွင်ဖြစ်၏။ ထိုနေရာ မှာနေ၍ ရုံးသွားတက်ကြရ၏။ ရိပ်သာတွင် လူပေါင်းစုံနေကြ၏။ ကွန်မြူနစ်ပါတီဝင် ရဲဘော်များ၊ ပြည်သူ့အရေးတော်ပုံပါတီ(ဆိုရှယ်လစ်)ရဲဘော်များရှိကြ၏။ ဘယ်ပါတီ ဝင်မှ မဟုတ်ဘဲ နေ့ရောညပါ ဆာကေးမူးနေသူများလည်း ရှိကြ၏။ ထိုအထဲအချို့က မိန်းမခိုးလာလိုက်ကြသေး၏။

ထိုအချိန်ကကျွန်တော်သည် ကွန်မြူနစ်ပါတီဝင် ဖြစ်နေပြီဖြစ်၏။ ကိုချစ်ခိုင် နှင့် ကိုကြည်ဝင်းတို့က ဆိုရှယ်လစ်။ သို့ရာတွင် ကျွန်တော်တို့သည် ဂျပန်တော်လှန်ရေး

အတွက် သွေးစည်းညီညွတ်ခဲ့ကြ၏။ အခြေခံအယူအဆတွေ ဘယ်လောက်ဘဲကွဲကွဲ၊ မာ့က်စ်ဝါဒနှင့်ပက်သက်၍ အမြင်တွေ ဘယ်လောက်ဘဲမတူမတူ၊ ဗမာ့လွတ်လပ်ရေး တိုက်ပွဲတွင် လည်ပင်းဖက်၍ ဆင်နွှဲခဲ့ကြ၏။

ကိုဘဆက်နှင့် ကိုကိုကြီးတို့မှာ အခြားတပ်ဖွဲ့များသို့ ရောက်သွားကြ၏။ ကိုလှရွှေမှာ ကျွန်တော်နှင့် တစ်ရုံးတည်းဖြစ်၏။ ကိုလှမော်လည်း ကျွန်တော်တို့နှင့်အတူ ဟယ်လ်ပင်ရိပ်သာမှာပင် ရှိ၏။ ကိုချစ်လှိုင်မှာ စစ်ရဲဖြစ်နေ၏။

စစ်ဌာနချုပ်မှာ ဗိုလ်လှမိုးအုပ်ချုပ်လျက် နောင်အခါတွင် ကွန်မြူနစ်ပါတီဌာနချုပ်ဖြစ်လာမည့် ဗားကရာလမ်း (၁၃၈)အဆောက်အဦးတွင် ရှိနေ၏။

ဟယ်လ်ပင်လမ်း အရာရှိရိပ်သာနှင့် မလှမ်းမကမ်း မျက်စောင်းထိုးတွင် 'ဆောင်ကြာမြိုင်' ဖွင့်ထား၏။ 'ဆောင်ကြာမြိုင်'မှာ ဂျပန်ပြည့်တန်ဆာစံနစ်မှ လာခြင်းဖြစ်၏။

ဗမာ့တပ်မတော်အတွက် 'ဆောင်ကြာမြိုင်'ဖွင့်ရာ၌ တပ်မတော်အရာရှိကြီးများ အသေးစိတ်တိုင်ပင်ကြစဉ်က ကျွန်တော်သူတို့ အနားတွင်ရှိနေ၏။ ကျွန်တော်မှာ သာမန် အရာရှိကလေးတစ်ဦးသာဖြစ်၍ သူတို့သည်လွတ်လွတ်လပ်လပ်ပြောနေကြ၏။

အရာရှိကြီးတစ်ဦး။ ။ 'အချိန်ဘယ်လောက်ထားရင်ကောင်းမလဲ'

အခြားတစ်ဦး။ ။ 'နာရီဝက်လောက်ဆိုရင်ကော'

'ဟာ ... နာရီဝက်ဆိုရင် အကြာကြီးဘဲ၊ နှစ်ခါသွားပစ်လိုက်ရင် ဘယ့်နှယ်လုပ်မလဲ။ ၁၅မိနစ်ဆို တော်ရောပေါ့'

'၁၅မိနစ်ဆိုတော့ နဲပါတယ်။ ဖင်လှုပ်ခေါင်းလှုပ်နဲ့ အချိန်စေ့သွားမှာဘဲ'

ညအချိန် ဆောင်ကြာမြိုင်၏ နောက်ဖေးခန်းဖက်၌ကား သိပ်မလင်းသောမီးရောင်အောက်တွင် ကိုချစ်လှိုင်နှင့် ကျွန်တော်တို့သည် ဂျပန်ဆန့်ကျင်ရေး စာရွက်စာတမ်းများကိုဖတ်ပြီး လေ့လာဆွေးနွေးနေကြလေသည်။

ကိုချစ်လှိုင်၊ ကိုလှမော်နှင့် ကျွန်တော်တို့သည် ရုံးမှခွင့်ယူပြီး ကွန်မြူနစ်သင်တန်းသွားတက်ကြ၏။ သင်တန်းပေးသူမှာ ကိုတင်မြဖြစ်၏။ ကိုတင်မြမှာ ဂျပန်တော်လှန်ရေးအတွက် ဂျပန်ခါးအောက်တွင် အသက်စွန့်ပြီး အချက်အချာနေရာကနေ၍စည်းရုံးရေးလုပ်နေသူဖြစ်၏။

အနုပဋိလောမရုပ်ဝါဒနှင့် ရုပ်ပိုင်းရာဇဝင်၊ အိမ်ထောင်မှု ပုဂ္ဂလိက ပစ္စည်းနှင့် အစိုးရတို့၏ အစ၊ လီနင်ဝါဒအခြေခံ၊ ကမ္ဘာ့ကွန်မြူနစ်အဖွဲ့ချုပ်လုပ်ငန်းစဉ်၊ ဒီမီထရော့အစီရင်ခံစာ၊ အစွန်းထွက် တန်ဘိုးသဘောတရားတို့ကို သင်တန်းပေး၏။ ဗမာ့လွတ်လပ်ရေး ကြေညာစာတမ်းများနှင့် တရုတ်ပြည်မှကြယ်နီစာအုပ်များကိုလည်းလေ့လာကြ

ရ၏။ ဂျပန်ဆန့်ကျင်ရေးလုပ်ငန်းတွင် တရုတ်ပြည်မှ အတွေ့အကြုံများကို လေ့လာကြ၏။ သင်ခန်းစာများယူကြ၏။

သင်တန်းဆင်းပြီးနောက် ကျွန်တော်တို့သည် ဗိုလ်ချုပ်အောင်ဆန်းအိမ်သို့ သွားကြ၏။ သူ့အိမ်မှာ ကန်တော်ကြီးဘေးတွင်ရှိကာ ဂျပန်များစောင့်နေ၏။ ထိုအချိန်က ဗိုလ်ချုပ်အောင်ဆန်းနှင့် သခင်သန်းထွန်းတို့မှာ ကွန်မြူနစ်ပါတီဗဟိုကော်မတီလူကြီးများ ဖြစ်ကြ၏။ ဗိုလ်ချုပ်အောင်ဆန်းကို (ကိုနောင်ချို)၊ သခင်သန်းထွန်းကို (ကိုဘမောင်)ဟု ခေါ်၏။

ဗိုလ်ချုပ်အောင်ဆန်းသည် ကျွန်တော်တို့အား အိမ်အပေါ်ထပ်တွင် တွေ့လေသည်။ ကျွန်တော်တို့ ထိုင်မိကြပြီးမကြာမီ မခင်ကြည်က လဘက်ရည်ဇန်းလာ၍ချ၏။

'သခင်စိုးက ဘာမှာလိုက်သေးသလဲ'ဟု ဗိုလ်ချုပ်ကစ၍မေး၏။ ထို့နောက် ကျွန်တော်တို့ စကားသိပ်မပြောရဘဲ သူကချည်းပြောလိုက်သည်မှာ တနေကုန်သွားလေသည်။ သူသည်ဗမာပြည်၏ နိုင်ငံရေးခေါင်းဆောင်ကြီးများအကြောင်း၊ ကွန်မြူနစ်ဝါဒအကြောင်း၊ အချောင်သမားဝါဒအကြောင်း၊ ဂျပန်ဆန့်ကျင်ရေးလုပ်ငန်းများအကြောင်းတို့ကို အစကပင်ကြိုတင်၍ပြောရန်ပြင်ဆင် ပြီးရှိသကဲ့သို့ မရပ်ဘဲပြောသွားလေသည်။

သူ၏ ပြောကြားချက်များ၌ သူ၏ပင်ကိုယ်ဉာဏ်နှင့် သူ၏ရိုးသားဖြူစင်မှုတို့က ပေါ်လွင်၍နေ၏။ သူက အလုပ်လုပ်ရာ၌ ထိုးထွင်းကြံဆ၍လုပ်ရေးကို အဓိကထား၍ ပြော၏။ ဂျပန်ဆန့်ကျင်ရေးလုပ်ငန်းတွင် မည်ကဲ့သို့လုပ်ရမည်တို့ကို စီကာပတ်ကုန်းပြော၍ပြ၏။ သူစကားပြောပုံမှာ လုပ်ပြောနေသည့် လေမျိုးမဟုတ်ဘဲ ပြောစရာရှိသည်တို့ကို ရိုးရိုးကလေးပြောသွားခြင်းဖြစ်၏။ သို့သော် ငြီးငွေ့စရာမကောင်းဘဲ ထက်သန်မှုပါ၍ ဆွဲဆောင်သွား၏။

သူပြောနေစဉ် ဗိုလ်ဗထူးရောက်လာရာ သူကစကားကို ခဏဖြတ်လိုက်၏။ ဗိုလ်ဗထူးသည် ယူနီဖေါင်းအပြည့်အစုံဝတ်လျက် လှေကားမှတက်လာပြီး တံခါးဝ၌ရပ်ကာ ခါးကိုညွတ်၍ အလေးပြုပြီးနောက် ...

'ဗိုလ်ချုပ် ကျွန်တော်မန္တလေးပြန်တော့မလို့ နောက်ထပ်ဘာမှာလိုက်အုံးမလဲ' ဟု သတိအနေအထားနှင့် ရပ်နေရင်းက မေးလိုက်လေသည်။

ဗိုလ်မှူးဗထူးမှာ အထက်ဗမာပြည်တိုင်းတပ်မှူးဖြစ်၍ သူ၏ရုံးကို မန္တလေး၌ စိုက်ထား၏။ ဂျပန်တော်လှန်ရေးလုပ်ငန်းများအတွက် ဗဟိုခေါင်းဆောင်များနှင့် ဆွေးနွေးရန် ရန်ကုန်သို့ ခေတ္တ ဆင်းလာခြင်းဖြစ်၏။ သူသည်ကွန်မြူနစ်ပါတီဝင်တယောက်ဖြစ်၍ သခင်သန်းထွန်း၊ ဗိုလ်ချုပ်အောင်ဆန်းတို့နှင့် ဆွေးနွေးတိုင်ပင်ကြ၏။ ယခုသူ

## ဗိုလ်မှူး ချစ်ကောင်း

ပြန်ကာနီး၌ ဗိုလ်ချုပ်ကိုလာ၍ သတင်းပို့ခြင်းဖြစ်၏။ဗိုလ်ချုပ်သည်လက်တွေ့အလုပ်များနှင့် ပတ်သက်၍ ဗိုလ်ဗထူးအား နောက်ထပ်မှာစရာရှိသည်တို့ကိုမှာလိုက်၏။ ကျွန်တော်တို့ အားလည်း တပ်မတော်အတွင်း၌လုပ်ရန် အလုပ်များပေးလိုက်လေ၏။

ကျွန်တော်တို့သည် တပ်မတော်အတွင်း၌ မာ့က်စ်ဝါဒသဘောတရားရေးသင်တန်းများ၊ ဂျပန်ဆန့်ကျင်ရေးသင်တန်းများကို ပေးကြ၏။ ဖက်စစ်ဂျပန်ရန်မှကာကွယ်ပေးနိုင်သူမှာ တပ်မတော်ပင်ဖြစ်သည်ဟု လူထုကအားကိုးကြ၏။ တပ်မတော်နှင့်လူထုမှာ တသားတည်းဖြစ်နေ၏။

သံမဏိကိုမောင်မောင်မှာ လူငယ်များအစည်းအရုံးဌာနချုပ်တွင် လုပ်နေ၏။ တစ်နေ့တွင် သူနှင့်ကျွန်တော်တွေ့ရာ သူက 'ကိုသိန်းဖေတော့ အိန္ဒိယရောက်နေပြီ'ဟု ပြော၏။ ကိုသိန်းဖေသည် အိန္ဒိယ၌ 'ဗမာပြည်တွင်ဘာဖြစ်ခဲ့သလဲ'ဆိုသောအမည်နှင့် စာအုပ်တစ်အုပ်ကို အင်္ဂလိပ်လို ရေးထုတ်သည်ဟုလည်း ကြားရ၏။ (ကိုသိန်းဖေမှာ – ယခုအခါ ဦးသိန်းဖေမြင့်ဖြစ်၏။)

တနေ့တွင် ကိုတင်မြသည် ကျွန်တော်နှင့်တွေ့ပြီး ကျွန်တော် လုံးဝမမျှော်လင့်သောစကားတစ်ခုကို ဘာနိဒါန်းမျှခံမနေဘဲ ပြောထုတ်လိုက်၏။

'ခင်ဗျား အိန္ဒိယသွားရမယ်'

(၈)

# အိန္ဒိယသို့ သွားရန်ပြင်ခြင်း

ကိုတင်မြက ကျွန်တော့အား သခင်သန်းထွန်းအိမ်သို့ ပို့ပေး၏။

သခင်သန်းထွန်းမှာ ထိုအခါက ဝန်ကြီးဖြစ်ရာ သူ့အိမ်မှာ ရွှေတောင်ကြားရပ်ကွက်ထဲတွင် ရှိ၏။ သူသည် ဝန်ကြီးအလုပ်ကိုအကာအကွယ်ယူလျှက် ဂျပန်ဆန့်ကျင်ရေးလုပ်ငန်းများကို လုပ်လျက်ရှိရာ သူ့အိမ်မှာ လက်တွေ့တွင် ဂျပန်ဆန့်ကျင်ရေးရုံးကြီးကဲ့သို့ဖြစ်နေ၏။ နိုင်ငံခြား ဆက်သွယ်ရေးကိုလည်း ဤနေရာမှပင်နေ၍ ပြုလုပ်၏။

ကျွန်တော်တို့ အိန္ဒိယသို့ပထမအသုတ်သွားကြရန်လူများတွင် သခင်ဖိုလ်၊ မန်းဝင်းမောင်၊ ကိုကျော်ရင်၊ ကိုအုန်းမောင်နှင့် ကျွန်တော်တို့ပါဝင်ကြ၏။ (သခင်ဖိုလ်မှာ ဂျပန်တော်လှန်ရေးအတွင်းက လေယာဉ်ပျံပျက်ကျပြီးကွယ်လွန်ခဲ့၏။ မန်းဝင်းမောင်မှာ ယခုသမ္မတကြီးဦးဝင်းမောင် ဖြစ်နေ၏။ ကိုကျော်ရင်မှာ ယခုကထိကဦးကျော်ရင်၊ ကိုအုန်းမောင်မှာ ယခုတိုင် ပုဒ်မ၅နှင့် စနစ်ကြာ ချုပ်ထားခံနေရ၏။)

သူတို့ကို အရင်တုန်းက ကျွန်တော် တစ်ယောက်မျှမသိခဲ့ဘူး။ သခင်ဖိုလ်တစ်ယောက်ကိုသာလျှင် သူ၏ 'ကားလ်မာ့က်စ်' စာအုပ်ကိုဖတ်ပြီး ကြားခဲ့ဘူး၏။

ယခုအခါ ကျွန်တော်တို့သည်ဂျပန်ခါးအောက်၌တစ်ယောက်ကိုတစ်ယောက်အသက်အပ်ပြီး အတူခရီးသွားကြရပေတော့မည်။ ကျွန်တော်တို့သည် အရင်တုန်းမသိဘူးသူများ ဖြစ်ကြသော်လည်း တိုင်းပြည်အတွက်ထမ်းဆောင်ရမည့် ကြီးလေးမွန်

## ဗိုလ်မှူး ချစ်ကောင်း

မြတ်သောတာဝန်ကြီးက အရင်းချာဆုံးသော ဆွေမျိုးများ၊ အနီးစပ်ဆုံးသောမိတ်ဆွေ သူငယ်ချင်းများထက်ပင် ပိုမို၍မြဲမြဲအောင် စုပေးထား၏။

သခင်သန်းထွန်းက ကျွန်တော်တို့တာဝန်များနှင့်သွားရမည့်အစီအစဉ်များကို ပြောပြ၏။ကျွန်တော်တို့သည် အိန္ဒိယတွင်ရှိနေသော ကိုသိန်းဖေထံသို့ သွားကြရမည် ဖြစ်၏။ ကိုသိန်းဖေမှာ အိန္ဒိယတွင်ဗမာပြည်မှ ဂျပန်ဆန့်ကျင်ရေးလုပ်ငန်းကြီး၏ ကိုယ် စားလှယ်အဖြစ်ရှိနေ၏။ သူသည် ဤလုပ်ငန်းကြီးတွင် အင်္ဂလိပ်နှင့်ပူးတွဲကာ အင်္ဂလိပ် အကူအညီကိုယူလျှက် လုပ်နေ၏။

ကျွန်တော်တို့သည် ဗမာပြည်တွင်ဖြစ်လျက်ရှိသော ဖြစ်ပေါ်တိုးတက်မှုများ ကို သူ့အားတင်ပြပြီး ဂျပန်တော်လှန်ရေးအတွက် ပြင်ဆင်ကြရမည်ဖြစ်၏။ ပထမ၊ မန္တလေးဗိုလ်ဗထူးထံ ကားနှင့်သွားကြပြီး ထိုမှတဆင့်သွားရန် အစီအစဉ်များကို ဗိုလ် ဗထူးကတာဝန်ခံ၍ စီစဉ်ပေးမည်ဖြစ်၏။

ကျွန်တော့တို့အဖွဲ့ခေါင်းဆောင်မှာ သခင်ဗိုလ်ဖြစ်၍ ဒုတိယခေါင်းဆောင်မှာ မန်းဝင်းမောင်ဖြစ်သည်။ မန်းဝင်းမောင်မှာ တိုးတက်သောအမြင်ရှိသည့်ကရင်လူငယ် ပညာတတ် တစ်ယောက်ဖြစ်၏။ ကိုကျော်ရင်မှာ ရခိုင်အမျိုးသားတယောက် ဖြစ်လေ သည်။ သခင်သန်းထွန်းက အစီအစဉ်များကိုပြောပြပြီး ကျွန်တော်တို့အား အနီးဆုံး မဟာမိတ်တပ်(အင်္ဂလိပ် အမေရိကန်တပ်)နှင့် တွေ့သည်အခါပြောရန် လျှို့ဝှက်သော အထိမ်းအမှတ်စကားကို ပေးလေသည်။ (G-S-I-K) ဂျီ၊အက်စ်၊အိုင်၊ကေ ဟူ၍ဖြစ်၏။ ထို့နောက် လိုအပ်သော ငွေကြေး၊ ပစ္စည်းများကို ပေးလေသည်။

ကျွန်တော်တို့ ရန်ကုန်မှထွက်ရန် ပြင်ကြလေ၏။

ဤကိစ္စမှာ ထိပ်တန်းလျှို့ဝှက်ကိစ္စဖြစ်၍ မည်သူမျှမရိပ်မိအောင် အနေ အထိုင် အသွားအလာမပျက်ဘဲ သိုသိုသိပ်သိပ်ပြင်ဆင် ကြရလေ၏။ ဤအဖွဲ့တွင် ကျွန်တော်က တပ်မတော်အရာရှိဖြစ်သည့်အတိုင်း အပေါ်ယံအမြင်အားဖြင့် ကျွန် တော်ကအုပ်ချုပ်သွားရမည်ဖြစ်ပြီး သခင်ဗိုလ်၊ မန်းဝင်းမောင်နှင့် အခြားသူများက စစ်သား လိုဝတ်ပြီးရိုင်ဖယ်ကိုကိုင်ကာ လိုက်ကြရမည်ဖြစ်၏။ လိုသော စစ်ပစ္စည်းများ ကိုတပ်မတော်မှ ထုတ်ကြရ၏။ ကျွန်တော့အတွက် ချိတ်ရန်ဓါးကို ကိုလှမော်ဆီက တောင်း၏။ ကိစ္စကိုကားမပြော။ အနွေးထည်ကလိုနေပြန်ရာ နဂါးနက် ကိုကိုကြီး ဆီက ကုတ်အကျီကို ဆွဲယူရ၏။ကျွန်တော်တို့တွင် လိုအပ်သောပစ္စည်းကိရိယာများ ချက်ချင်းမပြည့်စုံကြ သဖြင့် ရန်ကုန်မှ ထွက်ရန်ရက်ကို ၂ကြိမ်၊ ၃ကြိမ် ပြောင်းကြရ၏။ နောက်ဆုံးအကြိမ်ကျ မှ ထွက်ဖြစ်သွားခဲ့၏။

ထိုနေ့မှာ ၁၉၄၄ခု စက်တင်ဘာလ (၁၈)ရက်နေ့ ဖြစ်လေသည်။

(၉)

# မန္တလေး သို့

ထိုနေ့နံနက် ဖြနာရီ၊ မိုးကလေးမှာ တဖွဲဖွဲကျလျက်ရှိနေ၏။

ရန်ကုန်၊ မန္တလေးလမ်းမကြီးပေါ်၌ ချက်ပလက်ကားဟောင်းကလေး တစ်စီး မှာ မိုးဖွဲကလေးများကို ဖြတ်လျက်ပြေးနေ၏။

ထိုကားကလေးထဲ၌ကား – သခင်ဗိုလ်၊ မန်းဝင်းမောင်၊ကိုကျော်ရင်၊ကိုအုန်းမောင်၊ ကိုသန်း၊ ကိုမြကြည်(ကားမောင်းသူ)နှင့် ကျွန်တော်၊ ပေါင်း ၇ယောက်ပါလာကြလေသည်။ ရန်ကုန်အထွက်တွင် မန်းဝင်းမောင်က 'အောင်မြေသို့'ဟု အင်္ဂလိပ်လို တိုးတိုးကြွေးကြော်လေသည်။

အမှန်အတိုင်းဆိုလျှင် ဤကဲ့သို့နေ့ခင်းအချိန်တွင် ဘယ်ကားမှ ရန်ကုန်၊မန္တ

လေးလမ်းပေါ်၌ အတင့်မရဲဝံ့ပေ။ ကျွန်တော်တို့သာလျှင် ဘေးအန္တရာယ်ကိုမကြည့်ဘဲ မိုးဖွဲကလေးကို အားကိုးပြီးသွားလျက် ရှိလေသည်။ သို့သော် ပဲခူးကိုလွန်သောအခါ မိုးတိတ်လေပြီ။ မဟာမိတ်လေယာဉ်ပျံသည် အချိန်မရွေး အရပ်ကိုးမျက်နှာမှ ပေါ်လာနိုင်၏။ သို့သော် ကျွန်တော်တို့ကား ဆက်လက်သွားလျက်ပင်ရှိ၏။

နေ့လယ် ၁နာရီခန့်အချိန်၊ ပဲနွယ်ကုန်းမှအထွက်တွင် ကျွန်တော်တို့၏အတင့်ရဲမှုကို အဆုံးသတ်စေတော့၏။ ကျွန်တော်တို့ဘယ်ဖက်ဘေးမှ အာ–အေ–အက်ဖ်၊ ကေ ၃၂ ဗုံးကြဲတိုက်လေယာဉ်ပျံ ၂–စင်းလိုက်လာလေသည်။

ကျွန်တော်တို့လည်း ကားပေါ်မှခုန်ဆင်းပြီး နေရာယူကြ၏။ လေယာဉ်ပျံ ၂စင်းသည် တစ်စင်းပြီးတစ်စင်း ကားကိုစက်သေနက်နှင့်ပစ်ရာ ကားမီးလောင်သွားသောအခါမှ ထွက်ခွာ၍ သွားကြလေသည်။ ကျွန်တော်တို့ပုန်းကွယ်နေရာမှ ထလာကြသောအခါ၌ ကားမှာ မီးဟုန်းဟုန်း တောက်နေလေပြီ။ ပစ္စည်းများလည်း အားလုံးပါသွားလေပြီ။

ပဲနွယ်ကုန်းမှကူညီရန်လာကြသူများသည်ကားကိုမီးဝိုင်းသတ်ကြပြီး မီးငြိမ်းသွားသောအခါ သခင်ဗိုလ်က ကျွန်တော့အား ကားထဲတွင်ပါလာသော ကွန်မြူနစ်ပါတီမှ ထုတ်ဝေသည့် စာများကို မီးလောင်သွားပြီလားဟု အကြည့်ခိုင်းသည်ကျွန်တော်သွား၍ ကြည့်သောအခါ အားလုံးပစ္စည်းများရောနှောမီးကျွမ်း၍ကုန်ပြီကိုတွေ့ရသောကြောင့် ဟုတ်ကဲ့ လောင်သွားပြီဟု သခင်ဗိုလ်အား ပြန်ပြောလိုက်သည်။

နောက် ကျွန်တော်တို့သည် ပဲနွယ်ကုန်း၌နာအုပ်ဦးထွန်းရွှေအိမ်သို့ လိုက်သွားကြပြီး ခေတ္တနားကာ ပုန်းအောင်းစဉ်က ပေကျံနေသောရွှံ့ညွှန်များနှင့် သွေးအလိမ်းလိမ်းနှင့်မျှော့များ ကိုယ်မှဆေးကြောသုတ်သင်ကြသည်။ မီးလောင်သွားသောကားကို ဦးထွန်းရွှေတို့အိမ်တွင်ထားခဲ့ရန် စီမံကြပြီး ဖြူးသို့ မြင်းလှည်းနှင့်ဆက်သွားရန် နေရာမှ ထကြသောအခိုက်၌ သူငယ်ကလေး တစ်ယောက်သည် ကားထဲမှ မီးကျွမ်းနေသော စက္ကူလိပ်ကြီးတစ်ခု ထုတ်ယူလာပြီး ကျွန်တော်တို့အား ပေးသဖြင့် သခင်ဗိုလ်ကယူထားလိုက်၏။

အမှန်မှာ ဤစက္ကူထုပ်သည် ကျွန်တော့်နောက်ပိုးအိတ်ထဲတွင်ထည့်၍လာသော ပါတီစာများဖြစ်ပြီး ကားထဲတွင်မီးလောင်သွားပြီဟု ကျွန်တော် သခင်ဗိုလ်အား ပြောလိုက်သောစာများ ဖြစ်သည်။ သို့သော် စာများမှာပြာဖြစ်အောင်လောင်မသွားဘဲ တပိုင်းတစ ကြွင်းကျန်နေသဖြင့် အချို့စာလုံးများကို ဖတ်၍ရလေရာ အကယ်၍သာ ဤစာစကလေးများသည် ဂျပန်စစ်ပုလိပ် (ကင်ပေ) လက်ထဲသို့ ရောက်သွားလျှင်မီးခိုးကြွက်လျှောက်ဖြစ်မည်ဆိုက ဖြစ်နိုင်ပေသည်။ (ယခုကား သီသီကလေး လွတ်ခဲ့ပေပြီ)

ညနေတွင် ကျွန်တော်တို့သည် မြင်းလှည်း၂စီးဖြင့်ဖြူးသို့ဆက်၍လာခဲ့ကြရာ ည ၈နာရီခန့်တွင် ဖြူးသို့ရောက်ကြ၏။ ဖြူးရာဇဝတ်ဝန်ကလေး ဦးထွန်းရွှေအိမ်တွင် ဝင်၍အိပ်ကြ၏။ ဦးထွန်းရွှေမှာ တောထွက်နေ၍ မတွေ့ရ။ သူ့ဇနီးကကျွန်တော်တို့အား ကောင်းစွာညေ့ခံလေသည်။

နောက်တစ်နေ့ နံနက်တွင် ဖြူးမြို့ပေါ်ရှိ ကွန်မြူနစ်ပါတီဝင်တစ်ယောက်အိမ်သို့ ပြောင်းနေကြ၏။ ထိုညတွင် ကိုစောဟန်နှင့်အတူ ကျွန်တော်တို့အားလုံး ဖြူးမှမီးရထားနှင့် ရန်ကုန်သို့ပြန်ခဲ့ကြရာ နောက်တစ်နေ့နံနက်တွင် ရန်ကုန်သို့ ချောမောစွာ ရောက်ကြလေသည်။

ထို့ကြောင့် နောက်တစ်ကြိမ် ထပ်၍ကြိုးစားကြရပြန်လေသည်။

စက်တင်ဘာလ ၂၂ရက်နေ့တွင် မန်းဝင်းမောင်၊ ကိုအုန်းမောင်နှင့် ကိုသန်းတို့အား ဗမာ့တပ်မတော်ဗိုလ်ကြီးတင်ထွန်းက သူ့ကားနှင့် မန္တလေးသို့ခေါ်၍သွားနှင့်၏။

နောက် စက်တင်ဘာလ၂၄ ရက်နေ့ညနေကျမှ သခင်ဗိုလ်၊ ကိုကျော်ရင်၊ ကိုစောဟန်၊ ကျွန်တော်နှင့် (ပါတီက မန္တလေးသို့ အခြားကိစ္စနှင့်ထည့်လိုက်သော ရဲဘော်၂ယောက်) ကားမောင်းသူ ကိုမြကြည်၊ ပေါင်း (၇)ယောက်တို့သည် ကားနှင့် ထွက်ခဲ့ကြသည်။ ယခုအခါ ကားကိုညတွင်သာ မောင်းတော့၏။ တစ်ခါသေဘူး၍ ပျဉ်ဘိုးနားလည်ခဲ့ပြီ။ နောက်တစ်နေ့ တစ်နေ့လုံး ကညွတ်ကွင်း သခင်ဘသော် အိမ်တွင်နား၏။ ညခရီးဆက်ထွက်၍ တောင်ငူတွင်သခင်ဗိုလ်၏လူများထံမှ ဓါတ်ဆီဝင်ယူပြီး တစ်ညလုံးဆက်မောင်းရာ နံနက်တွင် ပျဉ်းမနားသို့ရောက်ပြီး နေခိုရ၏။

ပျဉ်းမနားကား မြို့ပျက်ကြီးဖြစ်နေလေပြီ။ ဂျပန်အကျိုးအပဲ့လူနာများကို စ၍ တွေ့ရတော့၏။ မြို့အစွန်ရွာများရှိ ဆိုင်ကလေးများတွင် ဂျပန်တွေခြေချင်းလိမ်ပြီး ငေးမှိုင်စွာ စားသောက်နေကြလေသည်။ သူတို့၌ပါလာသော အထည်ပစ္စည်းကလေးများကို တစ်အိမ်ဝင်ထွက် လည်၍ ရောင်းချနေရသောဘဝသို့ ရောက်နေလေပြီ။

ပျဉ်းမနားမှ ညနေထွက်ပြီး မရပ်မနားမောင်းခဲ့ရာ ည(၁၀)နာရီအချိန်ခန့်တွင် မိတ္ထီလာရောက်၏။ မိတ္ထီလာတွင် ပါတီက မန္တလေးသို့ အခြားကိစ္စနှင့်ထည့်လိုက်သော ရဲဘော်၂ယောက်နှင့်ကျွန်တော်က စုံထောက်ရဲအုပ်ကိုမြဒွေးအိမ်၌တည်းခိုပြီး ကျန် သခင်ဗိုလ်တို့လူစုက ရဲအင်စပက်တော် ဦးရွှေအုပ်အိမ်၌ တည်းခိုကြလေသည်။

နောက်တစ်နေ့ညနေကျမှ အားလုံးမိတ္ထီလာမှထွက်ခဲ့ရာ သန်းကောင်ကျော်တွင် အမရပူရသို့ရောက်ပြီး ကားကိုလမ်းဘေးထိုးကာ ကားပေါ်မှာပင် ထိုညဖြစ်သလို အိပ်ကြရလေသည်။ နံနက်လင်းသောအခါမှ ကားကိုအမရပူရအိမ်တအိမ်တွင်အပ်ထားခဲ့ပြီး တဖက်ကမ်းသို့ သမ္ပာန်နှင့်ကူး၍ မြင်းလှည်းငှားပြီး မန္တလေးသို့လာခဲ့ကြ၏။

(၁၀)

# မန္တလေးမှ ဆက်ထွက်ခြင်း

ပထမဦး မန္တလေးတွင် ကျွန်တော်တို့သည် လူခွဲ၍နေကြ၏။ ပါတီက အခြားကိစ္စနှင့်ထည့်လိုက်သော ရဲဘော်၂ယောက်နှင့် ကျွန်တော်က ကျွန်တော်နှင့် တရပ်တည်းသား ဖြစ်သော ဗိုလ်ကြည်ဝင်းအိမ်တွင်တည်း၍ ကျန်သခင်ဗိုလ်တို့လူစုက သခင်ဗိုလ်မိတ်ဆွေတစ်ယောက်အိမ်တွင် တည်းခိုကြလေသည်။ ကိုအုန်းမောင်ကား စစ်ရုံးတွင် ဗိုလ်သီဟနှင့် အတူနေ၏။

အထက်သို့ ခရီးဆက်၍ထွက်ရန်အတွက် ဗိုလ်ဗထူး၊ ကိုစံညွန့် (ပါတီတာဝန်ခံ)နှင့် ကျွန်တော်တို့ ဆွေးနွေးစီစဉ်ကြသည်။ လမ်းမှာ၂လမ်းရှိ၏။ ကလေးဝဖက်မှ တစ်လမ်း၊ ကသာမှတစ်လမ်း ဖြစ်သည်။ ကလေးဝဖက်မှသွားလိုလျှင် ဗိုလ်ဗထူးဂျပန်အကြံပေးအရာရှိများနှင့်အတူ ကားနှင့် သွားရမည်။ ကသာမှသွားလိုလျှင် မီးရထားနှင့် ကောလင်း၊ ဝန်းသိုအထိ သွားနိုင်သည်။ဘယ်ဖက်ကပိုကောင်းမည်၊ ဘယ်လမ်းကပိုပြီး အဆက်အသွယ်ရနိုင်သည်တို့ကို ကျွန်တော်တို့ စဉ်းစားကြ၏။ နောက်ဆုံး၌ အားလုံး

သဘောတူညီချက်မှာ ကောလင်း၊ ဝန်းသိုအထိ မီးရထားနှင့်သွား ပြီး ၎င်းမှတဆင့် ကသာ ကိုလှထံသွားရန် ဖြစ်ပေသည်။ ထို့ကြောင့် ထိုနယ်တဝိုက်ကို ကျွမ်းကျင်သူများ လိုလာသည်။

အောက်တိုဘာလ ၈ ရက်နေ့တွင် ကျွန်တော်တို့အားလုံး ဗိုလ်ဗထူး၏ အမြောက်တပ်အတွင်း လုံခြုံအေးချမ်းသောတန်းလျားတစ်ခုတွင် ပြောင်း၍နေကြ၏။ နေထိုင်စားသောက်ရေး အတွက် ဗိုလ်ဗထူးကအားလုံးစီမံပေးသည်။

ကျွန်တော်တို့ခရီးထွက်ရန်မှာ ရက်မျှသာ လိုတော့၏။ အားလုံးစီစဉ်ပြီးပေပြီ။ (တပ်ကြပ် မင်းမောင်)နှင့် (တပ်ကြပ်မောင်လှ) ဟူသောအမည်များနှင့် မီးရထားစီးရန် လက်မှတ်လည်း ဗိုလ်ဗထူးထံမှရပြီးပြီ။ အထက်နယ်တဝိုက်ကိုကျွမ်းကျင်သော မန်းဝင်းမောင်၏သူငယ်ချင်းကိုလှဖေ(မကြာမီကထောင်မှလွတ်သွားသောဗိုလ်ကြီးလှဖေ)နှင့် စစ်သားမောင်ကျောက်တို့လည်း ကျွန်တော်တို့နှင့်လိုက်ရန် အဆင်သင့်ရှိကြပြီ။ ကိုလှဖေမှာကျွန်တော်တို့နှင့်လိုက်ရန်ဆေးရုံမှအဖျားလုံးဝမပျောက်သေးမီဗိုလ်ဗထူးကအဆင်း ခိုင်းထားခြင်းဖြစ်လေသည်။

နောက်တစ်နေ့ (အောက်တိုဘာ၊ ၉)နံနက်တွင် အားလုံးစစ်ကိုင်းဖက်သို့ သမ္ဘာန်နှင့် ကူးကြသည်။ အားလုံး ၉ ယောက်ဖြစ်၏။
၎င်းတို့မှာ ...

(၁) သခင်ဗိုလ်(ခေါင်းဆောင်)
(၂) မန်းဝင်းမောင်(ဒုတိယခေါင်းဆောင်)
(၃) ကိုကျော်ရင်
(၄) ကိုအုန်းမောင်
(၅) ကိုသန်း
(၆) ကိုစောဟန်
(၇) ကိုလှဖေ) ဗိုလ်ဗထူးက ထည့်လိုက်သောရဲဘော်များ။
(၈) ကိုကျောက်)
(၉) စာရေးသူတို့ဖြစ်ကြ၏။

ကျွန်တော်တို့အားလုံး တပ်မတော်အဝတ်အစားများနှင့်ဖြစ်သည်။ ကျွန်တော်က (မင်းမောင်–တပ်ကြပ်)ဟူသောအမည်ကိုခံယူလိုက်သည်။ ကိုလှဖေက(မောင်လှ– တပ်ကြပ်)ဟူသောအမည်ကိုယူသည်။ ကျွန်တော်တို့နှစ်ယောက်က နောက်ပါစစ်သား များကိုအုပ်ချုပ်ပြီး ကသာသို့ တပ်မတော်ကိစ္စနှင့်သွားသောအနေမျိုးသွားကြသည်။

ဗိုလ်ဗထူးက ကျွန်တော်တို့အတွက် အောက်ပါပစ္စည်းများကိုပေးလိုက်၏။

ရိုင်ဖယ် ၅လက်။ ခဲယမ်းအပြည့်အစုံ။

ဆေးအမျိုးမျိုး။

ဆန်။ ငပိကြော်နှင့် ပေါင်မုန့်ခြောက်များ။

အိန္ဒိယသို့ အောက်ပါစာများကိုယူခဲ့သည်။

ဖက်စစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်မှ ကြေညာစာတမ်းအမှတ်(၁)၊ ကွန်မြူနစ်ကြေညာစာတမ်းအမှတ်(၂)နှင့်(၃) ကရင်သွေးစည်းရေးစာတမ်းနှင့် ဗမာပြည်ကွန်မြူနစ်ပါတီမှ အိန္ဒိယပြည်ကွန်မြူနစ်ပါတီသို့ ပေးလိုက်သော စာတစ်စောင်တို့ဖြစ်၏။

ကျွန်တော်တို့သည် စစ်ကိုင်းတွင် ကိုလှဖေ၏အသိအိမ်တစ်အိမ်၌ နေခိုကြပြီး ညနေတွင် ရွာထောင်ဘူတာသို့ သွားကြရ၏။ ပျက်စီးနေသောရွာထောင်ဘူတာတွင် လမ်းဘေးဈေးသည်များကား ရှိပေသေးသည်။

လုံးဝမှောင်သောအခါ မီးရထားစထွက်လေသည်။ ညသန်းကောင်ယံတွင် ရွှေဘို၌မီးရထားဆိုက်၏။ ရွှေဘိုမှမီးရထားဆက်မထွက်တော့သဖြင့် ကျွန်တော်တို့လည်း ရပ်ကွက်တစ်ခုသို့သွားပြီး လမ်းဘေးလူနားသော ကွပ်ပျစ်ကြီးတစ်ခုပေါ်တွင် ထိုညအိပ်ကြရပေသည်။

ထိုနေ့ညသည် ရွှေဘိုသည် ဒုတိယစစ်မျက်နှာဖြစ်နေပေသည်။ ဂျပန်စစ်သား၊ လူနာ၊ အကျိုးအပဲ့များသည် ကျွန်တော်တို့နှင့်မနီးမဝေး ဘုန်းကြီးကျောင်းတစ်ကျောင်းတွင် တည်းခိုနေကြ၏။ သူတို့၏ လက်နက်အစား တောင်ဝှေးများသာရှိတော့သည်။ သူတို့သည် ခွေးဝဲစားကဲ့သို့ စုတ်ခြာပြီး၊ မသာရုပ်များပေါက်နေကြပေသည်။ ဤသူများသည်ကား အခြားသူများမဟုတ်။ ဗမာပြည်သို့တက်လာခါစက ခက်ထန်စွာ ဗမာပြည်သူတို့အား ပါးရိုက်ခဲ့သူများသာဖြစ်လေသည်။ ယခုအခါ၌ကား မခက်ထန်နိုင်တော့။

ထိုနေ့၌ ကျွန်တော်တို့သည် ရွှေဘို၌နားနေကြ၏။ ညအချိန်ရောက်မှ ရွှေဘိုမှ မီးရထားနှင့် ဆက်၍ထွက်ခဲ့ရာ နံနက်လင်းခါနီး ကန့်ဘလူသို့ ရောက်ခဲ့ပေသည်။ ကန့်ဘလူတွင် ဂျပန်စစ်သားများသည် ဥဒဟိုသွားလာနေကြတော့သည်။ တပ်ပျက်လာသော ဂျပန်၊ အထက်တက်သောဂျပန်၊ ဂျပန်လူနာ၊ ဂျပန်မသူနာပြု သူတို့ကိုရှောင်၍ပင် မလွတ်နိုင်။ တစ်ရွာလုံးဂျပန်တွေဖြစ်နေ၏။

သို့သော် ကျွန်တော်တို့ကား ဘာအနှောင့်အယှက်မှမတွေ့ရဘဲ အိမ်တစ်အိမ်တွင်ဝင်၍ ခိုနေကြ၏။ ထိုအိမ်တွင် ထမင်းဝယ်စားရ၏။ ရွာထဲတွင်ရှုံ့ဖွက်တွေပေါက်နေ၍ ဘယ်မှမထွက်ကြ။ ညနေကျမှ ဘူတာသို့သွားပြီး မီးရထားစီးကြ၏။ မီးရထားသည်တစ်ညလုံးမောင်းရာ နံနက်လင်းခါနီး ကောလင်း၌ တခါတည်းရပ်တော့၏။

ကျွန်တော်တို့လည်း ရထားပေါ်မှဆင်းပြီး ဝန်းသိုသို့ ခြေလျင်သွားကာ တောင်ကုန်းတစ်ခုဘေးတွင်အိပ်ကြ၏။ ဝေနေသောနှင်းများနှင့် တကိုယ်လုံးစိုရွှဲကုန်တော့၏။

နံနက်လင်းသောအခါ အိပ်ယာမှထကြပြီး ဝန်းသိုမြောက်ဖက် ၃–မိုင်ခန့်ဝေးသော မီးရထားလမ်းပေါ်ရှိ ကင်းရွာသို့သွားကြကာ မောင်ကျောက်၏အသိအိမ်တစ်အိမ်တွင် ဝင်၍တည်းကြ၏။ ထိုအိမ်ရှင်မှာ ဖေါ်ရွှေလှပေသည်။ ကျွန်တော်တို့အား ရက်ရောစွာ ချက်ပြုတ်၍ကျွေး၏။ သူတို့၏ တကယ့်ရိုးသားမှုသည် သူတို့၏မျက်နှာ၊ သူတို့၏အပြုအမူ၊ အပြောအဆိုတို့က ထင်ရှားစွာဖေါ်ပြနေတော့သည်။ စကားပြောသည်မှာ ကျွန်တော်တို့နှင့်မတူ ခပ်ဝဲဝဲဖြစ်၏။ သူတို့အရပ်မလေ့အတိုင်း ဖြစ်၏။ အသားအရေမှာ စိုပြေသည်။ နီမြန်းဖြူဖွေးသော အသားအရေဖြစ်သည်။

ကျွန်တော်တို့တည်းသောအိမ်တွင် အပျိုမကလေးတစ်ယောက်ရှိ၏။ညစ်နွမ်းသောအဝတ်များအောက်တွင် သန့်ရှင်းလတ်ဆတ်သော အလှမှာပေါ်နေ၏။ နေ့ခင်း၌ ကျိုးတိုးကြဲတဲကြမ်းပေါ်တွင် စုထိုင်နေကြရာမှ သူက ရုတ်တရက်အထလိုက် ဖြုံးကနဲ ကြမ်းကျွံ၍သွားရာ ကျွန်တော်က လျှင်မြန်စွာဖမ်းဆွဲထားလိုက်မိ၏။ သူ့ဂျိုင်းအောက်မှနေ၍ လက်မောင်းအိုးကိုလက်နှစ်ဖက်နှင့် သိမ်းကြုံး၍ ဆွဲမိလျှက်သားဖြစ်နေ၏။ ကျွန်တော်က ကြမ်းပြင်ပေါ်သို့တင်ပြီး ချက်ချင်းလွှတ်ပစ်လိုက်ပါ၏။ သို့သော် နှစ်ယောက်စလုံး၏ သွေးမှာပူသွားသဖြင့် နီရဲနေသောမျက်နှာများကား ချက်ချင်းပြေမသွားပါ။

ကင်းရွာတွင်တစ်ညအိပ်ပြီး နောက်တစ်နေ့နံနက်တွင် ကျွန်တော်တို့သည် ကသာသို့ရှေ့ရှုပြီး ခြေလျှင်လျှောက်ကြသည်။ ကသာသို့လမ်းပြအဖြစ် ကင်းရွာမှကိုချစ်မောင်ဆိုသူကို ငွေ ၂၀ဝိပေးပြီး ခေါ်ခဲ့ကြ၏။ ရွာစဉ်တလျှောက်ချောဆင့်ပြီး တစ်နေ့လုံးသွားကြ၏။ ညတွင်ကြုံရာ ရွာသူကြီးအိမ်တွင် ဝင်၍စခန်းချပြီး နောက်တစ်နေ့နံနက်ဆက်၍ ခရီးထွက်ကြပြန်၏။ ဤကဲ့သို့လာခဲ့ရာ ဂျပန်တစ်ကောင်တစ်မြီးမှ မတွေ့ရဘဲ မင်းဝန်တောင်၊ မဲဇာချောင်းတို့ကိုဖြတ်ကျော်ကာ အနှောင့်အယှက်ကင်းစွာနှင့် အောက်တိုဘာလ ၂၁ရက်နေ့တွင် ကသာအနီး ဂတဲရွာသို့ရောက်ခဲ့ပေသည်။

ဤတွင် ရှေ့သို့ဆက်မသွားနိုင်အောင်ဖြစ်ပျက်လာပုံမှာ ကိုလှဖေအပြင်းဖျားခြင်းပင်ဖြစ်တော့သည်။ ကျွန်တော်တို့လည်း တတ်သရွေ့မှတ်သရွေ့အစွမ်းကုန်ပြုစုကြ၏။ ထိုနည်းဖြင့် ၃ရက်ကြာသွား၏။ သို့သော် ကိုလှဖေမှာမသက်သာသဖြင့် ဘယ်လိုလုပ်ရလျှင်ကောင်းမည်ကို တိုင်ပင်ကြပြီး နောက်ဆုံးကိုလှဖေအား သူ့အမရှိရာ တကောင်းသို့ပို့ရန် သဘောတူကြပြီး သူ့အား ထမ်းစင်နှင့်သယ်ယူ၍ ဂတဲရွာမှ တပ်ပြန်၍ခေါက်ခဲ့ရာ ထိုနေ့မှာပင် မဲဇာချောင်းကမ်းပေါ်ရှိ ဂျုံးဂျုံးဂျ ရွာသို့ ရောက်ခဲ့လေသည်။

ဂျုံးဂျုံးဂျွရွာ၌ ကျွန်တော်တို့အားလုံး တိုင်ပင်ကြပြီး လူနှစ်စုခွဲလိုက်ကြသည်။ တစ်စုမှာ သခင်ဗိုလ်၊ ကိုစောဟန်၊ ကိုကျော်ရင်၊ ကိုသန်း၊ မောင်ကျောက်၊ ကိုချစ်မောင် (လမ်းပြ)ပါဝင်၍ သခင်ဗိုလ်က ခေါင်းဆောင်သည်။ ကျန်တစ်စုမှာ မန်းဝင်းမောင်၊ ကိုအုန်းမောင်၊ ကိုလှဖေနှင့် ကျွန်တော်တို့ဖြစ်၍ မန်းဝင်းမောင်က ခေါင်းဆောင်သည်။ ပါတီစာများကိုမူကား သခင်ဗိုလ်သည် ခေါင်းဆောင်ပီသစွာ အာမခံ၍ယူသွားပေသည်။

ဂျုံးဂျုံးဂျွရွာတွင် တစ်ညအိပ်ပြီး နောက်တစ်နေ့ညတွင် သခင်ဗိုလ်တို့အစုသည် ကင်းရွာ (ဝမ်းသို)သို့ ပြန်သွားကြလေသည်။ ကျွန်တော်တို့လည်း ဝါးဖေါင်တစ်ခုကိုဝယ်ပြီး ညတွင်းချင်း တကောင်းကိုရှေ့ရှုကာ စုန်ဆင်းခဲ့ကြလေသည်။ ဝါးဖေါင်ပေါ်၌ကား ဖျားသူ ကိုလှဖေမှာ လုံးဝသတိ မရတော့။

ချောင်းတဖက်တချက်ရှိ သစ်တောကြီးများသည်ကားမဲမှောင်နေ၏။ ထူထပ်စွာကျဆင်းသော နှင်းများအကြားတွင် တရွေ့ရွေ့မျော၍လာသော ဖေါင်ကလေးအပေါ်၌ အအေးခံနိုင်ရန် မီးကလေးတလက်လက်နှင့် လဘက်ရည်ကြမ်းအိုးတည်ပြီး သောက်ခဲ့ရပုံများကို ယနေ့တိုင် သတိရမိသေး၏။

နှစ်ညမျှဆက်တိုက်စုံဆင်းခဲ့ပြီးနောက် နောက်တစ်နေ့နံနက်တွင် မဲဇာချောင်းနှင့် ဧရာဝတီ မြစ်ဆုံရာ ညောင်ပင်လှရွာသို့ ရောက်ကြသည်။ သေကံမရောက်သက်မပျောက်သည့် ကိုလှဖေမှာ အဖျားသက်သာ၍ လာခဲ့ပေသည်၊

ကိုအုန်းမောင်နှင့်ကိုလှဖေတို့ကို ညောင်ပင်လှရွာတွင်ထားခဲ့ပြီး မန်းဝင်းမောင်နှင့် ကျွန်တော်တို့နှစ်ယောက် ခရီးစဉ်အတွက်စုံစမ်းရန် မြတောင်အနီး တောရရွာရှိ မန်းဝင်းမောင်၏ မိတ်ဆွေသစ်တောဝန်ထောက်ထံသွားကြ၏။ ကိုအုန်းမောင်ကိုကား ကိုလှဖေကိုယူ၍ တကောင်းသို့သွားနှင့်ရန် မှာထားခဲ့လေသည်။

တောရတွင် ကျွန်တော်တို့ သစ်တောဝန်ထောက်နှင့်တိုင်ပင်ကြရာ စစ်မျက်နှာတွင် ကချင်များ၏သောင်းကျန်းနေပုံကိုကြားရသဖြင့် ကချင်များနှင့်အဆက်အသွယ်လွယ်ကူစေခြင်းငှာ သစ်တောဝန်ထောက်နှင့်သိသော ကချင်လူငယ်တစ်ယောက်ကို ကျွန်တော်တို့နှင့်ထည့်လိုက်ရန် ဆုံးဖြတ်ကြလေသည်။ ကျွန်တော်တို့နှင့်ပါလာသော ပိုက်ဆံများလည်း ကုန်ပြီဖြစ်၍ ရွှေလက်ကောက်တဖက်ကို ၂၀၀၀နှင့်ရောင်းလိုက်၏။ ရွှေဒင်္ဂါးတစ်ပြားကိုကား ကျွန်တော်တို့နှင့်လိုက်မည့် ကချင်လူငယ်အတွက် ပေးခဲ့ရလေသည်။ တောရတွင်နှစ်ရက်နေပြီး ကျွန်တော်တို့လည်း တကောင်းသို့ ညအခါ လှေနှင့်စုံဆင်းခဲ့လေသည်။

ထိုညမှာပင် တကောင်းသို့ရောက်သောအခါ ကိုလှဖေမှာအတော်ကလေးနေကောင်းနေပြီကိုတွေ့ရ၏။ တကောင်းတွင်တစ်ပတ်ခန့်နေပြီး ဟသ်ာရွာသို့ရှေ့ရှုကာ

ထွက်ခဲ့ကြလေသည်။ ကိုလုဖေမှာနေကောင်းပြီဖြစ်သော်လည်း လုံးဝအားမရှိသေးသဖြင့် တကောင်းတွင်နေရစ်ခဲ့၏။ တောရမှသစ်တောဝန်ထောက်၏ စီမံချက်အရ နိုဝင်ဘာလ ၁၀ရက်နှင့် ၁၁ရက်နေ့တို့တွင် ကျွန်တော်တို့နှင့်လိုက်ပါလာမည့် ကချင်လူငယ်နှင့် ကျွန်တော်တို့ ဟသ်ာရွာတွင်ဆုံကြပြီး ဟသ်ာရွာကမှ ရှေ့သို့အတူသွားကြရန် ဖြစ်လေသည်။

လမ်းတွင် အုတ်သျှစ်ကုန်းစသောရွာများကိုဖြတ်ပြီး ချောဆင့်၍လာခဲ့ရာ ချိန်းထားသော ပထမနေ့မှာပင် ဟသ်ာရွာသို့ရောက်ကြ၏။ ဟသ်ာရွာကလေးမှာ ပျက်၍နေလေပြီ။ တခါက ဤနေရာတွင် အင်္ဂလိပ်နှင့်ဂျပန်တို့ တိုက်ပွဲအကြီးအကျယ်ဖြစ်ခဲ့ကြ၏။ ယခုအခါ အိမ်ခြေငါးအိမ်သာရှိတော့၏။ ချိန်းထားသောကချင်ကို စောင့်ကြရာ ကချင်ကား မပေါ်လာ။ နိုဝင်ဘာလ ၁၃ရက်နေ့သို့ ရောက်သောအခါ ဆက်လက်၍ မစောင့်နိုင်တော့သဖြင့် ခရီးဆက်၍ထွက်ခဲ့ကြရာ ထိုနေ့ညမှာပင် ရွှေလီမြစ်ကမ်းပေါ်၌ရှိသော အင်းကြီးရွာသို့ရောက်ကြ၏။ အင်းကြီးရွာသူကြီးအိမ်တွင် စာရေးဆရာကြီး ရွှေဥဒေါင်း၏ ယောက်ဖကို တွေ့ခဲ့ရသေး၏။ ထိုအိမ်တွင် တစ်ညအိပ်ပြီး နောက်တစ်နေ့ညတွင် လှေကလေးတစ်စင်းနှင့် ရွှေလီမြစ်အတိုင်းစုံဆင်းခဲ့ရာ ည ၁၀နာရီ အချိန်ခန့်တွင် ရွှေလီမြစ်တဖက်ကမ်းရှိ ရှမ်းပြည်မိုးမိတ်နယ်အတွင်း ပြချောင်းရွာသို့ရောက်ပြီး ပြချောင်းမှာပင် ညအိပ်ကြသည်။

ပြချောင်းတွင်နှစ်ရက်နားပြီး ခြေလျှင်ခရီးထွက်ခဲ့ရာ ညနေတွင် ရွှေဂူအနီး မန်းကလေး ကျေးရွာသို့ရောက်လေသည်။ မန်းကလေးရွာသည် ခြောက်ကပ်တိတ်ဆိတ်လျက်ရှိ၏။ လူများကို မမြင်ရ။ အိမ်တံခါးများမှာ ပိတ်လျက်ရှိလေသည်။ နောက်မှ အိမ်တစ်အိမ်တွင်လူမြင်သဖြင့် ဝင်၍သွားရာ ရွာခေါင်းအိမ်ဖြစ်မှန်း သိရလေသည်။

ရွာခေါင်းကပြောသဖြင့်သိရသည်မှာစစ်ကိုကြောက်၍ လူများမှာတောထဲတွင် ပုန်းနေကြောင်း၊ လွန်ခဲ့သောနှစ်ရက်ခန့်က တရုတ်စစ်သားများ ညအိပ်လာပြီးပြန်သွားကြောင်း၊ ရွှေဂူတွင် တရုတ်စစ်သားများနှင့် အမေရိကန်စစ်သားများရှိကြောင်းတို့ ဖြစ်ပေသည်။ ကျွန်တော်တို့လည်း အကြံအောင်ခါနီးပြီဟု ဝမ်းမြောက်ဝမ်းသာဖြစ်ကြရတော့၏။

(၁၁)

# အိန္ဒိယသို့ ရောက်ခြင်း

မန်းကလေးတွင် ကျွန်တော်တို့ စခန်းချကြ၏။

နောက်တစ်နေ့ နံနက်တွင် မန်းဝင်းမောင်သည်အရပ်ဝတ်အရပ်စားနှင့် မန်းကလေးမှ လမ်းပြတစ်ယောက်နှင့်အတူ ရွှေဂူသို့အဆက်ရရန် သွားလေသည်။ မန်းဝင်းမောင်က အဆက်ရမှ ကျွန်တော်တို့အား လာခေါ်မည်ဖြစ်၏။ ခေါင်းဆောင်ပီသစွာ ခဲခဲယဉ်းယဉ်းနှင့် တရုတ်စစ်တပ်များကိုဖြတ်ပြီး ရွှေဂူတွင်းသို့ဝင်၍သွားရသော မန်းဝင်းမောင်အား ကိုအုန်းမောင်နှင့်ကျွန်တော်သည် မန်းကလေးရွာမှနေပြီး စောင့်မျှော်လျှက်ရှိလေသည်။

မန်းဝင်းမောင်သွားပြီး၍ နှစ်ရက်မြောက်သောနေ့ နံနက် နှင်းတွေဝေနေသောအချိန်တွင် ကချင်စစ်သားလေးယောက် ရောက်လာပြီး မန်းဝင်းမောင်၏စာကိုပြကာ ကျွန်တော်တို့အား ခေါ်လေသည်။ ဝမ်းမြောက်ဖွယ်လာ၍တွေ့ကြုံရသည်ကား ခေါင်းဆောင် ကချင်စစ်ဗိုလ်မှာ ကျွန်တော် နှင့်ကျောင်းနေဘက်ဖြစ်ခဲ့ဘူးသော ကချင်ကလေး

ဖြစ်နေခြင်းပေတည်း။ အားလုံး မန်းကလေးတွင် နံနက်စာကို ဝမ်းမြောက်စွာစားကြပြီး ထွက်ခဲ့ကြရာ လမ်းတွင်တစ်ညအိပ်ပြီး နောက်တစ်နေ့တွင် ရွှေဂူသို့ရောက်ကြလေ၏။

ရွှေဂူတွင် အမေရိကန်စစ်ဗိုလ်များနှင့် တွေ့သောအခါ မန်းဝင်းမောင်ကို မြစ် ကြီးနားသို့ လေယာဉ်ပျံနှင့်ပို့လိုက်ပြီဖြစ်ကြောင်း သိရလေ၏။ ကျွန်တော်တို့အား လည်းလက်နက်များကိုသိမ်းထားရုံမှတပါးဘာမျှစစ်ဆေးမနေဘဲနက်ဖြန်မြစ်ကြီးနားသို့ပို့ မည်ဟု ပြောထားလေသည်။ ပြောသည့်အတိုင်း နောက်တစ်နေ့တွင် ကျွန်တော်တို့အား ဖလိုင်းဂျိ လေယာဉ်ပျံကလေးနှင့် မြစ်ကြီးနား သို့ပို့လိုက်လေသည်။ ရွှေဂူနှင့် မြစ်ကြီး နား တစ်နာရီသာကြာ၏။

မြစ်ကြီးနားတွင် ၁၀၁(ဝမ်း-အို-ဝမ်း)စခန်း၌ နေရသည်။ အုပ်ချုပ်သူမှာ လက်ဖတင်နင် ကာနယ် ပီးယားစ် ဖြစ်၏။ သူကကျွန်တော်တို့အား အကြောင်းကိုခေါ ၍ မေးသည်။ နောက် သတင်းထောက်လှမ်းရေးဌာနမှ ကက်ပတိန်ကော့စ်ကကျွန်တော် တို့ ထံမှ သတင်းများကိုယူသည်။ ကျွန်တော်တို့လည်း မဟာမိတ်စစ်ဆင်ရေးတွင်အသုံး ဝင်မည့် သတင်းဟူသမျှကို အားလုံးပေးလိုက်ပေသည်။ ကျွန်တော်တို့၏ ကိုယ်ရေး ရာဇဝင်ကိုလည်း ပေးရ၏။

မန်းဝင်းမောင်၊ ကိုအုန်းဖေနှင့် ကျွန်တော်တို့သုံးယောက်အတွက် စခန်း အတွင်း အဝတ်တဲတစ်ခု သပ်သပ်ထိုးပေးထားသည်။ ယူနီဖေါင်းများလည်းပေးသည်။ သူတို့ထမင်းစားခန်းတွင် သူတို့နှင့် အတူကျွေးမွေးသည်။ မြို့ထဲ ကျွန်တော်တို့ထွက်ချင် သလို ထွက်နိုင်သည်။ ဘာမှအချုပ်အချယ်မရှိ။

မြစ်ကြီးနားတစ်မြို့လုံးမှာ ပြာကျပျက်စီးနေလေပြီ။ အရပ်သား လုံးဝမရှိ တော့။ အားလုံးစစ်သားတွေသာ ရှိတော့သည်။ လေယာဉ်ပျံပေါ်မှနေ ကြည့်လိုက်လျှင် ဖွေးနေသောရွက်ထည်တဲလေးများကို မြင်ရတော့၏။ မြစ်ကြီးနားတွင် ကျွန်တော်တို့ နှစ်ပတ်ခန့်ကြာလေသည်။ ဆောင်းအခါ နံနက်ခင်းမြစ်ကြီးနား၏ရေခဲတမျှအေးမြသော မြစ်ရေကိုချိုးပြီး ကျယ်ပြန့်သော သောင်စပ် ကျောက်တုံးကလေးများပေါ်၌ နေစာလှုံရ သောအရသာသည် ထူးခြားလှ၏။

သခင်သန်းထွန်း ကျွန်တော်တို့အားပေးလိုက်သော အထိမ်းအမှတ်စကားမှာ (G.S.I.K)ဂျီ-အက်စ်-အိုင်-ကေဖြစ်သော်လည်း(K)ကေကို ကျွန်တော်တို့က(၁၂)ဟု အမှတ်မှားခဲ့ကြသဖြင့် ကျွန်တော်တို့က ကာနယ်ပီးယားစ်အား(G.S.I.12)ဟု ပြောပြ ကြရာ သူက (G.S.I.12)မှာမရှိ။ (G.S.I.K)သာရှိကြောင်း၊ (K)နှင့်(၁၂)မှားမည်ဆို က မှားနိုင်ကြောင်း ပြောပြပြီး ဗြိတိသျှတို့ဘက်မှ မေဂျာဖွိုက်နှင့် ကျွန်တော်တို့အား တွေ့၍ပေးသည်။ မေဂျာဖွိုက်က ကျွန်တော်တို့အား ကာလကတ္တားသို့ပို့မည်ဟု ပြော၏။

ကျွန်တော်တို့ ကာလကတ္တားသို့မသွားမီ သခင်ဗိုလ် ချောမောစွာရောက်လာလေသည်။ သူ့လူများ စီကောတွင် ကျန်ရစ်ကြောင်းပြောသည်။ သူ–စီကောမှ လေယာဉ်ပျံ နှင့်လာခဲ့၏။ နောက်မှ ကျန်လူများ လိုက်လာရန်ဖြစ်လေသည်။ ကျွန်တော်တို့ကား အားလုံးချောမောစွာလိုရာသို့ရောက် ကြရတော့မည်ဖြစ်၍ အားရဝမ်းသာရှိကြရပေသည်။

ဒီဇင်ဘာလ ၇ရက်နေ့နံနက်တွင် မန်းဝင်းမောင်၊ ကိုအုန်းမောင်နှင့်ကျွန်တော်တို့ မြစ်ကြီးနားမှ လေယာဉ်ပျံနှင့်ထွက်လာသောအခါ သခင်ဗိုလ်သည် မြစ်ကြီးနားတွင် သူ့လူများကိုစောင့်ရန် ကျန်ရစ်လေ၏။ လေယာဉ်ပျံသည် ဗမာပြည်နယ်စပ်ထူထပ်သော တောင်များကို ဖြတ်ပြီးပျံသန်းခဲ့ရာ ၃နာရီအကြာ ကာလကတ္တားသို့ရောက်သည်။ ကာလကတ္တားသို့ ရောက်လျှင်ရောက်ချင်း ကိုသိန်းဖေထံသို့ ကျွန်တော်တို့အားမပို့သေးဘဲ၊ တဲအိမ်တစ်ခုတွင် ကျွန်တော်တို့အားထားပြီး သူတို့ သိလိုသမျှကို စစ်မေးသေးသည်။

ရောက်ပြီးနှစ်ရက်အကြာတွင် ကျွန်တော်တို့အား ကိုသိန်းဖေထံ ခေတ္တပို့လိုက်သည်။

ကိုသိန်းဖေမှာ ဘီဟားလားရပ်ကွက် သူရိန်ရိပ်သာတွင်နေ၏။ ကျောရိုးတွင် အနာရနေသောကြောင့် သရွတ်ကိုင်အကျီကိုဝတ်ပြီး အိပ်ယာတွင်တခါတည်းလှဲနေရ၏။ ကိုသိန်းဖေထံတွင် ရခိုင်ကာကွယ်ရေးတပ်မှရဲဘော်များ ရောက်နေသည်။ ဗမာပြည်မှဆိုလျှင် (ကိုတင်ရွှေနှင့် သူ၏ဇနီးတို့မှအပ) ကျွန်တော်တို့ ပထမဦးဆုံးရောက်သူများဖြစ်၍ ကိုသိန်းဖေမှာ အားတက်လျက်ရှိလေသည်။ ထိုနေ့တစ်နေ့လုံး ကိုသိန်းဖေနှင့် ကျွန်တော်တို့ စကားပြောကြပြီး နေကျမှ ကျွန်တော်တို့ ပြန်ရ၏။ နောက်နှစ်ရက်ကြာမှ ကျွန်တော်တို့ ကိုသိန်းဖေထံသို့ ပြောင်းနေကြရလေသည်။

ဒီဇင်ဘာလ ၁၂–ရက်နေ့ညတွင် သခင်ဗိုလ်တို့အစုရောက်လာကြသည်။ သို့သော် ကိုကျော်ရင်နှင့်မောင်ကျောက်တို့ကား မပါတော့။ ကိုကျော်ရင်မှာ ထီးချိုင့်၌ဖျားကျန်ရစ်ပြီး မောင်ကျောက်ကား မန္တလေးတပ်သို့ပြန်သွားလေသည်။ သူ့တို့အစား ကိုဘသောင်း(ကသာ)၊ ကိုထွန်းညွန့် (ဗမာ့တပ်မတော်မှတပ်ကြပ်ကြီး၊ ကမာရွတ်ဂျပန်ကိုသတ်သူ)နှင့် ကိုကိုကြီး(ဗန်းမော်)တို့ပါလာကြ၏။

ကျွန်တော်တို့အစု ရန်ကုန်မှပထမဆုံးထွက်သည့်နေ့မှစ၍ ကာလကတ္တားတွင် ကိုသိန်းဖေနှင့်တွေ့သည့်နေ့အထိ နှစ်လနှင့် နှစ်ဆယ့်နှစ်ရက်ကြာပေသည်။

(၁၂)

## စစ်ပညာ သင်ခြင်း

အိန္ဒိယရှိ ကိုသိန်းဖေခေါင်းဆောင်သော ကျွန်တော်တို့အဖွဲ့အား အင်္ဂလိပ်က လုံးဝအသိအမှတ်ပြုသည်။ ကျွန်တော်တို့အား ရိက္ခာပေးသည်။ လိုသောစရိတ်ကိုပေး သည်။ ကျွန်တော်တို့ ဂျပန်တိုက်ရေးအတွင်း အသုံးချနိုင်မည့်ပညာရပ်များကို သင်ပေး သည်။

ကာလကတ္တားတွင် ကျောင်းတစ်ကျောင်းကို အင်္ဂလိပ်ကဖွင့်ထားသည်။ ထို ကျောင်းတွင် ဗမာပြည်ဌာနခွဲ(ဘီ–စီ–အက်စ်)ရှိသည်။ ထိုဌာနခွဲတွင် ဂျပန်တိုက်ခိုက် ရေး နှင့်ပတ်သက်သောပညာရပ်များကို ကျွန်တော်တို့သင်ကြားရသည်။ရခိုင်မှလာသော ရဲဘော်များလည်း ထိုဌာနမှာပင် သင်ကြားရသည်။

ဒီဇင်ဘာလ ၂၆–ရက်နေ့တွင် သခင်ဗိုလ်၊ မန်းဝင်းမောင်၊ ကိုအုန်းမောင်၊ ကိုစောဟန်၊ ကိုသန်း၊ ကိုဘသောင်းနှင့် ကျွန်တော်ပေါင်း–၇ယောက် ထိုကျောင်းသို့ သွားရသည်။ ကျောင်းမှာ ဟူးဂလီးမြစ်ကမ်းပေါ်တွင်ရှိ၏။ သာယာလှသည်။ကျောင်း

တွင် တစ်ခန်း၌ နှစ်ယောက်နေရသည်။ အခန်းတွင်း၌ အိပ်ရာနှစ်ခု၊ စားပွဲတစ်လုံး၊ ကုလားထိုင်နှင့် မီးတပွင့်စီရှိသည်။ အစေခံများနှင့် ကောင်းစွာထားသည်။ ဗမာထမင်း ကျွေးသည်။ သုံးရက်တစ်ခါ ဆရာဝန်လာကြည့်သည်။ တနင်္ဂနွေနေ့တွင် အပြင်ထွက်ရသည်။ ကျောင်းတွင် ကျွန်တော်တို့အား သင်ပေးသောဆရာများမှာ အင်္ဂလိပ်စစ်ဗိုလ် ၅-ယောက်နှင့် ကုလားစစ်ဗိုလ် တစ်ယောက်ဖြစ်ကြသည်။

ထိုကျောင်းတွင် ကျွန်တော်တို့အားသင်ပေးသောပညာရပ်များမှာ အောက်ပါအတိုင်း ဖြစ်၏။

စည်းရုံးရေးပညာ၊ ဝါဒဖြန့်ဖြူးရေးပညာ၊ ရုပ်ဖျက်နည်း၊ စကားဝှက်ရေးနည်း၊ စာလုံးမပေါ်အောင် ရေးနည်းဖတ်နည်း၊ ပြောက်ကျားတပ်ဖွဲ့နည်း၊ ဖေါက်ခွဲဖျက်ဆီးနည်း၊ လက်နက်ငယ်များ ကိုင်စွဲပစ်ခတ်နည်းနှင့် လက်တွေ့များဖြစ်ကြသည်။

ကျောင်းသို့မလာမီ ကိုသိန်းဖေ၏ညွှန်ကြားချက်အရ ကျွန်တော်တို့ကျောင်းတွင် ဘုံရိပ်သာဖွဲ့စည်းထားပြီး အရာရာကို စံနစ်တကျတိုင်ပင်လုပ်ကိုင်ကြ၏။

၁၉၄၅-ခု။ ဇန်နဝါရီလ ၁၃ရက်နေ့တွင် ကျွန်တော်တို့ကျောင်းဆင်းရသည်။ ကျောင်းတွင် ၁၇ရက်ကြာ၏။

ဤကျောင်းမှဆင်းပြီး လေ့ကျင့်ခန်း ဆက်ယူရန် ဇန်နဝါရီလ ၁၄-ရက်နေ့တွင် သခင်ဗိုလ်၊ မန်းဝင်းမောင်၊ ကိုအုန်းမောင်၊ ကိုသန်းနှင့်ကျွန်တော် ၅-ယောက်အား သီဟိုဠ်သို့ လေယာဉ်ပျံနှင့် ပို့သည်။ ကာလကတ္တားမှ ကိုလံဘိုအထိ ၉-နာရီသွားရ၏။ လမ်း၌ မဒရပ်တွင် ခေတ္တဝင်နားသေးသည်။

ကိုလံဘိုနှင့်မိုင် ၃၀ကွာတွင် စခန်းတစ်ခုရှိသည်။ စခန်းအုပ်ချုပ်သူမှာ ကာနယ် မာ့စ်ဂရေ ဖြစ်၏။ ထိုစခန်းတွင် အင်္ဂလိပ်၊ ပြင်သစ်၊ တရုတ်၊ ဗမာ၊ ယိုးဒယား၊ ချင်း၊ ကချင်စသော သင်တန်းတက်သူပေါင်းများစွာရှိသည်။ အစုများခွဲထားသည်။ (လူမျိုးအလိုက် မဟုတ်) ကျွန်တော်တို့ပါဝင်သောအစုတွင် အင်္ဂလိပ်၊ ပြင်သစ်များပါဝင်သည်။ သင်တန်းတက်သောအခါ အတူတူတက်ကြ၍ အလွတ်နေကြသောအခါ ကျွန်တော်တို့ဘာသာ တဲတစ်တဲ သပ်သပ်နေသည်။ ကျွန်တော်တို့အား အရာရှိအဆင့် အတန်းပေးထား၏။

ထိုစခန်းတွင်သင်ရသည်မှာ ကာလကတ္တားကျောင်းတွင်သင်ရသည်ထက် လက်တွေ့ကျသည်။ ဥပမာ-မီးရထားလမ်းကို ယမ်းဘီးလူးနှင့်ခွဲသည်ဆိုလျှင်ခြံတွင်း၌ လုပ်၍ထားသော တကယ့် မီးရထားလမ်းကိုခွဲရသည်။ လက်နက်ငယ်အမျိုးမျိုးပစ်ခတ်ခြင်း၊ ဖေါက်ခွဲခြင်းတို့ကို နေ့စဉ်လေ့ကျင့်ရ၏။

ထိုစခန်းတွင် သင်ရသော ဘာသာရပ်များမှာ အောက်ပါအတိုင်းဖြစ်၏။

လက်နက်ငယ်များ ဆွဲကိုင်ပစ်ခတ်နည်း၊ ဖေါက်ခွဲဖျက်ဆီးခြင်းအတတ်၊ အချက်ပြ ဆက်သွယ်ရေးပညာ၊ မြေပုံဖတ်နည်း၊ တောထဲတွင်နေထိုင် သွားလာနည်း၊ ဂျပန့်လက်အောက်ဗမာပြည်အကြောင်းနှင့် ဂျပန်လက်နက်များစွဲကိုင်နည်း၊ ဆေးပညာ၊ မြေပြင်မှနေ၍ လေယာဉ်ပျံနှင့် ဆက်သွယ်နည်းတို့ ဖြစ်ကြ၏။

ဤစခန်းမှ ဆင်းခါနီးတွင် ဗမာပြည်စစ်ကြောင်း၏ နောက်ပိုင်းတွင် ကျွန်တော်တို့နှင့်အတူတူ လေထီးနှင့်ခုန်ဆင်းရန်အင်္ဂလိပ်များကို အသီးသီး ကျွန်တော်တို့နှင့် တွဲပေးသည်။ ကျွန်တော်နှင့် အတွဲကျသော အင်္ဂလိပ်အရာရှိနှစ်ယောက်မှာ မေဂျာ ဟန်းတားနှင့် ကက်ပတိန်ဝိတ်ကလင်းတို့ဖြစ်၏။ နောက်ဝိုင်ယာလက်ဆက်သွယ်ရေးသမား ဆာဂျင်တစ်ယောက်လည်းပါသည်။ ကျွန်တော်ပါ ပေါင်းလေးယောက်တွဲဖြစ်၏။ ကျွန်တော်တို့အား ယူနီဖေါင်း၊ လက်နက်နှင့်ရိက္ခာ၊ ဆေးဝါးအပြည့်အစုံထုတ်ပေးသည်။ ကိုသန်းနှင့် ကျွန်တော်မှာ အရင်ပြန်နှင့် ရမည်ဖြစ်၏။

ဖေဖေါ်ဝါရီလ ၁၂ရက်နေ့နံနက်တွင် အဖေါ်အင်္ဂလိပ်များနှင့်အတူ ကိုသန်းနှင့် ကျွန်တော် သီဟိုဠ်မှသင်္ဘောနှင့်ပြန်လာရသည်။ ၁၄–ရက်နေ့ ညနေတွင် ကာလကတ္တားသို့ ရောက်၏။ နောက်တစ်နေ့နံနက်တွင် လေထီးအခုန်ကျင့်ရန် အားလုံး ကာလ ကတ္တားနှင့် မိုင် ၈၀လောက်ဝေးသော ဂျက်ဆိုမြို့ကလေးသို့ ကားနှင့်သွားကြ၏။

၁၆–ရက်နေ့ နံနက်တွင် လေထီးနှင့်ခုန်ချပြီး မြေပြင်သို့ရောက်သောအခါ မထိခိုက်မကျိုးပဲ့စေရန် လေ့ကျင့်ခဏ်းများကို မြေပြင်တွင်ကျင့်ရ၏။ နောက်တစ်နေ့ နံနက်တွင် တခါဤနည်းအတိုင်း မြေပြင်တွင်ကျင့်ပြီး ညနေတွင် လေယာဉ်ပျံပေါ်မှ တကယ်ခုန်ချ၍ ကျင့်ရသည်။ ကျွန်တော်တို့ခုန်ချသော နေရာတွင် အောက်မှကြည့်ရှုနေကြသော ကျောင်းသားများ၊ ဆရာများနှင့် အရေးကြုံလျှင်တင်ရန်သူနာတင်ကားကြီးမှာ အသင့်စောင့်ဆိုင်းလျက်ရှိ၏။ နောက်တစ်နေ့နံနက်တွင် တစ်ခါလေယာဉ်ပျံပေါ်မှ ခုန်ချရပြန်သည်။ ဤကဲ့သို့ လက်တွေ့ကျင့်ပြီး ၂၁–ရက်နေ့တွင် ကာလကတ္တားကိုသိန်းဖေထံသို့ ပြန်ခဲ့ကြသည်။

ကျွန်တော်တို့မှာ ဂျပန်များနှင့်ရင်ဆိုင်တိုက်ပွဲကြီးများ ဆင်နွှဲရမည်မဟုတ်ဘဲ ဂျပန်နောက်ပိုင်းတွင် ပြောက်ကျားတိုက်ရမည်ဖြစ်သောကြောင့် ကျွန်တော်တို့လုပ်ငန်းနှင့် ဆီလျော်သော လက်နက်ငယ်များကိုင်ဆွဲပစ်ခတ်ခြင်း။ ဖေါက်ခွဲဖျက်ဆီးခြင်းနှင့် တောတွင်း၌ နေထိုင်သွားလာနည်းပညာတို့ကိုသာ ထိရောက်စွာသင်ကြားပြသလေသည်။ ကျွန်တော်တို့အတွက် များစွာအသုံးမဝင်သော စစ်ပရိယာယ်များကိုကား များစွာ မသင်ခဲ့ရပေ။

သင်ပေးသူဆရာများမှာ အားလုံးလိုပင်အရာရှိများဖြစ်ကြ၏။ ယဉ်ကျေးဖေါ်

ရွှေ၏။ အားလုံးခြုံ၍ကြည့်လျှင် ကျွန်တော်တို့သည် ငွေအတွက် လုပ်နေကြခြင်းမဟုတ်ဘဲ မျိုးချစ်စိတ်နှင့် တကယ်တိုင်းပြည်အတွက်လုပ်နေကြောင်း ထင်ရှားနေခြင်း စည်းကမ်းသေဝပ်ခြင်း၊ ထကြွခြင်းတို့ကြောင့် သူတို့သည် ကျွန်တော်တို့အားလေးစားစွာ ဆက်ဆံသည်ကို တွေ့ရလေသည်။

# (၁၃)
# ဘုံရိပ်သာသို့

ကျွန်တော်တို့အိန္ဒိယပြည်သို့ရောက်ပြီးနောက် ဗမာပြည်ဖက်ဆစ်တိုက်ဖျက်ရေးပြည်သူ့လွတ်လပ်ရေးအဖွဲ့ကြီးမှ လွှတ်လိုက်သောရဲဘော်များသည် တသုတ်ပြီးတသုတ် အိန္ဒိယသို့ရောက်လာကြရာ ကိုညိုထွန်းနှင့်တကွ(ရခိုင်ရဲဘော်များမပါ) အားလုံး ကိုသိန်းဖေထံတွင် ဗမာပြည်မှရဲဘော် ၃၀–ရောက်ခဲ့လေသည်။ ကိုသိန်းဖေ၊ ကိုတင် ရွှေနှင့်ဇနီးမခင်စီ(ဆရာမ–မမြရီ၊ ကျောက်ဆည်)တို့ပါဆိုလျှင် ဘုံရိပ်သာတွင် အားလုံး ၃၃–ယောက်ဖြစ်၏။

၎င်းတို့မှာ ကိုသိန်းဖေ၊ ကိုတင်ရွှေ၊ မခင်စီ၊ သခင်ဗိုလ်၊ မန်းဝင်းမောင်၊ ကိုအုန်းမောင်၊ ကိုအောင်ထွန်း၊ (စာရေးသူ)၊ ကိုသန်း၊ ကိုဘသောင်း၊ ကိုထွန်းညွန့်၊ ကိုကိုကြီး၊ ကိုစောဟန်၊ ကိုကျော်ရင်၊ ကိုရဲထွန်း၊ ကိုဖေကြီး၊ ကိုခင်မောင်၊ ကိုတင်မောင်၊ ကိုဘသိန်း၊ ကိုသိန်းဖံ၊ ကိုသိန်းအောင်၊ ကိုခင်ဇော်၊ သခင်မြသွင်၊ ကိုလှကွန်း၊ ကိုအုန်းမြင့်၊ ကိုအေးကျော်၊ ကိုဘကလေး၊ ကိုစံတင့်၊ ကိုကြည်၊ ကိုကွန်း၊ ကိုညွန့်ဝေ၊ ကိုစောဦး၊ ကိုစံညွန့်၊ ကိုဘမောင်တို့ဖြစ်ကြ၏။

အရာရာစံနစ်ကျစေရန်အတွက် ကျွန်တော်တို့သည် ဘုံရိပ်သာ ဖွဲ့ထားသည်။ ထိုဘုံရိပ်သာတွင် ကိုသိန်းဖေအား အများသဘောတူ ဘုံရိပ်သာမှူးအဖြစ် တင်မြှောက်ထားကြ၏။ ဘုံရိပ်သာတွင်အုပ်ချုပ်စီမံရန် ဗဟိုကလပ်စည်းတခုကိုအများကရွေးချယ်ဖွဲ့ထားပြီး၊ ထိုကလပ်စည်းထဲတွင် ကိုသိန်းဖေ၊ သခင်မြသွင်၊ ကိုကျော်ရင်၊ ကိုအောင်မြင့် (ရခိုင် ရဲဘော်) ဂိုရှယ်နှင့် မခင်စီ၊ ပေါင်း ၆–ယောက်ပါဝင်သည်။ ထိုကလပ်စည်းတွင် ကိုသိန်းဖေမှာ ကြီးကြပ်ရေး၊ စစ်မှုစီမံရေး၊ နိုင်ငံရေးသင်တန်းပေးရေး၊ ဂိုရှယ်ကအတွင်းရေးမှူး နှင့်နိုင်ငံရေးသင်တန်းပေးရေး၊ သခင်မြသွင်က ငွေရေးကြေးရေး၊စာကြည့်တိုက်စီမံအုပ်ချုပ်ရေး၊နိုင်ငံရေးသင်တန်းပေးရေးစသောတာဝန်အသီးသီးကိုဆောင်ရွက်ကြ၏။ ထိုကလပ်စည်းက ဘုံရိပ်သာတစ်ခုလုံးကိုအုပ်ချုပ်သည်။ ထိုနည်းဖြင့် စံနစ်ကျသော

ဘုံရိပ်သာ ဖြစ်လာလေသည်။

ဘုံရိပ်သာတွင် ရဲဘော်များသည် နေ့စဉ်အချိန်စာရင်းနှင့်အလုပ်လုပ်ကြ၏။ နံနက်အိပ်ရာ ၇နာရီမှာထ၊ ကျန်းမာရေးပြ၊ နံနက်စာဖတ်၊ ညနေနှင့်ညတွင် သင်တန်းများတက်ခြင်း၊ ဆွေးနွေးပွဲများပြုလုပ်ခြင်းတို့ဖြင့် အချိန်ကုန်စေပြီး ည ၁၀နာရီတွင် အိပ်ကြရ၏။ အရက်နှင့် အခြားမလိုအပ်သည့် ပျော်ပါးမှုများကို အိမ်နှင့်ဝင်းအတွင်း လုံးဝပြုလုပ်ခွင့် မရပေ။ သက်ဆိုင်ရာကိစ္စများအတွက် ဆိုင်ရာတာဝန်ခံများနှင့် ဆက်ဆံ ကြရ၏။ အင်္ဂါနေ့မှတပါး အထူးကိစ္စမရှိလျှင် မြို့တွင်းသို့ မသွားကြရပေ။

အပြင်ထွက်သောအခါသုံးနိုင်ရန် အင်္ဂါနေ့နံနက်တိုင်း တစ်ပတ် ၂၀ ကိုသိန်းဖေက ထုတ်ပေးသည်။ ထိုနေ့တွင် အချို့ကမြို့ထဲရှိ အိန္ဒိယကွန်မြူနစ် ပါတီကလပ်စည်းများသို့ သွားကြ၏။ အချို့က မြို့ထဲလျှောက်လည်၏။ အချို့က ရုပ်ရှင်ကြည့်ကြလေသည်။ ရသောငွေ ၂၀ကိုကား အချို့က ပါတီစာအုပ်များကိုဝယ်၊ အချို့က ပစ္စည်းအတိုအစကလေးများဝယ်နှင့် ကိုယ်လိုရာဝယ်ကြ၊ သုံးကြပေသည်။

ဘုံရိပ်သာတွင် စာကြည့်တိုက်တစ်ခုရှိ၏။ အများဆုံးစာပေများမှာ ကွန်မြူနစ် စာပေများဖြစ်သည်။ ဗမာပြည်ကွန်မြူနစ်ပါတီမှထုတ်ဝေသော စာပေအချို့လည်း ရှိသည်။ နေ့စဉ်စတိတ်မင်းနှင့်ဟိန္ဒူစတန်စတင်းဒတ် သတင်းစာနှစ်စောင်ယူသည်။ အိန္ဒိယ ကွန်မြူနစ်ပါတီ၏ အာဘော်ဖြစ်သော ပြည်သူ့စစ်ဂျာနယ်ကိုလည်း အပတ်စဉ်ယူ၏။ စာကြည့်တိုက်ကိုအုပ်ချုပ်သူမှာ သခင်မြသွင်ဖြစ်သည်။ ကိုဘသိန်းက စာရင်းနှင့်စာအုပ်များ ထုတ်ငှားသည်။ ကိုသိန်းဖေက ဘယ်စာအုပ်ကိုဖတ်ထိုက်သည်ဆိုသော အကြံဉာဏ်များကို ပေးသည်။ ဂိုရှယ်က မခင်စီနှင့်ကိုအောင်မြင့်တို့ကို အင်္ဂလိပ်စာသင်ပေးသည်။ ကိုကျော်ရင်က မြို့တွင်းရှိ ကုလားကွန်မြူနစ်ရဲဘော်များထံသွားပြီးဗမာစာသင်ပေး၏။

ဘုံရိပ်သာနေရဲဘော်များသည် စာပေရေးသားမှုတွင် တိုးတက်စေရန် ရည်သန်၍ လက်ရေးဂျာနယ်တစ်စောင်ကို ကိုသိန်းဖေကြီးမှူးပြီး ထုတ်ဝေသည်။ ဂျာနယ်၏ နာမည်မှာ 'ငါတို့စစ်'ဖြစ်၏။ ရဲဘော်များသည် ဆောင်းပါး၊ ဝတ္ထု၊ ကဗျာများကိုရေးပြီး သကာလ တနင်္လာ–အင်္ဂါ–ဗုဒ္ဓဟူးနေ့များတွင် အယ်ဒီတာကိုသိန်းဖေသို့ ပေးအပ်ရသည်။ ကြာသပတေး၊ သောကြာ၊ စနေနေ့ ညများတွင် အယ်ဒီတာက ဆောင်းပါးများကို တစ်ခုစီတစ်ခုစီ နိုင်ငံရေးအရနှင့်စာပေအရနှစ်မျိုးစလုံး အများရှေ့တွင်ဝေဖန်၍ပြ သည်။ ဘယ်လိုရေးလျှင် ကောင်းမည်ကိုလည်း အကြံဉာဏ်များပေးသည်။

ကိုသိန်းဖေသည် ကျောရိုးအနာရသဖြင့် သရွတ်ကိုင်အကျႌကိုဝတ်ပြီး အိပ်ရာထဲ၌ အမြဲပက်လက်နေရ၏။ မစောင်းနိုင်၊ မလှုပ်နိုင် ဒီလို ပက်လက်နေရာမှ အံ့ဖွယ်

ကောင်းလောက်အောင် ရဲဘော်များကို သင်တန်းပေးခဲ့၏။ စာရေးခဲ့၏။ တော်လှန်ရေး ကိစ္စတွေကို အင်္ဂလိပ်များနှင့်ဆက်ဆံပြီး လုပ်ခဲ့၏။ သို့ပါလျက်တခါမှမညည်းညူအပြုံး မပျက်လူကောင်းနှင့်မခြား၊ လူသာမန်တို့ရနိုင်ခဲသော၊ ကြီးစွာသောခံနိုင်ရည်နှင့် အလုပ် လုပ်လျှက်ရှိခဲ့၏။ သို့ဖြင့် 'ကွန်မြူနစ်ဆိုတာ ဒီလောက်တော့ခံနိုင်ရမှာပေါ့'ဟု သူကဆို သည်။

# (၁၄)
# အပြန်

ကိုသိန်းဖေနှင့်စစ်ဖက်ဆိုင်ရာတို့စီစဉ်ချက်အရ ကျွန်တော်တို့သည် ဗမာပြည် ဂျပန်သိမ်းပိုက်ထားသော နယ်များအတွင်းသို့ပြန်၍ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ကြီးတွင်ဝင်ပြီး ဂျပန်ကိုတိုက်ရမည်ဖြစ်၏။

ကျွန်တော်တို့ဆင်းရမည့်နေရာသို့ လေထီးနှင့်ချပေးမည်။ ကျွန်တော်တို့နှင့်အတူ ပြောက်ကျားတပ်များကို လေ့ကျင့်ပေးရန်နှင့် ဆက်သွယ်ရေးအရာရှိအဖြစ် အင်္ဂလိပ်များပါမည်။ ဝိုင်ယာလက်သမား ဆာဂျင်လည်းပါမည်။ လက်နက်ပစ္စည်းလည်း ပါမည်။

ဤသို့ဆင်းပြီးတိုက်သော အဖွဲ့များကို (ဖို့စ်–ဝမ်း၊ သရီး၊ စစ်)ဖို့စ်–၁၃၆ဟု ခေါ်၏။

ကျွန်တော်တို့ပြန်ရခါနီးသောအခါ လက်ဦးက ကျွန်တော်နှင့်တွဲ၍ထားသော အင်္ဂလိပ်အရာရှိနှစ်ယောက်နှင့် ဆာဂျင်တို့မှာ အကြောင်းမညီညွတ်သဖြင့် ကျွန်တော်နှင့် မလိုက်နိုင်တော့ပေ။ ထို့ကြောင့် အောက်ပါအတိုင်းပြန်၍ အဖွဲ့ကလေးတစ်ခု ဖွဲ့လိုက်လေသည်။

(၁) ကက်ပတိန်–ဘရိတ္တန်
(၂) ကက်ပတိန်–ဝါလား
(၃) ဆာဂျင်–ဘာလေး
(၄) ကိုသန်း
(၅) စာရေးသူ

ကျွန်တော်တို့အဖွဲ့ကို ရိန်းဒီယားဟုခေါ်သည်။ အစီအစဉ်မှာ ကျွန်တော်တို့သည် ညအချိန် ပျဉ်းမနားအနီး လေထီးနှင့်ဆင်းရမည်။ (ဆင်းရမည့်နေရာကို မြေပုံတွင် လေ့လာရသည်) အောက်မှ ကိုသက်ပြင်း(သခင်တင်ထွန်းဖြစ်ကြောင်း နောက်မှသိရ၏) တို့ကကြိုမည်။ နောက် ကိုသက်ပြင်းနှင့် ပူးပေါင်းပြီး လုပ်ကိုင်သွားရ

မည်ဖြစ်သည်။ ကျွန်တော်တို့မပြန်မီ မြေပုံနှင့်စစ်အခြေအနေ(ဗမာပြည်)ကို လေ့လာစေသည်။

မတ်လ ၁၈ရက်နေ့တွင် ကိုသန်းနှင့်ကျွန်တော်တို့ လေယာဉ်ပျံကွင်းရှိရာ ဂျက်ဆိုမြို့ကလေးသို့ သွားရ၏။ မသွားမီ ကိုသိန်းဖေသည် ကျွန်တော့်အား သခင်သန်းထွန်းထံ မှာစရာရှိသမျှကိုမှာကာ စာတစ်စောင်ကိုလျှို့ဝှက်၍ပေးလိုက်၏။ ဂျက်ဆိုတွင် ကျွန်တော်တို့လိုနေသောပစ္စည်းများကို ထုတ်ပေးသည်။ အပြန်အတွက် ဂျက်ဆိုတွင် ကျွန်တော်တို့ ၂–ရက်တိုင် စီစဉ်ကြသည်။

မတ်လ ၂၀ရက်နေ့ ညနေ ၃နာရီတွင် လေထီးများကို မိမိကိုယ်နှင့်အံ့ကိုက်အောင်ပြုလုပ်ကြခြင်း၊ လိုသမျှပစ္စည်းများကို လိုက်၍တပ်ဆင်ခြင်း စသော ပြင်ဆင်မှုများကို ပြုလုပ်ကြပြီး ညနေ ၅နာရီ ၁၅မိနစ်တွင် 'လေဒီဂျိမ်း၂'ဟု မှည့်ထားသော လိုက်ဘရေတာ ခေါင်းလေးလုံးတပ် လေယာဉ်ပျံကြီးတစ်စင်းနှင့် ကျွန်တော်တို့အဖွဲ့ ဂျက်ဆိုမှ ထွက်ခဲ့ကြလေသည်။

ကျွန်တော်တို့အသီးသီးကိုယ်တွင် ပါလာသောပစ္စည်းများမှာ ယူနီဖောင်း၊ ၄၅ ပစ္စတိုတစ်လက်နှင့်ယမ်းကပ်များ၊ ဓါးမြှောင်တစ်ချောင်း၊ ကွန်ပါတ်တစ်ခု၊ လက်ပစ်ဗုံးတစ်လုံး၊ လက်နှိပ်ဓါတ်မီးတစ်လက်၊ မြေပုံအိတ်နှင့်မြေပုံများ၊ ရေဘူးတစ်ဘူး၊ ဆေး အိတ်တစ်ခု၊ နှစ်ရက်စာရိက္ခာ၊ အင်္ဂလိပ်ငွေ ၁၄၅၀၊ ဂျပန်ငွေ ၅၀၀၊ ရွှေဒင်္ဂါး ၂ပြား၊ မှတ်စုများ၊ ဖောင်တိန်တစ်ချောင်းနှင့် လက်ပတ်နာရီတစ်လုံးဖြစ်သည်။

အခြားလေထီးနှင့်ချပေးမည့် ကျွန်တော့်အိတ်ထဲတွင် ကာဘိုင်သေနတ်နှင့် ယမ်းကပ်များ၊ အိပ်ယာ၊ ခြင်ထောင်၊ ယူနီဖောင်းအပို၊ ပစ္စည်း အသေးကလေးများနှင့် နိုင်ငံရေးစာအုပ်များပါ၏။

ည ၁၀နာရီတွင် ဆင်းရမည့်နေရာသို့ရောက်၏။ သို့သော် မီးပြသည်ကို မတွေ့ရသောကြောင့် လေယာဉ်ပျံသည် ပါလာသောစာရွက်များကို ကြဲချရန် မြစ်ဝကျွန်းပေါ်သို့ ဆက်ပြန်သည်။ ရန်ကုန်ပေါ်သို့ရောက်သောအခါ အောက်မှလေယာဉ်ပျံပစ်အမြောက်က ပစ်သည်။ နောက်စက်တစ်လုံး ရပ်သွား၏။ ဒီအဖြစ်ကို ကျွန်တော်တို့ မမြင်ရ။ လေယာဉ်ပျံ မောင်းသူပြောပြ၍ နောက်မှသိရခြင်းဖြစ်သည်။ စက်တစ်လုံးရပ်သွားသောကြောင့် စာရွက်များကြဲချယုံသာမက ကျွန်တော်တို့တွင်ပါလာသော ရိုင်ဖယ် ၂၇လက်၊ စတင်း ၂၈လက်၊ ဘရင်း ၂လက်နှင့် လက်ပစ်ဗုံး ၁၃၂လုံးကိုလည်းလေယာဉ်ပျံဝန်ပေါ့သွားအောင် ပင်လယ်ထဲသို့ပစ်ချလိုက်ရ၏။ သို့သော် လေယာဉ်ပျံသည် ဂျက်ဆိုသို့ရောက်အောင် မပျံနိုင်တော့ဘဲ စစ်တကောင်း (ကော့ဘဇာ)လေယာဉ်ပျံကွင်းတွင် ထိုးဆင်းရသည်။ နောက်တနေ့ကျမှ ကျွန်တော်တို့ လေယာဉ်ပျံပြောင်းစီးပြီး

## ဗိုလ်မှူးချစ်ကောင်း

ဂျက်ဆိုသို့ပြန်ခဲ့ရ၏။

ဂျက်ဆိုတွင်နားနေစဉ် မန်းဝင်းမောင်တို့အဖွဲ့ ရောက်လာလေသည် မန်းဝင်းမောင်မှာ ကရင်အမျိုးသားများကို ဂျပန်တော်လှန်ရေး အတွက်စုရုံး၍ တောင်ငူဖက်တွင် ဆင်းရန်ဖြစ်၏။ ကျွန်တော်တို့အဖွဲ့ကိုလည်း ပျဉ်းမနားသို့မဆင်းစေဘဲ တောင်ငူဖက် ဖြူးနယ်တွင် ဆင်းရန်စီစဉ်လိုက်လေသည်။ ဤသို့ဖြင့်မန်းဝင်းမောင်နှင့်ကျွန်တော်သည် တနေရာတည်းတွင်လာ၍ကျကာ ဂျပန်ကိုအတူလက်တွဲ၍တိုက်ခိုက်ကြရပေတော့မည်။

မတ်လ ၂၈ရက်နေ့ညတွင် ဖြူးသို့ဦးတည်၍ ကျွန်တော်တို့ပြန်လာခဲ့ကြ၏။ ထိုနေ့မှာ ရာဇဝင်တွင်သည့် ဂျပန်တော်လှန်ရေးနေ့ကြီး၏ နောက်နေ့ပင်တည်း။

သို့သော် ပျဉ်းမနားမှာတုန်းကကဲ့သို့ပင် ဖြူးမှာလည်းမီးမပြသဖြင့် ဂျက်ဆိုသို့ လှည့်ပြန်လာခဲ့ကြ၏။

မတ်လ ၃၀ရက်နေ့ညတွင် တတိယအကြိမ်လာပြန်၏။ ထိုအကြိမ်တွင်ကား ဆင်းဖြစ်သွားတော့၏။ ဆင်းသည့်နေရာမှာ ဖြူးကြို့ပင်သာရွာ အနီးကွင်းကြီးထဲတွင် ဖြစ်၏။ အောက်မှ ကိုသန်းဖေတို့က တီ(T)ပုံ မီးပြစောင့်ကြ၏။ ညသန်းကောင်အချိန် တန်ခူးလဆုတ် ၃–ရက်နေ့၏ လမင်းကြီးမှာ ထိန်ထိန်လင်းနေလေသည်။

(၁၅)

# လေထီးဆင်းခြင်း

ကျွန်တော်တို့စီး၍လာသော စက်ခေါင်းလေးလုံးတပ်လေယာဉ်ပျံသည် ဘင်္ဂလားပင်လယ်အော်ကိုဖြတ်ပြီး ဗမာပြည်ကိုရှေ့ရှုကာ ပျံသန်းလျက်ရှိလေ၏။ လဆုတ်၃ရက်နေ့၏ထိန်လင်းသောလရောင်သည်လေယာဉ်ပျံမောင်းသမား၏အခန်းတွင်းသို့ ထိုးဖေါက်ကာ ဖြာ၍နေလေ၏။

ခေါင်းလေးလုံးမှထွက်ပေါ်လာသည့်စက်သံတို့သည်ကား ဆူညံလှသည်ထက် ကြာသောအခါ ငြီးငွေ့ဖွယ်ဖြစ်လာ၏။ အောက်သို့ ကြည့်၍လည်း မမြင်ရနေရာ မရှိသဖြင့် လမ်းလျှောက်၍လည်းမရ၊ ဗမာပြည်သို့ မြန်မြန်ရောက်ပါစေ၊ မြန်မြန်ခုန်ချ ရပါစေဟူ၍သာ တလမ်းလုံး စိတ်ထဲတွင် အသံပြည်၍လာ၏။

'ခုန်ချလိုက်လို့–ငါ့ထီးများမပွင့်ရင်'ဟု လုံးဝမစိုးရိမ်မိ။ ဒီလိုစိုးရိမ်နေလျှင်လည်း ခုန်ချဖြစ်တော့မည်မဟုတ်။ ဒီည–ခုန်ချပြီးရင် မြေပြင်မှ ရဲဘော်တွေနှင့်တွေ့ရတော့မည်။ ပြောက်ကျားတပ်တွေဖွဲ့ကာ ဂျပန်ကိုချရတော့မည်။ လက်နက်မျိုးစုံကိုင်သော ရဲခေါင်ပြောက်ကျားတပ်သားများ ဂျပန်တပ်ကိုအလစ်ဝင်စီးပုံ၊ဂျပန်အသွားအလာအဆက်အသွယ်တွေကို ဖျက်ဆီးပစ်ပုံ၊ ဂျပန်သံ့ပန်းများကိုဖမ်းလာပုံ အမျိုးစုံ၊ ခေါင်းထဲတွင်ပေါ်လာသော အတိတ်နိမိတ်တို့ကလည်း ဗမာပြည်သို့ မြန်မြန်ရောက်ပါစေ၊

မြန်မြန်စုန်ချရပါစေဟူ၍ စိတ်တွင်အသံမြည်၍လာတော့၏။

ညသန်းကောင်ယံတွင် ကျွန်တော်တို့ဆင်းရမည့်ဖြူးနယ်သို့ ရောက်ကြ၏။ ကျွန်တော်တို့လည်းလေထီးထုပ်များကိုလွယ်ပြီး လေယာဉ်ပျံဝမ်းဗိုက်မှ အပေါက်ကြီးထဲသို့သွယ်ထားသောဇလားကြီးထဲတွင် စီတန်းထိုင်နေကြကာ ခုန်ဆင်းဘို့ရန် အသင့်ပြင်ထားကြပေပြီ။ လေယာဉ်ပျံလည်း အောက်မှအချက်ပြထားသောမီးများနှင့် ချိန်ကိုက်အောင် လူများကိုချနိုင်ရန်အတွက် ကောင်းကင်မှ ရှာကြံလျှက်ရှိလေ၏။ မကြာမီခဏမှာပင် လေယာဉ်ပျံမောင်းသမားက မီးနှင့်အချက်ပြလိုက်သည်နှင့်တပြိုင်နက် ကျွန်တော်တို့လည်းဇလားထဲမှ တစ်ယောက်ပြီးတစ်ယောက် လျှော့ချလိုက်ကြလေ၏။

နှစ်စက္ကန့်လောက် လေထဲတွင်ကိုယ်ခန္ဓာကြီးလွင့်ပါသွားပြီးလျှင် ရုတ်တရက် ပျော့ပျောင်းသောကြိုးများနှင့်တုပ်၍ဆွဲလိုက်သကဲ့သို့ ခံစားလိုက်ရသောကြောင့် မျက်လုံးများကိုဖွင့်၍ကြည့်လိုက်သောအခါ ထီးပွင့်ပြီးလျှင် လူမှာမြေကြီးသို့ တဖြည်းဖြည်းနိမ့်လျက်ရှိလေပြီ။ လရောင်ကြောင့် ထင်ရှားနေသောမြေကြီးသည် ကျွန်တော့်ထံပြေးတက်လာပြီးလျှင် ၁၅–စက္ကန့်အတွင်းမှာပင် ကျွန်တော့်အား ပိုက်ထွေးယုယ နှုတ်ဆက်လိုက်လေသည်။

ကျွန်တော်မြေပြင်သို့ရောက်ပြီးနောက် လေထီးကိုဖြုတ်ကာခေါက်၍နေစဉ်မှာပင် အောက်မှကြိုနေသော ကာဘိုင်သေနတ်ကိုင်ရဲဘော် တစ်ယောက် ကျွန်တော့်ထံရောက်လာပြီး 'ခင်ဗျားဘယ်သူလဲ'ဟု အင်္ဂလိပ်လိုမေးလေသည်။ သူ့အသံမှာ စူးရှ၏။ လူမှာပိန်ပိန်ပါးပါးနှင့် လျှင်မြန်ဖျတ်လတ်ပုံရ၏။ ဘောင်းဘီရှည်နှင့်ဘလေဇာအနက်ကို ဆင်ထားလေသည်။ ထိုသူမှာ တောင်ငူနယ်၏ဒုတိယတော်လှန်ရေးခေါင်းဆောင် သခင်သန်းဖေဖြစ်ကြောင်းနောက်မှသိရ၏။ 'ကျွန်တော် ရဲဘော်ပါ၊ ဆင်းတဲ့အထဲမှာ အင်္ဂလိပ် အရာရှိတွေပါသေးတယ်။ သူတို့ကိုရှာကြအုံးမှဘဲ'ဟု ကျွန်တော်ကပြောပြီး သူနှင့်အတူ ရှာကြသည်။

စိတ်မကောင်းဘို့ရာလာ၍တွေ့ရသည်ကား ကန်သင်းရိုးတစ်ခုပေါ်တွင် မန်းဝင်းမောင်မှာ ပေါင်ကျိုးသွားပြီး မထနိုင်ရှာဘဲလဲ၍နေခြင်းဖြစ်ပေသည်။ 'အခန့်မသင့်ရင်'ဟူသော စကားသည် ချက်ချင်းအဓိပ္ပါယ်ရှိ၍လာတော့၏။ အားလုံး မန်းဝင်းမောင်အနားသို့ ဝိုင်း၍လာကြ၏။

မန်းဝင်းမောင်နှင့်ကျွန်တော်တို့သည် အိန္ဒိယသို့အတူသွားခဲ့ကြ၏။ အိန္ဒိယနှင့် သီဟိုဠ်တို့တွင်စစ်ပညာကို အတူသင်ခဲ့ကြ၏။ ဗမာပြည်သို့ လေထီးနှင့် အတူပြန်၍ဆင်းခဲ့ကြ၏။ ဤကဲ့သို့အတူ အခက်အခဲများကိုကျော်လွှန်လာခဲ့ကြပြီးနောက် ယခုဂျပန်ကိုတိုက်ရခါနီးတွင်မှမန်းဝင်းမောင်ဒဏ်ရာရ၍သွားသောအခါကျွန်တော့်မှာအထူးပင်

စိတ်မကောင်းဖြစ်မိ၏။ သို့ရာတွင် မန်းဝင်းမောင်ကား ဒဏ်ရာရသွားသည့်အတွက် ကြောင့် အနည်းငယ်မျှ စိတ်ပျက်သည့်အမူအရာကိုမပြဘဲ ဒဏ်ရာရနေသည့်ကြားထဲက ပင် ကရင်အမျိုးသားများကိုစည်းရုံးကာ ဂျပန်အားဆန့်ကျင်တိုက်ခိုက်ရေးလုပ်ငန်းများ ကို လုပ်ကိုင်ခဲ့လေသည်။

သူ့ကိုညတွင်းချင်း ဂျပန်တို့ရန်မှ ကင်းဝေးလုံခြုံရာရွာတစ်ရွာသို့ပြောက်ကျား တပ်သားများက ထမ်းစင်နှင့်တင်ကာပို့ကြ၏။ မန်းဝင်းမောင်မှတပါးကျန်ဆင်းသူအား လုံးမှာ ဘာမျှမဖြစ်ကြ။ ထို့ကြောင့် လူအားလုံးစုပြီး လှည်းများနှင့်ရွှေ့ပြောင်းကြ၏။

မြေပြင်မှမီးပြပုံ၊ ကြိုးဆိုပုံမှာ စံနစ်ကျကြောင်းနှင့် အင်္ဂလိပ်အရာရှိများက ထုတ် ဖော်ချီးမွမ်းကြ၏။ ထို့ထက် သူတို့ပို၍အံ့သြသည်မှာ သူတို့အထင်နှင့်အမြင်ကွဲနေ ခြင်းဖြစ် ၏။ သူတို့အထင်မှာ မြေပြင်သို့ရောက်လျှင် စံနစ်ကျစေရန် သူတို့အုပ်ချုပ်၍ ပစ္စည်းများကို သယ်ခြင်း၊ ကင်းထားခြင်း၊ လက်နက်ဝေခြင်းတို့ကို သူတို့ကိုယ်တိုင် ပြုလုပ်ရလိမ့်မည်ဟု ထင်၏။ သူတို့အမြင်မှာ မြေပြင်သို့ရောက်သောအခါ သူတို့၏ အုပ်ချုပ်မှုမလိုတော့ဘဲ ပြောက်ကျားတပ်သားများစံနစ်တကျ ပစ္စည်းများကိုသယ်ခြင်း၊ ကင်းထားခြင်း၊ စေ့စေ့စပ်စပ်ရှိခြင်းတို့ကို မြင်ရလေသည်။ ပြောက်ကျားတပ်သားများ သည် ထိုညလေယာဉ်ပျံပေါ်မှ ချပေးသောပစ္စည်းများကို တစ်ညလုံးလုံခြုံရာသို့သယ်ယူ ရွှေ့ပြောင်းကြလေ၏။ နောက်တစ်နေ့တစ်နေ့လုံးဆက်၍ ရှာဖွေသယ်ယူကြလေ၏။

(၁၆)

# တောင်ပေါ်စခန်း

ကျွန်တော်တို့စီးလာသောလှည်းသည် ကြံခင်းများကိုဖြတ်ပြီး အနောက်ရိုးမ တောင်သို့ ရှေ့ရှုကာမောင်းလျက်ရှိလေ၏။ လဆုတ် ၅ရက်နေ့ည၏လရောင်သည် ဝင်း လျက်ရှိ၏။ လှည်းသံများကြားမှ တစ်ကြိမ်တစ်ကြိမ်တွင် 'ဘွတ်–အဲ'ဟု တွန်လိုက်သော နွား၏အသံကို အင်္ဂလိပ်အရာရှိ တစ်ယောက်သည်သဘောကျလှသဖြင့် တဟားဟားရယ်ရင်း လိုက်ပါလာလေ၏။

ရန်သူနယ်ထဲတွင် ဘာကြောင့် ဤကဲ့သို့ လကလေးအသာတွင် တဟားဟား ရယ်ရင်း လှည်းနှင့်အေးချမ်းစွာသွားလာနေနိုင်ပါသနည်း။ ထိုအချိန်၌ ဗမာတပြည် လုံးတွင် ဂျပန်ကိုချလိုသည့်အဖွဲ့အားလုံး စံနစ်တကျပူးပေါင်းထားပြီးလည်း ရှိနေပြီ။ လူအများကိုလည်း စည်းရုံးမိပြီ။ မဟာမိတ်များကလည်း ကူညီလျက်ရှိပြီ။ ဂျပန်လည်း စိတ်ဓါတ်ပျက်နေပြီ။ ဒီလိုပြည့်စုံနေသည့် အခါကြီးတွင် ပြောက်ကျားတပ်သားများ သည် လက်နက်စွဲကိုင်လျက် ကျွန်တော်တို့လှည်းအား စောင့်ရှောက်လိုက်ပါလျှက်ရှိကြ လေသည်။

ညသန်းကောင်ယံအချိန်၌ ကျွန်တော်တို့သည် ရန်ကုန်မန္တလေးသွားကား လမ်းနှင့် မီးရထားလမ်းများကို ဖြတ်ကျော်ကြလေ၏။ လမ်းများမှာရန်သူတို့၏အရေး ပါသောလမ်းများဖြစ်သဖြင့် အထူးဂရုစိုက်ကာဖြတ်ကြရလေ၏။ မကြာမီ တောင်ခြေသို့

ရောက်ကြလေရာ မဲမှောင်သော သစ်ပင်ချုံကြားများအတွင်းမှ လူငယ်ကလေး လေးယောက်တို့သည် ထွက်ပေါ်၍လာကြလေ၏။ သူတို့ကား ကျွန်တော်တို့အားစောင့်၍နေသော လမ်းပြများပေတည်း။ အချို့မှာ အင်္ကျီမပါ၊ တဘက်ကိုခေါင်းပေါင်းထားကြ၏။

ကျွန်တော်တို့လည်း လှည်းပေါ်မှဆင်းပြီး ထိုရဲဘော်ကလေးများနောက်သို့ လိုက်ကာ တောင်ပေါ်သို့ စ၍တက်ကြလေ၏။ အထုပ်အပိုးများသည်ကားကျွန်တော်တို့ ကျောပေါ်မှစီး၍ လိုက်ပါလာကြ၏။ ကျွန်တော်တို့သည် ခဏခဏနားကြ၏။ ချွေးများသည် ရေချိုးထားသကဲ့သို့ စီး၍ထွက်လေ၏။ နံနက်လင်းသောအခါအထက်တောင်ပေါ် ဗဟိုစခန်းသို့ ဝမ်းမြောက်စွာရောက်ကြပေသည်။ ထိုစခန်းမှာ ချောင်းကလေးတခုဘေး၊ ကညင်ပင် ဝါးပင်တွေကြားထဲတွင် ထိုး၍ထားသောဝါးတဲကလေးများဖြစ်လေသည်။

ထိုစခန်းကိုအုပ်ချုပ်နေသူမှာ သခင်သန်းထွန်းဖြစ်၏။ သူသည် တပြည်လုံး ဂျပန်ကိုတော်လှန်ရာတွင်၊ နိုင်ငံခြားဆက်သွယ်ရေးတာဝန်ခံဖြစ်လေသည်။ သူသည် ကျွန်တော်တို့ရောက်လာသည်ကိုမြင်သောအခါ အံ့သြသောအမူအရာကိုမတွေ့ရဘဲ 'သြ–မင်းတို့ကိုး'ဟူ၍သာ အေးဆေးစွာ ပြုံးပြီးပြောလေသည်။ ကျွန်တော်က ကိုသိန်းဖေမှာ လိုက်သမျှကို ပြန်၍အစီရင်ခံပြီး ကိုသိန်းဖေလျှို့ဝှက်၍ ပေးလိုက်သောစာကို ထုတ်၍ပေးလိုက်၏။

ဤစခန်းမှာပင် ကိုချစ်လှိုင်ကိုပြန်၍တွေ့ရ၏။ မကြာမီသူ့ကိုသခင်သန်းထွန်းက အရေးကြီးသောကိစ္စတစ်ခုနှင့် သရက်ဖက်တွင်ရှိသော ဗိုလ်ချုပ်အောင်ဆန်းထံလွှတ်လိုက်လေသည်။

တောင်ပေါ်စခန်းတွင် ဗမာ့တပ်မတော် ဗိုလ်တိုးလွင်အုပ်ချုပ်သော တပ်စိတ်တစ်ခုချထား။ အခြား ပြောက်ကျားတပ်သားများလည်း ရှိသည်။ ခြေမြန်များထားကာ မြေပြင်နှင့်အမြဲဆက်သွယ်လျက်ရှိ၏။ ဝိုင်ယာလက်သမားများသည်လည်း အမြဲအလုပ်များလျက်ရှိကြလေသည်။

ကြေကွဲဖွယ်ရာသတင်းတစ်ခုသည် ဧပြီလ ၂ရက်နေ့တွင် ဝိုင်ယာလက်နှင့် ကျွန်တော်တို့ထံရောက်၍လာ၏။ အားလုံးမျက်နှာမကောင်းကြဘဲ ငြိမ်၍နေမိကြ၏။

မနေ့ညက သခင်ဗိုလ်တို့စီး၍ လာသောလေယာဉ်ပျံသည် ဂျက်ဆိုလေယာဉ်ပျံကွင်းမှအတက် မီးလောင်ကာပျက်ကျသွားခဲ့၏။ လေယာဉ်ပျံပေါ်တွင် သခင်ဗိုလ်၊ ကိုဘသိန်း၊ ကိုစောဦးတို့နှင့် အခြားအင်္ဂလိပ်အရာရှိများပါကြ၏။ သူတို့သုံးယောက်မှာ ကိုသိန်းဖေထံတွင် ကျွန်တော်တို့နှင့် အတူတူနေခဲ့ကြရသူများဖြစ်၏။ သခင်ဗိုလ်ကား အိန္ဒိယသို့ ကျွန်တော်တို့လာကြစဉ်က ခေါင်းဆောင်ခဲ့သူ၊ ယခု သူသည် ကျွန်တော်တို့အား တခါတည်းစွန့်၍သွားခဲ့လေပြီ။

သူတို့လေယာဉ်ပျံပေါ်တွင်ပါသူအားလုံး တစ်ဦးမျှအသက်ရှင်သူမရှိသဖြင့် လေယာဉ်ပျံ ဘာကြောင့်မီးလောင်ရသည်ကို ပြန်ပြောမည့်သူပင် မရှိတော့။

ညတစ်ည၌ စခန်းအနီးတွင် လေယာဉ်ပျံနှစ်စင်းနှင့်ပစ္စည်းများလာချမည်ဟူ သောသတင်းကို ဝိုင်ယာလက်သမားသည် ဖမ်းမိလေ၏။

ထိုနေ့ညနေ၌ မြေပြင်မှရောက်လာသောလူပေါင်း ၂၀ခန့်နှင့် ပစ္စည်းများချ ပေးမည့်ကွင်းသို့ ကျွန်တော်တို့သွားကြ၏။ ကိုစောဟန်သည် အားလုံးကိုအုပ်ချုပ်၍လာ၏။ ၂နာရီခန့် သွားမိသောအခါ ကွင်းသို့ရောက်ကြလေ၏။

ကွင်းသည်ကား တောင်ပေါ်မှာပင် ဝါးပင်များခုတ်လှဲ၍ လုပ်ထားရသော ကြောင့် မညီညာမသပ်ရပ်ခြင်း၏ စဝေးရာကွင်းဖြစ်ပေသည်။ ညတွင်မီးပြရန်ကညင်ဆီ မီးတိုင်များကို အသင့်လုပ်၍ယူလာကြ၏။ ညမှောင်သောအခါ ကရင်ရွာသား ၅၀ခန့်တို့ သည် ကျွန်တော်တို့အား ကူညီရန်မှာထားချက်အရ ရောက်၍လာကြလေ၏။ လေယာဉ် ပျံစောင့်နေရသူများအတွက် ညသည်နွေးကွေးသောခြေလှမ်းနှင့်လှမ်းလျှက်ရှိလေသည်။ သန်းကောင်ကျော်သောအခါ ကိုစောဟန်၏ စီစဉ်ချက်အရ မီးပြသမားများသည် မီး တုတ်များကို ရှို့ပြီး မီးပြရင်း လေယာဉ်ပျံကိုစောင့်၍ နေကြလေပြီ။

နာရီပြန် ၂ချက်ထိုးသောအခါ လေယာဉ်ပျံတစ်စင်းရောက်၍လာပြီး ပါလာ သမျှ ထီးအစင်း၂၀ခန့်တို့ကို တခါတည်းဖြုတ်၍ချလိုက်ရာ ကောင်းကင်ထက် လရောင် ထဲတွင် ဖွေး၍သွားတော့၏။ ၁၅မိနစ်ခန့်အကြာ နောက်တစ်စင်းလာ၍ ထီးများကို ၄ စင်းစီခွဲပြီး ချလေ၏။ သို့သော် ထီးတစ်စင်းမျှ ကွင်းထဲမကျ။ အားလုံးသစ်ပင်ပေါ်၊ သစ်ပင်များကြားတွင် ကျကုန်၏။

ထိုအချိန်မှစပြီးလျှင် လူများသည်အလုပ်များကြလေသည်။ ထီးတစ်စင်း တလေမျှ မပျောက်ရလေအောင် အနီးတဝိုက်တောတောင်လျှိုမြောင်များအတွင်းသို့ ဝင်ရောက်၍ ရှာဖွေကြ၏။ သစ်ပင်ပေါ်တွင်တင်နေသောထီးများကို တက်ဖြုတ်ကြ ထီးတွင်ပါလာသော ပစ္စည်းများကို တနေရာစု၍ ထားကြ၊ ပစ္စည်းများကို စခန်းသို့ပြန်ပို့ ကြနှင့် အလုပ်များ၍နေကြ၏။ ပစ္စည်းများမှာ လက်နက်ခဲယမ်း၊ မီးကျောက်၊ ဒန်အိုး၊ ဒန်ခွက်၊ အစားအစာ၊ အထည်ပစ္စည်းနှင့်ဆေးများဖြစ်၏။ ဤပစ္စည်းများသည် ဤဂျ ပန် သုတ်သင်ရေးတွင် ကိုယ့်တာဝန်ကိုယ် ထမ်းဆောင်ကြဘို့ရန် ရောက်လာကြသော စစ်ကူများ ဖြစ်ကြပေသည်။

ဤလေထီးများကို ရှာဖွေစုဆောင်းပြီး စခန်းသို့ပြန်ပို့ခြင်းအလုပ်ကို ကိုစော ဟန်သည် သူ့လူများနှင့် တောထဲတွင် ငါးရက်တိုင် ဇွဲကောင်းကောင်းဖြင့် လုပ်လျှက်ရှိ လေ၏။

(၁၇)

# ကရင်ဗမာ ဈေးစည်းရေး

ဂျပန်သည်ဗမာပြည်တွင် ၄နှစ်တိုင်နေပြီး အစွမ်းကုန်မွှေနှောက်သွားသော်လည်း ဂျပန်ကိုတခါမျှမမြင်ဘူးလိုက်သူများ ရှိသေးသည်ဟုဆိုလျှင် သင်သည် အံ့သြကောင်းအံ့သြပေမည်။ အမှန်ပင် ရှိပါသည်။

တောင်ပေါ်ဗဟိုစခန်းအနီးရှိ အချို့ကရင်ရွာများသည် ဂျပန်ကိုတခါမျှ မမြင်ဘူးကြောင်း ပြောပြကြ၏။ ထိုသူတို့အား ဂျပန်မုန်းတီးရေး တရားကိုဟော၍ နားလည်မည် မဟုတ်၊ နေထိုင်ပုံမှာ ရှေးခေတ်လူစုအဖြစ်မှ သိပ်မတက်သေးသော ဤတောင်ပေါ်သားများသည် ယခုအခါ ခေတ်၏အဆန်းကြယ်ဆုံးသော ပစ္စည်းများဖြစ်သည့် လေယာဉ်ပျံ၊ ဝိုင်ယာလက်တို့ကို မြင်တွေ့နေကြရလေပြီ။

သူတို့၏ကောင်းမှုကြောင့် ကျွန်တော်တို့တောင်ပေါ်တွင် အသုံးပြု၍နေရသောပစ္စည်းများကို ကြည့်ဦးလော့။ ဝါးတဲ၊ ဝါးကြမ်း၊ ဝါးစားပွဲ၊ ဝါးခုံ၊ ဝါးရေခွက်၊ ဝါးလဘက်ရည်အိုး၊ ဝါးယောင်းမ၊ ဝါးဇွန်း၊ ဝါး–ဝါး–ဝါး၊ အားလုံးဝါးတွေ တွင် ကျယ်နေတော့သည်။ ထိုဝါးတွေကြားထဲတွင် သခင်သန်းထွန်းသည် ဖယောင်းတိုင်မီးကလေးဖြင့် အက်ဖ်စတိန် ရေးသော 'တရုတ်ပြည်ကြီးတစ်ခုလုံးကို လွတ်လပ်ရေးစစ်ပွဲအတွက် မည်ကဲ့သို့ သွေးစည်းနိုင်ခဲ့ပုံ'ဆောင်းပါးကို ဘာသာပြန်လျက်ရှိလေသည်။ ဤမျှအလုပ်များနေသည့်ကြားမှဤဆောင်းပါးကိုဘာသာပြန်မီအောင်ပြန်လိုက်နိုင်ခြင်းကို ကျွန်တော်သည် အံ့သြမိ၏။

တနေ့သောညနေခင်းတွင် ညောင်လေးပင်သို့သွားဘို့ရန် တောင်ပေါ်မှ အောက်စခန်းသို့ ကျွန်တော်တို့ဆင်းလာခဲ့ကြ၏။ အောက်စခန်းသို့ ရောက်သောအခါ ညဖြစ်၍နေလေပြီ။ 'တဲကလေးမခိုင့်တခိုင် ဆင်တိုးလို့ယိုင်' ဆိုသောတဲမျိုးကလေးအပေါ်တွင် ခြင်ထောင်မရှိအိပ်ရဘိ၏။ ပတ်လည်ရှိင့ုက်ပျောတောကြီးထဲတွင် ခိုအောင်းနေထိုင်လျက်ရှိသော ထောင်ပေါင်းများစွာပါဝင်သည့် ခြင်ပြောက်ကျားတပ်ကြီးသည် အမှောင်ကို ခိုကာထွက်လာကြပြီးသကာလ ကျွန်တော်တို့အားဝိုင်းကာ အဖက်ဖက်မှ တိုက်ခိုက်လေတော့၏။ ထို့ကြောင့် ကျွန်တော်တို့မှာ အောင်မြင်စွာ မဆုတ်ခွာနိုင်ကြတော့ဘဲ ထိုင်နေကြရလေ၏။ မျက်လုံးများကားကျိန်းစပ်လျှက်၊ ခြင်တွေကလည်း တဝီဝီမြည်လျှက် ...။

ဤခြင်တွေမြည်ရာအောက်စခန်းသည် တောင်ငူတနယ်လုံးပြောက်ကျားတပ်များကိုဦးစီး၍ ဂျပန်များကိုတိုက်ခိုက်နေသောကိုဘဟိန်း၏ စခန်းဖြစ်လေသည်။ ကိုဘဟိန်း၏ ဤအခါကအလုပ်နှင့် သူ၏ရုပ်ရည်သည် လုံးဝဟပ်မရ။ သူ့အလုပ်က တိုက်ရေး၊ ခိုက်ရေး၊ ပစ်ရေး၊ ခတ်ရေး၊ သတ်ရေး၊ ဖြတ်ရေး၊ ချရေး၊ ဆော်ရေး။ သူ့ရုပ်ရည်က ပိန်ပိန်ပါးပါး၊ ဖြူဖြူဖွေးဖွေး၊ သိမ်မွေ့နူးညံ့သောရုပ်ရည်။ ယင်းသို့ မင်းသားရုပ်ဖြင့် သူပုန်အလုပ်ကို ပင်ပန်းစွာလုပ်နေရသည်ကို တွေ့ရပေသည်။

နေ့လယ်တစ်နာရီအချိန်ခန့်တွင် စခန်းရှိလျှိုကြီးတစ်ခုအကြား တဲကလေးထဲတွင် ဒေါင့်၌ကြယ်ဖြူပါသောအလံနီ၏အောက်၌ ဗမာခေါင်းဆောင်ကြီးများ၊ ကရင်ကိုယ်စားလှယ်များနှင့် အင်္ဂလိပ်အရာရှိများသည် အစည်းအဝေးတစ်ခု ကျင်းပလျက်ရှိကြလေ၏။ ကရင်ကိုယ်စားလှယ်များမှာ ဝေးလံသောတောင်ပေါ်အရပ်များမှ လာခဲ့ကြသူများဖြစ်၏။ သူတို့၏စိတ်အားထက်သန်မှုကို သူတို့၏ခရီးကသက်သေခံ၏။ သူတို့သည် သူတို့၏ဂုဏ်သရေကိုလည်း မထိခိုက်၊ သူတို့နှင့်လည်း သက်ဆိုင်နေ သောအလံနီကို သဘောကျ၏။ မိမိတို့၏ ဓလေ့၊ စာပေ၊ ယဉ်ကျေးမှု တိုးတက်ရေးနှင့် ကိုယ်ပိုင်ပြ

ဌာန်းခွင့်ကို နှစ်ခြိုက်၏။ ထိုအခွင့်အရေးမျိုးကို ပေးမည့်သူ၊ ရအောင်ကူညီ မည့်သူကို လိုလား၏။

ဂျပန်ကိုတိုက်ရာတွင် ကရင်ဗမာသွေးစည်းမှုမရှိလျှင် မထိရောက်နိုင်။ တိုင်းပြည်ပြုရာတွင် ကရင်ဗမာသွေးစည်းမှု မရှိလျှင်မအောင်မြင်နိုင်။ ထို့ကြောင့် ထိုအချိန်က ကွန်မြူနစ်ပါတီမှထုတ်ဝေသော 'ကရင်ဗမာသွေးစည်းရေး'၊ 'ကရင်ဗမာဆွေးနွေးပွဲ' 'ရာသက်ပန်သွေးစည်းရေး' စာတမ်း များသည် ကရင်ဗမာပူးပေါင်းဆောင်ရွက်ရေးတွင် မီးရှူးတန်ဆောင်များဖြစ်ကြလေသည်။

ညနေခင်း၏အရသာသည် လှိုကြီးအတွင်းသို့မရောက်လာ။ ဖြူးဖက်တွင် တဝုန်းဝုန်းနှင့်ချနေသောဗုံးသံသည်လည်းလှိုကြီးအတွင်းသို့ဝင်ရောက်၍မနှောင့်ယှက်နိုင်။ တောင်ငူမှ ဆုတ်လာကြသောဂျပန်များသည်လည်း လှိုကြီးအနားကိုမသိနိုင်ကြ။ ဤသို့ပတ်ဝန်းကျင်တို့မှ ခေတ္တအဆက်ဖြတ်ပြီးလှိုကြီးအတွင်းရှိတဲကလေးပေါ်တွင်ရှိကြသော လူများသည် စိတ်အားထက်သန်စွာ သွေးစည်းလျက်ရှိကြလေသည်။

(၁၈)

# အိုင်–အင်–အေနှင့်တိုက်ပွဲ

ထိုည၏အမှောင်သည် စမ်းသပ်၍ရလုမတတ်မိုက်၍နေ၏။ ကြယ်ရောင်များသည် မိုးသားမိုးရိပ်များ၏နောက်ကွယ်၌ ငြိမ်ဝပ်လျက်ရှိ၏။ သစ်ပင်ခြုံဖုတ်များသည် အမှောင်ထုကိုခြုံပြီးအိပ်၍နေကြလေပြီ။ တိတ်ဆိတ်ခြင်းကားအမှောင်ကိုအားပေးသကဲ့ သို့ရှိလေ၏။ ထိုအမှောင်ထုနှင့် တိတ်ဆိတ်ခြင်းတို့ကို မထီမဲ့မြင်ပြု၍လာသောလှည်းများသည် ကူပါလခန်ရွာသို့ ရောက်၍လာလေ၏။

ကူပါလခန်ရွာသည် ကုလားရွာဖြစ်၏။ ဘိုစ်၏လူများဖြစ်ကြသော အိုင်၊ အင်၊ အေစစ်သားများသည် ထိုရွာ၌ စခန်းချလျက်ရှိကြ၏။ ထိုရွာထိပ်ရှိ မဲမှောင်သော ညောင်ပင်ကြီးအောက်တွင် အိုင်၊ အင်၊ အေစစ်သား ၄ယောက်တို့သည် ကင်းစောင့်လျက်ရှိကြရာ ကျွန်တော်တို့၏ လှည်းများသည် ထိုကင်းများနှင့် ဆိုက်ဆိုက်မြိုက်မြိုက်ဝင်၍ တိုးလေ၏။ သို့သော်လည်း ကျွန်တော်တို့သည် သူတို့ကိုအမှုမထား။ အဘယ့်ကြောင့်ဆိုသော် ပြောက်ကျားတပ်သားတို့သည် ဂျပန်ကိုသာတိုက်လျက်ရှိသည် ဖြစ်သောကြောင့် ဤကြားကျနေသော အိုင်၊ အင်၊ အေစစ်သားတို့သည် ကြားနေလိမ့်မည်ဟု ယုံကြည်ခဲ့မိ၏။ သို့သော် ဤယုံကြည်ချက်များမှားယွင်းကြောင်း နောက်ကျစွာသိရလေပြီ။

ကုလားစစ်သားများသည် လှည်းများပေါ်တွင် အင်္ဂလိပ်စစ်ဗိုလ်များပါလာသည်ကိုတွေ့မြင်ရသောအခါ ထိပ်ထိပ်ပျာပျာဖြစ်ကြပြီး ရွာတွင်းမှ သူတို့၏စစ်ဗိုလ်နှင့်စစ်သားများကို အော်၍ခေါ်လေ၏။ ကုလားစစ်ဗိုလ်ရောက်လာသောအခါ ကျွန်တော်တို့ကသူတို့ကိုရန်မူမည်မဟုတ်ကြောင်း ကျွန်တော်တို့အေးချမ်းစွာခရီးဆက်သွားလိုကြောင်း ပြောရာ ကုလားစစ်ဗိုလ်က ဆွေးနွေးရန်ဟုဆိုပြီး အင်္ဂလိပ်စစ်ဗိုလ်တစ်ယောက်ကို ရွာတွင်းသို့ခေါ်၍သွားလေ၏။

ထိုအချိန်ထိ ကျွန်တော်တို့သည် ကုလားများနှင့်စေ့စပ်၍ ရလိမ့်ဦးမည်ဟု မျှော်လင့်နေကြသေး၏။ သို့သော်လည်း ရွာတွင်းမှ အင်္ဂလိပ်စစ်ဗိုလ်ကား ပြန်၍မလာ။

ကုလားစစ်သားများသည်သာအဆက်မပြတ်ထွက်လာကြပြီးကျွန်တော်တို့အားလုံးကိုဝိုင်း ၍ထားလေ၏။ အခြေအနေမှာပိုမို၍ကျပ်တည်းကာလာလေ၏။ကျွန်တော်တို့အတွက် မှားယွင်းသောကြောင့် ယခုကဲ့သို့အဝိုင်းခံကြရတော့၏။ အကယ်၍သာ ကုလားကင်း များနှင့်တွေ့လျှင်တွေ့ချင်း ကျွန်တော်တို့ကချက်ချင်းပစ်ခတ်တိုက်ခိုက်မည်ဆိုပါက ကု လားများ၏ကိုယ်မှာ ကျည်ဆံရာ ဇာပေါက်ကလေးတွေဖြစ် သွားဘို့ရှိလေသည်။ သို့ သော် ယခုကား .... .... ။

ကုလားများသည် ကျွန်တော်တို့အား ခပ်ခွာခွာဝိုင်း၍ထားရာမှ အနီးသို့စု၍ လာလေ၏။ ကျွန်တော်တို့လည်း တစ်ယောက်နှင့် တစ်ယောက်ခွာကာ လှည်းများကို အကာအကွယ်ယူကြလေ၏။ ထိုအခိုက် အင်္ဂလိပ်စစ်ဗိုလ်တစ်ယောက်က 'ငါတို့ဖေါက် ထွက်မယ် ... သတိထား' ဟုပြောလိုက်ရာ ကျွန်တော်လည်း ရဲဘော်များကိုစကားကမ်း လှမ်းလိုက်၏။ ကုလားများလည်းလုံ့စွပ်တပ်ကာ သေနတ်မောင်းတင်ပြီး ကျွန်တော် တို့အနီးသို့ ချဉ်းကပ်၍လာကြလေ၏။ ၁၀ပေလောက်အတွင်းဖြစ်နေသောကြောင့် လက်ပစ် ဗုံးလည်းပစ်၍မဖြစ်။ နောက်ကရော ဘေးကရော ရှေ့ကရော ဝိုင်း၍နေလေပြီ။ ထိုအခိုက် ရဲရင့်သောကုလားတစ်ယောက်သည် အင်္ဂလိပ်စစ်ဗိုလ်အား လက်နက်သိမ်း ရန် နောက်မှနေ၍ခုန်အုပ် လိုက်လေ၏။

လျှပ်ပြက်သကဲ့သို့ ဒက်–ဒက်–ဒက်ဟူသောအသံနှင့်ဝင်းလက်၍သွားသော ကျွန်တော်တို့၏ မောင်းပြန်သေနတ်များမှကျည်ဆံတို့သည် ထိုသူ၏ကိုယ်တွင်းသို့ ပြေးဝင်သွားကြလေ၏။ ကုလားများလည်း ကျွန်တော်တို့အားဝိုင်း၍ပစ်ကြလေရာ ကျွန် တော်တို့လည်း ထိုကျည်ဆံများကြားမှ ဖြစ်ချင်သလိုဖြစ်ဟူသောစိတ်ဖြင့်ပစ်ခတ်နေရင်း ထိုးဖေါက်ကာထွက်ကြလေ၏။ အနီးတွင် တဖွားဖွားကျလာသော ကျည်ဆံတို့သည် မြေ ကြီးတွင်းသို့စူးဝင်ကြလျက် မြက်ခြောက်များမှာ မီးကျွမ်းလျက်ကျန်ရစ်လေ၏။ အားလုံးစု၍ထွက်လျှင် ရန်သူပစ်ကွင်းကောင်းမည်စိုးသောကြောင့် ဦးတည့်ရာသို့ခွဲ၍ ထွက်ကြရာ လူစုမှာကွဲ၍သွားလေ၏။ အမှောင်ကြောင့် တစ်ယောက်နှင့်တစ်ယောက် မစုမိဘဲရှိလေ၏။ ကျွန်တော်လည်းပစ်ခတ်ရင်း ခြေဦးတည့်ရာသို့ဆုတ်ခဲ့ရာ နောက် တွင်ကား ကုလားသိုက်မှာကျားဝင်ကိုက်သကဲ့သို့ ဆူညံ၍ ကျန်ရစ်လေပြီ။

ထိုနယ်အကြောင်းကို လုံးဝမသိသောကျွန်တော်လည်း တစ်ယောက်တည်း အိမ်မြှောင်ကိုကြည့်ကာ စခန်းသို့မှန်း၍ပြန်ခဲ့၏။ ပြေးလွှားရသဖြင့် ထိခိုက်သောဒူးမှ အပွန်းအပဲ့များသည် ကြံရွက်များရှသောအခါ အပ်နှင့်ဆွသကဲ့သို့ရှိ၏။ မောသဖြင့်ချွေး များ ပြန်ကာ အပွန်းအပဲ့များကို စွတ်စိုကြသောအခါတွင်ကား အခံရခက်လှတော့၏။ နာရီဝက်အတွင်း ဖြစ်ပုံကလေးကိုတွေးပြီး မယုံနိုင်သလိုလိုဖြစ်မိသေး၏။

ဗိုလ်မှူး ချစ်ကောင်း

ထိုညတစ်ညလုံး မဲမှောင်နေသောအနောက်ဖက်တောင်ကြီးရှိရာသို့ ဆုတ်ခွာလာခဲ့ပြီး ငါသည်ကား လွတ်မြောက်၍လာခဲ့ပြီ။ ကျန်ရဲဘော်တွေ ဘယ်လိုဖြစ်နေမည်နည်းဟုစဉ်းစားမိတိုင်း ရင်လေး၍လာလေ၏။ သို့နှင့် စိတ်မော လူမောလာခဲ့ရာ နံနက်လင်းသောအခါ ဘက်တော်သားတစ်ယောက်ကိုတွေ့ပြီး ကိုဘဟိန်းစခန်းသို့ ချောမောစွာ ရောက်ခဲ့၏။

မကြာမီပင် ညကဖြစ်ရာ၌ ကျွန်တော်တို့ဖက်မှတစ်ယောက်မှ အထိအခိုက်မရှိ။ ကုလားနှင့်ရွာထဲသို့ပါသွားသော အင်္ဂလိပ်စစ်ဗိုလ်ကိုလည်း ကျွန်တော်တို့ဘက်တော်သားများက ကယ်လိုက်ပြီးဖြစ်ကြောင်း၊ ၎င်းပြင် ကုလားစစ်သား၂ယောက် နေရာတွင်သေ၍ ၂ယောက်မှာ အပြင်းအထန် ဒဏ်ရာရနေကြောင်းကို ဘက်တော်သားများထံမှတဆင့် သတင်းရောက်လာလေရာ ကျွန်တော်လည်း ကောင်းလေစွဟုသာဓု အနုမောဒနာ ခေါ်မိတော့၏။

(၁၉)

# လမ်းဖြတ်တိုက်ပွဲ

တစ်ညသ၌ ကျွန်တော်တို့ပြောက်ကျားတပ်စိတ်ကလေးတစ်စိတ်သည် အထက်မှဆုတ်၍လာသောဂျပန်ကားများကို ဆီး၍တိုက်ဘို့ရန် စခန်းချနေသော ရွာကလေးမှနေ၍ ချီတက်သွားကြ၏။ မကြာမီ ကျွန်တော်တို့တိုက်ခိုက်ရမည့်နေရာ ကားလမ်းအနီးသို့ ရောက်ကြလေပြီ။ ဂျပန်ကားများသည်ကား အတောမသတ်အောင်ဆုတ်၍ လာလျှက်ရှိကြ၏။ ဟန်ကျပြီ အောင်သေအောင်သားတော့ စားရတော့မည်။

သို့သော် ကျွန်တော်တို့ရောက်နေသောနေရာနှင့်ကားလမ်းကြားတွင် ကွင်းတခုခြားလျက်ရှိသဖြင့် ကားများနှင့်ပဏာမစား။ ထိုအခါ၌နေရာတဝိုက်ကိုကျွမ်းကျင်သော တပ်စိတ်ခေါင်းဆောင်က သူ နေရာကောင်းသွားကြည့်မည်ဆိုပြီး နောက်ပါလူအချို့နှင့်ထွက်သွားရာ ရဲဘော် နှစ်ယောက်နှင့်ကျွန်တော်သည် ချုံကွယ်တစ်ခုတွင် ကျန်ရစ်လေ၏။ ဂျပန်ကားများသည်ကား လာလျှက်ပင်ရှိ၏။

အချိန်သည် တရွေ့ရွေ့ကုန်လျက်ရှိလေပြီ။ နေရာသွားကြည့်သောရဲဘော်များကား ပေါ်မလာ။ ပေါ်လာသည်တို့ကား ဂျပန်တပ်ခွဲတစ်ခုဖြစ်လေ၏။ သူတို့သည်ကားလမ်းဘက်မှပေါ်၍လာရာ အထုပ်အပိုး၊ လက်နက်ကိုယ်စီနှင့် အမြောက်ကလေးတစ်ခုကိုလည်း ကိုယ်တိုင်ဆွဲ၍လာကြသည်ကို လရောင်အောက်တွင် မှုန်မွှားမွှား မြင်ရလေ၏။ ကျွန်တော်တို့၏ရှေ့ ဂိုက် ၅၀လောက်တွင် ဖြတ်သွားကြသောဂျပန်များအားလက်ပစ်ဗုံးများနှင့်လှမ်းပစ်ကာ မောင်းပြန်သေနတ်များနှင့်ပစ်ပြီး လစ်လိုက်လျှင် သူတို့အတုံးအရုံး သေ၍ကျန်ရစ်မည်။ ကျွန်တော်တို့လည်း လွတ်မြောက်မည်။ သို့သော်

ဟိုသွားကြည့်နေကြသောရဲဘော်များကား ဘယ်လိုဖြစ်မည်မသိ။ သူတို့ဘယ်ရောက်နေသည်ကိုလည်း မသိ။ အကယ်၍ ကျွန်တော်တို့သာ လွတ်ပြီး သူတို့တစ်နေရာတွင် အင်အားများသော ဂျပန်တွေ၏အဝိုင်းကိုခံရကာ ကျန်နေရစ်မည်ဆိုလျှင် ...၊ ထိုကြောင့် ယားနေသောလက်ကိုဆုပ်ကာ ကြိတ်မနိုင်ခဲမရ ဖြစ်၍နေ၏။

ဂျပန်များလည်း ကျွန်တော်တို့ကိုလွန်ကာ ကျွန်တော်တို့လာခဲ့သောလမ်းအတိုင်း ချီတက်သွားကြလေပြီ။ ထွက်သွားသောရဲဘော်များကား မပေါ်လာ။ အနီးရှိရွာကလေးမှ သန်းကောင်ကြက်လည်းတွန်လေပြီ။ လခြမ်းကလေးသည်လည်း ငိုက်မြည်းလျှက် အနောက်ဖက်ကောင်းကင်တွင် တစောင်းကလေးမှေးလျက်ရှိလေပြီ။ ထွက်သွားသောရဲဘော်များသည်ကား မပေါ်လာ။ ဂျပန်နှင့်တိုက်ရင်း အားလုံးကျကုန်ကြသလားဟု တွေးရအောင်ကလည်း သေနတ်သံတစ်ချက်မျှမကြားရ။ ကိုယ့်လူတွေဘာဖြစ်ကုန်ကြပါလိမ့်ဟု တွေးရင်းစောင့်ကြ၏။ သို့သော် အချိန်သည်ကား မစောင့်။

ကျွန်တော်တို့သုံးယောက်လည်း သူတို့အား ဟိုဟိုသည်သည်လျှောက်၍ရှာကြ၏။ မတွေ့။ ထို့ကြောင့် နံနက်လည်းလင်းလုပြီဖြစ်သောကြောင့် မတတ်နိုင်သဖြင့်ပြန်ကြရတော့၏။ ညဦးက တွေ့မြင်ရစဉ်က မှန်းထားသည့်အတိုင်း အောင်သေအောင်သားမစားခဲ့ရခြင်း၊ ချက်ပိုင်ပါလျှက် ရဲဘော်များကိုငဲ့ပြီး မချလိုက်ရခြင်း ရဲဘော်တွေနှင့်ကွဲသွားခြင်းစသောအနိဋ္ဌာရုံအဖြစ်များကြောင့် စိတ်မှာဝေလျက် မကျေမချမ်းဖြစ်ကာ နေးကွေးသောခြေလှမ်းများဖြင့် ပြန်ခဲ့ကြ၏။

အရှေ့ဘက်မှ ရောင်နီပေါ်၍လာ၏။ ကျွန်တော်တို့လည်း စခန်းချရာရွာထိပ်သို့ရောက်ကြပြီ။ ရွာထိပ်အိမ်ကလေးများတွင် မီးကလေးများ လက်နေ၏။ ကွိကွိ–ကွကွ မသဲမကွဲသောအသံများကိုလည်းကြားရ၏။ ကျွန်တော်လည်း မသင်္ကာသဖြင့် ရွာထဲသို့မဝင်သေးဘဲ ရွာထိပ်ရှိချောင်းထဲသို့ဆင်းကာ ကွင်း၍လာခဲ့ရာ ချောင်းထဲတွင် ရေခပ်၍နေသော ဂျပန်တစ်ယောက်ကို ဝေလီဝေလင်းအချိန်တွင် မထင်မရှားမြင်ရလေ၏။ နေးကွေးသော ကျွန်တော်တို့၏ခြေလှမ်းများသည် သွက်လက်၍လာကာ ထိုဂျပန်ဘာမျှမလုပ်နိုင်မီ ကျွန်တော်တို့ကပစ်သတ်လိုက်ရာ ရွာတွင်းမှ ဆူဆူညံညံဂျပန်သံများကိုကြားရလေ၏။ ထိုအခါ ကျွန်တော်တို့သည် ကမ်းကမ္ဘားသို့ ရုတ်တရက် ပြေးကပ်ကြလေ၏။

ညက ကျွန်တော်တို့တွေ့လိုက်ရသောဂျပန်များသည် ကျွန်တော်တို့စခန်းချရာရွာကို သိမ်းထားခဲ့ကြလေပြီ။ ကျွန်တော်တို့ ထွက်လာကြစဉ်က ရွာထဲတွင်ကျန်ရစ်ခဲ့ကြသောရဲဘော်များသည်ကား အဘယ်သို့နေကြမည်နည်း။ ယခုအချိန်၌ ဂျပန်အဖမ်းခံရပြီးလျှင် နှိပ်စက်ခြင်းကိုခံနေရပြီလား၊ သေကုန်ကြပြီလား။ သို့သော်ဘာဘဲဖြစ်ဖြစ်

အသေအချာသိရန် အဖမ်းခံနေရလျှင်လည်း ကယ်တင်ရန် ကျွန်တော်တို့သည် နောက်ဖေးမှနေ၍ ဖေါက်ထွင်းကာ ရွာတွင်းသို့ဝင်ကြလေ၏။

ရွာတွင်း၌ တိတ်ဆိတ်လျက်ရှိလေ၏။ ဘယ်အိမ်မှာမှ လူမမြင်ရ။ကျွန်တော်တို့လည်း သစ်ပင်၊ ခြုံဖုတ်၊ ကောက်ရိုးပုံ စသည်တို့ကို အကာအကွယ်ပြောင်းယူပြီး ကျွန်တော်တို့စခန်းချရာအိမ်သို့သွားကြရာ အိမ်၌ဘယ်သူ့ကိုမှ မတွေ့ရတော့ပေ။ ဘာပစ္စည်းမှလည်းမရှိတော့ သပ်သပ်ရပ်ရပ်ရှိပုံကိုထောက်ခြင်းဖြင့် အိမ်၌ကျန်ရစ်သောရဲဘော်များသည် ဂျပန်နှင့်အားချင်းမမျှသဖြင့် ရွာမှဆုတ်ခွာသွားကြောင်း သိရလေသည်။

ထို့ကြောင့် ကျွန်တော်တို့သည် ရွာတွင်းမှပြန်၍ထွက်ခဲ့ကြရာ အပြင်သို့ရောက်သောအခါ ဂျပန်ကင်းသမားတစ်ယောက်နှင့် ဝင်၍တိုးလေ၏။ထိုအခါကျွန်တော်တို့က ဦးအောင်ပစ်ခတ်ကြရာ ဂျပန်မှာဒဏ်ရာရသွားပြီး အော်ဟစ်အကူအညီတောင်းရင်းဆုတ်၍ပြေးလေ၏။ ထိုအချိန်၌ ကောင်းစွာမိုးလင်းလျက်ရှိလေပြီ။ ကျွန်တော်တို့လည်း ထိုရွာမှဖယ်ခဲ့ကြ၏။

ရွာထဲမှဆုတ်၍ သွားသောရဲဘော်များနှင့် ညကကွဲသွားသောရဲဘော်များ ဘယ်ရောက်၍၊ ဘာဖြစ်နေကြပြီနည်း။ သိဘို့ကအရေးကြီးသည်။ ကိုဘဟိန်းစခန်းသို့ပြန်မေး၏။ မတွေ့။ သတင်းစုံစမ်းပြီးလိုက်၍ရှာကြရာ နောက်ဆုံးတွင် ရွာနှင့်မနီးမဝေးမှာပင် လျှိုကြီးတစ်ခုထဲတွင် စခန်းချနေသော ရဲဘော်အားလုံးကို တွေ့ရရတော့၏။

သူတို့ကပြောပြသည်မှာ မနေ့ညက ကားလမ်းအနီးနေရာကောင်းသွားကြည့်စဉ် အင်အားကြီးသော ဂျပန်တပ်များချီလာသည်ကို တွေ့ရသောကြောင့် ဆုတ်သွားရပြီး ရွာသို့ပြန်ရောက်ကြောင်း၊ နောက်မကြာမီ ထိုဂျပန်တပ်များ ရွာသို့ဝင်သဖြင့် အားချင်းမမျှသောကြောင့် ရွာမှဆုတ်သွားရပြီး ဤလျှိုကြီးထဲတွင် ဝင်ရောက်စခန်းချနေကြောင်း၊ နောက် ကျွန်တော်တို့ရောက်လာမှ အားပြန်စုပြီး ပြန်ချမည်ဟုပြောပြမှ ကျွန်တော်တို့မှာ ရှင်းလင်းသွားတော့၏။

ထိုအခါမှ ဘက်တော်သားအဘိုးကြီးတစ်ယောက်ယူ၍လာသောထမင်းနှင့်ဆားကို အားရပါးရ စားနိုင်ကြပေတော့၏။

(၂၀)

# ဆင်ပခြတ်ရွာတိုက်ပွဲ

ယခုအချိန်သည်ကား ဗမာတပြည်လုံးတွင် ဂျပန်သုတ်သင်ရေးပွဲတော်ကြီး ကျင်းပလျက်ရှိလေပြီ။ ကွန်မြူနစ်ပါတီနှင့် ပြည်သူ့အရေးတော်ပုံပါတီတို့၏ သား ကောင်းရတနာများသည်လည်းကောင်း၊ တော်လှန်ရေးသမားမျိုးချစ်များသည်လည်း ကောင်း၊ ပြည်သူပြည်သား ဘက်တော်သားများသည်လည်းကောင်း၊ အုံကြွကာ ဗမာ့ တပ်မတော်နှင့်ပူးပေါင်း၍ ဖက်ဆစ်ဂျပန်တို့အား တော်လှန်လျှက်ရှိလေပြီ။ဂျပန်ကား တွေကိုမှောက်၊ မီးရထားတွေကိုဖျက်၊ လှေတွေကိုနှစ်၊ လေယာဉ်ပျံတွေကို မီးရှို့ပစ်ကြ လေပြီ။ ကုန်းရောရေပါ ဂျပန်အလောင်းများမှာလည်း ထပ်လျှက်ရှိလေပြီ။ မဟာမိတ် တပ်များသည်လည်း အောက်သို့ ဖိ၍ဆင်းလာလေပြီ။

ဤကဲ့သို့အရေးကြီးဆုံးသောအချိန်တွင် အနောက်ရိုးမတောင်ခြေ ဖြူး ချောင်းဘေးရှိ (ဆင်ပခြတ်)ခေါ် ကရင်ရွာကလေးတရွာတွင် သခင်သန်းထွန်း၊ ကိုဘ ဟိန်းနှင့် အင်္ဂလိပ်စစ်ဗိုလ်များသည် အတူတကွစခန်းချလျက်ရှိလေသည်။ ဤရွာက လေး၏ ဟိုဖက်ကမ်းတွင်ကား ဂျပန်တွေ အင်အားများသဖြင့် ကျွန်တော်တို့ဆုတ်ခွာလာ ခဲ့ရသောရွာဖြစ်ပေသည်။ ယခုအခါ ကျွန်တော်တို့သည် သခင်သန်းထွန်းတို့နှင့် အတူရှိ နေကြ၏။

'ဟိုမှာ ဂျပန်တွေချကုန်ပြီ'

'ဘယ်မှာလဲ'

'ဟိုဘက်စခန်းမှာ ဂျပန်ငှယောက် ရုတ်တရက်ပေါ်လာပြီး ကင်းစောင့်နေသောရဲဘော်ကိုပစ်တာ ရဲဘော်ဒဏ်ရာရသွားတယ်။ ဂျပန်တွေလဲပြေးကြတာ ရှာမတွေ့သေးဘူး။ ဟိုစခန်းကရဲဘော်တွေတော့ ရှာနေကြတာဘဲ'

'လာ ... ဒါဖြင့်ဒို့လိုက်ရှာမယ်'ဟု ဆိုပြီး ဗိုလ်တိုးလွင်နှင့်ကျွန်တော်တို့လည်း ရဲဘော်အချို့ကိုခေါ်ပြီး သတင်းလာပို့သောရဲဘော်နှင့်အတူ ထိုစခန်းသို့လိုက်ပါသွားကြလေ၏။ မိုးသည်တဖွဲဖွဲရွာလျက်ရှိလေပြီ။ တောင်ကုန်းများကိုတက်သောအခါ မကြာခဏ ချော်၍လဲကြလေ၏။ အဝတ်အစားကိုးယိုးကားယား၊ မိုးရေများစိုပြီး ရွှံ့တွေပေနေသောပြောက်ကျားတပ်သားများသည် ဘာတွေနှင့်တူမှန်းမသိအောင်ဖြစ်နေလေ၏။ ကိုယ့်ဘက်သားထိသွားသည်ကို မခံချင်သောဒေါသနှင့် တစ်တောလုံးဖြန့်ရှာကြလေ၏။ စူးရှသောမျက်လုံးများနှင့် ဖျတ်လတ်သောရဲခေါင်ပြောက်ကျားတို့၏ကြားတွင် ဂျပန်သည် မြေသို့လျှိုးမည်လော၊ မိုးသို့ပျံမည်လော ... ။

မကြာမီ ဂျပန်နှစ်ယောက်ကိုတွေ့ရှိကာ အသေပစ်သတ်လိုက်ကြပြီး ဂျပန်နှစ်ယောက်ကို သုံ့ပန်းအဖြစ်ဖမ်းယူပြီးလေပြီ။ သူတို့ထံမှ လက်နက်များကိုလည်း သိမ်းပြီးလေပြီ။ ဒီလို ဂျပန်များနှင့်တိုက်ခိုက်နေရသည့်ကြားအတွင်းမှာ အသေခံဘို့ရှာလာသော ဂျီတစ်ကောင်ကို ဗိုလ်တိုးလွင်သည် ပစ်သတ်ပြီး ဂျပန်များနှင့်အတူယူဆောင်၍လာခဲ့သေး၏။ ဒဏ်ရာရသူကိုကား ထမ်းစင်နှင့်ထမ်း၍ယူခဲ့၏။ ပြန်၍ရောက်ပြီးနောက် မကြာမီ မောရှိလာခဲ့ကြသောပြောက်ကျားတပ်သားများသည်ဂျီသားဟင်းနှင့် ညစာကို မြိန်ရှက်စွာစားကြလေ၏။ ဂျပန်သုံ့ပန်းများကိုလည်း ဂျီသားဟင်းနှင့် ကျွေး၏။

ထိုည၌ အပြင်မှဂျပန်တို့သည် ကျွန်တော်တို့အား လက်စားချေကြလေ၏။ ချောင်းတဖက်ကမ်းတွင် တပ်စွဲ၍နေသောဂျပန်တို့သည် ညအမှောင်ကိုယူပြီး ကျွန်တော်တို့ရွာကို ပစ်ခတ်တိုက်ခိုက်ကြလေ၏။ ထိုအခါ ကျွန်တော်တို့သည် ကရင်တပ်ခွဲနှင့်ပူးပေါင်းပြီး ချောင်းထိပ်တွင်နေရာယူကာ အပြင်းအထန်ခုခံကြလေ၏။ သေနတ်ကျည်ဆံများသည် ခေါင်းပေါ်မှသစ်ရွက်များကို ဖ .... ရောက် .... ရောက် ....ရောက်နှင့် တိုး၍သွားနေကြလေ၏။ မီးယမ်းတောင့်များသည် ရဲရဲနီကာ ချောင်းပေါ်တွင်ပြေးလွှားနေကြလေ၏။ တိုက်ပွဲသည် တစ်ညလုံးဖြစ်ပွားနေ၏။ ကိုဘဟိန်းသည် တစ်ညလုံးကြီးမှူးကာ ခုခံတိုက်ခိုက်လေ၏။ ရဲဘော်များသည်လည်း ကိုယ်ပိုင်အစွမ်းကို အသီးသီးပြကြ၏။

## ဗိုလ်မှူး ချစ်ကောင်း

နံနက်လင်း၍လာလေပြီ။ ပစ်ခတ်သံများလည်း ရပ်စဲ၍သွားလေပြီ။ ဂျပန်လည်း တပ်လန်၍သွားလေပြီ။ ဤကဲ့သို့ ထိုအချိန်က အရေးအကြီးဆုံးဖြစ်သော ဆင်ပခြတ်ရွာကလေးသည် တစ်လက်မမျှနောက်မဆုတ်ဘဲ စွဲမြဲစွာခုခံနိုင်ခဲ့၏။ အင်အားကြီးသောရန်သူကို တွန်းလှန်နိုင်ခဲ့၏။ အဘယ့်ကြောင့်ဆိုသော် ကရင်–ဗမာသွေးစည်း၍တိုက်ခဲ့သည်။ တပ်မတော်သားနှင့်ပြောက်ကျားတို့ ပူးပေါင်း၍တိုက်ခဲ့သည်။ ညီညွတ်ရေးတပ်ဦး ပီသခဲ့သည်။

(၂၁)

## တန်ခူးလပြည့်မှ–နတ်တော်လပြည့်သို့

ဆင်ပခြတ်ရွာကလေးတွင်ပစ်ခတ်သံများသည် ကျွန်တော်တို့နားထဲတွင် ဆက်၍ ကြားနေရသေး၏။ သေနတ်သံများဆူညံခြင်းမရှိဘဲ တစ်ချက်ချင်း မှန်မှန်ပေါ်နေ၏။ ထို့နောက် ဖြုံးခနဲရပ်၍သွားလေသည်။

ထောင်ဘူးပေါ်မှ ည(၁၂)နာရီ သံချောင်းခေါက်သံပါကလား။

ကျွန်တော်၏စိတ်သည် ကြိုးတိုက်ထဲသို့ ပြန်၍ရောက်လာ၏။ ကြိုးတိုက်ကြီးတခုလုံးမှာ တိတ်ဆိတ်လျှက်ရှိနေ၏။ ညဦးစောစောပိုင်းက ကြားရသော တစ်ခန်းနှင့်တစ်ခန်း လှမ်း၍စကားပြောသံ၊ အော်သံ၊ ရယ်သံ၊ အစောင့်ဝါဒါများ၏ ဂျူတီချိန်းသံများသည် ယခုအခါ တိတ်နေ၏။ အစောင့်များမှတပါး တစ်ဆောင်လုံး အိပ်မောကျနေလေပြီ။

အပြင်တွင်ကား လမင်းကြီးမှာ ထိန်ထိန်သာနေ၏။

ကျွန်တော်ကား ဆင်ပခြတ်ရွာမှနေ၍ ကြိုးတိုက်ထဲသို့ အဘယ်ကဲ့သို့ရောက်လာခဲ့ပါသနည်း။

ကျွန်တော်တို့ တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွားခဲ့ကြသူများတွင် ခေါင်း ဆောင်ဖြစ်သူသခင်ဗိုလ်မှာ လေယာဉ်ပျံပျက်၍ ကျဆုံးခဲ့ရလေပြီ။ ဒုတိယခေါင်းဆောင် မန်းဝင်းမောင်မှာ လေထီးနှင့်ဆင်းစဉ်က ခြေကျိုးခဲ့ရပြီး အခုအခါ နိုင်ငံတော်သမတကြီးဖြစ်နေ၏။ ကိုကျော်ရင်မှာ လေထီးနှင့် ခုန်ချခြင်းလေ့ကျင့်စဉ်က ခြေပွတ်တိုင်လည်သွားပြီး ယခု ကထိကဦးကျော်ရင်ဖြစ်နေ၏။ ကိုအုန်းမောင်ကား လေယာဉ်ပျံနှင့်လာမည့်ဆဲဆဲ လေယာဉ်ပျံကွင်းအနီး၌ ခြေထောက်တွင်မော်တော်ကားအနင်းခံခဲ့ရ

၏။ ယခု သူသည် ပုဒ်မ (၅)ဖြင့်အချုပ်ခံနေရသည်မှာ ၈နှစ်မျှရှိပြီး ကိုးကိုးကျွန်းသို့ အပို့ခံခဲ့ရ၏။ သူ၏ဒူးမှာ သေနတ်မှန်သောဒဏ်ရာကြောင့် ယနေ့တိုင် ဂျိုင်းထောက်ကြီးနှင့်သွားနေရ၏။ မဲဇာတွင် သေမကျန်ရစ်ခဲ့သောကိုလှဖေမှာ ထောင် ၁၀နှစ်ကျခဲ့ရ၏။ ကျွန်တော်တို့ကား ကြိုးတိုက်ထဲသို့ ရောက်နေခဲ့လေပြီ။

ဖက်ဆစ်ဂျပန်ကိုတော်လှန်ပြီးနောက် လွတ်လပ်ရေးကိုအံ့ကြွတောင်းဆိုကြသော နေသူရိန်အစည်းအဝေးကြီးတုန်းက ဗိုလ်မှူးကျော်ဇော၏ ပြောစကားကို သတိရမိလာ၏။ မတ်လ ၂၇ရက်နေ့ ညနေ ၆–၀၀နာရီမှာ တပ်တွေအသင့်တန်းစီပြီးနေပြီ။ ဂျပန်ကို ငါတို့စတင်တော်လှန်ပြီလို့ ဗိုလ်ချုပ်ကြေညာချက်ကိုဖတ်ပြပြီး မလိုက်ဘို့သူကို နေရစ်ဘို့ ပြောတယ်။ ဘယ်သူမှမနေရစ်ဘူး၊ ကျုပ်တို့လိုက်မယ်ဆိုတဲ့ တစ်သံတည်းထွက်လာတယ်။ နောက်ဆုံး ငါတို့သည် ဗမာ့လွတ်လပ်ရေးအတွက် မသေမချင်းတိုက်ခိုက်ပါမယ်လို့ ကျမ်းသစ္စာတပြိုင်တည်း ကျိန်ဆိုတယ်။ နောက် အမျိုးသား သီချင်းကို တပြိုင်တည်းဆိုတယ်။ နောက် တန်းဖြုတ်ပြီး တပ်အသီးသီးဟာ ဆိုင်ရာနယ်မြေကို ချီတက်ကြတယ်။ အဲဒီနေ့ဟာ တန်ခူးလပြည့်နေ့။ လ–ထိန်နေတယ်။ လသာထဲမှာ လယ်တွေကိုဖြတ်ပြီးချီ သွားတဲ့တပ်တွေ၊ မြင်းတွေကို တသက်မမေ့နိုင်တော့မယ် မဟုတ်ပါ။

အပြင်တွင်ကား လမင်းကြီးမှာ ထိန်ထိန်သာနေ၏။

ယနေ့မှာ နတ်တော်လပြည့်နေ့ပါကလား။

ကျွန်တော်သည် တန်ခူးလပြည့်နေ့ ဂျပန်တော်လှန်ရေးတွင်ပါဝင်တိုက်ခိုက်ခဲ့ပြီး နတ်တော်လပြည့်နေ့၌ ကြိုးတိုက်ထဲသို့ရောက်နေခဲ့လေပြီ။

ကျွန်တော့မျက်လုံးများမှာ မိုတ်ထားသလား၊ ပွင့်နေကြသလားမသိ။ ဂျပန်တော်လှန်ရေးတုန်းက ကျဆုံးသွားသောရဲဘော်များကို မြင်နေမိ၏။ သူတို့ စစ်တိုက်ထွက်စဉ်က ပြောသွားကြသောစကားများကို ဗိုလ်မှူးကျော်ဇောက တိုင်းပြည်သို့ တင်ပြနေ၏။ တချို့ရဲဘော်တွေ စစ်တိုက်ထွက်သွားတယ်ဆိုရင်ဘဲ ထွက်သွားခါနီးမှာ မချိမဆန့် စိတ်ဆင်းရဲစွာနဲ့ ကျန်နေရစ်သူတွေကို ရဲဘော်တို့ပြောလိုက်ပါကွာ။ နိုင်ငံရေးခေါင်းဆောင်တွေ နောင်တခေတ်မှာ ငါတို့အရိုးပုံပေါ် ခေါင်းပေါင်းစထောင် သစ္စာဖေါက်ခဲ့ရင် ဘ၀ဆက်တိုင်း–ဆက်တိုင်း ဘာဖြစ်မယ်၊ ညာဖြစ်မယ်၊ စသဖြင့် ပြောသွားတာတွေ အလွန်ထိခိုက်စရာ ကောင်းပါတယ်။

ကျွန်တော်သည် နေသူရိန်ခေတ်ဆီသို့ ပြန်ရောက်သွားလေသည်။

(၂၂)

# ဆန်း နှင့် သန်း

ထိုအချိန်ကား 'နေသူရိန်ခေတ်' သို့မဟုတ် 'ဆန်းနှင့်သန်းတို့၏ခေတ်'ဟု ဆိုရမည်ဖြစ်၏။

ထိုအချိန်မှာ ဂျပန်တော်လှန်ရေးပြီးနောက် ဂျပန်လက်နက်မချသေးမီ မဟာမိတ်နှင့်တွဲ၍ ဂျပန်ကိုတိုက်နေဆဲနှင့် ဂျပန်လက်နက်ချပြီးနောက် လွတ်လပ်ရေးအုံကြွနေချိန်ဖြစ်၏။ ဖက်ဆစ်တိုက်ဖျက်ရေး(နောက်မှ ဖက်ဆစ်ဆန့်ကျင်ရေးဟုပြောင်းသည်)

ပြည်သူ့လွတ်လပ်ရေးအဖွဲ့ကြီးတွင် ဗိုလ်ချုပ်အောင်ဆန်းမှာဥက္ကဌဖြစ်၍သခင်သန်းထွန်းမှာ အထွေထွေအတွင်းရေးမှူးဖြစ်၏။ ထိုအခါက အနောက်နိုင်ငံသတင်းစာကြီးများက ဗမာပြည်နိုင်ငံရေးသတင်းများကိုရေးရာတွင် 'ဆန်းနှင့်သန်း'ဟု ရေးကြ၏။(ဆန်းနှင့်သန်းမှာ မယားညီအစ်ကိုလည်းဖြစ်သည်။)

သူတို့နှစ်ဦးသည် လွတ်လပ်ရေးတိုက်ပွဲတွင် အတူလက်တွဲ၍တိုက်ပွဲဝင်ခဲ့ကြ၏။ ဂျပန်ကိုတော်လှန်ပြီးနောက် ဗမာ့တပ်မတော်၊ ပြောက်ကျားတပ်များနှင့် အင်္ဂလိပ်က ရန်ကုန်ကိုသိမ်းပြီးသောအခါ သူတို့နှစ်ဦးသည် သူတို့တာဝန်ကျရာနယ်အသီးသီးမှနေ၍ ရန်ကုန်သို့ ပြန်ရောက်လာကြ၏။

သခင်သန်းထွန်းက အရင်ပြန်ရောက်ရာ ဂျပန်ခေတ် ဝန်ကြီးလုပ်စဉ်ကနေခဲ့သောအိမ်မှာပင်နေ၏။ သခင်သန်းထွန်းနှင့်အတူကိုဘဟိန်းကျွန်တော်နှင့်အခြားရဲဘော်များလည်းရှိကြ၏။ မကြာမီ ဗိုလ်ချုပ်အောင်ဆန်းပြန်ရောက်လာရာ သခင်သန်းထွန်းနှင့် အတူလာနေ၏။ နောက် မခင်ကြည်ရောက်လာမှ အိမ်ပြောင်း၍သွားခဲ့၏။

လေးနှစ်ရာသီဗမာပြည်စာအုပ်၌ သခင်နုသည် သူတို့နှစ်ဦးကို အထူးတလည် ချီးကျူး၍ထားလေသည်။

ဇူလိုင်လ (၁၉၄၅)တွင် ရန်ကုန်၌ ကွန်မြူနစ်ပါတီဒုတိယအကြိမ်မြောက်ကွန်ဂရက်ကြီး ကျင်းပခဲ့၏။ ထိုကွန်ဂရက်ကြီးသို့ ကျွန်တော်တက်ခဲ့ရာ သခင်သန်းထွန်းက သဘာပတိလုပ်၏။ ဗိုလ်ချုပ်အောင်ဆန်းတက်သည်ကိုကား မတွေ့ရတော့။ သူသည် ပါတီ၏အပြင်ဘက်သို့ ရောက်နေလေပြီ။

နေသူရိန်အစည်းအဝေးကြီးကား အင်္ဂလိပ်ပြန်လာပြီးနောက် ပထမဦးဆုံး အကြိမ်ပြုလုပ်သော လူထု၏ လွတ်လပ်ရေးဆန္ဒပြပွဲကြီးပင် ဖြစ်တော့၏။

ထိုနေ့မှာ ဩဂုတ်လ ၁၉ရက်နေ့ (၁၉၄၅)ဖြစ်၏။

နေသူရိန်ရုံကြီးမှာလူများပြည့်ကာ လျှံထွက်နေ၏။ အားရရွှင်လန်းတက်ကြွသောအမူအရာများသည် လူအများ၏မျက်နှာများပေါ်တွင် အထင်းသားပေါ်နေ၏။ လွတ်လပ်ရေးကိုတောင်းဆိုသောကြွေးကြော်သံများမှာ အရပ်လေးမျက်နှာမှပွဲတင်ထပ်၍နေ၏။ အစည်းအဝေးသို့ လူထုအဖွဲ့အစည်းများသာမက မျိုးချစ်တပ်မတော်သားများသည်လည်း တက်၍လာကြ၏။ တော်လှန်သောတပ်မတော်နှင့် လူထုအဖွဲ့အစည်းများ ပူးပေါင်းမိသော အချိန်အခါကြီးပေတည်း။

ထိုအစည်းအဝေးကြီးက ဆုံးဖြတ်ချက် ၃–ခု ချလိုက်လေသည်။ (၁)ဗမာ့တပ်မတော်နှင့်ပတ်သက်သောဆုံးဖြတ်ချက်။(၂)တိုင်းပြုပြည်ပြုလွှတ်တော်နှင့်ပတ်သက်သောဆုံးဖြတ်ချက်။ (၃)တိုင်းပြည်ညီညွတ်ရေးနှင့်ပတ်သက်သောဆုံးဖြတ်ချက်တို့ဖြစ်

၏။

ထိုအချိန်က ဗမာ့တပ်မတော်ကို အင်္ဂလိပ်ကဖျက်သိမ်းမည်ကဲ့သို့ ဖြစ်နေရာ ဗမာ့တပ်မတော်ကို အစုလိုက်အအုံလိုက် အမြဲတမ်းတပ်မတော်ကြီးအဖြစ် ဆက်လက်တည်တံ့ရေးအတွက် တောင်းဆိုလိုက်သောဆုံးဖြတ်ချက်ပင်ဖြစ်၏။

ဗမာပြည်သို့ အင်္ဂလိပ်ပြန်ဝင်လာပြီးနောက်စစ်အုပ်ချုပ်ရေးနှင့်အုပ်ချုပ်လျှက်ရှိရာ ထိုစစ်အုပ်ချုပ်ရေးကိုအမြန်ရုပ်သိမ်းပြီး ကိုယ်ကြမ္မာ ကိုယ်ဖန်တီးရေးအတွက် တိုင်းပြုပြည်ပြုလွှတ်တော် အမြန်ခေါ်ရန် ဒုတိယဆုံးဖြတ်ချက်က ဆိုထား၏။

တတိယအဆိုကို ဗိုလ်မှူးကျော်ဇောကတင်သွင်းသည်။ တိုင်းပြည်ညီညွတ်ရေး အဆိုဖြစ်၏။ သူကတိုင်းပြည်အတွက် အသက်ပေး၍တိုက်နေရသော စစ်သားတစ်ယောက်အနေနှင့် တိုင်းပြည်ညီညွတ်ရေးပျက်ပြားမည်ကို အထူးရင်လေးမိကြောင်း၊ စစ်ထွက်သွားသောရဲဘော်တွေက မည်သို့ မည်ပုံမှာခဲ့ကြောင်းများကို လှိုက်လှိုက်လှဲလှဲ ပြောပြလေသည်။ မျိုးချစ်ဗမာ့တပ်မတော်စစ်ခေါင်းဆောင်များကလည်း တပြည်လုံးဖက်ဆစ်တိုက်ဖျက်ရေးပြည်သူ့လွတ်လပ်ရေးအဖွဲ့ကြီး၏ အလံတော်အောက်၌ စုရုံးကြရန် ကိုယ်တိုင်လက်မှတ်များရေးထိုးလျှက် ထုတ်ပြန်လိုက်လေသည်။

မကြာမီ ဗမာ့တပ်မတော်နှင့်ပတ်သက်၍ ဆွေးနွေးရန် ဖတပလ(ဖဆပလ) ကိုယ်စားလှယ်များအား သူ၏စစ်ဌာနချုပ်ရှိရာ ကန္ဒီ (သီဟိုဠ်)သို့ လာရန် မဟာမိတ်စစ်သေနာပတိချုပ် မောင့်ဘက်တန်က ဖိတ်ကြားလိုက်လေသည်။ ထိုဆွေးနွေးပွဲသို့ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်သန်းထွန်းနှင့် အခြားကိုယ်စားလှယ်အဖွဲ့ဝင်များ သွားခဲ့ကြ၏။

ထိုဆွေးနွေးပွဲ၌ ဗမာ့တပ်မတော်ကိုအစုလိုက် ဗမာစစ်တပ်(ဘားမားရိုင်ဖယ်) အဖြစ်ပြောင်းရန် သဘောတူလက်မှတ်ရေးထိုးကြ၏။ စက်တင်ဘာ ၆ရက်၊ ၇ရက် (၁၉၄၅)နေ့များ၌ ဆွေးနွေးကြပြီး လက်မှတ်ရေးထိုးကြသော ထိုသဘောတူညီချက်သည် ကန္ဒီစာချုပ် ဖြစ်လာလေသည်။

ကန္ဒီစာချုပ်အရ ဗမာ့တပ်မတော်ကို ဗမာစစ်တပ်(ဘားမားရိုင်ဖယ်)အဖြစ်ပြောင်း၍ဖွဲ့စည်းသောအခါ ကျွန်တော်သည်တပ်မတော်တွင် ဆက်လက်အမှုမထမ်းတော့ဘဲ ကွန်မြူနစ်ပါတီ၏ကြွေးကြော်သံအာဘော်ဖြစ်သော ပြည်သူ့အာဏာဂျာနယ်ထုတ်ဝေရေးအတွက် ကိုဘဟိန်းနှင့်အတူ စိုင်းပြင်းခဲ့၏။

ထိုစဉ်က ကျွန်တော်သည် ကိုဘဟိန်းနှင့်အတူ မြေနုလမ်းတွင်နေ၏။ ပြည်သူ့ အာဏာထုတ်နိုင်ရေးအတွက် ကျွန်တော်တို့သည် ငွေရှာကြ၏။ ဆောင်းပါးများကို ကျွန်တော်တို့ပင်ရေး၏။ စာပုံနှိပ်ပြီးစာရွက်များကို ကျွန်တော်တို့ပင်ခေါက်၏။ ထို့နောက် ဂျာနယ်များကိုလက်တွင်ပိုက်ပြီး ဂေါ်နှင့်အော်ကာ တစ်အိမ်တက်ဆင်း ကျွန်

တော်တို့ပင် လျှောက်၍ရောင်းကြလေသည်။ စက်တင်ဘာလ ၂၈ရက်နေ့ (၁၉၄၅)တွင် ပြည်သူ့အာဏာ စ၍ထွက်ခဲ့၏။

အောက်တိုဘာလတွင် အိန္ဒိယမှကိုသိန်းဖေပြန်ရောက်လာ၏။ သူ၏ကျောရိုး ဒဏ်ရသောအနာမှာ ပျောက်ပြီဖြစ်သော်လည်း အသားသေသွားရန်အတွက် ကိုယ်ကြပ် အင်္ကျီကြီးစွပ်ထားရသေး၏။ သူ့ကို ကွန်မြူနစ်ပါတီ ဗဟိုလက်ကွန်ဂရက်တုန်းက အထွေထွေအတွင်းရေးမှူးအဖြစ် ရွေးခဲ့၏။

သူနှင့်အတူ မန်းဝင်းမောင်လည်းပါလာသည်။ မန်းဝင်းမောင်မှာ လေထီးနှင့် ဆင်းစဉ်က ခြေထောက်ကျိုးသွားခဲ့ရာ မဟာမိတ်တပ်များက ထိုနယ်ကိုသိမ်းသောအခါ လေယာဉ်ပျံနှင့်ကာလကတ္တားသို့ပြန်ပို့ပြီး သူ့ခြေကိုဆေးကုသခဲ့၏။ ယခု သူ့ခြေထောက် မှာကောင်းသွားပြီး ကိုသိန်းဖေနှင့်အတူ ဗမာပြည်သို့ ပြန်လာခဲ့ခြင်းဖြစ်၏။

မန်းဝင်းမောင်သည် ကရင်လူငယ်များကိုစုစည်းကာ ကရင်လူငယ်များ၏ ကြွေးကြော်သံအာဘော်အဖြစ် ဂျာနယ်တစ်စောင်ကိုထုတ်ဝေလေသည်။ ထိုဂျာနယ်ကို ပြည်သူ့အာဏာပုံနှိပ်တိုက်တွင်ရိုက်ရာ ကျွန်တော်တို့က ဆောင်းပါးများ ဝင်၍ရေးကြရ၏။

မန်းဝင်းမောင်သည် ကရင်ဗမာသွေးစည်းရေးကို လိုလားယုံကြည်သူ ကရင် လူငယ်တစ်ယောက်ဖြစ်ရာ ကရင်တို့၏အမျိုးသားစိတ်ဓါတ်ကို အသုံးချ၍ ကရင်ဗမာ သွေးကွဲမှုကိုဖြစ်စေရန် နယ်ချဲ့သမားများက လှုံ့ဆော်ပေးနေသော ကရင်ပြည်နယ်ခွဲထွက် ရေး၊ သီးခြားကရင်ပြည်ထူထောင်ရေး ဆိုသောအယူအဆများကို အစကတည်းကပင် လက်ခံသူမဟုတ်ပေ။ သူက ကရင်ဗမာသွေးစည်းမှုအားဖြင့် ဗမာပြည်သစ်ထူထောင် ရေးဘက်ကသာ ရှေ့နေလိုက်ခဲ့လေသည်။

သူသည် ကွန်မြူနစ်သင်တန်းများနှင့် ကွန်မြူနစ်အစည်းအဝေးများသို့ လည်း တက်ရောက်ခဲ့၏။ နယ်မှ လယ်သမားညီလာခံများသို့လည်း တက်ရောက်ခဲ့လေ သည်။ တစ်ကြိမ်တွင် အိမ်မဲကရင်ဗမာသွေးစည်းရေးလယ်သမားညီလာခံသို့ သခင် သန်းထွန်း၊ နောင်တွင် ကျွန်တော့ဇနီးဖြစ်မည့် အမျိုးသမီးတို့နှင့်အတူ သူပါသွားရာ သူက ကျွန်တော့အမျိုးသမီးအား ကရင်မဟုထင်မှတ်မိသည်ဟုဆို၏။

သူသည် ဂျာနယ်ကိစ္စနှင့် ပါတီဘုံရိပ်သာသို့အမြဲလာလေ့ရှိရာ (ထိုအခါ၌ ကျွန်တော် ဘုံရိပ်သာသို့ ပြောင်းနေပြီဖြစ်၍) ကျွန်တော့အား 'ဟေ့–ဗိုလ်တုူး။ မင်းဒီမှာ ဘာလာလုပ်နေတာလဲကွ။ ရဲဘော်မတွေကို လာပိုးနေတာလား။ ဘယ်သူလဲကွ ငါ့ကို ပြောစမ်းပါအုံး'ဟု သူကစလေ့ရှိ၏။ (ဗိုလ်တုူးမှာ အိန္ဒိယသို့အတူသွားကြစဉ်က ကျွန် တော့အား သူခေါ်သောနာမည်ဖြစ်၏။) သူသည် ပျော်တတ်၊ နောက်တတ်သူဖြစ်၏။

'ဆန်းနှင့်သန်းခေတ်'ကား ပျော်စရာကြီးပင်ဖြစ်၏။ တပြည်လုံး တက်ညီလက်ညီနှင့်လုပ်ကြကိုင်ကြသည်မှာ အားရစရာကြီးပင်ဖြစ်၏။ လူတိုင်းလူတိုင်း ကိုယ်ရေးကိုယ်တာတွေကို ဘေးဖယ်ထားကြပြီး လွတ်လပ်ရေးအတွက်သာ အားသွန်၍ကြိုးပမ်းကြ၏။ ကိုယ်ကျိုးကိုစွန့်ကြ၏။ အနစ်နာခံကြ၏။ ဒါတွေကိုပင် အရသာရှိကြ၏။ ပီတိဖြစ်ကြ၏။

ထို့ကြောင့်ပင် ၁၉၄၅–ခုနှစ်အကုန် အလယ်ပစ္စယံတွင်ဖဆပလညီလာခံကြီးပြုလုပ်သောအခါ၌ တခဲနက်သောလူထုကြီးမှာ သိန်းချီ၍တက်လာကြပြီး အမျိုးသမီးများသည် လွတ်လပ်ရေးရံပုံငွေအတွက် မိမိတို့ကိုယ်တွင်အမြတ်တနိုးဝတ်ဆင်ထားသော ရွှေ၊ ငွေ၊ ရတနာများကိုချွတ်၍ ရက်ရက်ရောရော လှူခဲ့ကြသည် မဟုတ်ပါလော။

(၂၃)

# ညီညွတ်ရေးဗိသုကာ

ဤသို့ တပြည်လုံး ညီညီညွတ်ညွတ်၊ စုစုစည်းစည်းနှင့် နှစ်ထောင်းအားရ စရာကောင်းလောက်အောင် လွတ်လပ်ရေးအတွက် ကြိုးပမ်းနေကြစဉ်က ကိုဘဟိန်း၏ နှလုံးရောဂါမှာ စိုးရိမ်စရာကောင်းသောအခြေအနေသို့ ရောက်နေခဲ့ပြီးဖြစ်သော်လည်း စိတ်ဆောင်နေသဖြင့် အလုပ်ကိုတက်တက်ကြွကြွ လုပ်ကိုင်ဆဲပင်ရှိသေး၏။

သူသည် ကွန်မြူနစ်ပါတီ၏သဘာပတိဖြစ်၍ လက်ဝဲညီညွတ်ရေးနှင့်အမျိုးသားညီညွတ်ရေးတို့ကို အစဉ်တစိုက်ကြိုးပမ်းခဲ့လေသည်။ သူ့ကို ကွန်မြူနစ်ပါတီဝင်များသာမက၊ အခြားလက်ဝဲအင်အားစုများနှင့် အမျိုးသားအင်အားစုများကပါ ချစ်ခင်လေးစားခဲ့ကြ၏။

ဂျပန်တော်လှန်ခါနီးအချိန်က ကွန်မြူနစ်ပါတီနှင့် ပြည်သူ့အရေးတော်ပုံပါတီ (ဆိုရှယ်လစ်)တို့သည် တော်လှန်ရေးတပ်ဦးအမည်နှင့် တစ်ဖွဲ့ တည်းပူးပေါင်း၍ ဖွဲ့စည်းခဲ့၏။

ထို့နောက် နှစ်ဖွဲ့ပြန်၍ဖြစ်သွားကြပြန်ရာ ၎င်းတို့ တစ်ဖွဲ့တည်းပြန်လည်ဖြစ်ရေးအတွက် ကိုဘဟိန်းသည် အတတ်နိုင်ဆုံးကြိုးစားလေသည်။ ကိုဘဟိန်း၏ မြေနုလမ်းအိမ်မှာ ကွန်မြူနစ်နှင့်ဆိုရှယ်လစ်ခေါင်းဆောင်များ ဓေ့စပ်ရာဂေဟာဖြစ်နေ၏။ အောင်မြင်မှုကား မရ။

ဤအထဲ ကွန်မြူနစ်ပါတီတွင်းကွဲအက်မှုက ဖြစ်လာပြန်၏။ ၁၉၄၆–ခု၊ မတ်လ။ သခင်စိုးကတစ်ဖက်၊ သခင်သန်းထွန်းနှင့်ကိုသိန်းဖေတို့က တစ်ဖက်၊ ကွန်မြူ

နှစ်ပါတီမှာ ကျွန်တော်တို့အယုံအကြည်ဆုံး၊ အားအထားဆုံး၊ ချစ်မြတ်နိုးဆုံးပါတီ။ ထိုပါတီကကွဲတော့မည်ဟု ဆိုသောအခါ ကျွန်တော်တို့၏အသဲ၌ နာကျင်ပူပန်မှုမှာ ထိုအခါတုန်းကလောက် ဘယ်တုန်းကမှမဖြစ်ခဲ့ဘူးပေ။ ထို့ပြင် ဤသို့ပါတီကွဲမှုကြောင့် နောင်အခါတွင် တိုင်းပြည်၌ ဆက်၍ဆက်၍ဖြစ်လာမည့် အန္တရာယ်များကိုလည်း တွက်မိသဖြင့် ခေါင်းထဲကစိုးရိမ်မှုမှာ မူးနောက်အောင်ဖြစ်၍နေလေသည်။ ကိုဘဟိန်း ပင်အားကိုးရတော့မည်ဖြစ်၏။

ကွဲရန်ဆုံးဖြတ်ပြီးသည့် နောက်ဆုံးအချိန်ဖြစ်သောညတွင် ကိုအောင်သူ (သံမဏိကိုမောင်မောင်)နှင့်ကျွန်တော်သည် သခင်စိုးကြီးကို ကိုဘဟိန်းထံသို့ မရမက ခေါ်၍လာခဲ့၏။ သူတို့နှစ်ယောက်သည် ထိုင်မိကြပြီး ဘာမျှစကားမပြောဘဲ ခဏမျှငြိမ်နေကြ၏။ ကျွန်တော်ကပင်စ၍ ....

'ကျွန်တော်တို့ ဒီအတိုင်းသာပါတီကွဲရင်တော့ တိုင်းပြည်မှာအများကြီး ထိခိုက်တော့မှာဘဲ။ ရှေ့ဆက်လုပ်ရမယ့်အလုပ်တွေအားလုံး ထိခိုက်ကုန်မှာဘဲ။ ဒီတော့ ဒါတွေကိုထောက်ထားပြီး ပါတီမကွဲရအောင် ခင်ဗျားတို့ခေါင်းဆောင်နှစ်ယောက် ပြန်ပြီး ဆွေးနွေးညှိနှိုင်းတိုင်ပင်ကြပါဦး။ မကွဲအောင် ခင်ဗျားတို့လုပ်ရင်ဖြစ်နိုင်ပါတယ်'

သူတို့နှစ်ယောက်ပြောလိုက်ကြသည်မှာ ညသန်းကောင်တိုင်သွား၏။ ကိုဘဟိန်းသည် အများကြီးပြော၏။ အတော်ပင် ပြေပြေလည်လည်ဖြစ်လာကြ၍ နားထောင်နေကြသော ကျွန်တော်တို့မှာ အားတက်လာကြ၏။

အပြန် သခင်စိုးကြီးကို ကျွန်တော်တို့လိုက်ပို့ကြသောအခါ လမ်းပေါ်၌ သူက 'ကျုပ်တော့ ကြက်သားအုပ်မကြီးလိုဖြစ်နေပြီဗျာ။ ဟိုကြက်ထိန်းရ၊ ဒီကြက်ထိန်းရနဲ့' ဟု ဆို၏။ ကျွန်တော်တို့က ရယ်နိုင်လာကြ၏။

သို့သော် ကိုဘဟိန်းသည် ပါတီမကွဲအောင်မတတ်နိုင်ခဲ့ပေ။ သူ့ရောဂါမှာ ပို၍ဆိုးလာခဲ့၏။ သူ့ကို ပါတီကလည်းကောင်း၊ သူဥက္ကဋ္ဌလုပ်နေသော အလုပ်သမားသမဂ္ဂကလည်းကောင်း၊ အနားယူရန်ခွင့်ပေးထားရတော့၏။ သူသည် အနားယူရင်းက နေ၍ ဂိုဏ်းဂနဝါဒကိုတိုက်ဖျက်သော စာတမ်းများကို ရေးသေး၏။ သို့သော် ထိုစာတမ်းများသည်လည်း သူချစ်သောပါတီကို ပြန်လည်ညီညွတ်အောင် မတတ်နိုင်တော့ပေ။

ပါတီကွဲသွားရာ၌ ကျွန်တော်သည် ကိုဘဟိန်း၊ သခင်သန်းထွန်းနှင့် ကိုသိန်းဖေတို့ဖက်သို့ ပါခဲ့၏။ သခင်စိုးတို့ပါတီမှာ ဖဆပလအတွင်း၌ ဆက်လက်ပါဝင်ခွင့်မရတော့ဘဲ သခင်သန်းထွန်းတို့ပါတီသာလျှင် ဆက်လက်ပါဝင်ခွင့်ရနေခဲ့၏။

ကိုဘဟိန်းရောဂါပိုဆိုးလာ၍ သူ့မိဘရပ်ထံမန္တလေးသို့ပြန်ပြီး အနားယူဆေး

## ဗိုလ်မှူး ချစ်ကောင်း

ကုနေရချိန်၌ ကျွန်တော်သည် ပါတီဗဟိုတွင်မဟုတ်တော့ဘဲ ပျဉ်းမနားသို့ ရောက်ခဲ့ပြီ ဖြစ်၏။

မန္တလေးတွင် ကိုဘဟိန်း၏ရောဂါမှာ အစ၌သက်သာလာသေး၏။ သူစိတ်လှုပ်ရှားမည်စိုး၍ ဘာသတင်းစာမှမရ။ သို့သော်တစ်နေ့တွင် ပစ္စည်းထုပ်လာသော သတင်းစာစက္ကူစကလေးတစ်ခုကို သူကိုင်ပြီးကြည့်မိရာ ဖဆပလထဲမှ ကွန်မြူနစ်ပါတီကိုထုတ်ပစ်ကြောင်းသတင်းကို တွေ့သွားတော့၏။ ထိုအခါမှစ၍ သူ၏ရောဂါမှာ အတက်ဖက်သို့ သွားနေခဲ့ရာ နောက်ဆုံးကွယ်လွန်သည်အထိဖြစ်တော့၏။(၁၉၄၆-ခု။ နိုဝဘာလ ၂၀ရက်နေ့တွင် ကွယ်လွန်သည်။)

ကိုဘဟိန်းကား တကယ့်ညီညွတ်ရေးဗိသုကာပင် ဖြစ်ပေ၏။

(၂၄)

# ဖဆပလ ကွဲခြင်း

အမျိုးသားညီညွတ်ရေးရရှိနေခြင်းကို နယ်ချဲ့သမားများသည်နည်းနည်းကလေးမျှ သည်းမခံနိုင်ကြပေ။ အမျိုးသားညီညွတ်ရေးခိုင်မာလေ သူတို့အဘို့အကြပ်ရိုက်လေဖြစ်၏။ ထို့ကြောင့် သူတို့သည် အမျိုးသားညီညွတ်ရေးကိုပျက်ပြားအောင် နည်းမျိုးစုံနှင့် ကြိုးစားကြ၏။

သူတို့သည် အဓိကအားဖြင့် နည်းနှစ်မျိုးကိုသုံးကြ၏။ တဖက်က အကြမ်းဖက်ဖိနှိပ်သောနည်းနှင့် တဖက်က ဇေ့စပ်လိုက်လျောသောနည်း ဖြစ်၏။

အင်္ဂလိပ်နယ်ချဲ့သမားများသည် တဖက်က မတတ်သာသဖြင့် ဗမာမျိုးချစ်များနှင့်ပူးတွဲ၍ ဖက်ဆစ်ဂျပန်ကိုတိုက်ခဲ့ရသော်လည်းတဖက်ကမျိုးချစ်အမြောက်အမြားကို ဖမ်းဆီးထောင်ချခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်းများကို ပြုလာကြ၏။ တိုင်းပြည်လွတ်လပ်ရေးအတွက် တော်လှန်တိုက်ခိုက် နေကြသောမျိုးချစ်တော်လှန်ရေး သမားများကို 'သူခိုး၊ ဓါးပြများ' 'ဆူပူသောင်းကျန်းသူများ' 'ရာဇဝတ်ကောင်များ'အဖြစ် ရုံးတင်တရားစွဲကာ ထောင်ထဲ၌ထည့်၍ထား၏။ အင်းစိန်ထောင်ထဲ၌ ပဲခူးဖက်မှမျိုးချစ် တော်လှန်ရေးသမားများနှင့် ပြည့်နေတော့၏။ သူတို့သည် ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့သော ပုဂ္ဂိုလ်ကိုပင် ဖမ်းရန်ကြံစည်သေး၏။

သူတို့သည် ဗြူရိုကရက်အရာရှိဆိုးများကို ပြန်လည်ခန့်ထားပြီး ဖိနှိပ်ရေးများကိုပြုလုပ်ကြ၏။ ကျေးရွာများ၌ သူကြီးဆိုးများသည် မြေရှင်များအလိုကျ လယ်သမားများကို လယ်ထဲမှမောင်းထုတ်ကာ ထင်တိုင်းမင်းမူ၍နေကြလေ၏။

သို့သော် ပြည်သူလူထုကြီးသည် ငုံ့ခံ၍ မနေပေ။

ထန်းတပင်(အင်းစိန်)သေနတ်ပစ်မှုကြီးက လူထုကြီးအားတခဲနက်အုံကြွ

ကန့်ကွက်မှုကြီးဖြစ်အောင် တွန်းဆော်ပေးလိုက်ပေသည်။ (၁၉၄၆ခု မေလတွင် အင်းစိန်ခရိုင် ထန်းတပင်မြို့၌ လူထုစီတန်းအင်အားပြပွဲကို ပုလိပ်ကသေနတ်နှင့်ပစ်ရာ လယ်သမားကြီး ၄ဦး ထိမှန်သေဆုံးခဲ့၏။)

ဖဆပလဌာနချုပ်က ဤကိစ္စကို အပြင်းအထန်ကန့်ကွက်ရေးအတွက် ထန်းတပင်သို့သွား၍ ပထမစုံစမ်းရန် စုံစမ်းရေးအဖွဲ့တစ်ခု စေလွှတ်ရာ ဖဆပလခေါင်းဆောင် ဦးကျော်ငြိမ်းနှင့်အတူ ပြည်သူ့အာဏာဂျာနယ်မှ ကျွန်တော်ပါသွား၏။

ထန်းတပင်သို့ ညနေနေဝင်ရီသရောအချိန်ရောက်သွားရာ မြို့ကလေးမှာ ခြောက်ပြီး တိတ်နေ၏။ အိမ်တံခါးများမှာလည်း ပိတ်ထားကြ၏။

ကျွန်တော်တို့သည် အသိအိမ်တစ်အိမ်သို့ဝင်ပြီးထိုင်၍မှ မကြာမီ ဂတ်မှပုလိပ်များရောက်လာကာ ကျွန်တော်တို့အား ဝိုင်းဖမ်းပြီး ဂတ်သို့ခေါ်သွားလေသည်။ ထို့နောက် မေးမြန်းပြီး ပြန်လွှတ်လိုက်၏။

ထိုည၌ လိုသမျှကိုမေးမြန်းစုံစမ်းကြပြီး နောက်တနေ့ ဦးကျော်ငြိမ်းတို့က ဌာနချုပ်သို့ ပြန်သွားကြ၏။ ကျွန်တော်တို့က ကျဆုံးသော လယ်သမားကြီးများ၏ ရွာများသို့ သွားရောက်စုံစမ်းအားပေးပြီး ပြန်လာခဲ့၏။

ထန်းတပင်သေနတ်ပစ်မှုကြီးကို လူထုကြီးတရပ်လုံးက အုံကြွ၍ကန့်ကွက်ကြ၏။ ရန်ကုန်မှလူထုကြီးသည် မော်တော်ယာဉ်သမဂ္ဂမှ ကားများနှင့် ထန်းတပင်သို့ ချီတက်သွားကာ အင်အားပြကြ၏။

ပြည်သူ့အာဏာဂျာနယ်တွင် ထန်းတပင်သေနတ်ပစ်မှုကြီးနှင့်ပတ်သက်၍ ကျွန်တော်တို့ ပြင်းပြင်းထန်ထန် ကန့်ကွက်၍ရေးသားကြ၏။ ပဲခူးတော်လှန်ရေးသမားများနှင့်ပတ်သက်၍ကား 'ဤမျိုးချစ်တော်လှန်ရေးသမားများကို နယ်ချဲ့တရားရုံးများက စစ်ပိုင်ခွင့်မရှိ' ဟူ၍ပင် အတိအလင်းရေးလေသည်။

လူတန်းစားအသီးသီး၏ မကျေနပ်ချက်များမှာ ဒီဂရီမြင့်သည်ထက် မြင့်လာကြလေ၏။ တောင်သူလယ်သမားများသည် အဝတ်ပြဿနာဖြေရှင်းရေး၊ လက်ငုတ်လယ်မြေလက်မလွှတ်ရေး၊ အမတော်ကြေးရရေး၊ အရာရှိဆိုးများနှင့်သူကြီးဆိုးများ၏ ညှင်းပန်း နှိပ်စက်မှုများမှလွတ်မြောက်ရေးတို့အတွက် စည်းရုံးရေးအင်အားနှင့် တိုက်ပွဲဝင်ကြလေ၏။ အချို့နေရာများတွင်ကား အင်္ဂလိပ်နယ်ချဲ့သမား၏ သိမ်းပိုက်ရေးတပ်များ၊ အရာရှိဆိုးများ၊ သူကြီးဆိုးများနှင့်မြေရှင်ဆိုးများ၏ ညှင်းပန်းနှိပ်စက်မှုဒဏ်ကို မခံနိုင်ကြသော လယ်သမားများသည် ရရာလက်နက်များကိုစွဲကိုင်ကာ တော်လှန်တိုက်ခိုက်ကြလေ၏။ ဤနည်းအားဖြင့် အင်္ဂလိပ်ဝင်လာပြီးနောက် မရေးမနှောင်းမှာပင် ရခိုင်သူပုန်နှင့် ပျဉ်းမနားသူပုန်များ ပေါ်ပေါက်လာကြလေသည်။

ထိုအချိန်၌ ကျွန်တော်သည် ပျဉ်းမနားတွင်ရှိနေ၏။ လယ်သမားများ၏ အကျိုးစီးပွားများကိုကာကွယ်စောင့်ရှောက်ရန်အတွက် တရားဝင် လယ်သမားတပ်ဖွဲ့များကို ကျွန်တော်တို့ဖွဲ့ကြ၏။ ထိုလယ်သမားတပ်ဖွဲ့များသည် ပြည်သူ့ရဲဘော်များနှင့် လက်တွဲလျှက် လယ်သမားများ၏ အကျိုးစီးပွားများကိုကာကွယ်ကြ၏။ ပျဉ်းမနားတွင်ပြည်သူ့ ရဲဘော်ခေါင်းဆောင်မှာ ရဲဘော်သုံးကျိပ်ဝင်ဗိုလ်တာရာဖြစ်၏။(ပြည်သူ့ရဲဘော်မှာ ၁၉၄၅ခုနှစ် မျိုးချစ်တပ်မတော်ကို ဗမာစစ်တပ်အဖြစ်ပြောင်းလဲဖွဲ့စည်းစဉ်က တပ်မှထွက်သော ရဲဘော်များကိုအခြေခံ၍ စုပေါင်းဖွဲ့စည်းခဲ့သော အဖွဲ့အစည်းဖြစ်၏။)

ကျွန်တော်သည် သာဝတ္ထိဖက်လယ်သမားများ အဖိနှိပ်ခံရခြင်းနှင့်ပတ်သက်၍ စုံစမ်းရေးဆင်းနေစဉ် အထွေထွေသပိတ်ကြီးမှာ အစိုးရအမှုထမ်းများ၏ ရှားပါးစရိတ်တိုက်ပွဲမှ စတင်ပေါ်ပေါက်ခဲ့ပြီး ပုလိပ်များမှစ၍ မီးရထား၊ စာတိုက်၊ စာရေးစာချီနှင့် ကုမ္ပဏီအလုပ်သမားများပါ ပါဝင်ကြရာ ဗမာ့ရာဇဝင်တွင် အရင်တခါဘူးမျှမကြုံဘူးသော သပိတ်ကြီးဖြစ်ပေ၏။

ဗမာပြည်တွင် နယ်ချဲ့အုပ်ချုပ်ရေးစက်ယန္တရားကြီးတခုလုံးမှာ ရပ်ဆိုင်း၍ သွားလေပြီ။

ထိုသပိတ်ကြီးကို လူထုကြီးတရပ်လုံးကထောက်ခံကြ၏။ ပုလိပ်များနေရာတွင် ရပ်ရွာကာကွယ်ရေးကို ပြည်သူ့ရဲဘော်များက စောင့်ကြပ်ပေးကြ၏။ မီးရထားတွေ ရပ်သွားသဖြင့် ခရီးအသွားအလာနှင့် သတင်းစာများကို မော်တော်ယာဉ်သမဂ္ဂများက သယ်ယူပေး၏။

နယ်ချဲ့သမားများသည် ဖိနှိပ်သည့်နည်းနှင့် အမျိုးသားညီညွတ်မှုကိုသွေးကွဲအောင်လုပ်၍မရသည့်ပြင် ပိုမို၍ညီညွတ်အုံကြွလာသည်ကို တွေ့ရလေရာ စေ့စပ်လိုက်လျောသောနည်းကို အသုံးပြုလာကြပြန်လေသည်။

ဗမာပြည်ဘုရင်ခံသည် မတတ်သာတော့ဘဲ ဖဆပလအဖွဲ့ကြီးနှင့်စေ့စပ်ရေးလုပ်ရကာ ဘုရင်ခံအမှုဆောင်အဖွဲ့အတွင်းသို့ ဖဆပလကို နေရာအများပေး၍ ထည့်သွင်းဖွဲ့စည်းလာရလေတော့သည်။

ဤသည်ပင်လျှင် အမျိုးသားညီညွတ်ရေးတပ်ပေါင်းစုကြီးဖြစ်သော ဖဆပလအတွင်း သွေးကွဲမှုကိုဖြစ်စေလေတော့သည်။

ပထမ၌ ကွန်မြူနစ်ပါတီက ဝန်ကြီးတစ်နေရာဝင်ယူ၏။ နောက် ဝန်ကြီးနေရာမှ နုတ်ထွက်ကာ ဖဆပလသည် ဘုရင်ခံ၏အမှုဆောင်အဖွဲ့တွင် မဝင်သင့်ကြောင်း ဝေဖန်ချက်ထွက်လာ၏။ ဤပြဿနာနှင့်ပတ်သက်၍ ဖဆပလအတွင်း၌ မပြေလည်မှုများဖြစ်လာ၏။ အလုပ်သမားသပိတ်များနှင့် ပတ်သက်၍ ဖဆပလကိုယ်စားလှယ်များ

## ဗိုလ်မှူး ချစ်ကောင်း

ပါဝင်နေ သော ဘုရင်ခံအမှုဆောင်အဖွဲ့ကဖြေရှင်းပုံကို ပြည်သူ့အာဏာဂျာနယ်က ‘သပိတ်အရေးတော်ပုံနှင့် နယ်ချဲ့သမားတို့၏ မျက်လှည့်ပြပွဲကြီး’ဟု ရေး၏။ ထိုရေးသားချက်များကို ရုပ်သိမ်း၍တောင်းပန်ရမည်ဟု ဖဆပလအလုပ်အမှုဆောင်အဖွဲ့က ကွန်မြူနစ်ပါတီသို့ တောင်းဆို၏။ ကွန်မြူနစ်ပါတီက မရုပ်သိမ်း။

မရုပ်သိမ်းနိုင်ဟု ကွန်မြူနစ်ပါတီက စာပြန်သောနေ့မှာပင် ဖဆပလအလုပ်အမှုဆောင်အဖွဲ့က ကွန်မြူနစ်ပါတီအား ဖဆပလမှ ထုတ်ပစ်ကြောင်းဆုံးဖြတ်လိုက်လေသည်။

ထိုနေ့မှာ သီတင်းကျွတ်လပြည့်နေ့ဖြစ်၏။ (၁၉၄၆ခု အောက်တိုဘာလ ၁၀–ရက်)

ဤနည်းဖြင့် အသက်ပေါင်းများစွာစတေး၍တည်ဆောက်ခဲ့ရသော ဖဆပလကြီးမှာ နယ်ချဲ့သမား၏ပရိယာယ်သပ်လျှိုမှုကြောင့် ကွဲခဲ့ရလေပြီ။ ဤအချိန်မှစ၍ တိုင်းပြည်တွင်အကြီးဆုံးဖြစ်သော အင်အားစုကြီး ၂–စုမှာ တစ်ခုနှင့်တစ်ခုတိုက်ခိုက်ကြရလေပြီ။

ကွန်မြူနစ်ပါတီကို ဖဆပလမှထုတ်ပစ်လိုက်သောအခါ မန်းဝင်းမောင်သည် ဖဆပလတွင် ကျန်ရစ်ခဲ့လေသည်။

ကျွန်တော်တို့သည် ဖဆပလမှကွန်မြူနစ်ပါတီကိုထုတ်ပစ်လိုက်ပြီးဖြစ်ကြောင်း ပျဉ်းမနားမှနေ၍ကြားကြရ၏။

(၂၅)

# လုပ်ကြံမှုကြီး

ဖဆပလအတွင်းမှကွန်မြူနစ်ပါတီကိုထုတ်ပစ်ပြီးနောက် တိုင်းပြည်တွင်ကျရောက်လာသည့် ကြမ္မာဆိုးများမှာ တစ်ခုပြီးတစ်ခု ဆက်တိုက်လာနေရာ မမြော်ခေါ်နိုင်လောက်အောင်ပင်ဖြစ်တော့၏။

စစ်မြေပြင်တွင်အတူလက်တွဲ၍တိုက်ခိုက်လာကြသည်မှ မကြာလှသေးသောပြည်သူ့ရဲဘော်များမှာ နှစ်ပိုင်းကွဲသွားပြီး ဗိုလ်သိန်းတန်နှင့် ဗိုလ်အောင်မင်းတို့ဦးဆောင်သောအပိုင်းက တပ်နီအဖြစ်ထူထောင်လိုက်ကြလေသည်။ တပြည်လုံး ပြည်သူ့ရဲဘော်နှင့်တပ်နီမှာ စင်ပြိုင်ဖြစ်၍ လာကြလေ၏။

ကျွန်တော်တို့ပျဉ်းမနားဖက်တွင်ကား မူလကဖွဲ့စည်းပြီးဖြစ်သော လယ်သမားတပ်ဖွဲ့များနှင့်တပ်နီကို တပ်နီအဖြစ်ပူးပေါင်းဖွဲ့စည်းလိုက်၏။

ကွဲပြားသွားသော အမျိုးသားရေးအင်အားစုများသည် အချင်းချင်းတစ်ဦးနှင့်တစ်ဦး ရန်သူပမာဖြစ်လာကြလေ၏။

တစ်ညနေတွင် ကျွန်တော်သည် တောင်တွင်းကြီးမှပျဉ်းမနားသို့သွားသောမီးရထားနှင့်ပါလာ၏။ မီးရထားသည် တောင်တွင်းကြီးပျဉ်းမနား သစ်တောများကိုဖြတ်၍ ပြေးလျက်ရှိရာမှ မိုးမချုပ်တချုပ်တွင် လယ်ဝေးဘူတာသို့ဆိုက်ရာ သတင်းဆိုးကြီးတစ်ခုသည် မီးရထားပေါ်သို့ပျံ့၍လာလေ၏။ ခရီးသည်များသည် တစ်ဦးနှင့်တစ်ဦး

ခေါင်းချင်းရိုက်ကာ တီးတိုးပြောကြလေ၏။ ဟင်–ကျွတ်–ကျွတ်ဟု စုတ်သပ်သူက စုတ်သပ်။ ဖြစ်မှဖြစ်ရပလေဟု ဆိုသူကဆို။ ဒီအတိုင်းဆိုခက်တာဘဲဟု ညည်းသူက ညည်းနှင့် မျက်နှာပျက်၍နေကြလေ၏။

ဗိုလ်ညွန့်မောင် ကျသွားပြီတဲ့။

နေ့ခင်းကပင် လယ်ဝေးတပ်နီရုံး၌ ဗိုလ်ညွန့်မောင်ကို ပုလိပ်များကဝိုင်း၍ဖမ်းကြ၏။ ထွက်ပြေးသဖြင့် သေနတ်နှင့်ပစ်ရာ ဗိုလ်ညွန့်မောင် ကျဆုံးသွားခဲ့လေသည်။

ဗိုလ်ညွန့်မောင်မှာ ဂျပန်တော်လှန်ရေးသမားတစ်ယောက်ဖြစ်၏။ ပြည်သူ့ရဲဘော်နှင့် တပ်နီကွဲသောအခါ တပ်နီဖြစ်လာ၏။ မနေ့ကပင် ဂျပန်ကျည်ဆံကိုလွတ်အောင်ရှောင်နိုင်ခဲ့သော ဗိုလ်ညွန့်မောင်သည် ယနေ့ ဗမာကျည်ဆံနှင့် ကျဆုံးသွားခဲ့လေပြီ။

နေ့စဉ်နှင့်အမျှ နှစ်ဖက်သေဆုံးကြသည့် အမင်္ဂလာသတင်းများသည် သတင်းစာများတွင် လွှမ်းမိုးနေတော့၏။

ထိုအချိန်၌ ဗိုလ်ချုပ်အောင်ဆန်းတို့ဗိလပ်သို့သွားကာ အောင်ဆန်း–အက်တလီစာချုပ်ပေါ်လာပြီး 'တစ်နှစ်အတွင်း လွတ်လပ်ရေးရ–ရမည်'ဆိုသော ကြွေးကြော်သံ ထွက်လာလေသည်။

ထိုကြွေးကြော်သံအရ ဧပြီလ(၁၉၄၇)တွင် ရွေးကောက်ပွဲလုပ်ရာ ကွန်မြူနစ်ပါတီက ဝင်ရောက်ယှဉ်ပြိုင်၏။ သို့ရာတွင် နေရာတိုင်း ယှဉ်ပြိုင်ခြင်းမဟုတ်ဘဲ၊ အလွန်နည်းသောနေရာကလေးတွင်သာ ပါတီ၏လမ်းစဉ်ကိုချပြနိုင်ရန် ယှဉ်ပြိုင်၏။

ပျဉ်းမနားခရိုင်(ရမည်းသင်းခရိုင်)တွင် အမတ် ၆–နေရာစလုံး ဝင်ရောက်ယှဉ်ပြိုင်ရာ ၄–နေရာရလေသည်။

ကွန်မြူနစ်ပါတီသည် ညီညွတ်ရေးအတွက်ကြိုးစားခဲ့၏။ ပူးတွဲလုပ်ကိုင်ရေးအတွက် လုံးပမ်းခဲ့၏။

ဗိုလ်ချုပ်အောင်ဆန်းတို့ ဗိလပ်သို့သွား၍ လွတ်လပ်ရေးအတွက်အရေးဆိုနေစဉ် ဗမာပြည်ကလွတ်လပ်ရေးအင်အားပြပွဲများကျင်းပခဲ့ရာ ကွန်မြူနစ်ပါတီအင်အားစုများက အလုံးအရင်းနှင့်ပူးပေါင်းပါဝင်ကြလေသည်။

ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်ကလည်း လက်ဝဲညီညွတ်ရေးလိုကြောင်း အထူးအလေးအနက်ထား၍ ပြောလာလေသည်။ ဖဆပလ ကွန်မြူနစ်ပြန်လည်ညီညွတ်ရေးမှာ မျှော်ကြည့်၍ရလာပြီဖြစ်၏။

ထိုအချိန်၌ ဗမာပြည်အဘို့အတိုင်းမသိသောကြမ္မာဆိုးကြီးသည်ကျရောက်၍လာတော့၏။ ဖဆပလ ကွန်မြူနစ်ပြန်လည်ညီညွတ်မည်ကို ထိတ်လန့်စိုးရိမ်နေကြ

သောနယ်ချဲ့သမားများနှင့် သူတို့၏လက်ပါးစေများသည် ဗမာပြည်အမျိုးသားရေး သွေးကွဲနေမှုကြီးကို ချက်ကောင်းယူပြီး ရက်စက်ယုတ်မာသောလုပ်ကြံမှုကြီးတစ်ခုကို ကျူးလွန်လိုက်ကြလေသည်။

သူတို့သည် ၁၉၄၇–ခု၊ ဇူလိုင်လ ၁၉–ရက်နေ့၌ ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ ဖဆပလခေါင်းဆောင်ကြီးများအား လုပ်ကြံသတ်ဖြတ်ပစ်လိုက်ကြလေသည်။

ဒါသည်ပင်လျှင် အမျိုးသားရေးသွေးကွဲမှု၏ရလဒ်ကြီးတစ်ခုဖြစ်တော့သည် တကား။

(၂၆)

# ဖဆပလ ကွန်မြူနစ် ညီညွတ်ရေး

ဝန်ကြီးချုပ်သခင်နုနှင့် သခင်သန်းထွန်းတို့အတူတွဲလျက် ပျဉ်းမနားသို့ ရောက်လာကြ၏။ လူသတ်ဝါဒကိုရှုတ်ချကြရန်ဖြစ်၏။ ထိုအချိန်မှာ ဗိုလ်ချုပ်အောင်ဆန်းတို့ ကျဆုံးပြီးနောက် ကျန်ရစ်သူများက ဖဆပလ၊ ကွန်မြူနစ် ညီညွတ်ရေးကို ဆက်လက်ကြိုးစားနေကြချိန်ဖြစ်၏။

သူတို့နှစ်ဦး တရားဟောသောအခါ ပျဉ်းမနားရှိကိုးခန်းတန်ဆောင်းကြီးမှာ လူများပြည့်လျှံနေ၏။

ထိုနေ့ညဦးပိုင်း၌ သူတို့နှစ်ဦးကို ကျွန်တော်တို့က လဘက်ရည်ပွဲနှင့်ဧည့်ခံကြ၏။ လဘက်ရည်ပွဲကို ပျဉ်းမနားအနောက်ပိုင်း ကျောက်တောင်ပေါ်ရှိ တောင်သူလယ်သမားသမဂ္ဂရုံးအဆောက်အဦးကြီးတွင် ပြုလုပ်၏။ သခင်နုတို့ရောက်မလာမီ လက်နက်ကိုင်အစောင့်များက အရင်ရောက်လာကြပြီး သမဂ္ဂရုံးကြီးကိုဝိုင်းရံကာ နေရာယူထားလိုက်ကြ၏။

ကျွန်တော်တို့သည် သမဂ္ဂရုံးကြီးအတွင်း၌ ကြီးမားသောတူတံဇင်အလံကြီးတစ်ခုကို သခင်နုစကားပြောမည့် နောက်နံရံတွင်ချိတ်ဆွဲ၍ ထားရာ နံရံကြီးတစ်ခုလုံး ပြည့်နေ၏။ ဧည့်ပရိသတ်များလည်း အတော်ပင်စုံ၏။ ထိုည၌ သခင်နုသည် တူတံဇင်အလံကြီးအောက်မှပင်နေ၍ သခင်သန်းထွန်းနှင့်တွဲလျက် စကားပြောခဲ့ရလေသည်။

ဖဆပလ၊ ကွန်မြူနစ် ညီညွတ်ရေးလုပ်နေစဉ် နု–အက်တလီစာချုပ် ထွက်လာသောအခါ ကွန်မြူနစ်ပါတီက ပြင်းပြင်းထန်ထန်ကန့်ကွက်လေသည်။ ဤစာချုပ်တွင် အင်္ဂလိပ်နယ်ချဲ့သမားပိုင်လုပ်ငန်းကြီးများကို ပြည်သူပိုင်လုပ်လျှင် လျော်ကြေးပေး

ပါမည်ဟု သဘောတူထားရခြင်း၊ အင်္ဂလိပ်စစ်မစ်ရှင်ကို ဆက်လက်ထားရှိခြင်း၊ အင်္ဂလိပ်စစ်သင်္ဘော၊ စစ်လေယာဉ်ပျံများကို ဗမာပြည်တွင်ဆိုက်ကပ်ခွင့်ပြုထားရခြင်း၊ စစ်လျော်ကြေးများပေးရခြင်းစသောအချက်များကြောင့် ဗမာ့အကျိုးစီးပွားကိုထိခိုက်နေသော စာချုပ်ဖြစ်သည်ဟု ကွန်မြူနစ်ပါတီက ထောက်ပြပြီး ကန့်ကွက်လေသည်။ (ယခုအချိန်၌ နု–အက်တလီစာချုပ်နှင့်ပတ်သက်၍ ပြဿနာများပေါ်နေသည်ကို ကြည့်၍လည်းကောင်း၊ ၁၃–နှစ်အတွင်း အတွေ့အကြုံကိုကြည့်၍လည်းကောင်း၊ ထိုစဉ်က ကွန်မြူနစ်ပါတီ၏ ကန့်ကွက်ချက်မှာ မည်မျှမှန်သည်– မှားသည်ဆိုခြင်းကို ချင့်ချိန်၍ ကြည့်နိုင်မည်ဖြစ်၏။)

ဖဆပလ၊ ကွန်မြူနစ် ညီညွတ်ရေးကား ဆက်လက်၍ကြိုးပမ်းကြဆဲဖြစ်၏။ နိုဝင်ဘာလ ၇ရက်(၁၉၄၇)အမျိုးသားနေ့၌ ဝန်ကြီးချုပ်သခင်နုက 'ပြည်သူ့ရဲဘော်၊ ဆိုရှယ်လစ်၊ ကွန်မြူနစ်တွေပေါင်းမိအောင် ကျွန်တော်ကိုယ်တိုင် အစွမ်းကုန်ကြိုးစားမယ်'ဟု မိန့်ခွန်းပြောလိုက်သောအခါ လူများမှာ လန်းဆန်း၍လာကြ၏။

ကျွန်တော်တို့ကား နယ်တွင်ပြည်သူ့ရဲဘော်၊ ဆိုရှယ်လစ်ပါတီတို့နှင့် လက်တွဲ၍ပူးတွဲကာ လူထုအကျိုးရှိမည့်လုပ်ငန်းများကို လုပ်နေကြ၏။

ရမည်းသင်းမှာ ရေရှားသောအရပ်ဖြစ်၏။ ရမည်းသင်းအရှေ့ဖက်တွင်ရှိသော နန်းခွဲရွာတောင်ပေါ်မှရေကို ရမည်းသင်းထိဖေါက်ယူရေး စီမံကိန်းကို ကျွန်တော်တို့ လုပ်ကြ၏။ ထိုစီမံကိန်းမှာ ဗမာဘုရင်များလက်ထက်ကတည်းက စီမံကိန်းဖြစ်၏။ ထိုစီမံကိန်းအရ ရမည်းသင်းမှာ ရေ ၁၂ရာသီ လုံလောက်မည်ဖြစ်၏။ ထို နန်းခွဲရေရရေး လုပ်ငန်းကို ဒေသဆိုင်ရာအစိုးရအရာရှိများနှင့် ပါတီအဖွဲ့အစည်းပေါင်းစုံပူးတွဲပြီး ကျွန်တော်တို့ တက်တက်ကြွကြွလုပ်နေကြ၏။

နိုဝင်ဘာလ ၁၇ရက်နေ့(၁၉၄၇)၌ကား ဖဆပလ၊ ကွန်မြူနစ် ညီညွတ်ရေး လုပ်ငန်းကို ရပ်စဲလိုက်ပြီဖြစ်ကြောင်း ဖဆပလဌာနချုပ်မှ ကြေညာချက်ထွက်လာလေသည်။ ကွန်မြူနစ်ပါတီက နောက်ကျောကိုဓါးနှင့်ထိုးသောကြောင့်ဟုဆို၏။ ဖဆပလ၊ ကွန်မြူနစ်ဆက်ဆံရေးမှာ ပြန်လည်တင်းမာ၍လာပြန်လေသည်။ ပြည်တွင်းစစ် မိုးသားတိမ်ရိပ်များမှာ ဗမာ့ကောင်းကင်ပြင်တွင် လိပ်တက်၍လာနေကြလေ၏။ 'ပြည်တွင်းစစ်ကို တားဆီးကြ' 'ဗမာ ဗမာချင်းမတိုက်နဲ့'ဆိုသော ကြွေးကြော်သံများသည်လည်း ပျံ့၍လာလေ၏။

မကြာမီ ဗမာ့လွတ်လပ်ရေးကြေညာသံကို ကြားရလေ၏။ (၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ရက်) ထိုလွတ်လပ်ရေးမှာ နိုင်ငံရေးအားဖြင့်လွတ်လပ်သော်လည်း စီးပွားရေးအားဖြင့် မလွတ်လပ်သေးကြောင်း စီးပွားရေးလွတ်လပ်မှုအတွက် ဆက်လက်တိုက်

ပွဲဝင်ကြရဦးမည်ဖြစ်ကြောင်း ကွန်မြူနစ်ပါတီ၏ သတိပေးသံမှာလည်း ပေါ်ထွက်၍ လာလေ၏။

တောင်သူလယ်သမားများသည်ကား 'လယ်လုပ်သူ၊ လယ်ပိုင်ရေး' ကြွေးကြော်သံများကို ဟစ်ကြွေးကာ ပျဉ်းမနားတောင်သူ လယ်သမားကွန်ဂရက်ကြီးသို့ ချီတက်၍လာကြလေ၏။ ဝါးချွန်များကိုကိုင်စွဲကာ တက်ကြွလှုပ်ရှားလျက်ရှိသော သိန်းချီသောလူထုကြီးသည် မြေယာနှင့် ဒီမိုကရေစီကိုတောင်းဆိုကြလေ၏။

ကွန်ဂရက်ကြီးပြီး၍ သမဂ္ဂဌာနချုပ်ခေါင်းဆောင်များရန်ကုန်သို့ပြန်သွားကြသောအခါ ကျွန်တော်တို့ ပျဉ်းမနားတွင်ကျန်ရစ်ခဲ့ကြ၏။ ကျွန်တော်တို့၌ လက်နက်ကိုင်သူပုန်ထရန် မည်သို့သောအစီအစဉ်မှမရှိသဖြင့် ဥပဒေတွင်း၌ နေထိုင်ကာ အေးဆေးစွာပင်ကျန်ရစ်ကြ၏။ ဂျပန်တော်လှန်ရေးနေ့တွင် တော်လှန်ရေးအထိမ်းအမှတ်ပွဲကို ပျဉ်းမနားရုမ်းကန်၌ အေးဆေးစွာပင် ပြုလုပ်ခဲ့ကြ၏။

နောက်တစ်နေ့နံနက်၌ (၁၉၄၈ခုနှစ်၊ မတ်လ ၂၈)ကိုမောင်မောင် ရန်ကုန်မှ ပြန်ရောက်လာလေသည်။ ကိုမောင်မောင်မှာ လယ်ဝေးမှတက်သော ကွန်မြူနစ်အမတ်ဖြစ်၍ ရန်ကုန်မှပါလီမန်တက်ပြီး ပြန်လာခြင်းဖြစ်၏။

ကျွန်တော်က ....

'ဘယ့်နှယ်လဲဗျ .... အခြေအနေ ဘာထူးသေးသလဲ'

ကိုမောင်မောင်သည် သူ၏အိပ်ယာလိပ်ထုပ်ကိုချပြီး

'ဘာမှတော့ မထူးပါဘူး။ အော် ... တစ်ခုတော့ရှိတယ် ဖဆပလနဲ့ညီညွတ်ရေးကိစ္စလေ။ ဖဆပလကိုယ်စားလှယ်တွေနဲ့ ဒီနေ့ညနေ ၄ နာရီကို နောက်ဆုံးထားပြီးတွေ့ဘို့ ချိန်းထားတယ်'

'ပီဘီနဲ့'

'ဘယ်လိုလဲဗျ ... နောက်ဆုံးဆိုတာ'

'အရင်နေ့တွေက မတွေ့ဖြစ်ဘူး။ ဒီနေ့မှ တွေ့ရမှာဘဲ'

'ဖဆပလက ကိုယ်စားလှယ်တွေက ဘယ်သူတွေလဲ'

'ဗိုလ်လကျ်ာတို့၊ မန်းဝင်းမောင်တို့ ပါတယ်လေ'

ထို့နောက် သူကဆက်၍ ယခုလာမည့်ဩဂုတ်လ ဘတ်ဂျက်ပါလီမန်တွင် ဘတ်ဂျက်ကိုကျကျနနဝေဖန်နိုင်ရန် ယခုကတည်းကလေ့လာ ထားဘို့အရေးကြီးသည်ဟု သခင်တင်ထွန်းကမှာလိုက်ကြောင်း ပြောပြလေသည်။

ကျွန်တော်တို့သည် ထိုနေ့၌ ဘာမှထူးထူးခြားခြား လှုပ်ရှားမှုမရှိပေ။ ညနေ ၄ နာရီအဖြေကိုသာ သိလိုစိတ်စောနေကြ၏။ သို့သော် ၄ နာရီထိုးအောင် စောင့်၍

မနေလိုက်ရပေ။

နေ့လယ်တွင် ကျောက်တောင်ပေါ်ရှိပါတီရုံး၌ ကျွန်တော်တို့ပါတီအစည်းအဝေးလုပ်နေကြစဉ် အောက်မှ ပုလိပ်ကားတစ်စီးသည်အရှိန်နှင့် တက်လာလေ၏။ ထိုကားပေါ်၌ ပုလိပ်များအပြည့်ပါလာ၏။ ကျွန်တော်တို့သည် ပုလိပ်ကားကိုမြင်လျှင်မြင်ခြင်း ထိုင်ရာစားပွဲမှအမြန်ထပြီး နောက်ဖေးဘက်မှ ဆင်း၍ပြေးကြလေ၏။

နောက်ပိုင်းမှ သေနတ်ပစ်သံများမှာ ဆူ၍ကျန်ရစ်ခဲ့လေပြီ။

(၂၇)

# ပြည်တွင်းစစ်

ဤသို့ဖြင့် ပြည်တွင်းစစ်၏ သေနတ်သံများသည် ဗမာပြည်တဝှမ်းလုံးတွင် ပေါ်ထွက်၍လာခဲ့တော့၏။

'ဖဆပလ။ ကွန်မြူနစ် ညီညွတ်ကြ' 'ပြည်တွင်းစစ်ကိုတားဆီးကြ' 'ဗမာ–ဗမာချင်း မတိုက်နဲ့' ဆိုနေသည့်ကြားထဲကပင် ပြည်တွင်းစစ်သည် ဖြစ်လာခဲ့လေပြီ။ အမျိုးသားရေးသွေးကွဲမှုကြီး၏ နောက်ဆုံးအဆင့်သို့ ရောက်လာခဲ့လေပြီ။

ပြည်တွင်းစစ်အတွင်း၌ အဖြစ်အပျက်များသည် တရိပ်ရိပ်လှုပ်ရှား၍သွားကြလေ၏။ တပြည်လုံး ထောင်ပေါင်းများစွာသောကွန်မြူနစ်များကို ဖမ်းဆီးခြင်း၊ ကွန်မြူနစ်ပါတီ တောထဲရောက်သွားခြင်း၊ ရဲဘော်မူ–နုမူ–ရဲဘော်ဖြူ–ရဲဘော်ဝါ ကွဲ၊ ရဲဘော်ဖြူများကိုဖမ်း၊ တောထဲရောက်၊ ဆာဦးသွင်၏ငြိမ်းချမ်းရေး၊ တော်လှန်နေသောဗမာ့တပ်မတော်၊ လက်ဝဲညီညွတ်ရေး၊ ၉–ဦးကော်မတီ၊ ကရင်အမျိုးသားများထကြွခြင်း၊ ရခိုင်နှင့်မွန် လှုပ်ရှားမှု၊ စောဘဦးကြီးနှင့်စေ့စပ်ရေး၊ ပြည်သူ့ဒီမိုကရေစီတပ်ပေါင်းစု၊ ပြည်သူ့တပ်မတော်၊ ရန်ကုန်အစိုးရ၊ ကိုလံဘိုစီမံကိန်း၊ အိန္ဒိယမှ လက်နက်များ၊ တော်လှန်ရေးသမား အချင်းချင်းတိုက်ပွဲများ၊ ကိုမင်တန်တပ်များ၊ ဆိုရှယ်လစ်ပါတီကွဲ၊ အလုပ်သမား–လယ်သမားပါတီထောင်၊ တစ်နှစ်အတွင်းငြိမ်းချမ်းရေး၊ ၉၉ ရာခိုင်နှုန်းငြိမ်းချမ်းရေး၊ ပြည်တော်သာ၊ သုံးပါတီညီညွတ်ရေး၊ ရွေးကောက်ပွဲများ၊ ဒီမိုကရေစီငြိမ်း

ချမ်းရေး၊ ညွန့်ပေါင်းအစိုးရ၊ ဘုရင့်နောင်နှင့် ရန်ကြီးအောင်စစ်ဆင်ရေး၊ အောင်မာဃ စစ်ဆင်ရေး၊ အပြုတ်တိုက်ရေး၊ ပြည်တွင်းစစ်ရပ်စဲရေး။

ဤပြည်တွင်းစစ်အတွင်း၌ တပြည်လုံးမီးဟုန်းဟုန်းတောက်ခဲ့၏။ တိုင်းပြည်၏ ပစ္စည်းဥစ္စာ ကုဋေကုဋာပေါင်းများစွာ ပျက်စီးဆုံးရှုံးခဲ့ရ၏။ တိုင်းပြည်၏ သားကောင်း ရတနာအသက်ပေါင်းများစွာကို စတေးခဲ့ရ၏။

ကျွန်တော်နှင့် ကျောင်းအတူတူနေလာခဲ့သူ ကျောင်းသားသမဂ္ဂကတည်းက အတူတူလုပ်လာခဲ့သူ ဂျပန်တော်လှန်ရေးတွင် အတူလုပ်ခဲ့ကြသူအများအပြားမှာ ယခုအခါမရှိကြတော့။

မန်းဝင်းမောင်နှင့် ကျွန်တော်တို့ ဖြူးဖက်တွင် လေထီးနှင့်ဆင်းကြစဉ်က အောက်မှစောင့်ကြိုနေသော ဂျပန်တော်လှန်ရေးခေါင်းဆောင်တစ်ဦး ဖြစ်သူသခင်သန်းဖေမှာ ပြည်တွင်းစစ်အစမှာပင် ဖျားပြီးဆုံးသွားခဲ့၏။

ကျွန်တော့်သူငယ်ချင်း ကိုကိုကြီးမှာလည်း ကျဆုံးသွားခဲ့ပြီးဖြစ်၏။ ကျွန်တော်တို့တွင် သူငယ်ချင်းအများရှိကြ၏။ နိုင်ငံရေးထဲ ပါမလာကြ။ ပါလာသော်လည်း တစ်ပါတီတည်း တစ်ဖွဲ့တည်းမှာမဟုတ်ကြ။ တစ်ဖွဲ့တည်းဖြစ်သော်လည်း စိတ်သဘောချင်းမတူကြ။ ကျွန်တော်တို့တွင် တပါတူတည်း စိတ်တူသဘောတူရဲဘော်တွေ အများရှိကြပါ၏။ သူငယ်ချင်းများကား မဟုတ်ကြ။ ကိုကိုကြီးကား ကျွန်တော်၏ ကျောင်းနေဖက်သူငယ်ချင်းလည်းဖြစ်၊ တပါတီတည်းလည်းဖြစ်၊ စိတ်သဘောချင်းကလည်းတူ၊ တလျှောက်လုံးလဲ အတူတူလုပ်လာခဲ့သူဖြစ်ရာ သူကျဆုံးသွားပြီဟု ကြားရသောအခါ ကျွန်တော့်မှာ အတော်ပင် စိတ်ဖြေ၍ယူခဲ့ရ၏။

ကိုလှမောင်မှာ လူရိုးကြီးဖြစ်၏။ မန္တလေးဥပစာတွင် သူနှင့်ကျွန်တော် အတူတူနေခဲ့၏။ မင်္ဂလာဒုံစစ်ကျောင်းမှာလည်းအတူတူ၊ ဟယ်လ်ပင် မှာလည်းအတူတူ၊ ကျွန်တော်တို့ အိန္ဒိယသွားတုန်းက သူ့ထံက ဓါးကိုယူသွားခဲ့၏။ သူလည်းမရှိတော့။

မင်္ဂလာဒုံစစ်ကျောင်းတွင် အတူတက်ခဲ့ရပြီး တပ်နီတွင် အတူတူလုပ်ကိုင်လာခဲ့ကြသော ကိုကြည်လည်း ရှမ်းပြည်တွင်ဖျားပြီး ကျဆုံးခဲ့၏။

ကိုတင်ရွှေမှာ လူယုံသတ်၍ရေတိမ်တွင်နစ်ခဲ့ရ၏။ ကိုတင်ရွှေမှာ ဂျပန်ခေတ်က ကျွန်တော်တို့ အိန္ဒိယသို့ မရောက်မီ ကိုသိန်းဖေနှင့်အတူ ဦးစွာရောက်နှင့်သူဖြစ်၏။ သူကား ဂျပန်ခေတ် ဗမာပြည်နှင့်အိန္ဒိယပြည်ကို ကူးချီသန်းချီလုပ်နေသူဖြစ်၏။ သူ၏ သားသမီးများမှာ သူ၏လှုပ်ရှားမှုကို ပြနေ၏။ ကာလကတ္တားတွင်မွေးသော သားဦးကလေးကို သခင်စိုးနှင့်ကိုသိန်းဖေတို့နာမည်ကိုယူပြီး မောင်စိုးသိန်း။ သူတောခိုသောနှစ် မိုးစပ်တောင်ခြေ၌ အစောကြီးမွေးလာသောကလေးမလေးကို ခင်စောဝင်း။ ပြည်သူ့ရဲ

ဘော်များနှင့် တိုက်နေရရာမှ ရပ်စဲသွားသောနှစ်တွင်မွေးသော မိန်းကလေးကို ခင်ဖြူ အေး။ နောက်ဆုံး မွေးသော သားကလေးကိုမူ သခင်သန်းထွန်းနှင့်သူ့တောတွင်းနာ မည် ကိုအောင်တို့ပေါင်းပြီး မောင်သန်းအောင်။ သူသည် သူ့ချစ်ဇနီးမမြရီနှင့် ဤကလေး များကိုချန်ထားခဲ့ပြီး အပြီးတိုင် စွန့်ခွာ၍သွားလေပြီ။

ဂျပန်တော်လှန်ရေးကာလတုန်းက အိန္ဒိယတွင်အတူနေခဲ့ရသော ကိုဘုန်းမြင့် မှာ အစိုးရတပ်တွင် စစ်ဗိုလ်တစ်ယောက်ဖြစ်နေရာမှ ပြည်တွင်းစစ်အတွင်း မိတ္ထီလာဖက် ၌လမ်းဖြတ်တိုက်ပွဲတစ်ခုတွင် ကျဆုံး၍သွားခဲ့၏။

ကျွန်တော်လည်း သေမလို့အကြိမ်ကြိမ်ဖြစ်ခဲ့၏။ တီဘီ အဆုတ်နာရောဂါ ဖြစ်ပြီး အိပ်ယာပေါ်၌လဲနေ၏။ စထရက်တိုမိုက်ဆင်ဆေး ပေါ်လာသဖြင့် အိပ်ယာမှထ လာခဲ့၏။ ရရှိသောဒဏ်ရာဒဏ်ချက်များမှာလည်း သေလောက်သောနေရာကို မထိခဲ့။

ပြည်တွင်းစစ်ကား ညီအစ်ကိုမောင်နှမအချင်းချင်း၊ သူငယ်ချင်းမိတ်ဆွေ အချင်းချင်းတို့ တိုက်ကြသောစစ်။ ဘတပြန် ကျားတပြန် တိုက်ကြသောစစ်ပင်ဖြစ်၏။

ကိုအောင်သူ(သံမဏိကိုမောင်မောင်)နှင့် ကိုချစ်ခိုင်(ဒုဗိုလ်မှူးကြီးချစ်ခိုင်) တို့မှာ တနယ်တည်းသားတကျောင်းတည်းထွက် နိုင်ငံရေးအတူ လုပ်လာကြသူများဖြစ် ၏။ ယခုပြည်တွင်းစစ်တွင်ကား တစ်ယောက်တစ်ဖက်စီ။ ကိုအောင်သူက ကွန်မြူနစ်၊ ကိုချစ်ခိုင်က အစိုးရဖက်က။ ပြည်တွင်း စစ်အစမှာပင် ကိုချစ်ခိုင်က ကိုအောင်သူကို ဖမ်းမိပြီး မန္တလေးထောင်ထဲထည့်ထား၏။ မန္တလေးထောင်ကို ကရင်ကဖေါက်တော့ ကိုအောင်သူလွတ်သွားပြီး ကိုချစ်ခိုင်အဖမ်းခံရကာ ပြည်ထောင်ထဲရောက်သွား၏။ နောက် ကိုချစ်ခိုင် ထွက်ပြေးလာပြီး ကိုအောင်သူ အဖမ်းခံရပြန်၏။

ပြည်တွင်းစစ်ဇာတ်လမ်းများကား ပြောမကုန်နိုင်။

ဤအတိုင်းသာဆက်သွားနေလျှင် လူတွေကုန်ပြီး တိုင်းပြည်လည်း နလံထူ နိုင်တော့မည်မဟုတ်။ တစ်ဖက်ကိုတစ်ဖက် အပြုတ်တိုက်ပြီး အေးအောင်လုပ်ဘို့ဆိုတာ ကလည်း ဘယ်ကာလမှရမည်မသိ။ ဒီကြားထဲ တိုင်းပြည်ထူထောင်ဘို့ ဆိုတာကတော့ စိတ်ကူးယဉ်မျှသာ။

ထို့ကြောင့် တကယ်အစစ်အမှန်တိုင်းပြည်ကိုချစ်သူတိုင်း၊ စိတ်ကောင်း စေ တနာကောင်းရှိသူတိုင်းသည် လက်ပိုက်၍ကြည့်မနေနိုင်ကြတော့ဘဲ ဤပြည်တွင်းစစ်ကို ရပ်စဲပစ်ရန် ပြည်တွင်းငြိမ်းချမ်းရေးကို ပြန်လည်ထူထောင်ရန်အတွက် ထထကြွကြွ လှုပ်ရှား၍လာကြလေ၏။

(၂၈)

# ပြည်တွင်းစစ်ရပ်စဲရေး

အရင်က ပြည်တွင်းငြိမ်းချမ်းရေးရဘို့အတွက် တကွဲတပြားစီဆောင်ရွက်နေခဲ့ကြသော ပါတီအဖွဲ့အစည်း လူပုဂ္ဂိုလ်အသီးသီးတို့သည် ၁၉၅၅ ခုနှစ်ကုန်ခါနီးတွင် တပူးတပေါင်းတည်းသော တပ်ပေါင်းစုကြီးကို ဖွဲ့စည်းလိုက်ကြလေ၏။ ပမညတ တပ်ပေါင်းစုကြီးဖြစ်၏။

ပမညတက ပြည်တွင်းစစ်ရပ်စဲဘို့အတွက် အစိုးရနှင့်တော်လှန်ရေးအင်အားစုများ တွေ့ဆုံဆွေးနွေးစေ့စပ်ရေးလုပ်ပါဟု တိုက်တွန်းလေသည်။

ကွန်မြူနစ်ပါတီကလည်း တိုင်းပြည်သို့ ၎င်း၏ငြိမ်းချမ်းရေးသဘောထားကို

တင်ပြကာ အစိုးရထံသို့ ပြည်တွင်းစစ်ရပ်စဲရေးအတွက် ကမ်းလှမ်းချက်ပို့လိုက်လေသည်။

ကွန်မြူနစ်ပါတီနှင့် အခြားအဖွဲ့အစည်းအတော်များများမှာ မတရားသင်းအကြေညာခံထားရ၏။ တရားဝင်ရပ်တည်ခွင့်မရကြ။ ထို့ကြောင့် ၎င်းတို့သည် ဥပဒေဘောင်အတွင်း၌နေ၍ မိမိတို့၏နိုင်ငံရေးယုံကြည်ချက်များအရ ဒီမိုကရေစီနည်းအရယှဉ်ပြိုင်မှုကို ပြုလုပ်လိုကြ၏။

ဒီမိုကရေစီနည်းအရ တကယ်ယှဉ်ပြိုင်နိုင်ဘို့ဆိုလျှင် တကယ်ဒီမိုကရေစီရှိရမည်ဖြစ်၏။ နိုင်ငံရေးအရ ဖမ်းတာဆီးတာတွေကိုလုပ်လို့မဖြစ်။ နိုင်ငံရေးအကျဉ်းသမားတွေကို လွှတ်ပစ်ရမည်ဖြစ်၏။ ဖိနှိပ်ချုပ်ချယ်သောဥပဒေများကို ရုပ်သိမ်းပစ်ရမည်ဖြစ်၏။

နောက်တစ်ချက်က တိုင်းပြည်လွတ်လပ်ရေးကိုထိန်းသိမ်းရန်ဖြစ်၏။ လွတ်လပ်ရေးတည်မြဲရန် ကြားနေရေးဝါဒကို တည့်တည့်မတ်မတ်ကျင့်သုံးရန်လို၏။ နယ်ချဲ့သမား ခြေဇာအောက်သို့ ရောက်မသွားရန်လို၏။

ကျုပ်တို့ ဒီ ၃–ချက်ကို အခြေခံဆွေးနွေးကြပြီးတော့အခုဖြစ်နေတဲ့ပြည်တွင်းစစ်ကြီးကို အမြန်ဆုံးရပ်ပစ်ကြရအောင်ပါဟု ကွန်မြူနစ်ပါတီက ဆို၏။

အစိုးရက လွတ်ငြိမ်းချမ်းသာခွင့်ပေး၍ အောင်မာဃထိုးစစ်ဆင်၏။ အောင်မာဃထိုးစစ်မှာ မီးကုန်ယမ်းကုန်ဆင်နွှဲသော စစ်ဆင်ရေးကြီး တစ်ခုဖြစ်၏။

လူထုကြီးသည်ကား ၁၉၅၆ခု၊ ဧပြီလရွေးကောက်ပွဲ၌ ပြည်တွင်းစစ်ချေ့စပ်ရပ်စဲရေးလမ်းစဉ်နှင့် ဝင်ရောက်ယှဉ်ပြိုင်သော ပမညတကို မဲပေါင်းတစ်သန်းကျော်ပေးကာ ငြိမ်းချမ်းရေးကိုဆန္ဒပြလိုက်ကြလေသည်။

၁၉၅၇ခုနှစ်တွင် ငြိမ်းချမ်းရေးလှုပ်ရှားမှုမှာ ပိုမိုကြီးထွားလာခဲ့၏။ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ သူမသာကိုယ်မနာငြိမ်းချမ်းရေး ပန်ကြားလွှာထွက်လာပြီးနောက် ဖေဖော်ဝါရီလ၌ ဆရာကြီးအမှူးပြုသော ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့(ဝ–ဦးကော်မတီ) ပေါ်လာလေသည်။ ဆရာကြီး၏ ငြိမ်းချမ်းရေးပန်ကြားလွှာကို အမျိုးသားသတင်းစာကြီးများအပါအဝင် တစ်နိုင်ငံလုံးက ထောက်ခံကြလေ၏။

အစိုးရက တော်လှန်ရေးအင်အားစုများကို လက်နက်အချခိုင်း၏။ ချေ့စပ်ရေးကို မလုပ်နိုင်ဟုဆို၏။ သခင်စိုးတို့၊ သခင်သန်းထွန်းတို့သည် ချေ့စပ်ဖြေရှင်းရေးကိုယုံတဲ့လူတွေမဟုတ်၊ ချေ့စပ်ရေးကို ပရိယာယ်လုပ်နေတာသာဖြစ်တယ်။ ငြိမ်းချမ်းရေးကို တကယ် လိုလားတဲ့လူတွေမဟုတ်။ တောခြေတဖက် မြို့ခြေတဖက်လှမ်းနေတဲ့လူတွေဖြစ်တယ်၊ ချေ့စပ်ရေးလုပ်ရင် မြို့တွေပေါ်မှာ သွေးချောင်းစီးကုန်လိမ့်မယ်ဟူ၍ သံသယ

ရှိကြောင်းကို အဆိုပြုလေသည်။

ကျွန်တော်တို့သည် ထိုသံသယများကိုရှင်းလင်းပစ်ရမည်ဖြစ်၏။ သံသယများကြောင့် ပြည်တွင်းစစ်သက်ဆိုးရှည်မနေစေသင့်။ ပြည်သူများ၏ဆန္ဒကို အမြန်ဆုံး ဖြည့်စွမ်းရန်မှာ ကျွန်တော်တို့၏ မဟာဝတ္တရား။

ထို့ကြောင့် ကျွန်တော်သည် တောတွင်းစခန်းမှနေ၍ နေပြည်တော်သို့ရောက်လာခဲ့၏။ အခွင့်အလမ်းရခဲ့လျှင် ကျွန်တော်တို့၏ ငြိမ်းချမ်းရေး သဘောထားအမှန်ကို အစိုးရအား တင်ပြရန်ဖြစ်၏။ သံသယများ ပြေပျောက်စေရန်ဖြစ်၏။ သံသယများ ပြေပျောက်ဘို့အတွက် အကောင်းဆုံးနည်းမှာ နှစ်ဦးနှစ်ဖက်အပြန်အလှန် ရှင်းပြဆွေးနွေးကြခြင်းသာ ဖြစ်၏။

ကြိုတင်နားလည်မှုယူထားခြင်းမဟုတ်သည့်အတွက် အစိုးရက ကျွန်တော်အားတွေ့သွားလျှင် ဖမ်းချင်လည်းဖမ်းပေလိမ့်မည်။ ဖမ်းပါစေ၊ ငြိမ်းချမ်းရေးရဘို့အတွက်ဆိုလျှင် ကျွန်တော်တို့သည် အနစ်နာခံ၍လုပ်ကြရမည်ပင် မဟုတ်ပါလား။

(၂၉)

# အဖမ်းခံရခြင်း

မတ်လ ၉ရက်နေ့ ၁၉၅၇၌ ကျွန်တော်အဖမ်းခံရလေသည်။ ကျွန်တော်နှင့်အတူ ကိုမောင်ကို(ပမညတအမတ်ဦးမောင်ကို)လည်း အဖမ်းခံရ၏။ ကိုမောင်ကိုနှင့်ကျွန်တော်မှာ တရပ်တည်းသား ကျောင်းနေဖက်သူငယ်ချင်းများဖြစ်ကြ၏။

ကျွန်တော်တို့အဖမ်းခံရသောအချိန်မှာ လွှတ်တော်အစည်းအဝေးကျင်းပနေချိန်ဖြစ်၏။ လွန်ခဲ့သော ၃ရက် မတ်လ(၆)ကပင် ဝန်ကြီးချုပ် ဦးနုသည် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ မိန့်ခွန်းတစ်ခုပြောသွားခဲ့သေး၏။ 'ငြိမ်းချမ်းရေးတကယ်ရမယ်ဆိုရင် ရာဇအိန္ဒြေ ပုံ့ရုံမကလို့ကြွေမွသွားပါစေ။ စေ့စပ်ပြီးတာကြာပါပြီ။ လက်နက်ချလာခဲ့ပါ တရားဥပဒေအရတော့အရေးယူရလိမ့်မယ်။ မသေစေရ၊ သက်ညှာစွာစဉ်းစားမယ်။ စိတ်ချရတဲ့အခါ တရားသင်းကြေညာမယ်။ နိုင်ငံရေးညှဉ်းပမ်းမှု မရှိစေရ။'

ထိုမိန့်ခွန်း၏ဂယက်မှာ အတော်ရိုက်လာ၏။ ဗိုလ်လကျာက ထိုလွှတ်တော်မိန့်ခွန်းအရ လက်ခံဆောင်ရွက်ကြရန် တော်လှန်ရေးအင်အားစုများအား မေတ္တာရပ်ခံလိုက်လေသည်။

ငြိမ်းချမ်းရေးလှုပ်ရှားမှုကြီးကား ဆက်သွယ်နေ၏။ ကျွန်တော်တို့အဖမ်းခံရပြီး နောက်တစ်နေ့ (မတ်-၁၀)တွင် မြေနီကုန်းရတနာပုံ ရုပ်ရှင်ရုံကြီး၌ ငြိမ်းချမ်းရေးအကြံဉာဏ် တောင်းသည့်ဆွေးနွေးပွဲကြီးတစ်ခုပြုလုပ်ရာ အလုပ်သမားအသင်းအဖွဲ့များ၊ မြင်းလှည်းအသင်း၊ လူငယ့်တပ်ဦး၊ ပြည်သူ့ လူငယ်၊ ရကသ၊ စာဖတ်အသင်း၊ အမျိုးသမီးသမဂ္ဂ၊ မွန်ပြည်သူ့အတိုင်ပင်ခံအဖွဲ့၊ ဗမက၊ မဟာသောတုဇနအဖွဲ့၊ သာသနရက္ခိတ၊ တိုးတက်သောရခိုင် လူငယ်များအဖွဲ့၊ လူငယ့်ရှေ့ဆောင်အဖွဲ့၊ ကျွန်းတောရပ်

ကွက်ဗလစအဖွဲ့၊ ပြည်သူ့သံမဏိတို့ တက်ရောက်ကြ၏။ ထိုအစည်းအဝေးကြီးက မြို့လုံးကျွတ်ငြိမ်းချမ်းရေး ဆန္ဒပြပွဲကြီးတစ်ခုပြုလုပ်ရန် ဆုံးဖြတ်လိုက်လေသည်။

ကျွန်တော်တို့အားဖမ်းမိသောအချိန်နှင့် လွှတ်တော်တွင် ပမညတက ဖဆပလအစိုးရအပေါ် အယုံအကြည်မရှိ အဆိုတင်ချိန်မှာ တိုက်ဆိုင်၍နေ၏။ ၎င်းမှာ ဖဆပလအစိုးရသက်တမ်းတလျှောက်တွင် ပထမဆုံးတင်ခြင်းခံရသောအယုံအကြည်မရှိ အဆိုဖြစ်၏။ ထိုအဆိုကို ပမညတနှင့် ရတညအမတ်ပေါင်း ၅၃ဦးတို့က လက်မှတ်ရေးထိုး၍ တင်ကြ၏။

အခြားတိုက်ဆိုင်မှုတစ်ခုကား ကျွန်တော်တို့အဖမ်းခံရချိန်နှင့် မန်းဝင်းမောင်ကို နိုင်ငံတော်သမတကြီးအဖြစ် တင်မြှောက်ကြသောအချိန်မှာ တချိန်တည်းလာ၍ကျနေခြင်းဖြစ်၏။ ကျွန်တော်တို့သည် ဂျပန်တော်လှန်ရေးအတွက် အိန္ဒိယသို့အတူသွားခဲ့ကြ၏။ အိန္ဒိယတွင်အတူ စစ်ပညာသင်ခဲ့ကြ၏။ ဗမာပြည်သို့အတူ လေထီးနှင့်ပြန်၍ဆင်းခဲ့ကြ၏။ လွတ်လပ်ရေးအတွက် အတူတိုက်ပွဲဝင်ခဲ့ကြ၏။ ယခုသူကသမတ၊ ကျွန်တော်ကအကျဉ်းသား၊ ထို့ကြောင့်ပင် နေးရှင်းသတင်းစာက မန်းဝင်းမောင်က သမတ အိမ်တော်သို့ပြောင်းပြီး ချစ်ကောင်းကထောင်သို့သွားသည်ဟု ရေးလေသည်။

လွှတ်တော်အစည်းအဝေးတွင် မန်းဝင်းမောင်ကိုချီးကျူးစကားပြောကြားရာ၌ကိုသိန်းဖေ(ပမညတအမတ်ဦးသိန်းဖေမြင့်)ကမန်းဝင်းမောင်၏ရာဇဝင်ကိုဖေါ်ထုတ်ပြီး အဲဒီတုန်းက အိန္ဒိယမှာရှိနေတဲ့ကျွန်တော့ဆီကို မန်းဝင်းမောင်ရောက်လာပါတယ်။ သူနဲ့ အတူ ကိုအုန်းမောင်နဲ့ အခုဖမ်းမိလိုက်တဲ့ကိုစိုးမောင်တို့လဲ ပါလာကြပါတယ်။ ကိုအုန်းမောင်ဆိုတာကတော့ ထောင်ထဲမှာပုဒ်မ ၅နဲ့ ချုပ်ထားတာ အတော်ကြာနေပြီဟု ကိုအုန်းမောင်နှင့်ကျွန်တော်တို့အကြောင်းကိုထည့်၍ ပြောလေသည်။ မန်းဝင်းမောင်က ပြန်ကြားရာ၌ ဟာသဖက်၍ 'ဒါကတော့ ဘဝကုသိုလ်ပေါ့' ဟုဆို၏။ သို့ရာတွင် နောင်အခါ၌ သူသည်ရဲဘော်စိတ်ကို လက်တွေ့ပြသခဲ့လေသည်။

ကျွန်တော်တို့အား ဖမ်းမိလျှင်ဖမ်းမိချင်း သခင်သာခင်လာ၍တွေ့၏။ထိုအခါ က သူသည်ပြည်ထဲရေးဝန်ကြီးလုပ်နေ၏။ ကိုမောင်ကိုနှင့် ကျွန်တော်တို့ မင်္ဂလာတောင်ညွန့်ဂါတ်တဲ၌ ထိုင်နေကြစဉ် သူရောက်လာ၏။ သူသည် ကျွန်တော်တို့အားဖမ်းမိသည်ကို အလွန်အားရပျော်ရွှင်နေပုံရ၏။ သူသည် ကိုမောင်ကိုအားခိုးထုပ်ခိုးထည်နှင့် မိထားသည်ကို ဘာငြင်းအုံးမလဲဆိုသော ပိုင်နိုင်သည့်အကြည့်မျိုးနှင့်ကြည့်ကာ ပြုံးပြီး 'ဘယ့်နှယ်လဲဗျ ဦးမောင်ကို၊ ခင်ဗျားတို့သူပုန်နဲ့မဆက်ဘူးဆို' ဟု ရယ်သွမ်းသွေးလိုက်လေသည်။ ကိုမောင်ကိုက တည်ငြိမ်စွာပင် 'ဒါတော့ ခင်ဗျားတို့ လုပ်ချင်သလိုလုပ်ပေါ့။ ဟုတ်မှမဟုတ်ဘဲ' ဟုဆို၏။ အမှန်တကယ်က ဟုတ်လည်းမဟုတ်ပေ။

ဗိုလ်မှူး ချစ်ကောင်း

သခင်သာခင်သည် ကျွန်တော့ဘက်လှည့်ပြီး 'ကိုစိုးမောင် ဘာအကူအညီလိုသေးသလဲ'ဟု မေးရာမှဆက်လျက် ခင်ဗျား သိပ်ရမ်းတယ်ဗျာ၊ တစ်နေ့က ကားပေါ်က ဆင်းသွားတာ ကျွန်တော်ကိုယ်တိုင်မြင်လိုက်ရတယ်။ ခင်ဗျားနောက်ကို ကျွန်တော်ကိုယ်တိုင်လိုက်နေတာ။

ကျွန်တော်က ပြုံးနေ၏။

ထိုနောက် သူက ကျွန်တော်တို့အားကောင်းမွန်စွာထားရန် ရဲအရာရှိများအားမှာကြားပြီးပြန်သွားရာ ရဲအရာရှိများက ကျွန်တော်တို့အား ဘားလမ်းအချုပ်သို့ ပို့လိုက်လေသည်။

ဘားလမ်းတွင် ပုဒ်မ ၅ဖြင့် ကျွန်တော့အား ဆက်လက်ချုပ်ထားလေ၏။

(၃၀)

# ငြိမ်းချမ်းရေးလှုပ်ရှားမှု

ကျွန်တော် ရန်ကုန်သို့ ဘာလာလုပ်သလဲဆိုသည်မှာ ပြဿနာတစ်ခုဖြစ်နေ၏။

နေးရှင်းသတင်းစာက အရေးကြီးသောအစိုးရအဖွဲ့ဝင်ဝန်ကြီးများကို လုပ်ကြံသတ်ဖြတ်ရန် ကျွန်တော် ရန်ကုန်သို့လာခြင်းဖြစ်သည်ဟု သတင်းရကြောင်းရေး၏။ မဏ္ဍိုင်သတင်းစာကလည်း အလားတူသဘောမျိုး ဆောင်းပါးရေးလိုက်လေသည်။

ကျွန်တော်သည် ငြိမ်းချမ်းရေးအတွက်ကြိုးပမ်းရန် လာခဲ့ခြင်းဖြစ်၏။ သို့ပါလျက်သူတို့သည်အဘယ်ကြောင့်ကျွန်တော့အားလူသတ်လုပ်ကြံရေးသမားတစ်ယောက်အဖြစ် ဖေါ်ထုတ်နေကြပါသနည်း။

ကျွန်တော့အား မေးကြသောအထူးသတင်းထောက်လှမ်းရေးဌာနမှ ရဲအရာရှိများအား ငြိမ်းချမ်းရေးလုပ်ငန်းအတွက် ကျွန်တော်လာခြင်း ဖြစ်ကြောင်း အမှန်အတိုင်းပြောလိုက်၏။ သခင်သာခင်ထံသို့လည်း ကျွန်တော်စာတစ်စောင်ရေးလိုက်၏။ ထိုစာ၌ အစိုးရက ကျွန်တော်တို့၏ ငြိမ်းချမ်းရေးကမ်းလှမ်းချက်နှင့်ပတ်သက်၍ သံသယများရှိနေသည်။ ထိုသံသယများပျောက်ရန် ကျွန်တော်တို့၏ငြိမ်းချမ်းရေးသဘောထားအမှန်ကို တင်ပြလိုပါသည်။ ထို့ကြောင့် သခင်သာခင်နှင့် တွေ့ပါရစေဟု ရေးလိုက်၏။

သို့ရာတွင် သခင်သာခင်ထံမှ ဘာအကြောင်းမှပြန်မလာပေ။ ထိုအချိန်၌ ကိုချမ်းအေး၏စစ်တမ်းထွက်လာလေသည်။ ဧပြီလ ၅ရက်နေ့ (၁၉၅၇)၌ဝန်ကြီးသခင်ချစ်မောင်နှင့် ကိုချမ်းအေးတို့က သတင်းစာကွန်ဖရင့်တစ်ခုပြုလုပ်ပြီး ကိုချမ်းအေးက ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ သူ၏သဘောထားကို တင်ပြလေသည်။ ၎င်းကို 'ချမ်းအေး–စစ်တမ်း'ဟုခေါ်၏။ သူ့ကြွေးကြော်သံမှာ 'လက်နက်နှင့်ဒီမိုကရေစီလဲရေး' ဖြစ်၏။

ကိုချမ်းအေး၏ သတင်းစာကွန်ဖရင့်တွင် အချို့သတင်းစာဆရာများကကျွန်တော်နှင့်တွေ့လိုကြောင်း ပြောကြ၏။ ခွင့်တောင်းကြ၏။ ဝန်ကြီးသခင်ချစ်မောင်က ကျွန်တော့အခြေအနေကိုကြည့်နေသေးကြောင်းလောက်သာ မတင်မကျဖြေလေသည်။

မြန်မာ့အလင်းသတင်းစာခေါင်းကြီးပိုင်းကလည်း 'နိုင်ငံတော်အစိုးရသို့ ကျွန်တော်အကြံပေးလိုသည်မှာ ကွန်မြူနစ်ပါတီတရပ်လုံးကို ကိုယ်စားပြုသည့် ဗဟိုကော်မီတီဝင်တစ်ဦးဖြစ်သော ကာနယ်ချစ်ကောင်းကို သတင်းစာဆရာများနှင့်လူထုရှေ့တွင် ထုတ်ယူစစ်ဆေးရလျှင် ၎င်းတို့၏ သဘောထားကို အထင်အရှားထင်မြင်လာနိုင်ပေသည်'ဟုရေး၏။ (ဧပြီလ ၉၊ ၁၉၅၇)

သို့ဖြစ်ရာ လူအများသည် ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် လုပ်ကြံပြောဆိုထားချက်များမပါသော ကွန်မြူနစ်ပါတီ၏ ငြိမ်းချမ်းရေးသဘောထားအမှန်ကို မည်မျှသိလိုသောဆန္ဒပြင်းပြနေကြောင်း ထင်ရှားနေ၏။ သို့ရာတွင် ထုတ်ဖေါ်ခွင့်မရခဲ့။(ကျွန်တော့အား ရုံးတင်၍ တရားခွင်သို့ရောက်သောအခါကျမှသာ ထုတ်ဖေါ်၍ ပြောရတော့၏)

'ချမ်းအေး–စစ်တမ်း'ကို အလုပ်သမား၊ လယ်သမားပါတီဗဟိုကော်မီတီကပြင်းထန်စွာဝေဖန်လေသည်။ တကဲ့စစ်မှန်သောငြိမ်းချမ်းရေးကို ဒီမိုကရေစီနည်းကျကျစေ့စပ်ဆွေးနွေးခြင်းအားဖြင့်သာ ရရှိနိုင်သည်ဟုဆို၏။ ဘီတီယူစီက မေဒေးနေ့ကျင်းပရာ၌လည်း 'ပြည်တွင်းစစ်–ပြည်တွင်းစစ်–စေ့စပ်နည်းနှင့်ရပ်စဲပစ်'ဟု ကြွေးကြော်ကြ၏။

ဧပြီ ၅ရက်နေ့တွင် ဝန်ကြီးသခင်ချစ်မောင်နှင့် ကိုချမ်းအေးတို့က သတင်းစာကွန်ဖရင့်လုပ်ပြီးနောက် ၂ရက်အကြာ၌ ဆရာကြီးသခင် ကိုယ်တော်မှိုင်း၏ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ကြီးကကြီးမှူး၍ ကန်တော်မင်ပန်းခြံတွင် ငြိမ်းချမ်းရေးဆန္ဒပြပွဲကြီးပြုလုပ်ရာ ဗိုလ်ချုပ်အောင်ဆန်းတို့ခေတ်က ကန်တော်မင်လူထုမျိုးလောက် စည်ကားစွာတက်ရောက်၍ လူထုကြီးကဆန္ဒပြကြပြီး ဆရာကြီး၏ငြိမ်းချမ်းရေးမူကိုလက်ခံကြောင်းဆုံးဖြတ်ကြလေသည်။

ငြိမ်းချမ်းရေးလှုပ်ရှားမှုကြီးကားတက်နေ၏။ သာယာဝတီမင်းလှဂိုဏ်းပေါင်းစုံမှ ဆရာကြီး၏မူကိုထောက်ခံခြင်း၊ ဆရာကြီးတို့၏ ငြိမ်းချမ်းရေးအဖွဲ့ကို စစ်တွေမှကြိုဆိုခြင်း၊ စစ်တွေငြိမ်းချမ်းရေးဆန္ဒပြပွဲတွင် လူ ၁၅၀၀၀ တက်ရောက်ခြင်း၊ စစ်တွေတွင် အများဆုံးဖြစ်ခြင်း ပုသိမ်ငြိမ်းချမ်းရေး ဆန္ဒပြပွဲတွင် ပုသိမ်တပ်ထိန်းအဖွဲ့နှင့်စစ်စုံစမ်းထောက်လှမ်းရေးအဖွဲ့တို့က နှောင့်ယှက်ခြင်း၊ ရန်ကုန်မြို့ပေါ်မှဆရာတော်ကြီးများသို့ ငြိမ်းချမ်းရေးကိစ္စ လျှောက်ကြားခြင်း၊ ဆရာတော်ဦးနာရဒက ဩဝါဒစကားပြန်လည်မိန့်ကြားခြင်း၊ ကာယကံရှင်နှစ်ဖက်စလုံးကိုစုံစမ်း၍ ငြိမ်းချမ်းရေးကို ဆက်

လက်ဆောင်ရွက်ရန် ပြည်သူတို့ကလည်း အချင်းချင်းကွဲပြားစေနိုင်သည်တို့ကို ရှောင်ရှား၍ ငြိမ်းချမ်းရေးကိုပို့ဆောင်နိုင်မည်တို့ကိုသာပြုမူရန်မိန့်ကြားခြင်း၊ရှေ့နေများအသင်းက ပြည်တွင်းငြိမ်းချမ်းရေးရစေရန် ဆုတောင်းကြောင်း ဆုံးဖြတ်ခြင်း၊ ဆရာကြီးထားဝယ်သို့ရောက်လာခြင်း၊ ထားဝယ်တွင် ငြိမ်းချမ်းရေးဆန္ဒပြပွဲကြီး ကျင်းပခြင်း၊ ရန်ကုန်ငြိမ်းချမ်းရေးဆန္ဒပြပွဲကြီးသို့ ဆရာကြီး မြိတ်မှ ပြန်ရောက်လာခြင်း၊ ကျောက်တန်း–သံလျှင်တို့တွင် ကျင်းပခြင်း၊ ဆရာကြီးတို့အား ပြည်မြို့က လူ ၂သောင်းကြိုခြင်း၊ ဆန္ဒပြပွဲကြီးသို့ လူ ၇ သောင်းတက်ရောက်ခြင်း၊ ကျောင်းတော်ရာ(မင်းဘူး)တွင် ၃ သောင်းတက်ခြင်း၊ ဗိုလ်မှူးချုပ်ကျော်ဇောက ပြည်တွင်းစစ်ကို စစ်တပ်တိုးချဲ့တိုက်နေလျှင် (၇)နှစ်အတွင်း မပြီးနိုင်ဟု တွက်ချက်ပြထားခြင်း၊ ဆရာကြီး ရွှေဥဒေါင်းက စေ့စပ်နည်း၊ သူမသာ ကိုယ်မနာနည်းကိုထောက်ခံကြပါဟု ပြောဆိုခြင်း၊ ဤသို့သော ငြိမ်းချမ်းရေးလှုပ်ရှားမှုသတင်းများသည် သတင်းစာများတွင် ရက်ဆက်ပါ၍ နေလေသည်။

ထိုသတင်းများနှင့်ယှဉ်လျက် အနယ်နယ်မှအစုလိုက် အပြုံလိုက် လက်နက်ချကြသောသတင်းများမှာလည်း ပါ၍လာ၏။ 'စစ်တမ်းများ' မှာလည်း အမျိုးမျိုးအဖုံဖုံ ထွက်လာလေသည်။ ထိုကြားထဲမှာပင် ငြိမ်းချမ်းရေးလှုပ်ရှားမှုမှာ မှန်မှန်ပင်ချီတက်နေ၏။

ထို့ကြောင့် ဆရာကြီးတို့ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ခေါင်းဆောင်များက တော်လှန်ရေးအင်အားစုများနှင့်တွေ့ရန် ခွင့်တောင်းရာ အစိုးရက ဒီတစ်ကြိမ်တော့ခွင့်ပြုပါသည်ဟု လိုက်လျောလာ၏။ သို့သော် လုံခြုံမှုအာမမခံနိုင်ဟုဆို၏။ ပမညတက နှစ်ဖက်တစ်ချိန်တည်းအတိုက်အခိုက် ရပ်စဲရန်ပန်ကြားချက် ထုတ်လိုက်၏။ တပြည်လုံး မဖြစ်နိုင်သေးလျှင် ဆရာကြီးတို့နှင့် တော်လှန်ရေးအင်အားစုများတွေ့သည့် နေရာတွင် ရပ်စဲပါဟုဆို၏။ လွှတ်တော်အစည်းအဝေး၌ ဝန်ကြီးချုပ်ဦးနုနှင့် သခင်သာခင်တို့က 'စေ့ စပ်လို့သာ ဖြစ်မည်ဆိုလျှင်'ဆိုသောစကားမျိုးကို ပြောလာကြ၏။

အမျိုးသားနေ့(နိုဝင်ဘာ ၁၆။ ၁၉၅၇)တွင် ပြောကြားသောဦးနု၏မိန့်ခွန်းမှာ ပို၍ချိုလာ၏။ သောင်းကျန်းသူတွေနှင့် ကျွန်တော်တို့ဟာ ရန်ညိုးကြီးတွေဖွဲ့ပြီး သူသေသေ–ကိုယ်သေသေတိုက်ရမဲ့ ကမ္ဘာ့ရန်သူတွေလဲမဟုတ်ပါဘူး။ ကျွန်တော်တို့အနေနဲ့တော့ ဖြစ်နိုင်ရင်ဆက်ပြီး မတိုက်ချင်တော့ဘူး။ ကျွန်တော်တို့နဲ့ သဘောချင်းတူနိုင်တဲ့ အပြုလုပ်ငန်းတွေမှာ အစွမ်းကုန်ပူးတွဲလုပ်ကိုင်ချင်တဲ့ဆန္ဒတွေလဲ ကျွန်တော်တို့မှာ အင်မတန် ပြင်းပြင်းပြပြ ပေါ်ပေါက်နေပါပြီ'

ကျွန်တော်သည် ဘားလမ်းအချုပ်ထဲမှနေ၍ ကိုချမ်းအေးတို့ သတင်းစာရှင်း

## ဗိုလ်မှူး ချစ်ကောင်း

လင်းပွဲပြီးသည့်နောက် သခင်သာခင်နှင့်တွေ့လိုကြောင်း၊ ဒုတိယအကြိမ် စာထပ်၍ရေးခဲ့၏။ ပြန်စာမရ။ တတိယအကြိမ် ထပ်ရေး၏။ ဘာအကြောင်းမှ မပြန်။ ယခု ဝန်ကြီးချုပ်၏ အမျိုးသားနေ့မိန့်ခွန်းပြောအပြီးတွင် ကျွန်တော့် စတုတ္ထနှင့်နောက်ဆုံးစာ သခင်သာခင်ထံ ရေးလိုက်၏။ ထိုစာတွင် ဝန်ကြီးချုပ်၏အမျိုးသားနေ့မိန့်ခွန်းကို အခြေခံ၍ လုပ်ရလျှင် ငြိမ်းချမ်းရေးရနိုင်ပြီဟု ယုံကြည်သည်။ ထို့ကြောင့် သခင်သာခင်နှင့်အမြန်ဆုံးတွေ့ပါရစေဟု တင်ပြလိုက်၏။

သို့သော် ဘာပြန်ကြားချက်မှ မရ။ သတင်းစာများ၌ကား သခင်သန်းထွန်းတို့ရှိရာ မုံရွာ၊ ရွှေဘို၊ ကျွန်းလှ၊ ကနီနယ်ဖက်တွင် အစိုးရက တပ်ရင်း (၇)ရင်းနှင့် မိုးကြိုး စစ်ဆင်ရေးပြုလုပ်ရာ သခင်သန်းထွန်းတို့ သီသီကလေးလွတ်သွားကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရလေ၏။

နောက်ဆုံး၌ကား ကျွန်တော့ထံ အကြောင်းပြန်ကြားချက်ရောက်၍ လာလေ၏။ လူကိုယ်တိုင်လာ၍ အကြောင်းကိုပြောပြ၏။ ကျွန်တော့်ကိုလည်း အချုပ်မှထုတ်၍ ခေါ်သွား၏။ သို့သော် ကျွန်တော်ကိုခေါ်သွားသောနေရာမှာ ခရိုင်ရာဇဝတ်တရားသူကြီး ဦးသန်းနွဲ့၏ရုံး။ ခေါ်သွားသည့် ကိစ္စမှာ ရာဇသတ်ကြီးပုဒ်မ ၁၂၂(၁)နှင့် ၁၂၃(၁)တို့ အရ နိုင်ငံတော်ပုန်ကန်မှုနှင့် ကျွန်တော့အား အစိုးရကတရားစွဲဆိုသောကိစ္စ ကျွန်တော့်အားအကြောင်းကိုပြောပြီးလာခေါ်သူကတော့ ရဲမှူးဦးဖေကျင်။

(၃၁)

# ဘားလမ်းမှာ

ဘားလမ်းအချုပ်တွင် ကိုမောင်ကိုနှင့်ကျွန်တော့ကို တခြားစီခွဲ၍ထား၏။ ကျွန်တော်တို့ကို တခြားလူများနှင့်လည်း အတူတူမထား။ တစ်ခန်းစီ သတ်သတ်ထား၏။

ကျွန်တော့အခန်းမှာ အချုပ်သမားများကိုလမ်းလျှောက်ထုတ်သော လမ်းကြား၏ အနောက်ဖက်တွင် ကပ်လျက်ရှိ၏။ ထို့ကြောင့် သူတို့ကို လမ်းလျှောက်ထုတ်သည့်အချိန်တွင် ကျွန်တော်နှင့်မတွေ့စေရန် အစောင့်များကစောင့်ကြပ်ပြီး ကျွန်တော့အခန်းတံခါးများကို ပိတ်၍ထားကြ၏။

အခန်းတွင်းသို့ ဝင်သောတံခါးပေါက်မှာ သံတိုင်များတပ်ထားသော တံခါးဖြစ်၏။ သူတို့သည် ကျွန်တော့ကို အချုပ်ခန်းထဲသို့ထည့် ပြီးနောက် သံတိုင်တံခါးပေါက်ကို သံပြားများနှင့်စို့ရိုက်၍ကာကြပြန်လေသည်။ တူနှင့်တအားလွှဲ၍စို့ရိုက်သံများမှာ နားကွဲလုမတတ်ဆူညံနေ၏။ အလုပ်သမားမှာချွေးဒီးဒီးကျနေ၏။သံပြားများကာ၍ အားလုံးပြီးစီးသည့်နောက် အကြီးအကဲလုပ်သူတစ်ယောက်က လာ၍ကြည့်၏။ ဟိုကစောင်း ဒီကလှည့်နှင့် အခန်းတွင်းသို့ကြည့်၏။ စိတ်တိုင်းမကျသောအမူအရာကို ပြ၏။

ထို့နောက် သံပြားများကိုပြန်၍အခွာခိုင်းပြန်လေ၏။ ကာသော သံပြားမှာ ကြီးသွားသောကြောင့် အပြင်မှအခန်းထဲသို့ကြည့်လျှင် ရုတ်တရက်မမြင်ရ။ ထို့ကြောင့် သံပြားကိုငယ်ငယ်ဖြတ်ပြီး ပြန်ကာရမည်ဖြစ်၏။ ခြေကုန်လက်ပန်းကျနေသော အလုပ်သမားများမှာ တူကိုပြန်၍ကိုင်ရပြန်လေ၏။ ပြီးသောအခါ သူတို့သည် သံတံခါးကို သော့နှစ်ထပ်ခပ်၍ ပိတ်ထားလိုက်ကြလေ၏။

အခန်းမှာကျဉ်းသော်လည်း တယောက်တည်းဖြစ်၍ လှုပ်သာရှားသာကား ရှိ၏။ ရေနှင့်အိမ်သာမှာ အခန်းထဲတွင်ပင်ဖြစ်၏။ အခန်းကို ၂၄နာရီစလုံးပိတ်ထား၏။ တစ်နေ့ ၁၅မိနစ်သာ အခန်းပြင်သို့ထွက်၍လမ်းလျှောက်ရ၏။ အခြားအချုပ်သမားများနှင့် ရော၍မလျှောက်ရ။ တစ်ယောက်တည်းသတ်သတ်ထုတ်၏။ အချုပ်ထဲမှရဲဘော်များနှင့်လည်း မတွေ့ရ။ ထောင်ဝင်စာလည်းမတွေ့ရပေ။ ထမင်းကိုလည်း အခန်းထဲမှာပင်စားရ၏။

ဤသို့ဖြင့် သော့နှစ်ထပ်ခပ်၍သံပြား၊ သံတံခါးတွေကာထားသော အခန်းကျဉ်းကလေးထဲ၌ တစ်နေ့၁၅မိနစ်သာ အပြင်ထွက်လမ်းလျှောက်ရပြီး မည်သူနှင့်မျှ မတွေ့ရဘဲ တစ်နှစ်နီးပါးမျှ တစ်ယောက်တည်းနေလာခဲ့ရ၏။ ဓါတ်မှန်ရိုက်ရန် ဆေးရုံကြီးသို့ တစ်ကြိမ်သာထွက်ခဲ့ရ၏။

ကိုမောင်ကိုမှာ မကျန်းမာသဖြင့် ရန်ကုန်ထောင်ကြီးချုပ်သို့ ပြောင်းသွားရ၏။ ဩဂုတ်လ(၁၉၅၇)၌ သူ့ကိုတရားစွဲကြောင်း သတင်းစာ၌ ဖတ်ရ၏။ ရဲဝန်ထောက် ဦးထွန်းသန်းက တရားလိုပြုလုပ်ပြီး ရာဇသတ်ပုဒ်မ ၁၂၃(၁)နှင့် ၁၂၄တို့အရ ရန်ကုန်ခရိုင် ရာဇဝတ်တရားသူကြီးရုံး၌ တရားစွဲဆိုလိုက်သည်ဟု ဆို၏။ ဦးမောင်ကိုဖက်မှ ဝတ်လုံတော်ရ ဒေါက်တာဦးအေးမောင်က လိုက်ပါဆောင်ရွက်သည်ဟုဆို၏။

တစ်နေ့သ၌ ကျွန်တော့်ထံအထူးသတင်းစုံစမ်းထောက်လှမ်းရေးဌာနမှ စာတစ်စောင်လာ၍ပေး၏။ ကျွန်တော့်ဇနီးထံမှ စာဖြစ်၏။

ကျွန်တော့်ဇနီးမှာ ထိုအချိန်က မန္တလေးထောင်ထဲတွင် ပုဒ်မ ၅ ဖြင့်အချုပ်ခံနေရ၏။ သူ့ကို တောထဲတွင် ကျွန်တော့်အရင်မိသွားခဲ့၏။ ကလေးနှစ်ယောက်မှာ သူနှင့် အတူတူရှိနေ၏။ အကြီးယောက်ျားလေးမှာ ၅နှစ်။ အငယ်မိန်းကလေးက ၂နှစ်။ ဤသို့ဖြင့် ကျွန်တော်တို့မိသားတစ်စုလုံး ထောင်ထဲရောက်နေကြ၏။ ယခုသူကမန္တလေးထောင်ထဲမှနေ၍ သက်ဆိုင်ရာမှတဆင့် ကျွန်တော့ထံ စာပေးလိုက်ခြင်းဖြစ်၏။

စာထဲ၌ သူတို့သားအမိတတွေ ကျန်းမာစွာရှိကြကြောင်း၊သမီးကလေးစကားပြောတတ်စပြုပြီဖြစ်ကြောင်း၊ သားကို ဆရာမဒေါ်အမာက စာသင်ပေးနေကြောင်း၊ မနှင်းမေ၊ မခင်ညွန့်၊ မခင်မြ၊ မခင်စီတို့လည်း နေကောင်းကြကြောင်း၊ ကျွန်တော့်

အကြောင်းကို ကြားသိရကြောင်း၊ ရှေ့တွင် ဘယ်လိုအခြေအနေဆိုတာ သိလိုကြောင်းတို့ ပါလာ၏။

ကျွန်တော်က ရှေ့အခြေအနေကို ဤသို့ပြန်ရေးလိုက်၏။ အစိုးရက ကိုယ့်ကို အခုအတိုင်း ပုဒ်မ ၅နဲ့ ဆက်ချုပ်ချင်လဲ ဆက်ချုပ်ထားလိမ့်မယ်၊ ရုံးတင်ပြီးတရားစွဲချင်လဲ စွဲလိမ့်မယ်၊ လွှတ်ချင်လဲ လွှတ်လိမ့်မယ်၊ ကျွန်တော်ကဤသုံးခုအနက်တစ်ခုခုတော့မှ ချဖြစ်ရမယ်ဟု မလွဲနိုင်သောနိုင်ငံရေးဗေဒင်ကို ရယ်စရာဟော၍လွှတ်လိုက်၏။ (သို့သော် နောင်အခါ၌ ဤသုံးခုစလုံးပင် တကယ်လက်တွေ့ လာ၍ဖြစ်နေ၏။ ပထမ ကျွန်တော့ကို ပုဒ်မ ၅ နှင့် ဆက်ချုပ်ထား၏။ နောက်ရုံးတင်တရားစွဲ၏။ နောက်သမတ အာဏာနှင့် လွှတ်ပစ်လိုက်လေသည်။)

ဤသို့ မန်းထောင်နှင့်ဘားလမ်းအကြား စာတွေအစုန်အဆန် သွားနေပြီး နောက် ကျွန်တော့်ဇနီးသည် ပုဒ်မ ၅မှလွတ်မြောက်လာကာ ကျွန်တော့အားထောင်ဝင် စာတွေ့ရန် ကလေးနှစ်ယောက်ကိုလက်ဆွဲပြီး ဘားလမ်းသို့လိုက်၍လာလေ၏။ ထိုနေ့ မှာ ကျွန်တော့အားဖမ်းမိပြီးနောက် ၉လတိတိမြောက်သောနေ့ဖြစ်၏။ (ဒီဇင်ဘာ ၉–၁၉၅၇)။ ၉လတိတိကြာမှ ကျွန်တော် အပြင်လူနှင့်စကားပြောရ၏။

ဇနီးလွတ်ကြောင်းကို ကျွန်တော်ကြိုတင်သိမထား။ ထောင်ဝင်စာလာခေါ် မှသိရ၏။ ကျွန်တော့အားအချုပ်ခန်းထဲမှထုတ်ပြီး ရုံးခန်းထဲ ခေါ်သွားရာ ရုံးခန်းထဲ၌ ဇနီးနှင့် ကလေးနှစ်ယောက်ကို တွေ့ရလေ၏။

သမီးကလေးမှာ သူ့အမေရင်ခွင်ထဲ၌ အိပ်လျက်နေ၏။ သားဖြစ်သူကား မော်တော်ကားကလေးကို စာပွဲပေါ်တွင်လိမ့်ပြီးကစားနေ၏။ ကျွန်တော့ကိုမြင်သော အခါ သားကလေးသည် ကစားနေတာကိုရပ်လိုက်ပြီး 'ဖေဖေ ... ဘာဖြစ်လို့ အကြာကြီး နေတာလဲဟင်'ဟု မေး၏။ ကလေးသည် တောထဲမှာကတည်းကစပြီး သူတို့ထံ ကျွန်တော် မရောက်ဘဲ အကြာကြီးနေသည်ကိုသာ သိရှာ၏။ ကျွန်တော်က သားကို မြှောက်ချီမည်အလုပ် အမေက ပွေ့ထားသောသမီးကို ကျွန်တော့လက်ထဲထည့်လိုက်၏။ သမီး ကလေးသည် အိပ်နေရာမှမျက်လုံးပွင့်လာပြီး ကျွန်တော့မျက်နှာကိုကြောင်ကြည့်နေ၏။ ထို့နောက် လူးလွန့်၍ငိုလေ၏။ သူ့ကိုပွေ့ချီထားသူမှာ သူ့အဖေဆိုသည်ကို မသိတော့။

ဇနီးက သူလွတ်လာပုံ၊ သူ ယခုနေထိုင်ပုံ၊ ကျွန်တော့ကိုတွေ့ရန်မည်သို့လိုက် ရပုံတို့ကို ပြောပြ၏။ သူပြောသမျှကို အနားရှိစုံထောက်က ရေးမှတ်နေ၏။ ကျွန်တော့ မှာ ဒါတွေကိုလည်း လိုက်မှတ်ရ၏။

ဇန်နဝါရီလ ၃၀ရက်နေ့ (၁၉၅၈)တွင် ကျွန်တော့အား ရုံးတင်တရားစွဲရာ ထိုနေ့မှာပင် ကိုမောင်ကိုရှိရာ ရန်ကုန်ထောင်ကြီးချုပ်သို့ ပြောင်းလိုက်လေသည်။

(၃၂)

# ငပြီ၊ ၂၆

ရန်ကုန်ထောင်ထဲ၌ ကိုအုန်းမောင်နှင့်ကိုလှဖေကို ပြန်တွေ့ရ၏။

ဂျပန်တော်လှန်ရေးခေတ် အိန္ဒိယသို့သွားကြစဉ်က မဲဇာချောင်းကမ်းပေါ်ရှိ ဂျုံးဂျုံးဂျရွာကလေးမှတကောင်းသို့ ဖေါင်ကလေးနှင့်စုန်ဆင်းခဲ့ကြရာ၌ ဖေါင်ကလေးပေါ်တွင် ရဲဘော်လေးယောက်ပါလာခဲ့၏။ ရဲဘော်တစ်ယောက်မှာ အပြင်းဖျားသဖြင့် လုံးဝသတိမရတော့ဘဲ စန့်စန့်ကြီးအိပ်၍ပါလာ၏။ ကျန်ရဲဘော်သုံးယောက်က သူ့ဘေးတွင်ထိုင်ကာ စိုးရိမ်ကြီးစွာဖြင့် စောင့်ကြည့်နေကြ၏။ ဖျားနေသောရဲဘော်ကားကိုလှဖေ၊ သူ့ဘေးက ရဲဘော်သုံးယောက်ကတော့ ကိုအုန်းမောင်၊ မန်းဝင်းမောင်နှင့် ကျွန်တော်။

'ကဲ အခုကျုပ်တို့ ဒီမှာ မန်းဝင်းမောင်တစ်ယောက်ဘဲလိုတော့တယ်'ဟု ကျွန်တော်တို့က ရယ်ပြီး နှုတ်ဆက်ကြ၏။

'ဟေ့လူတွေ ခင်ဗျားတို့ သမတကြီးကို ဒီလိုမပြောကြနဲ့နော်'ဟု တစ်ယောက်ကဆို၏။

'ကျွန်တော်တို့ရဲဘော်လေးယောက်ပြန်တွေ့ဘို့နေရာမှာ သူလိုနေတာကို ပြောတာပါဗျာ။ ဟဲ–ဟဲ'

ကျွန်တော်တို့ကား နှစ်ပေါင်းများစွာကွဲကွာနေရသောရဲဘော်တွေချင်း ပြန်

တွေ့ကြရသဖြင့် ဝမ်းသာနေကြ၏။ တွေ့ရသောနေရာကိုပင် သတိမထားမိ။

ဖေဖော်ဝါရီလ ၃ရက်နေ့ (၁၉၅၈)တွင် ကျွန်တော့်ကိုရုံးထုတ်၏။ တရားသူကြီးက ကျွန်တော့်အတွက်ရှေ့နေ ကိုယ့်ဘာသာငှားမလား၊ အစိုးရကငှားပေးရမလားဟု မေး၏။ ကျွန်တော်က စဉ်းစားပါဦးမည်ဟု ပြန်ဖြေခဲ့၏။

ကျွန်တော့်အား အစိုးရကစွဲချက်တင်ရာ၌ ကျွန်တော်သည် (၁) ၁၉၄၈ခု၊ မတ်လတွင် တောခိုခဲ့သည်။ (၂) ပြည်သူ့ဒီမိုကရေစီတပ်ပေါင်းစု ဗဟိုစည်းရုံးရေးကော်မီတီ ခေါင်းဆောင်တစ်ဦးဖြစ်သည်။ (၃) ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ဗဟိုစစ်ဦးစီးဌာနချုပ်တွင် နိုင်ငံရေးမှူးကြီးဖြစ်သည်။ (၄) ၁၉၅၀–ခုနှစ်တွင်ဖွဲ့သည့် ပြည်သူ့တပ်မတော်တွင် နိုင်ငံရေးမှူးကြီးဖြစ်သည်။ (၅) ကျွန်တော်ပါဝင်ဖွဲ့စည်းထားသည့် ဗဟိုစစ်ဦးစီးဌာနချုပ်၏ ဦးဆောင်မှုဖြင့် ပျဉ်းမနားနယ်အတွင်းရှိ လက်နက်ကိုင်တပ်သားများသည် ၁၉၅၂–ခုနှစ်တွင် အစိုးရတပ်များကိုတိုက်ခိုက်ခဲ့သည်။ (၆) ၁၉၅၃ခုနှစ်တွင် မြောက်ပိုင်းဌာနချုပ် နိုင်ငံရေးမှူးကြီးဖြစ်သည်။ (၇) တော်လှန်ရေးဂျာနယ်အယ်ဒီတာဖြစ်သည်။ (၈) ကလော့စ်ဝစ် 'စစ်၏အခြေခံဥပဒေသ' များစာအုပ်ကို ဘာသာပြန်မှတ်စုရေးခဲ့သည်။ (၉) အလင်းရောင်သတင်းစဉ်တွင် 'လူယောင်ဆောင်နေသောဘီလူးများ၏လှည့်ဖျားမှုကိုသတိပြု' ဆောင်းပါးနှင့် 'ပြည်သူ့တပ်မတော်ဆိုတာဘာလဲ' ဆောင်းပါးတို့ ရေးသားခဲ့သည်။ (၁၀) 'မ'သုံးလုံးဒေသသို့သွား၍ နိုင်ငံရေးလမ်းစဉ်ကိုရှင်းခဲ့သည်။ (၁၁) ရဲဘော်လှဖေကို ရန်ကုန်သို့လွှတ်ပြီး ကွန်မြူနစ်စာရွက်စာတမ်းများကိုရိုက်ဝေရန် တာဝန်ပေးခဲ့သည်ဟူ၍ ပါ၏။

ဤစွဲချက်ထဲ၌ ဟုတ်တာတွေရော မဟုတ်တာတွေရော ပါနေ၏။ ကျွန်တော်သည် မဟုတ်တာကိုငြင်းပြီး ဟုတ်တာကို မှန်သည့်အတိုင်း ပြောမည်ဖြစ်၏။ ထို့ပြင် ကျွန်တော်သည် နိုင်ငံရေးသမားတစ်ယောက်ဖြစ်၍ နိုင်ငံရေးကိုသာအဓိကထားပြီး ပြော ဆိုလျှောက်လဲမည်ဖြစ်၏။ ရှေ့နေသည်ကား ဥပဒေသမားဖြစ်၍ဥပဒေအရသာအဓိကထားကြပြီး ပြောဆိုပေလိမ့်မည်။ ရှေ့နေနှင့် ကျွန်တော်သဘောကွဲလွဲနေရလျှင်လည်း မကောင်း။ ထို့ကြောင့် ကျွန်တော့်ဘာသာကျွန်တော် ကျွတ်ကျွတ်လွတ်လွတ်ပြောဆိုလျှောက်လဲလိုသဖြင့် ရှေ့နေမလိုတော့ဟု ဆုံးဖြတ်လိုက်၏။

ဖေဖော်ဝါရီလ ၅ရက်နေ့၌ ရုံးပြန်၍ထွက်သောအခါ ရှေ့နေမလိုတော့ကြောင်း ကျွန်တော့်ဘာသာလျှောက်လဲမည်ဖြစ်ကြောင်း တရားသူကြီးအား တင်ပြ၏။ တရားသူကြီးက ဥပဒေစာအုပ်ကိုလှန်ကြည့်ပြီး သေဒဏ်ပေးနိုင်တဲ့အမှုမျိုးကို တရားခံကရှေ့နေမငှားရင် အစိုးရက ရှေ့နေငှားပေးရမှာဘဲ၊ ရှေ့နေပါမှဖြစ်မယ်ဟုဆိုရာ အကြပ်လာ၍တွေ့နေ၏။

သို့သော် ထိုအကြပ်အတည်းမှာ နောက် ၂ ရက်အကြာ၌ ဖြေရှင်းသွားလေသည်။ ကိုမောင်ကို အမှုကိုလိုက်သော ဒေါက်တာဦးအေးမောင် က ကျွန်တော့အမှုကိုလည်းလိုက်ရန်သဘောတူရာ ဒေါက်တာဦးအေးမောင်မှာ တရားမျှတမှု ပါတီခေါင်းဆောင်နှင့် ပမညတ သဘာပတိအဖွဲ့ဝင် လူကြီးလည်းဖြစ်၊ ကိုမောင်ကိုအမှုနှင့်ကျွန်တော့အမှုမှာ ဆက်၍လည်းနေသည့်အတွက် အဆင်ပြေ၍သွားလေသည်။ ဒေါက်တာဦးအေးမောင်နှင့် တွဲဖက်လျက် တရားမျှတမှုပါတီလူကြီးပင်ဖြစ်သော လွှတ်တော်ရှေ့နေကြီးဦးမောင်ကြီးကလည်း ကိုမောင်ကိုနှင့်ကျွန်တော်တို့အတွက် လိုက်ပါဆောင်ရွက်၏။ နှစ်မှုစလုံးအတွက် အစိုးရရှေ့နေကြီးမှာ ဦးချစ်ဖြစ်၏။

ပြည်ထဲရေးဝန်ကြီးသခင်သာခင်မှာ ကိုမောင်ကိုအမှုမှာရော ကျွန်တော့အမှုမှာရော အစိုးရသက်သေအဖြစ်ပါ၏။ ဇန်နဝါရီလ ၈ရက် (၁၉၅၈)နေ့တွင် ကိုမောင်ကိုအမှုအတွက် သက်သေလိုက်ရန် သူ့ရုံးသို့လာရာ အစောင့်အရှောက်ပါသည်ဆိုရုံလောက်သာပါလာ၏။ နောက်သုံးလအကြာ ဧပြီလ ၁၁ ရက်နေ့ ကျွန်တော့အမှုအတွက် သူရုံးသို့ လာသောအခါတွင်ကား တစ်ရုံးလုံး အစောင့်များကိုထူထပ်စွာချထားလေသည်။

ကျွန်တော်တို့နှစ်မှုစလုံးအတွက် အစိုးရသက်သေများအားလုံးကို စစ်ဆေးပြီးနောက် စွဲချက်တင်သင့်–မတင်သင့်ကို နှစ်ဖက်ရှေ့နေကြီးများက ဧပြီလ ၁၈ရက်နေ့တွင် လျှောက်လဲကြ၏။ အစိုးရရှေ့နေကြီးဦးချစ်က ကျွန်တော်သည် အစိုးရကိုစစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ရာ၌ ကိုယ်တိုင် လက်နက်ကိုင်ပါဝင်တိုက်ခိုက်တာကိုမြင်သော သက်သေကား မရှိ။ သို့ရာတွင် စစ်တိုက်ရာ၌ အသက်သွေးကြောမျှင်ကလေးတစ်မျှင်အဖြစ် ပါဝင်နေလျှင်ပင် အပြစ်ရှိကြောင်း၊ ထို့ကြောင့် စွဲချက်တင်သင့်ကြောင်း၊ ကျွန်တော့ကိုစွဲချက်တင်နိုင်လျှင် ကိုမောင်ကိုလည်း တင်သင့်ကြောင်း၊ မိနစ်၄၀ ကြာမျှ လျှောက်လဲချက်ပေးလေသည်။ ကျွန်တော်တို့ဖက်မှ ဒေါက်တာဦးအေးမောင်ကလည်း အချိန်ဤမျှလောက်ပင်ယူ၍ စွဲချက်မတင်သင့်ကြောင်း လျှောက်လဲ၏။ သူ၏အဓိကအကြောင်းပြချက် တစ်ခုမှာ အစိုးရသက်သေများ၏ထွက်ချက်များသည် ကိုယ်တိုင်ကိုယ်ကျသိကြသောအချက်များ မဟုတ်ဘဲ၊ တဆင့်ကြားတွေသာဖြစ်သည်ဟူ၍ ဖြစ်၏။

တရားသူကြီးသည် ထိုလျှောက်လဲချက်များကို ကြားနာပြီး စွဲချက်တင်သင့် မတင်သင့်ကို အမိန့်ချမှတ်ရန် ဧပြီလ ၂၆ရက်နေ့သို့ ချိန်းလိုက်၏။

ဧပြီလ ၂၆–ရက်နေ့ကား ရာဇဝင်တွင်စာတင်ရမည့်နေ့တစ်နေ့ပင် ဖြစ်လေသည်။ ထိုနေ့တွင် တရားသူကြီးက ကျွန်တော့ကို ပုဒ်မ ၁၂၂(၁) အရလည်းကောင်း၊ ကိုမောင်ကို ကို ပုဒ်မ ၁၂၃(၁)အရလည်းကောင်း၊ အသီးသီးစစ်ဆေးရန် စွဲချက်တင်၏။ ဒေါက်တာဦးအေးမောင်က အစိုးရပြသက်သေများကို ပြန်ခေါ်ပေးရန်နှင့် သူတရုတ်

ပြည်သို့သွားရဦးမည်ဖြစ်၍ ရက်ခွာ၍ချိန်းပေးရန်ပြော၏။ တရားသူကြီးက ဇွန်လ ၅ ရက်နေ့ ချိန်းလိုက်၏။

ကျွန်တော်တို့အားစွဲချက်တင်သောနေ့ဖြစ်၍ ဧပြီလ ၂၆ရက်မှာ ရာဇဝင်တွင်သောနေ့ဖြစ်ခြင်းပေလား၊ မဟုတ်ပေ။

ထိုနေ့ကား အိန္ဒိယသို့သွားနေရာမှပြန်မရောက်သေးသော ဝန်ကြီးသခင်သာခင်ကိုင်နေသည့်ပြည်ထဲရေးဌာနကို ဝန်ကြီးချုပ်ဦးနုက ပြောင်းလဲယူလိုက်သောနေ့ဖြစ်ခြင်းကြောင့်ပင်တည်း။

## (၃၃)
# ဖဆပလ ကွဲပြန်ခြင်း

ဧပြီလ ၂၆ရက်နေ့တွင် ဝန်ကြီးသခင်သာခင်အား ပြည်ထဲရေးဝန်ကြီးနေရာမှ ဖယ်ရှားပေးလိုက်ခြင်းမှာ ဖဆပလကွဲတော့မည့်ဆိုခြင်းကို နိမိတ်ပြလိုက်ခြင်းပင်ဖြစ်၏။

ကွန်မြူနစ်ပါတီကို ဖဆပလထဲမှထုတ်ပစ်လိုက်သည်အချိန်ကစ၍ အမျိုးသားညီညွတ်ရေးကြီးပြိုကွဲလာလိုက်သည်မှာ ယခုထိ အဆုံးမသတ်နိုင်သေး။

ကျွန်တော်တို့အမှုကို ဧပြီလ ၂၆ရက်နေ့မှ ဇွန်လ ၅ရက်နေ့ထိ တစ်လကျော်မျှ ရက်ခွာ၍ချိန်းလိုက်သည့်အချိန်တွင် အပြင်တွင် နေ့စဉ်နှင့်အမျှ ပြောင်းလဲလျက်ရှိသော အခြေအနေများကို ကျွန်တော်တို့သည်ထောင်တွင်းမှနေ၍ ရေဒီယိုနားထောင်ကာ သတင်းစာများကိုဖတ်ပြီး စိတ်အားထက်သန်စွာ အမှီလိုက်လျက်ရှိကြ၏။

ဧပြီလ ၂၉ရက်နေ့ညတွင် ဝန်ကြီးချုပ်ဦးနု၏ အရေးကြီးသောမိန့်ခွန်းသည်

ရေဒီယိုမှပေါ်၍လာ၏။ သူက ဖဆပလကွဲတော့မည့်အကြောင်းကို ထုတ်ဖေါ်ကြေညာလိုက်လေသည်။

ဖဆပလကွဲတော့မည့်ဆိုသောသတင်းမှာ ဇန်နဝါရီလ(၁၉၅၈) ကမ္ဘာ့အေးညီလာခံလောက်ကတည်းက လှုပ်လှုပ်ရှားရှားပေါ်လာခဲ့၏။ သို့ရာတွင် ထိုစဉ်က ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ဦးနုပြောခဲ့သောစကားကြီးသုံးခွန်းက ငြိမ်းချမ်းရေးကိုပြင်းပြစွာလို လားနေသောလူထုများအကြား၌ လွှမ်းမိုး၍သွားခဲ့၏။

(၁) ခင်ဗျားတို့နဲ့ကျွန်တော်တို့ ဘယ်သူမှားတယ်–ဘယ်သူမှန်တယ်ဆိုတာတွေကို အချီအချပြောမနေကြပါနဲ့တော့။

(၂) ကျွန်တော်တို့ကမှားခဲ့တာတွေရှိရင်လဲ သည်းခံဘို့ ကျွန်တော်တောင်းပန်ပါတယ်။ ခင်ဗျားတို့မှားခဲ့တာတွေရှိရင်လဲ ကျွန်တော်တို့ သည်းခံပါမယ်။

(၃) ခင်ဗျားတို့နဲ့ ကျွန်တော်တို့ဟာ ဝါဒနဲ့လမ်းစဉ်တွေမှာ တဖက်တလမ်းဖြစ်နေပေမဲ့ ပြည်ထောင်စုသားတွေကောင်းစားဘို့လုပ်ပေးရမဲ့လုပ်ငန်းတွေမှာတော့ အတူတူ လက်တွဲပြီးလုပ်ပေးနိုင်တဲ့လုပ်ငန်းတွေ အများကြီးရှိပါတယ်။

ဒီလုပ်ငန်းတွေကို စံနစ်တကျရှာဖွေပြီး အတူတူလက်တွဲလုပ်ကြရအောင် အလင်းကိုဝင်ခဲ့ကြပါ။

ပမညတကလည်း ဤစကားကြီးသုံးခွန်းကို ခရီးဦးကြိုပြုလိုက်လေသည်။

မကြာမီ ဖေဖေါ်ဝါရီလ ၃ ရက်နေ့စွဲနှင့် သခင်သန်းထွန်းက ဦးနုထံပေးစာရောက်လာ၏။ ထိုစာထဲ၌ ပြည်တွင်းစစ် ၁၀ နှစ်မြောက်နေ့ဖြစ်သော မတ်လ ၂၈ရက်နေ့၌ အတိုက်အခိုက်ရပ်စဲရန် အစိုးရကသဘောတူလျှင် ပါတီကကိုယ်စားလှယ်လွှတ်မည့်အကြောင်း ဖေါ်ပြထား၏။ (မြန်မာ့အလင်း။ ၂–၃–၅၈)

မတ်လ ၂၆ရက်နေ့ ဒဂုံရိပ်သာ၌ပြုလုပ်သောသတင်းစာကွန်ဖရင့်၌ကာကွယ်ရေးဝန်ကြီးဦးဗဆွေက မတ်လ ၂၈ရက်နေ့တွင် အတိုက်အခိုက်မရပ်စဲနိုင်။ ဆက်တိုက်မည်ဟု ကြေညာလေသည်။ (ဦးဗဆွေ၏စကားမှာ အပြုတ်တိုက်ရေးလမ်းစဉ်သာဖြစ်သည်ဟု ကြေးမုံဇဝနက မှတ်ချက်ချခဲ့၏။ ၂၇–၃–၅၈)

မတ်လ ၂၈ရက်နေ့ ရန်ကုန်တွင် ငြိမ်းချမ်းရေးဆန္ဒပြပွဲကြီးကျင်းပရာ လူထု ၁ သိန်းတက်၍ (ထွန်း) ငြိမ်းချမ်းရေးဆန္ဒပြပွဲများတွင် အကြီးဆုံး ဖြစ်လေသည်။ (မြန်မာ့အလင်း)

ထိုအစည်းအဝေးကြီးတွင် ဆရာကြီးသခင်ကိုယ်တော်မှိုင်းမိန့်ခွန်းပြော၍ ဦးနု၏ စကားသုံးခွန်းကို အကောင်အထည်ဖေါ်ရန်နှင့် မတ်လ ၂၈ရက်နေ့မှစ၍ နှစ်ဖက်အတိုက်အခိုက်ရပ်စဲကြရန် တောင်းဆို၏။

ဤသို့ ငြိမ်းချမ်းရေးလှုပ်ရှားမှုကြီးထွားလာသည်နှင့်အမျှ ဖဆပလအတွင်း ပဋိပက္ခများမှာလည်း ပြင်းထန်၍လာ၏။ မော်လမြိုင်ဖက်သို့ဦးနုသွားနေသောသတင်း၊ အင်းစိန်မှသခင်ကျော်ဒွန်းလူတွေကို ဖမ်းသည်ဆိုသောသတင်း၊ အင်းစိန်ဖဆပလညီလာခံတွင် ဗိုလ်တင်မောင်ကြီး မိန့်ခွန်းသတင်း၊ ဗမာ့ခေတ်မှဖေါ်ထုတ်လိုက်သော ဦးနုနှင့်ဦးကျော်ငြိမ်းအပြန်အလှန်ပေးစာနှစ်စောင်၊ ဗမာ့ခေတ်မိုးကြိုး၏ စကားမစပ်သတင်းများ၊ ပြည်ထဲရေးဝန်ကြီးဌာနကို ဦးနုပြောင်းယူလိုက်သောသတင်း၊ နောက်ဆုံး ဖဆပလကွဲတော့မည်ဆိုသော ဧပြီလ ၂၉ရက် ဦးနု၏ရေဒီယိုမိန့်ခွန်း။

ဦးနုနှင့်သခင်တင်တို့ကတဖက်(သန့်ရှင်း) ဦးဗဆွေနှင့်ဦးကျော်ငြိမ်းတို့က တဖက်(တည်မြဲ)။

ဇွန်လ ၅ရက်နေ့တွင် အထူးပါလီမန်အစည်းအဝေးခေါ်ပြီး စာရင်းရှင်းကြရန် သဘောတူကြ၏။ ဒီအတွင်း အစိုးရအဖွဲ့ထဲမှာ အတူတူနေကြစို့။

ဧပြီလ ၂၉ရက်နေ့မှ ဇွန်လ ၅ရက်နေ့ထိ ၃၇ ရက်ကြာအစိုးရမှာ 'ဘာအစိုးရ'ဟု ခေါ်ရမှန်းမသိလောက်အောင် ထူးခြားသည့်အခြေအနေ၏ ထူးခြားသော အစိုးရပင်ဖြစ်တော့၏။ အစုနှစ်စုစလုံးက အစိုးရစက်ယန္တရားကြီးကိုကိုင်ပြီး ပါလီမန်တွင် ကိုယ့်အစုအနိုင်ရရေးအတွက် ပါဝင်လုံးပမ်းနေကြသောအစိုးရ။

နတင်က ပေါ်လစီ ၄ရပ်ကို ကြေညာလိုက်၏။ ကမ္ဘာအေးညီလာခံစကားကြီးသုံးရပ်အရ ငြိမ်းချမ်းရေးကိုဆောင်ရွက်မည်။ ဒီမိုကရေစီ အခွင့်အရေးများပေးမည်။ လူမျိုးစုများလိုလားချက်ကိုပေးမည်။ ကြားနေရေးဝါဒကျင့်သုံးမည်။ ထိုပေါ်လစီ ၄ ရပ်အရ ပမညတက နတင်အစုအား ထောက်ခံကြောင်း မေလ ၁၀ရက်နေ့တွင် ကြေညာလိုက်လေသည်။

၎င်းမှာ ဆွေငြိမ်းအစုအတွက် ထိုးနှက်ချက်ကြီးတစ်ခုဖြစ်သွားတော့၏။ ပါလီမန်တွင် နတင်အင်အားစုမှာ ဆွေငြိမ်းတဝက်လောက်သာရှိရာမှ ပမညတကနတင်ကို ထောက်ခံလိုက်သောအခါ ပါလီမန်တွင် နတင်နှင့်ဆွေငြိမ်းမှာ အကြိတ်အနယ်ကြဲရမည့် အခြေအနေသို့ ရောက်သွားလေသည်။

နှစ်ဖက်စလုံးမှ နယ်များသို့ထွက်၍လည်း အကြိတ်အနယ်အားစုကြရာ ဗိုလ်ချုပ်ကတော်ဒေါ်ခင်ကြည်နှင့်ဗိုလ်မင်းခေါင်တို့က မန္တလေးဖက်သို့ထွက်ကြ၏။ မေလ ၂၅ရက်နေ့တွင် မန္တလေးတွင် တရားဟောရာ၌ ဗိုလ်မင်းခေါင်က ကွန်မြူနစ်ပါတီ ဖဆပလမှအထုတ်ခံရတာ၊ တောခိုရတာ ဦးကျော်ငြိမ်းကြောင့်ဖြစ်သည်ဟုဆိုလေသည်။

ဇွန်လ ၅ရက်နီးကပ်လာလေ အပူတပြင်းကြိုးစားကြလေ၊ လူထုကစိတ်ဝင်စားလေ ဖြစ်လာ၏။ သတင်းစာများကလည်း နေ့စဉ်အမျိုးမျိုး တစ်ပေး၍ရေးကြ၏။

ဝါဒဖြန့်ကြ၏။ စိတ်ဓါတ်စစ်ဆင်ကြ၏။ ကျွန်တော်တို့လည်း ထောင်ထဲ၌နေ့စဉ် အမတ်စာရင်းကိုချပြီး ဘယ်သူနိုင်မလဲဟု တွက်နေကြ၏။ ငြိမ်းချမ်းရေးရာတို့ ဒီမိုကရေစီအခွင့်အရေးတွေရာတို့၊ နိုင်ငံရေးအကျဉ်းသမားတွေလွှတ်ဘို့၊ နတင်က ပို၍နီးစပ်သည်ဟု ကျွန်တော်တို့က ယူဆထားကြ၏။ ထို့ကြောင့် နတင်နိုင်ရေးကို လိုလားနေကြ၏။

တပြည်လုံးလူထုကလည်း နတင်ဖြစ်နေကြ၏။ သို့သော်ပါလီမန်ထဲမှာတော့ အမတ်အင်အားချင်းက မတိမ်းမယိမ်း။ အမတ်တစ်ယောက်ဆို တစ်ယောက် တန်ဘိုးက မဖြုတ်နိုင်အောင်ရှိနေ၏။ ပမညတအမတ်က ထောင်ထဲမှာ ၂ယောက်။ ပုသိမ်က ဦးအောင်မိုးနှင့် ရန်ကုန်ထောင်ထဲတွင် ကျွန်တော်နှင့်အတူရှိနေသော မြင်းခြံအမတ်ဦးမောင်ကို။ သူတို့နှစ်ယောက်မှာ ယခင်ပါလီမန်အစည်းအဝေးတွေတုန်းက တက်ခွင့် တောင်းခဲ့ကြရာ မရခဲ့။ ယခုသူတို့ကို နတင်ဖက်က တက်နိုင်အောင်ကြိုးစားပြီး၊ ဆွေငြိမ်းဖက်က ကန့်ကွက်နေကြပြန်၏။

ဤသို့ကန့်ကွက်မှုကြောင့်ပင် ကိုမောင်ကိုတို့နှစ်ယောက်မှာ ထောင်ထဲမှ လွှတ်သွားခဲ့ကြ၏။ ဝန်ကြီးချုပ်ဦးနုသည် သူတို့နှစ်ယောက် ပါလီမန်သို့ကျွတ်ကျွတ်လွတ်လွတ်တက်နိုင်ရန်အတွက် စွဲထားသောအမှုများကိုရုပ်သိမ်းပြီး ထောင်မှလွှတ်ပစ်လိုက်လေ၏။ (ဇွန် ၇ရက်တွင် ကိုမောင်ကိုလွှတ်ပြီး၊ ဇွန်လ ၉ရက်တွင် ကိုအောင်မိုး လွှတ်သည်။)

ဇွန်လ ၅ရက်နေ့မှာ ပါလီမန်စသောနေ့ဖြစ်၏။ ထိုနေ့ကို တပြည်လုံးက စိတ်ဝင်စားနေကြ၏။

ထိုနေ့မှာပင် ကျွန်တော့်ရုံးချိန်းဖြစ်၍ ထွက်သွားရ၏။ ကိုမောင်ကိုက မပါတော့။ သူက လွှတ်တော်သွားတက်နေပြီဖြစ်၏။ ရုံးမှာ ခြောက်ကပ်နေ၏။ ဘယ်သူမှ မလာကြ။ ကျွန်တော့်ဇနီးသာလာ၏။

အမှုမစစ်ဖြစ်ဘဲ ရက်ချိန်းပေးလိုက်လေ၏။

ဇွန်လ ၉ရက်နေ့ကား တပြည်လုံး လွှတ်တော်တက်ကြသော နေ့ကြီးပင်ဖြစ်၏။ ထိုနေ့တွင် ဦးနုအစိုးရအပေါ်တွင် ဦးဗဆွေက အယုံအကြည် မရှိအဆို တင်သွင်းပြီး မဲခွဲဆုံးဖြတ်ကြမည့်နေ့ဖြစ်၍ လွှတ်တော်ထဲမှတိုက်ရိုက်အသံလွှင့်ပေးရာ တပြည်လုံးရှိ ရှိသမျှရေဒီယိုတွေ ဘေးပတ်ပတ် လည်တွင် တစ်နေ့လုံးလူတွေအုံနေသော အခါကြီးဖြစ်၏။ ဘယ်သူနိုင်မလဲဆိုသောစိတ်သည် ရင်တဒိတ်ဒိတ်နှင့်ထိပ်ရောက်နေကြ၏။

ကျွန်တော်တို့လည်း ထောင်ထဲမှနေ၍လွှတ်တော်တက်ကြ၏။ တစ်နေ့လုံးရေဒီယိုနားထောင်ကြ၏။ စကားတစ်လုံးလွတ်သွားမှာကိုပင် စိုးရိမ်တကြီးနားထောင်ကြ၏။ လွှတ်တော်စလျှင် ကျွန်တော်တို့လဲစ၊ လွှတ်တော်လက်ခုတ်တီးလျှင် ကျွန်တော်

တို့လဲတီး၊ လွှတ်တော်နားမှ ကျွန်တော်တို့လဲ နားကြ၏။

တဖြည်းဖြည်း နေကုန်၍လာ၏။ လွှတ်တော်တွင်းစကားစစ်ထိုးပွဲကြီးမှာလည်း ပြီးခါနီးလာပြီဖြစ်၏။ အဆုံးအဖြတ်ခဏ်းမှာလည်း ရောက်လာလုနီးပြီဖြစ်၍ မဲခွဲချိန်သို့ ရောက်လာ၏။ အယုံအကြည်မရှိအဆိုကိုထောက်ခံသူနှင့် ကန့်ကွက်သူတို့သည် ကိုယ့်ဖက်ကိုယ်သွားနေကြပြီဖြစ်ကြောင်း ရေဒီယိုကြေညာသူက ကြေညာနေ၏။ ကြေညာသူက ဘောလုံးပွဲမှာလိုအပြေးအလွှားမပြောရသော်လည်း နားထောင်ရသူတွေက မောနေ၏။

နောက်ဆုံး မဲအရေအတွက်ကိုကြေညာအပြီးကျွန်တော်တို့တပြိုင်နက်တည်း အော်လိုက်ကြသောအသံမှာ ထောင်ခန်းထဲတွင် 'ဝေါ'ကနဲ ပဲ့တင်ထပ်၍သွားလေ၏။

အယုံအကြည်မရှိအဆို ထောက်ခံသူက ၁၁၉–မဲ၊ ကန့်ကွက်သူက ၁၂၇မဲ။

နုတင်က ၈–မဲနှင့် အစိုးရဖြစ်သွားလေပြီ။

(၃၄)

# သန့်ရှင်းအစိုးရ

နုတင် သန့်ရှင်းအစိုးရလက်ထက်၌ ငြိမ်းချမ်းရေးလှုပ်ရှားမှုမှာအတက်ဆုံးဖြစ်၏။ ဒေါင့်တိုင်းဒေါင့်တိုင်းမှ ငြိမ်းချမ်းရေးဆန္ဒပြနေကြ၏။ ငြိမ်းချမ်းရေးရတော့မည်ဟုလည်း မျှော်လင့်ယုံကြည်နေကြ၏။

မီးရထားအလုပ်သမားအစည်းအရုံးများအဖွဲ့ချုပ်၊ အလုပ်အမှုဆောင်အဖွဲ့က ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏မူအရ မျက်နှာစုံညီ ဆွေးနွေးရေးနှင့်သင်ပုန်းချေရေးကို အစိုးရက အမြန်ဆုံးအကောင်အထည်ဖေါ်ရန်နှင့် အတိုက်အခိုက်ရပ်စဲကြရန် ဆုံးဖြတ်ချက်ချလိုက်၏။

ဇွန်လ ၂၄ရက်နေ့တွင်ကား ဝန်ကြီးချုပ်ဦးနု၏မိန့်ခွန်းထွက်လာလေသည်။

တောထဲကလူတွေက လက်နက်ကိုင်တိုက်ပွဲစွန့်ကြောင်း ကြေညာပါ။
စစ်တပ်ကို လက်နက်အပ်ပါ။
တောထဲကျန်ရစ်သူတွေနဲ့ မဆိုင်ဘူးလို့ ကြေညာပါ။
ဗဟိုကော်မီတီအားလုံး မော်ကွန်းတင်ပွဲမှာ လက်မှတ်ထိုးပါ။
ဒီအခါမှာ တရားဝင်ပါတီတည်ရှိခွင့်ပြုမယ်။

ဤမိန့်ခွန်းကို ဆရာကြီးသခင်ကိုယ်တော်မှိုင်းက စိတ်တိုင်းကျမဖြစ်ဟုဆို၏။

ပမညတက ဦးနုမိန့်ခွန်းကိုထောက်ခံရန်ဆုံးဖြတ်ပြီး ဇွန်လ ၂၈ရက်နေ့ 'လက်နက်ကိုင်တော်လှန်ရေးပါတီအဖွဲ့အစည်းအားလုံးသို့ မေတ္တာရပ်ခံပန်ကြားချက်' ထွက်လာလေသည်။ ထိုပန်ကြားချက်၌ 'ငြိမ်းချမ်းရေးနှင့်ဒီမိုကရေစီရေး၊ အာမခံချက်

ဖြင့် ရပ်တည်နေသောဦးနု အစိုးရ၏ တိုင်းသိပြည်သိပေးအပ်ထားသော ကတိကြီးလေး ချက်'သည် ဝင်လာနိုင်ရန်အခြေအနေသစ်များဖြစ်ကြောင်း ဖေါ်ပြထား၏။

ဤပန်ကြားချက်သည် စေ့စပ်ရေးကိုပယ်ပစ်ရာရောက်သလား မရောက်ဘူး လား။ ဤပန်ကြားချက်အရ ဝင်လာသင့်သလား၊ ဝင်မလာသင့်ဘူးလား။ ပြဿနာများ ပေါ်လာ၏။ ရှုပ်ထွေးမှုများဖြစ်လာ၏။

ဗိုလ်မြသွေးက ပမညတ ယခုကျင့်သုံးနေတာ စေ့စပ်ရေးမှုဘဲ။ လက်နက်ချ ရေး မှုမဟုတ်ဟုဆို၏။ (ဇူလိုင် ၁၇–ပမညတ သတင်းစာကွန်ဖရင့်)

တည်မြဲဦးထွန်းဝင်းက ဦးနုသည် ငြိမ်းချမ်းရေးတွင် မိမိတို့အစိုးရအဖွဲ့ ရှိ စဉ်က လမ်းစဉ်အတိုင်းလုပ်နေကြောင်း၊ စေ့စပ်ဆွေးနွေးသောနည်းကို မသုံးဝံ့ကြောင်း၊ သုံးလျှင်လည်းပြတ်မည်ကို ဦးနုသိကြောင်း၊ မိမိတို့ဆွေငြိမ်းအဖွဲ့ကလည်း ခံမည်မဟုတ်၊ တိုင်းပြည်သွေးချောင်းစီးစေနိုင်ကြောင်းပြော၏။(ဇူလိုင် ၁၈–ရက်တွင် ပြောကြားချက်)

ထိုအတွင်း ပမညတမှ ဒေါက်တာဦးအေးမောင်မှာ ဦးနုအစိုးရအဖွဲ့တွင် တရားရေးဌာနဝန်ကြီးဖြစ်သွားရာ(ဇူလိုင် ၁၈) ကျွန်တော့အမှုကို သူဆက်၍မကိုင်နိုင် တော့ဘဲ ဦးမောင်ကြီးက ဆက်၍ကိုင်၏။

ထိုအချိန်က နိုင်ငံရေးအရှိန်ကလည်းတက်နေကျွန်တော့ရှေ့နေကြီးကိုယ်တိုင် ကလည်း တရားရေးဌာနဝန်ကြီးဖြစ်သွားသောကြောင့် ကျွန်တော့အမှုကို အစိုးရကနေ့ ရပ်သိမ်းမလား– ညရပ်သိမ်းမလားဖြစ်နေရာ အမှုကိုမည်သူမျှ စိတ်ဝင်စားခြင်းမရှိကြ တော့။ အမှုမှာ သံပတ်ပေးထားသလို သွားနေသော်လည်း ပြီးပြီးသားလိုဖြစ်နေ၏။

လူတွေအားလုံး၏ခေါင်းထဲ၌ နိုင်ငံရေးစိတ်ဘဲရှိနေကြ၏။ သန့်ရှင်း၊ တည် မြဲ၊ ငြိမ်းချမ်းရေး၊ ပမညတ၏ပန်ကြားချက်၊ ဆရာကြီးတို့၏ လှုပ်ရှားမှု၊ တောတွင်းမှ တုန့်ပြန်သံ။

ဗိုလ်မှူးချုပ်ဟောင်းကျော်ဇောက တရုတ်ဖြူတိုက်ရေးအစီအစဉ် ရေးဆွဲ ထားပြီး တပ်မတော်သို့ပေးမည်ဟုလည်း သတင်းစာများတွင်ပါလာ၏။

ဗိုလ်ကျော်ဇောမှာ ဘုရင့်နောင်၊ ရန်ကြီးအောင်စစ်ဆင်ရေးတို့ဖြင့် တရုတ်ဖြူ များကို အောင်မြင်စွာတိုက်ခိုက်နှိမ်နင်းလာခဲ့သည့် အထူး ထင်ရှားသောစစ်သားကြီး တစ်ယောက်ဖြစ်၏။ သူသည် တပ်မှမလွှဲမရှောင်သာဘဲ ပင်စင်ယူခဲ့ရသည်ကို မကျေနပ် သဖြင့် သမတကြီးထံအယူခံဝင် ရောက်ခဲ့သော်လည်း ပယ်ချခံခဲ့ရ၏။ ပြည်တွင်းစစ်ကို မရပ်ဘဲ မဖြစ်တော့ဟု သူကဆို၏။

သမတကြီးကလည်း သူ့အိမ်တော်တွင်သတင်းစာကွန်ဖရင့်လုပ်ပြီး(ဇွန်လ ၃၀) သူ၏ခံစားရချက်များကိုထုတ်ဖေါ်လေသည်။သူသည်သမတလုပ်ရတာနည်းနည်း

မှုမပျော်ပိုက်။ ဘာ–အာဏာမှလဲမရှိဟု ဆို၏။

'တချိန်က စစ်တပ်ခုံရုံးမှစီရင်ချက်တစ်ခုကို တရားခံကမကျေနပ်၍ သမတထံအယူခံရာ သမတကပယ်ချသည်ဟုဆို၏။ စင်စစ် ငါသမတ ဘာမှုမသိ'ဟု ထမင်းစားပွဲတွင် သတင်းထောက်ကို သူကစကားမစပ်ပြောပြ၏။ (ထွန်း။ ၁–၇–၅၈)

နိုင်ငံရေးလှုပ်ရှားမှုသည် ကျွန်တော်တို့ထောင်ထဲမှာလည်း တက်နေ၏။ ဇူလိုင်လ ၁၉ရက်နေ့တွင် ထောင်တွင်း၌ အာဇာနည်နေ့ကျင်းပကြ၏။ ထောင်အာဏာပိုင်များရော၊ အကျဉ်းသမားများပါတက်ရောက်ကြ၏။ အစည်းအဝေးသဘာပတိမှာ ဗိုလ်ချုပ်အောင်ဆန်း၏အတွင်းဝန်ဟောင်း ဗိုလ်ထွန်းလှ(တက္ကသိုလ်နေဝင်း)ဖြစ်၏။

ထိုသို့ နိုင်ငံရေးလှုပ်ရှားမှုတက်နေချိန်၌ ဇွန်လ ၂၄ရက်နေ့ ဦးနုမိန့်ခွန်းနှင့်ပတ်သက်၍ ကွန်မြူနစ်ပါတီ၏ပြန်ကြားချက် ထွက်၍လာ၏။ ကွန်မြူနစ်ပါတီက အောက်ပါအချက်များကို တောင်းဆိုလိုက်၏။

(၁) ဇူလိုင်လ ၃၀–ရက်နေ့မှစ၍ နှစ်ဖက်အတိုက်အခိုက်ရပ်စဲရန်၊

(၂) လက်နက်ကိုင်တိုက်ပွဲစွန့်ကြောင်း နှစ်ဖက်ကြေညာရန်၊

(၃) အမျိုးသားလွတ်လပ်ရေးထိန်းသိမ်းရေးနှင့် ဒီမိုကရေစီအခွင့်အရေးများကို ပြေလည်မှုရအောင်ညှိရန်၊

(၄) နိုင်ငံရေးအရ၊ ပြေလည်မှုရှိလျှင် တပ်များလက်နက်များကို အစိုးရသို့လွှဲပေးရန်၊

(၅) ဥပဒေအတွင်းဝင်လာလျှင် ဒီမိုကရေစီနည်းအရ ဥပဒေတွင်း၌ဆောင်ရွက်သွားရန်၊

ထို့အတွက် 'အစိုးရ' သို့မဟုတ် 'သန့်ရှင်းဖဆပလ' သို့မဟုတ် 'ဆရာကြီးသခင်ကိုယ်တော်မှိုင်း'တို့နှင့် တွေ့ခွင့်ပြုရန်တောင်းလိုက်လေသည်။ (ရန်ကုန် ၁၅–၇–၅၈)

ကွန်မြူနစ်ပါတီက ဇူလိုင်လ ၃၀ရက်နေ့တွင်အတိုက်အခိုက်ရပ်စဲရန်တောင်းဆိုလိုက်ရာ ထိုနေ့မှာပင် သမတကြီး၏သင်ပုန်းချေ၊ လွတ်ငြိမ်းချမ်းသာခွင့်အမိန့် ထွက်လာလေ၏။

ထိုအမိန့် ထွက်လျှင်ထွက်ချင်း ကိုအုန်းမောင်နှင့်ကျွန်တော်တို့ ထိုအမိန့်အရ ထောင်မှလွတ်မလိုလို ဖြစ်သေး၏။ သို့သော် မလွတ်ခဲ့။

ထိုအမိန့်ထွက်ဆဲတွင် ဆရာကြီးတို့အဖွဲ့လူကြီးများ၊ ပမညတခေါင်းဆောင်များနှင့် ဦးနုတို့ ထိုင်ပြီးငြိမ်းချမ်းရေးကိစ္စအတွက် အပူတပြင်း ဆွေးနွေးကြလေ၏။

ဩဂုတ်လ ၁၅ရက်နေ့တွင် ပြည်သူ့ရဲဘော်ပါတီက လက်နက်စွန့်ကြောင်း

ကြေညာရာ ထိုနေ့မှာပင် တရားဝင်ပါတီဖြစ်လာ၏။ သို့သော် ထောင်ထဲတွင် ကျွန်တော်တို့နှင့်အတူရှိနေသော ယခင်ကတည်းကဖမ်းမိထားသူ ပြည်သူ့ရဲဘော်ခေါင်းဆောင် ဗိုလ်အောင်ညွှန့်ကိုကား မလွှတ်။

ထိုအချိန်၌ ပမညတ၏လက်နက်ကိုင်တော်လှန်ရေးအင်အားစုများသို့ ပန်ကြားချက်နှင့်ပတ်သက်၍ ကွန်မြူနစ်ပါတီက ဩဂုတ်လ ၁၁ရက် နေ့စွဲနှင့် ပမညတသို့ ပြန်စာပေးခဲ့ရာ ထိုစာ၌ ပမညတ၏ဖိတ်ခေါ်ချက်ကိုလေးစားကြောင်း၊ဦးနု၏ဇွန်၂၄ရက် မိန့်ခွန်းတွင် ကြိုဆိုနိုင်သောအချက်များပါကြောင်း၊ သို့သော် လက်နက်ချအညံ့ခံရေးကို တောင်းဆိုထား၍ လက်မခံနိုင်ကြောင်း၊ သင်ပုန်းချေဥပဒေနှင့်တရားဝင်ခွင့်ပေးခြင်းတို့မှာ ငြိမ်းချမ်းရေးအတွက်လမ်းပွင့်ကြောင်း၊ လက်နက်ချအညံ့ခံရေးအပေါ်အခြေမခံလျှင် ယေဘုယျသဘောတူနိုင်ကြောင်း၊ ဆရာကြီးတို့ငြိမ်းချမ်းရေးအဖွဲ့နှင့် တွေ့လိုကြောင်း၊ နှစ်ဖက်ပြေလည်မှုရရှိနိုင်မည့် အခြားနည်းလမ်းများရှိလျှင် တင်ပြပါက စဉ်းစားမည်ဖြစ်ပါကြောင်းနှင့် ဖော်ပြထားလေသည်။ (လမ်းစဉ် ၃၀-၈-၅၈)

စက်တင်ဘာ ၆ရက်နေ့ သတင်းစာများတွင်ကား ဆရာကြီးတို့ထံသို့ ကွန်မြူနစ်ပါတီမှ နောက်ထပ်စာပေးရာ အသက်ကိုစိုးရိမ်ရသော်လည်း ဆရာကြီးတို့ထံလာတွေ့ပါမည်။ စီစဉ်ပေးပါဟုပါရှိကြောင်း ဖော်ပြကြ၏။

ကျွန်တော်တို့သည် နီးလာသောငြိမ်းချမ်းရေးကို ထောင်ထဲမှနေပြီးစောင့်နေကြ၏။ သို့သော် ထိုင်စောင့်နေကြခြင်းမဟုတ်။ ငြိမ်းချမ်းရေး လှုပ်ရှားမှုကို ကိုယ်ရောက်နေသည့်နေရာမှနေ၍ ပြုလုပ်ကြ၏။ ထောက်ခံကြ၏။ နိုင်ငံရေးအကျဉ်းသမားများ လွှတ်ပေးရေးကို ထောင်ထဲမှနေ၍ တောင်းဆိုကြ၏။ ကြွေးကြော်ကြ၏။

အောက်တိုဘာ ၁ရက်နေ့တွင် ဘကြီးဘဖေလွှတ်သွား၏။ သူ့ကိုအစိုးရက နိုင်ငံတော်သစ္စာဖေါက်မှုနှင့်တရားစွဲထားရာမှ အမှုကိုရုပ်သိမ်းပြီး လွှတ်ပစ်လိုက်ခြင်းဖြစ်၏။ အကြောင်းပြချက်များမှာ ဘကြီးဘဖေသည် (၁)အသက်အရွယ်ကြီးသူဖြစ်သည်။ (၂)နိုင်ငံရေးဝါရင့်သူဖြစ်သည်။ (၃)အမှုရှည်နေသည်။ (၄)ဆရာတော်သံဃာတော်များက မေတ္တာရပ်ခံသည်ဟူ၍ ဖြစ်၏။

ကျွန်တော်တို့ကလည်း ဘကြီးဘဖေကိုအထောက်အထားပြပြီး ကျွန်တော်တို့ကိုလည်း လွှတ်ပေးသင့်ကြောင်း အစိုးရထံစာတင်လိုက်ကြ၏။ ကျွန်တော်တို့၏စာထဲ၌ 'ကျွန်တော်တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကပေးအပ်ထားသော ပြည်သူတို့၏ဒီမိုကရေစီအခွင့်အရေးများကို ခံစားလိုကြပါသည်။ ကျွန်တော်တို့အား ထောင်မှလွှတ်ပြီးလျှင် ဤဒီမိုကရေစီအခွင့်အရေးများကိုခံစားခွင့်ပေးက ကျွန်တော်တို့ယုံကြည်ချက်အသီးသီးအရ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဘောင်

အတွင်း ငြိမ်းချမ်းစွာယှဉ်ပြိုင်လုပ်ကိုင်သွားမည်ဖြစ်ပါကြောင်း' ဆိုသောအချက်ကို ဖေါ်ပြလိုက်၏။

'နိုင်ငံရေးအကျဉ်းသမားတွေလွှတ်ပေး– လွှတ်ပေး'ဆိုသောကြွေးကြော်သံကို သုံးရက်ဆက်၍ ထောင်ထဲ၌ ကျွန်တော်တို့ကြွေးကြော်ကြ၏။

အောက်တိုဘာ ၂၉ရက် မြန်မာ့အလင်းသတင်းစာတွင်ကား ဗိုလ်ရဲထွဋ်၊ ဆရာကြီးနှင့်တွေ့ပြီဆိုသောသတင်းကို ကျွန်တော်တို့ဖတ်ကြရတော့၏။

ဗိုလ်ရဲထွဋ်က ဆရာကြီးတို့အားတင်ပြချက်မှာ သင်ပုန်းချေလွှတ်ငြိမ်းခွင့်နှင့် ပါတီတရားဝင်တည်ရှိခွင့်ကို လက်ခံသည်။

(၁) ကွန်မြူနစ်ပါတီနှင့်ပတ်သက်သောနိုင်ငံရေးအကျဉ်းသမားများကို လွှတ်ရန်၊

(၂) ကွန်မြူနစ်ပါတီကို ရွေးကောက်ပွဲဝင်ခွင့်ပေးရန်၊

ဤနှစ်ချက်ကိုကတိပြုလျှင် ကွန်မြူနစ်ပါတီက ...

(၁) လက်နက်များကို အစိုးရသို့ လွှဲအပ်ပေးမည်။

(၂) လက်နက်ကိုင်တိုက်ပွဲမှ ဥပဒေတွင်းတိုက်ပွဲသို့ကူးပြောင်း ဥပဒေတွင်းဝင်မည်။

(၃) ကန့်သတ်ထားသောအချိန်အတွင်း ဥပဒေတွင်းဝင်မလာသောပါတီဝင်များကို အဆက်ဖြတ်မည်ဟူ၍ ဖြစ်၏။

ဆရာကြီးတို့က ဤတင်ပြချက်ကိုကြားသိရသောအခါ ငြိမ်းချမ်းရေးရနိုင်ပြီဟု ဝမ်းသာအားရဖြစ်ကြပြီး ဤအကြောင်းကိုစာရေး၍ ဦးနုနှင့် ဗိုလ်ချုပ်နေဝင်းတို့ထံ ကိုယ်တိုင်သွားပေးရာ ဦးနုကိုသာတွေ့ပြီး ဗိုလ်ချုပ်နေဝင်းကိုမတွေ့ဟု ဆို၏။(အောက်တိုဘာ ၂၇) ထိုနေ့ညနေမှာပင် ဆရာကြီးတို့က အဖွဲ့ပေါင်းစုံကိုဖိတ်ခေါ်ကာ ရှင်းပြလေ၏။

သို့သော် အခြေအနေကား ပြောင်းခဲ့ပြီဖြစ်၏။ ထိုအချိန်မှာ ဦးနုနှင့်ဗိုလ်ချုပ်နေဝင်းတို့ အာဏာလွှဲပြောင်းဘို့ကိစ္စမှာ အားလုံးအစီအစဉ် လုပ်၍ပြီးနေပေပြီ။

(၃၅)

## စက်တင်ဘာ (၂၆)

ဦးနု၏သန့်ရှင်းအစိုးရတက်ပြီး ၁၃ရက်အကြာ ဇွန်လ ၂၂ရက်နေ့ သခင်ဗစိန်တို့က ဒီမိုကရက်တစ်အဖွဲ့ချုပ်ညီလာခံလုပ်ပြီး ဗမာ့တပ်မတော်ကဦးစီး၍ ကွန်မြူနစ်မဟုတ်သော လွှတ်တော်အတွင်းအပြင်ရှိ ပါတီပေါင်းစုံပါဝင်သော ယာယီအမျိုးသားအိမ်စောင့်အစိုးရဖွဲ့ရန် တောင်းဆိုလိုက်လေသည်။

သန့်ရှင်းနှင့် တည်မြဲဆက်ဆံရေးမှာလည်း အချိန်နှင့်အမျှတင်းမာသည်ထက်တင်းမာ၍လာ၏။ ဩဂုတ်လ ပါလီမန်ခေါ်ရန်စီစဉ်ပြီးမှ ဖျက်လိုက်သောအခါ အခြေအနေပို၍ တင်းမာလာလေ၏။

ဩဂုတ်လ ၃၁ရက်နေ့တွင် သန့်ရှင်းပြည်လုံးကျွတ်ဆွေးနွေးပွဲကြီး စတင်လုပ်ရာ နယ်မှတက်လာကြသည့်ကိုယ်စားလှယ်အများက စစ်တပ်၊ ပြူစောထီးနှင့် အစိုးရအရာရှိများမှာ ဆွေငြိမ်းဖက်မှဖြစ်နေကြောင်း တင်ပြကြလေ၏။ ထိုကိစ္စနှင့်ပတ်သက်၍ ဝန်ကြီးချုပ်ဦးနုက စက်တင်ဘာလ ၃ ရက်နေ့ညနေတွင် ရေဒီယိုမှနေ၍ 'တပ်မတော်ကို အထင်အမြင်မလွဲကြရန်၊ အကြည်အညိုမပျက်ကြရန်' မိန့်ခွန်းပြောကြားလေ၏။

တောင်ငူ၊ ရေတာရှည်၊ အုတ်တွင်း၊ ကျွဲပွဲ၊ ထန်းတပင်ဖက်တို့၌ကား စစ်တပ်က နိုင်ငံရေးရှင်းလင်းပွဲများ ပြုလုပ်လျက်ရှိလေ၏။

စက်တင်ဘာ ၁၄ရက်နေ့၌ ရန်ကုန်တွင် တည်မြဲဖဆပလက လူထုအင်အားပြပွဲကြီး ကျင်းပရာ သဘာပတိဗိုလ်ခင်မောင်လေးက 'လက်နက်မကိုင်ပါ။ ဒါပေမဲ့ ဖိလျှင်ကြွမည်။ ထိလျှင် ချမည်။ တောတွင်းသို့တွန်းမပို့ပါနှင့်'ဟု ဟစ်ကြွေးလိုက်၏။

စက်တင်ဘာလ ၂၄ရက်နေ့ထုတ် ထွန်းနှင့်ဗိုလ်တထောင်သတင်းစာများတွင်ကား ယမန်နေ့က ခရမ်းကို စစ်တပ်ကအာဏာသိမ်းလိုက်ပြီဟု ရေးသားကြရာ ရေဒီယိုက မဟုတ်ကြောင်းဖြေရှင်းလေသည်။ နောက်နေ့များတွင် အင်းစိန်၊ မင်္ဂလာဒုံတို့၌ 'တပ်မတော်က လုံခြုံရေးအတွက် စောင့်ရှောက်သောသတင်းများ'ကို ကြားရလေ၏။

ထိုနေ့မှာပင် 'တပ်မတော်သည် ပြည်သူ့အတွက်ဖြစ်ပါစေ'ဆိုသော ကြေညာချက်ထွက်လာ၏။ ထိုကြေညာချက်ကို ပါတီအဖွဲ့အစည်းပေါင်း ၁၇ဖွဲ့နှင့် ထင်ရှားသော ပုဂ္ဂိုလ် ၉ဦးတို့က ရေးဆွဲထုတ်ဝေလိုက်၏။

စက်တင်ဘာ ၂၆ရက်နေ့ညတွင်ကား ဦးနု၏အရေးကြီးသောမိန့်ခွန်းသံကို ရေဒီယိုမှကြားရတော့၏။ သူ့အသံမှာ မောသံပါနေ၏။ နယ်မှာ တရားပွဲဆက်တွေများလို့ပါဟု သူကဆို၏။ ဘာကြောင့်ဘဲဖြစ်ဖြစ် မောဟိုက်သံကတော့ထင်ရှားနေ၏။ သူက ဗိုလ်ချုပ်နေဝင်းသို့ ၆လ အာဏာလွှဲပြောင်းပေးရန် သူနှင့်ဗိုလ်ချုပ်နေဝင်းတို့ အပြန်အလှန်ရေးကြသောစာနှစ်စောင်ကို ဖတ်ပြ၏။

ဤသို့ဖြင့် နောက်တစ်လအကြာတွင် အရေးပေါ်ခေါ်လိုက်သော ပါလီမန်မှနေပြီး ဗိုလ်ချုပ်နေဝင်းအစိုးရသည် တက်လာခဲ့၏။

ပမညတအပါအဝင် အဖွဲ့ပေါင်းစုံ(၁၅-ဖွဲ့)နှင့် ထင်ရှားသောပုဂ္ဂိုလ် ၄ဦးတို့က လည်းကောင်း၊ တကသ၊ဗကသနှင့်ရကသတို့ကလည်းကောင်း၊လူငယ်တပ်ဦးကလည်းကောင်း 'စစ်တပ်ကအာဏာသိမ်းမှုကို ကန့်ကွက်ကြ'ဆိုသောကြွေးကြော်သံများထုတ်ပြီး ဆန္ဒပြကန့်ကွက်ကြရာ ဦးနု-ဗိုလ်ချုပ်နေဝင်းနှင့် ဗိုလ်မှူးချုပ်အောင်ကြီးတို့က စစ်တပ်က အာဏာသိမ်းတာမဟုတ်၊ 'အာဏာလွှဲပြောင်းမှု'ဖြစ်သည်ဟု ရှင်းပြကြ၏။

ပမညတနှင့် အခြားဒီမိုကရေစီအဖွဲ့အစည်းများသည် ဤ'အာဏာလွှဲပြောင်းမှု'ကို ဆက်လက်၍ကန့်ကွက်ကြလေ၏။

ဗိုလ်ချုပ်နေဝင်းက အတွင်းဝန်များနှင့်အစိုးရအရာရှိများကိုခေါ်ပြီး 'ကြမ်းကြမ်း၊ ကြပ်ကြပ်၊ တင်းတင်းလုပ်ရေး'ပေါ်လစီကို ချမှတ်၍ပေးလေ၏။

ဦးနုက ဗိုလ်ချုပ်နေဝင်းကျွတ်ကျွတ်လွတ်လွတ် လုပ်နိုင်ရန်ဟုဆိုပြီး သမတကြီး၏ သင်ပုန်းချေလွတ်ငြိမ်းခွင့်အမိန့်ကို အောက်တိုဘာ ၃၁ ရက်နေ့တွင် ပြန်လည်၍

## ဗိုလ်မှူး ချစ်ကောင်း

ရုပ်သိမ်းလိုက်လေ၏။

ဒီဇင်ဘာလဆန်းတွင် ဗိုလ်မြသွေး(ပမညတ အတွင်းရေးမှူးချုပ်) သခင်ဗမောင် (ပြည်သူ့ဒီမိုကရေစီပါတီ) ဗိုလ်အုန်းတင်(ပြည်သူ့ရဲဘော်) ဗိုလ်မျိုးမြင့် (ရဲဘော်ပေါင်းစုံထိန်းသိမ်းရေးအဖွဲ့) ဦးကိုကိုလေး(သတင်းစာဆရာ)ကိုဝင်းထွဋ်(လူငယ့်တပ်ဦး) ကိုစိန်လှ(လူငယ်တပ်ဦး) ကိုလှမင်း (ရဲဘော်ပေါင်းစုံထိန်းသိမ်းရေးအဖွဲ့) ကိုစောလွင် (သတင်းစာဆရာ) ကိုအုန်းမြင့်(သတင်းစာဆရာ) ဗိုလ်ဘတင်(ဗိုလ်လက်ျာကုမ္ပဏီ) ကိုမြင့်မောင် (လူငယ့်တပ်ဦး) ဗိုလ်ညွန့်မောင်နှင့် ဗိုလ်အောင်နိုင်(ပြည်သူ့ရဲဘော်)တို့ အဖမ်းခံရကြ၏။

ဗိုလ်မြသွေး၊ ဗိုလ်အုန်းတင်၊ ဗိုလ်ညွန့်မောင်၊ ဗိုလ်အောင်နိုင်၊ ကိုဝင်းထွဋ်၊ ကိုစိန်လှနှင့် ကိုမြင့်မောင်တို့က ကျွန်တော်တို့ ရန်ကုန်ထောင်ထဲသို့ရောက်လာကြ၏။ ဗိုလ်မြသွေးမှာ မမာလျှက်တန်းလန်းနှင့် သယ်ယူ၍လာကြလေသည်။

ထောင်တွင်းမှာလည်းကြပ်၍လာ၏။ တင်းကြပ်မှုသည် နေရာတိုင်းသို့ ရောက်လာ၏။

ဒီဇင်ဘာလ ၁၈ရက်နေ့၌ စစ်တပ်က ထောင်တွင်းသို့ဝင်၍ရှာဖွေ (တလာစီ) လေသည်။ ရဲများလည်းပါလာ၏။ ကိုစောမြသိန်း(ဒု–ဗိုလ်မှူးကြီးစောမြသိန်း) ဒု–ဗိုလ်မှူးကြီးလှမြင့်နှင့် ရဲမင်းကြီးဦးခင်မောင်မောင်တို့က အုပ်ချုပ်လာကြ၏။

သူတို့သည် ထောင်ဘူးတံခါးကြီး ၃–ထပ်ကို တပြိုင်တည်းဖွင့်ပြီး တန်းစီ၍ ဝင်လာကြကာ အဆောင်အသီးသီးသို့ တပ်ဖြန့်ကာရှာကြလေ၏။ ထောင်ဘူးများပေါ်တွင်လည်း စစ်သားအစောင့်များကို တင်၍ထား၏။

ကိုစောမြသိန်းမှာ ဂျပန်ခေတ်မင်္ဂလာဒုံဗိုလ်သင်တန်းကျောင်းဒုတိယပတ်တွင် ကျွန်တော်နှင့်တစ်ဆောင်တည်းအတူတူ နေလာခဲ့သူဖြစ်၏။ သူက ကျွန်တော့အခန်းဝသို့ ရောက်လာပြီး ကျွန်တော့ကိုမြင်လျှင်မြင်ချင်း 'ဟေး ... ကိုစိုးမောင်'ဟု အော်ဟစ်ကာ ကျွန်တော့ခါးကို သုံးလေးကြိမ် ကိုင်မြှောက်ပြီး နှုတ်ဆက်လေသည်။ ထို့နောက်သူက စီးပွားရေးသောင်းကျန်းတွေကိုနှိမ်နင်းနေကြောင်း ပြော၏။

ထို့နောက် သူ့လူများက ကျွန်တော့စာရွက်စာတမ်းကိုသိမ်းကြ၏။ ၎င်းစာရွက်စာတမ်းများမှာ ကျွန်တော်ဘားလမ်းတွင်ရှိနေစဉ်က ဝန်ကြီးသခင်သာခင်ထံရေးခဲ့သော စာမိတ္တူများ၊ မန္တလေးထောင်ထဲမှဇနီးက သက်ဆိုင်ရာတာဝန်ခံများမှတဆင့်ကျွန်တော့ထံရေးခဲ့သောစာများနှင့် ဘာသာပြန်စာများဖြစ်၏။ ကိုစောမြသိန်းက နောက်မှကြည့်ပြီး ပြန်ပေးပါမည်ဟုပြောကာ ယူသွား၏။ (ထိုစာများမှာ စစ်ရုံးသို့ရောက်သွားသည်ဟုကြားရပြီး ယခုတိုင် ပြန်မရတော့ပေ။)

စစ်တပ်က တလာစီး၍ပြန်သွားပြီးနောက် ထိုနေ့ညနေတွင် စစ်တပ်၏အမိန့် အရဟုဆိုကာ ထောင်အာဏာပိုင်များသည် ကျွန်တော်တို့ စာကြည့်ရန်သွယ်ယူထား သောမီးကြိုး၊ မီးလုံးများကို ဖြုတ်ယူပြီး ကျွန်တော်တို့အိပ်ခန်းတံခါးကို ပိတ်ကြလေ၏။ ယခင်က ညအချိန်တွင် အဆောင်တံခါးများကိုသာပိတ်ပြီး အဆောင်ထဲရှိအိပ်ခန်း တံခါးများကို မပိတ်ဘဲထားခဲ့၏။ စံပြထောင်လုပ်ကတည်းက ထိုကဲ့သို့ထားလာခဲ့၏။ ယခု အိပ်ခန်းကျဉ်းကလေးများထဲသို့ လူများကိုထည့်ပြီး သော့ခတ်ပိတ်ထားလိုက်ရာ ထောင်တွင်းအပြစ်ရှိသူများကို တိုက်ပိတ်ထားသကဲ့သို့ ဖြစ်သွားတော့၏။

ကျွန်တော်တို့က ထောင်ပိုင်ကြီးအား ဤကဲ့သို့ဖိနှိပ်မှုများကိုမပြုလုပ်ရန်သွား ပြောကြရာ မရတော့ပေ။ ထိုအခါ ကျွန်တော်တို့က ဖိနှိပ်မှုကို အလိုမရှိကြောင်း ဆန္ဒပြ သည့်အနေနှင့် 'ဖိနှိပ်တာ အလိုမရှိ' 'တိုက်ပိတ်တာ အလိုမရှိ'ဟု ကြွေးကြော်ကြပြီး အိပ်ခန်းများအတွင်းသို့ စည်းကမ်း သေဝပ်စွာဝင်ကြ၏။ သို့သော် ကြွေးကြော်သံများ အော်ခြင်းသည် 'ရာဇဝတ်မှုကြီး' ဖြစ်သွားလေပြီ။

ထို 'ပြစ်မှုကြီး'အတွက် ကျွန်တော်တို့ ၇-ယောက် တိုက်ပိတ်ခံကြရ၏။ ကိုအုန်းမောင်၊ ဗိုလ်အောင်ညွန့်၊ ကိုမြင့်မောင်၊ ဗိုလ်ညွန့်၊ သခင်ကြည်၊ ကိုထွန်းစိန်၊ ဗိုလ်မြင့်သိန်းနှင့် ကျွန်တော်တို့ဖြစ်ကြ၏။ ကွန်မြူနစ်ပါတီ၊ အလံနီ၊ ပြည်သူ့ရဲဘော်၊ လူငယ်တပ်ဦးပေါင်းစုံပါ၏။

ထောင်တွင်း၌အပြစ်ကျူးလွန်သူများကိုအပြစ်ပေးရန် သီးခြားထားသော တိုက်တစ်ခုရှိရာ အပြစ်ရှိသူများကို ထိုတိုက်ထဲမှလှုပ်သာရုံလောက်သာရှိသော အခန်း ကျဉ်းကလေးများထဲသို့ထည့်ပြီး ၂၄နာရီစလုံး သော့ခပ်ပိတ်ထား၏။ တစ်နေ့ ၁၅မိနစ် လောက်သာ လမ်းလျှောက်ရေချိုးထုတ်၏။ ထမင်းစားတော့လည်း အခန်းထဲ၊ အခင်း ကြီးငယ်သွားတော့လည်း ဒီအခန်းပင်ဖြစ်၏။ ညတွင် မီးမရှိမှောင်နေ၏။ အချို့ကို တိုက်ပိတ်ထားရုံတွင်မက ထမင်းမကျွေးဘဲ ကော်ကျွေးသေး၏။

ထောင်အာဏာပိုင်တို့သည် ကျွန်တော်တို့အား တိုက် ၁-လပိတ်ထားပြီး ကော် ၃-ရက်ကျွေးရန် အမိန့်ချလိုက်ရာ ထို ၃ရက်အတွင်း ထမင်းလည်း မစားရ၊ကော် ကိုလည်း မစားနိုင်သဖြင့် အစာငတ်ခံ၍နေကြရ၏။

ကျွန်တော်တို့ကိုပိတ်ထားစဉ် နံပါတ် ၅အဆောင်တစ်ခုလုံးကိုလည်း ထောင် ဝင်စာပိတ်ထားလိုက်၏။ သခင်ဖေဌေးကိုလည်း ထောင်ပြောင်း၍ ပစ်လိုက်၏။ ညောင် ဦးထောင်သို့ရောက်သွားသည်ဟု နောက်မှကြားရ၏။ညောင်ဦးထောင်မှာကိုယ်မကောင်း သူများထားရှိသောထောင်ဖြစ်၏။ သခင်ဖေဌေးကဲ့သို့ မသန်စွမ်းသူ တစ်ယောက်ကို ထိုထောင်သို့ ပို့၏။

## ဗိုလ်မှူး ချစ်ကောင်း

သခင်ဖေဌေးကား နှစ်ပေါင်းများစွာထောင်ထဲ၌ ပုဒ်မ ၅ဖြင့်အချုပ်ခံနေရသော်လည်း အလွန်ခိုင်မာသောစိတ်ဓါတ်နှင့် ကြံ့ကြံ့ခံနေသော ရဲနီကြီးတစ်ယောက်ပင်ဖြစ်၏။

တစ်လစေ့၍ ကျွန်တော်တို့တိုက်မှထွက်ကြသောအခါ နိုင်ငံရေးအကျဉ်းသမားများကို ကိုကိုးကျွန်းသို့ပို့လိမ့်မည်ဆိုသောသတင်းကို ကြားရလေ၏။

ကိုကိုးကျွန်းသတင်းမှာ ၅၈–ခုနှစ်ပထမပိုင်းလောက်ကတည်းက ထွက်နေရာ ထိုနှစ် မတ်လ ၂၅ရက်နေ့တွင်ကျင်းပသော သတင်းစာကွန်ဖရင့်၌ဝန်ကြီးချုပ်ဦးနုက မေးခွန်းတစ်ခုကိုဖြေရာတွင် 'ကိုကိုးကျွန်းသို့ နိုင်ငံရေးအကျဉ်းသမားများကိုပို့ရန်မဟုတ်ပါ'ဟု ဖြေကြားခဲ့သေး၏။ ယခုကား ဦးနုသည် ဖြေနိုင်သောနေရာတွင် မရှိတော့ပေ။

ဇန်နဝါရီလ ၂၇ ရက်နေ့ညနေတွင်ကား ကိုအုန်းမောင်နှင့်ကိုတင်စောတို့ကို ထောင်ပြောင်းရန် လာ၍ခေါ်ကြလေ၏။ သူတို့နှစ်ယောက်မှာ မကျန်းမာသဖြင့် ဆေးရုံတိုက်တွင်နေကြ၏။ ကျွန်တော်တို့က ၅ဆောင်တွင်ဖြစ်၏။ ထိုအချိန်မှာ ညနေထောင်ပိတ်နေပြီဖြစ်၍ ကျွန်တော်တို့က သံတိုင်ကြားမှနေပြီး အဆောင်ရှေ့လမ်းဖက်သို့ကြည့်နေကြ၏။ သူတို့နှစ်ယောက်သည် ဝါဒါအစောင့်များခြံရံလျှက် ဆေးရုံတိုက်ဖက်မှလျှောက်လာကြ၏။ ကိုတင်စောက ချိနဲ့နဲ့၊ ကိုအုန်းမောင်က ဂျိုင်းထောက်ကြီးနှင့် တလှုပ်လှုပ်။

ကျွန်တော်တို့က သံတိုင်ကြားမှလက်ရမ်း၍နှုတ်ဆက်ကြ၏။ သူတို့ကလည်း ပြန်၍နှုတ်ဆက်၏။ နေဝင်သွား၍အမှောင်ရိပ်သန်းလာသော်လည်း သူတို့မျက်နှာများပေါ်မှ အပြုံးရိပ်မှာ ပေါ်လျှက်ရှိ၏။

(၃၆)

## မေမေဒေး နေ့

ဤသို့ဖြင့် သူတို့သည် ကိုကိုးကျွန်းသို့တစ်သုတ်ပြီးတစ်သုတ်ရောက်၍သွားကြလေ၏။ ကိုအုန်းမောင်နှင့် သခင်ဖေငွေးတို့သာမက ဗိုလ်ချုပ် အစ်ကိုဦးအောင်သန်းကဲ့သို့သောသူများပင်လျှင်ပါ၏။ နိုင်ငံရေးသမား၊ စာရေးဆရာ၊ သတင်းစာဆရာ၊ ကျောင်းသား၊ စာရေးစာချီ၊ ပါလီမန်အမတ်၊ စီးပွားရေးသမား၊ ပွဲစား၊ ကုန်သည်၊ လူငယ်၊ လယ်သမား ပေါင်းစုံဖြစ်တော့၏။

အပြင်တွင် သတင်းစာတိုက်များကိုချိတ်ပိတ်သောသတင်းများ၊အဖမ်းအဆီးသတင်းများနှင့်အတူ ကျွန်တော်တို့ထောင်ထဲသို့ လူများ တစ်သုတ်ပြီးတစ်သုတ် ရောက်လာကြလေ၏။ ထောင်ထဲတွင် ကျွန်တော်တို့က အိမ်ရှင်တွေဖြစ်နေပြီးသူတို့ကဧည့်သည်များဖြစ်လာကြ၏။ နေ့စဉ်နှင့်အမျှ လူတွေမှာအထွက်ထက် အဝင်ကများနေပြီး အဆောင်တွေမှာ တရုံးရုံးနှင့်ပွဲတော်ကြီးကဲ့သို့ ဖြစ်နေလေ၏။

ဦးယုမောင်၊ ဗန်းမော်တင်အောင်၊ ကိုတင်စိုးနှင့် သာဂဒိုးကဲ့သို့သော သတင်းစာဆရာ၊ စာရေးဆရာများလည်း ရောက်လာကြ၏။ မန်းထွန်းရင်ကဲ့သို့ ကရင်အမျိုးသားခေါင်းဆောင်များလည်းပါ၏။ သခင်ထွန်းအုံ၊ဦးသာနီးတို့လိုသန့်ရှင်းခေါင်းဆောင်များလည်းပါ၏။ သခင်လူအေး၊ ကိုမြင့်ဇော်ကဲ့သို့ အလုပ်သမားခေါင်းဆောင်များလည်းပါ၏။ ကိုစိုးမင်း၊ ကိုကိုလွင်တို့လို လူငယ်ခေါင်းဆောင်တွေလည်း ဝင်လာကြ

၏။ ဆရာတော် ဦးဥက္ကဋ္ဌ၊ ပြည်သူ့စာပေ သခင်ကျော်စိန်တို့လည်းရောက်လာကြ၏။ နောက် ဗိုလ်တထောင်မှုဗိုလ်အောင်စိန်တို့၊ ကြေးမုံမှကိုကြည်မြင့်တို့၊ ပြည်တော်သစ်မှ ကိုအောင်မြင့်တို့၊ ဒဂုံပုံနှိပ်တိုက်မှဦးကောင်းတို့၊ မြိတ်အမတ်ဗိုလ်ထွန်းစိန်တို့၊ ကိုဘဂွမ်တို့၊ သခင်ကံညွှန့်၊ ကိုခင်လေး၊ ကိုသန်း၊ ကိုထွန်းဖေ၊ ကိုဖေအောင်၊ နောက်တစ်ယောက်ပြီး တစ်ယောက်။

ကြံခိုင်ရေးအသင်းများဖွဲ့စည်းခြင်း၊ မြို့ရွာသန့်ရှင်းရေးလုပ်ငန်းများလုပ်ခြင်း၊ ရန်ကုန်တွင် တဲအိမ်များဖျက်သိမ်းခြင်း၊ ဥက္ကလာပ၊ သာကေတ မြို့များကိုတည်ဆောက်ခြင်း၊ မြင်းလှည်းများပြေးဆွဲမှုကိုတားမြစ်လိုက်ခြင်း၊ အလုပ်သမားကျောက်တိုင်ကိုဖယ်ရှားပစ်လိုက်ခြင်း၊ အရေးပေါ်စီမံမှု ယာယီပြင်ဆင်ချက်ဥပဒေပြဋ္ဌာန်းခြင်း။

လူအများကား ဖေလ အမြန်စေ့ပြီး ဧပြီလရွေးကောက်ပွဲကို မျှော်နေကြ၏။ သို့သော် ဧပြီလမကုန်မီ ဖေဖော်ဝါရီလပါလီမန်က ဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၁၁၆ကိုပြင်ဆင်ပြီး ဗိုလ်ချုပ်နေဝင်းအစိုးရကို သက်တမ်းတိုး၍ပေးလိုက်ကြလေ၏။ ပုဒ်မ ၁၁၆ပြင်ဆင်ခြင်းကို ပမညတ အမတ်သခင်ချစ်မောင်ကကန့်ကွက်ရာ ရှုံးသွား၏။

'ငြိမ်းချမ်းရေး' အသံပျောက်ပြီး 'ရပ်ရွာအေးချမ်းရေး' အသံရောက်လာ၏။ 'တရားဥပဒေစိုးမိုးရေး' အသံကလွှမ်းလာ၏။ 'ဓမ္မန္တရာယ် တိုက်ဖျက်ရေး' အသံက ရှေ့တန်းရောက်လာ၏။

'သောင်းကျန်းသူများ' ကျဆုံးခြင်း၊ ဖမ်းမိခြင်း၊လက်နက်ချခြင်းသတင်းများကား မိုးမွှန်နေ၏။ ဆရာအောင်နိုင်ကို ဖမ်းမိသွား၏။ ကိုအောင်သူနှင့် ကိုစိန်ဝင်းတို့မှာလည်း အဖမ်းခံကြရ၏။

'ဗိုလ်သိန်းကို အသေပစ်ဖမ်းလိုက်ရခြင်း'ဆိုသော သတင်းကိုဖတ်ရသော အခါတွင်ကား ကျွန်တော်တို့ရှေ့ကိုဆက်မဖတ်နိုင်ကြတော့။ (မေ ၂၃ ကျဆုံးသည်။)

ဗိုလ်သိန်းမှာ ဗမာ့တပ်မတော် တပ်ရင်း ၃နှင့် တောခိုခဲ့သူဖြစ်၏။ ဂျပန်တော်လှန်ရေးတွင် ရှေ့တန်းမှပါဝင်တိုက်ခိုက်ခဲ့သူတစ်ယောက်ဖြစ်၏။ သူ့ကို သူ့ဇနီး ကလေးများနှင့်အတူဖမ်းမိပြီး သူတစ်ယောက်တည်းကိုဆွဲ၍ ကားနှင့်တင်ဆောင်လာရာမှ ထွက်ပြေးသဖြင့်ပစ်ဖမ်းရာတွင် ကျဆုံးသွားသည်ဟု သတင်းကဆို၏။

နောက်ပိုင်းတွင်ကား ဗိုလ်သိန်းကဲ့သို့ ထွက်ပြေးကြသဖြင့်ပစ်၍ဖမ်းရာတွင် ကျဆုံးသွားကြသောသတင်းများမှာ ဆက်တိုက်ပါ၍လာတော့၏။ ဗိုလ်အာဋ္ဌဝက(ဇွန် ၈) သခင်တင်ဖေ(စက်တင်ဘာ ၁၉) သခင်မောင်ကြီးနှင့် ဆရာကွန်း(စက်တင်ဘာ ၂၁)။

ဗိုလ်အာဋ္ဌဝကမှာ ဂျပန်တော်လှန်ရေးတွင် အထက်ဗမာပြည်တိုင်းမှူးဗိုလ်ဇ

ထူးကျဆုံးသွားပြီးနောက် သူ့နေရာကိုဆက်ခံခဲ့သူဖြစ်၏။ ၁၉၄၅–ခုနှစ်၊ နေသူရိန် အစည်းအဝေးကြီးမတိုင်မီ ပြည်သူလူထုတရပ်လုံး ဖဆပလအလံတော်အောက်တွင် စုရုံးကြရန်၊ မျိုးချစ်ဗမာ့တပ်မတော် စစ်ခေါင်းဆောင်များကလက်မှတ်ရေးထိုး၍ကြေညာ ချက်ထုတ်ရာ၌ အထက်ဗမာပြည်တိုင်းမှူးအဖြစ် ဗိုလ်ကြီးအာဋ္ဌဝက ကရေးထိုးခဲ့၏။ သခင်တင်ဖေ နှင့် သခင်မောင်ကြီးတို့မှာ ဗမာ့လွတ်လပ်ရေးကြိုးပမ်းရာတွင် တလျှောက် လုံးပါဝင်လာခဲ့ကြသော သခင်ဟောင်းကြီးများဖြစ်ကြ၍ ဆရာကွန်းမှာ သတင်းစာ လောကတွင် ထင်ရှားသော ကျောင်းဆရာတစ်ယောက်ဖြစ်၏။

ဧပြီလတွင် ဦးနုကအမေရိကန်သို့မသွားမီ 'အခြေအနေမှာ လူတွေသိတာ ထက်ပိုဆိုးကြောင်း၊ ပြောချိန်ကျလျှင် ထုတ်ပြောမည် ဖြစ်ကြောင်း၊ လွတ်လပ်ရေးနှင့် ဒီမိုကရေစီရေးတို့သည် သတ္တိရှိသူများအဘို့ဖြစ်ကြောင်း၊ သတ္တိနှင့်အမြော်အမြင်ရှိကြရန် လိုကြောင်း၊ ဖမ်းတာ၊ ညှဉ်းပမ်းတာ၊ သတ်ဖြတ်တာတွေဖြစ်နိုင်ကြောင်း၊ မှားတဲ့ လက် နက်ကိုင်တိုက်ပွဲလမ်းစဉ်ကို ဘယ်တော့မှမယုံကြောင်း၊ နလုံးရည်တိုက်ပွဲဝင်ကြရမည် ဖြစ်ကြောင်း' ထုတ်ဖေါ်၍ပြောလေ၏။

ဦးနုသည် အမေရိကန်သို့ရောက်ပြီး ဝါရှင်တန်ရှိဗမာသံရုံးတွင်ပြုလုပ်သော သတင်းစာကွန်ဖရင့်၌ ဤသို့ရှင်းပြ၏။ 'ဗမာပြည်တွင် ကျရောက်လျက်ရှိသော ဒီမိုက ရေစီအန္တရာယ်သည် မည်သည့်အရပ်ကလာ၍ မည်သူ့တာဝန်ဖြစ်သည်ဆိုသည်ကို ထုတ်ဖေါ်ပြောရန်အတွက် အချိန်တစ်ချိန်ကို မိမိရွေးခဲ့ကြောင်း၊ ယင်းအန္တရာယ်သည် ဗိုလ်ချုပ်နေဝင်းမဟုတ်ကြောင်း၊ ဗိုလ်ချုပ်နေဝင်းသည် လူကောင်းတစ်ဦးဖြစ်ကြောင်း၊ သို့သော်လည်း သူ၏ရည်ရွယ်ချက်များသည် ကောင်းမွန်လင့်ကစား နေရာတကာတွင် ၎င်းကိုယ်တိုင်မဆောင်ရွက်နိုင်ကြောင်း၊ သို့ဖြစ်၍ သူ၏ ချမှတ်ချက်အချို့မှာ ဖျက်လို ဖျက်ဆီးပြုခြင်း ခံရကြောင်း၊ ယင်းသို့ဖျက်ဆီးခံရသည်မှာ ဗိုလ်ချုပ်၏လက်အောက် ငယ်သားများ လက်ချက်ကြောင့်ဖြစ်ကြောင်း'(မြန်မာ့အလင်း–ဧပြီ ၁၉။ ၁၉၅၉)

မေဒေးနေ့တွင်ကား သန့်ရှင်းဖဆပလက အာဇာနည်ကုန်း၌ ဒီမိုကရေစီဆန္ဒ ပြပွဲကြီးကျင်းပရာ လူထုကြီးက သိန်းချီ၍တက်ရောက်ကြလေ၏။ ပမညတနှင့် တရား မျှတမှုပါတီကလည်း တက်ရောက်၏။ ထိုအစည်းအဝေးကြီးတွင် ဦးနုကမိန့်ခွန်းပြော ရာ ရာဇဝင်တွင်သောဦးနု၏ မေဒေးနေ့မိန့်ခွန်းကြီး ဖြစ်လာလေ၏။ လူထုကြီးက 'ဒီမိုကရေစီ အရေး ... ဒို့အရေး' 'ဖက်ဆစ်ဝါဒ .... ကျဆုံးရမည်' 'အာဏာရှင်ဝါဒ ... ကျဆုံးရမည်' 'နလုံးရည်တိုက်ပွဲ ... အောင်ရမည်' ဟူ၍ တခဲနက်ကြွေးကြော်ကြလေ၏။

(၃၇)

# လျှောက်လဲချက်

ကျွန်တော့အမှုကား ၂နှစ်အတွင်းသို့ရောက်လာပြီး မင်းသုံးဆက်ပြောင်းလာခဲ့ပြီဖြစ်၏။ ဦးနု၏သန့်ရှင်းအစိုးရလက်ထက်တွင် ကျွန်တော့အမှု ပြီးတော့မလိုလို၊ ငြိမ်းချမ်းရေးရတော့မလိုလိုဖြစ်ရာမှ ငြိမ်းချမ်းရေးလည်းမရ ကျွန်တော်လည်းမလွတ်ဘဲ အမှုကိုဆက်၍ရင်ဆိုင်နေရလေ၏။

အစိုးရသက်သေများကို ပြန်ခေါ်၍စစ်ဆေးပြီးနောက် ကျွန်တော်က ခုခံကာကွယ်ရမည့်အဆင့်သို့ ရောက်လာ၏။ ကျွန်တော်က အပြစ်မရှိကြောင်း အစစ်ခံထုချေပြီး ကိုယ့်ဖက်ကသက်သေများ ပြရမည်ဖြစ်၏။

ကျွန်တော်က မည်ကဲ့သို့ထုချေကာကွယ်ရမည်နည်း။

ဥပဒေအရသက်သက်ကြည့်လျှင် ကျွန်တော်က ထုချေကာကွယ်ဘို့လမ်းများ အတော်ပွင့်နေ၏။ အစိုးရသက်သေများ၏ထွက်ချက်များတွင် ဟာကွက်များပါနေ၏။ ကျွန်တော့ရှေ့နေကြီးဦးမောင်ကြီးက ထိုဟာကွက်များကိုကိုင်ပြီး လျှောက်လဲလိုက်ရလျှင် အမှုမှာ အတော်ပေါ့သွားဘို့ရှိ၏။

သို့ရာတွင် ကျွန်တော်က နိုင်ငံရေးကိုအဓိကထားပြီးလျှောက်လဲလို၏။ ကျွန်တော် ရန်ကုန်သို့ရောက်ကတည်းက တင်ပြရန်အခွင့်အလမ်း မရခဲ့သောငြိမ်းချမ်းရေးပြဿနာများ၊ နိုင်ငံရေးသဘောထားများကို ယခုတရားခွင်တွင်တင်ပြလို၏။ ဤသို့တင်ပြလိုက်လျှင် ဥပဒေဖက်ကကြည့်ပါက အစိုးရသက်သေများ၏ဟာကွက်များမှာ ပိတ်သွားပေတော့မည်။ အမှုမှာ ပိုလေးတော့မည်။ သို့ရာတွင် ကျွန်တော်က အမှုအလေးခံရသော တန်ဘိုးကိုပေးပြီး နိုင်ငံရေးပြဿနာများကို တင်ပြလိုနေ၏။ ထို့ပြင် အများယူဆလက်ခံထားကြသည့်အတိုင်း ထွက်ဆိုချက်လေးနက်မှုရှိအောင် ကျွန်တော်က ကျမ်းကိုင်၍ အစစ်ခံ လျှောက်လဲလို၏။

ကျွန်တော် အစစ်ခံလျှောက်လဲရမည့်နေ့သို့ ရောက်လာ၏။ ထိုနေ့မှာ ဧပြီလ ၂၉–ရက်နေ့(၁၉၅၉) ဖြစ်၏။

ထိုနေ့တွင် ကျွန်တော့ဇနီးနှင့်ကလေးများ ရုံးသို့လာကြ၏။ ဥပဒေသင်တန်းတက်နေကြရသောစစ်ဗိုလ်များနှင့်ရဲများ ၇၀ခန့်လာရောက်နားထောင်ကြရာရုံးခန်းတစ်ခုလုံးပြည့်နေ၏။ အခြားစိတ်ဝင်စားသူများ၊ ရှေ့နေများနှင့်သတင်းထောက်များလည်း လာရောက်နေကြ၏။

ကျွန်တော်ကအစစ်ခံရာ၌ အသင့်ရေးယူ၍လာခဲ့သော လက်နှိပ်စက်နှင့်ရိုက်ထားသည့် ၁၂မျက်နှာရှိ လျှောက်လဲထုချေချက်ကို ဖတ်ပြ၏။

'ကျွန်တော့အပေါ်တွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဖြင့် တည်ထောင်ခန့်အပ်သော ပြည်ထောင်စုမြန်မာနိုင်ငံ၏ လုပ်ငန်းအဖွဲ့ကိုသော်လည်းကောင်း၊ ပြည်ထောင်စုအဖွဲ့ဝင်၏လုပ်ငန်းအဖွဲ့ကိုသော်လည်းကောင်း၊လက်နက်ဖြင့်ဖြစ်စေ၊အခြားသောင်းကျန်းသောနည်းလမ်းဖြင့်ဖြစ်စေဖြိုဖျက်ရန်အားထုတ်ခဲ့သဖြင့်သို့တည်းမဟုတ် အားထုတ်မှုတွင် ပါဝင်ဆောင်ရွက်သည့်အတွက် ရာဇသတ်ကြီးပုဒ်မ ၁၂၂(၁)အရ ရာဇဝတ်ပြစ်ဒဏ်ထိုက်သောပြစ်မှုကို ကျူးလွန်သည်ဟူသော ဤရုံးတော်မှစွဲဆိုထားချက်ကို ကျွန်တော် ဖြေရှင်းထုချေလိုပါသည်'

(ဤသို့အစချီလျက် ကွန်မြူနစ်ပါတီစတင်တည်ထောင်ခဲ့ပုံ၊ နယ်ချဲ့သမားများကို ဆန့်ကျင်တိုက်ခိုက်ရာတွင် ကွန်မြူနစ်ပါတီက တပ်ဦးမှ ပါဝင်ခဲ့ပုံ၊ ဖဆပလ ကွန်မြူနစ်ညီညွတ်ရေးလုပ်ခဲ့ပုံတို့ကို ဖော်ပြပြီးနောက်)

'သို့ရာတွင် ထိုအခါက အာဏာယူထားသောဖဆပလအဖွဲ့သည် ကျွန်တော်တို့ပါတီ၏ညီညွတ်ရေးကြိုးပမ်းချက်ကို လက်မခံခဲ့သည် သာမက၊ ဒီမိုကရေစီနည်းအရ ကျွန်တော်တို့ပါတီ၏ယုံကြည်ချက်ဆန္ဒကို လွတ်လပ်စွာထုတ်ဖော်ခွင့်မပြုဘဲ အစိုးရအာဏာနှင့် အမျိုးမျိုးဖိနှိပ်ချုပ်ချယ်မှုများ ပြုလုပ်ခဲ့ပါသည်'

'ငတ်မွတ်ခေါင်းပါးမှုကြောင့် အစားအစာနှင့်လယ်လုပ်ရန်အတွက် လယ်ယာကိုတောင်းဆိုခဲ့သောလယ်သမားများကို သေနတ်နှင့် ပစ်သတ်ခြင်း၊ မိမိတို့၏အခွင့်အရေးတို့အတွက် တောင်းဆိုခဲ့ကြသောအလုပ်သမားကို အကြမ်းဖက်ရိုက်နှက်ခြင်း၊ ပြည်သူ့မျက်လုံးဖြစ်သော သတင်းစာတိုက်များကို ရိုက်ချိုးခြင်းတို့ကိုလည်း ထိုစဉ်က အာဏာရနေသောဖဆပလအဖွဲ့က ပြုလုပ်ခဲ့ပါသည်'

'နောက်ဆုံး ၁၉၄၈ခု မတ်လ ၂၈ရက်နေ့တွင် ဖဆပလအစိုးရသည် တပြည်လုံးရှိဗမာပြည်ကွန်မြူနစ်ပါတီ အဖွဲ့အစည်းဝင်များအားလုံးကို သိမ်းကြုံး၍ ဖမ်းဆီးခဲ့ပါသည်။ ၎င်းမှာ ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ နိဒါန်းတွင် ဖေါ်ပြထားသည့် 'လွတ်လပ်စွာ တွေးကြံနိုင်မှု၊ လွတ်လပ်စွာပြုမူဆောင်ရွက်နိုင်မှု' ဆိုသော ပြည်သူတို့၏ အခြေခံအခွင့်အရေးများကို ပယ်ဖျက်လိုက်ခြင်းပင်ဖြစ်ပါသည်။ ၎င်းမှာ အခြေခံဥပဒေကိုဖျက်ဆီးလိုက်ခြင်းပင်ဖြစ်ပါသည်။'

(ထို့နောက် ဖဆပလအစိုးရ၏ အပြင်းထန်ဆုံးသောဖိနှိပ်မှုများကိုဖေါ်ပြပြီး .... )

'နောက်ဆုံး ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ပြည်သူလူထုတရပ်လုံးမှာ မိမိတို့၏ဘဝရပ်တည်နိုင်ရေးအတွက် မလွှဲမရှောင်သာဘဲ လက်နက် စွဲကိုင်ခုခံ တိုက်ခိုက်ခဲ့ကြပါသည်'

'ဤသို့ လက်နက်ကိုင်ခုခံတိုက်ခိုက်မှုသည် အစိုးရကို ဖြိုဖျက်ရန်အားထုတ်မှုပင် မဟုတ်ပါလောဟုမေးခဲ့လျှင် 'မဟုတ်ပါ' ဟုပင် ကျွန်တော်ဖြေရပါမည်'

'ကျွန်တော်၏အဖြေကို ခိုင်လုံအောင်သက်သေထုတ်ရန်အတွက် ပထမဦးစွာ လက်နက်ကိုင်တိုက်ခိုက်မှုအပေါ်တွင် ကွန်မြူနစ်ပါတီ၏ သဘောထားကို တင်ပြလိုပါသည်'

'ကမ္ဘာပေါ်တွင် ငြိမ်းချမ်းမှုကိုအမြတ်နိုးဆုံးသောသူများတွင် ကွန်မြူနစ်များသည် ထိပ်တန်းနေရာကပါဝင်ကြပါသည်။ ကွန်မြူနစ်များသည် စိတ်ကူးယဉ်သမားများမဟုတ်ဘဲ အရာဝတ္ထုများကို ပုံမှန်အတိုင်းစံနစ်တကျရှုမြင်လေ့လာသူများဖြစ်ရာ ကမ္ဘာပေါ်တွင် ထာဝစဉ်ငြိမ်းချမ်းမှုမရဘဲ ဖြစ်နေသည့်အခြေခံအကြောင်းမှာ လူအတန်းအစားများကွဲပြားကာ တစ်တန်းစားက တစ်တန်းစားကိုဖိနှိပ်ချုပ်ချယ်မှုသွေးစုတ်မှုများ ပြုလုပ်နေသောကြောင့်ဟု မြင်ပါသည်။ ထို့ကြောင့် ထာဝစဉ်ငြိမ်းချမ်းမှုကိုရရှိစေမည့် လူတန်းစားမဲ့လူ့အဖွဲ့အစည်း (ဝါ)အတန်းအစားတစ်ခုက အတန်းအစားတစ်ခု သွေးစုတ်မှုကင်းသော လူ့အဖွဲ့အစည်း (ဝါ)ကွန်မြူနစ်လူ့အဖွဲ့အစည်းသို့ ချီတက်ရေးကို အဆုံးစွန်ရည်မှန်းချက်အဖြစ် ထားကြပါသည်'

'ဤကဲ့သို့ချီတက်ရာ၌ လက်နက်ကိုင်တိုက်ပွဲနည်းတစ်ခုဖြင့်သာလျှင် ချီတက်မည်ဟူ၍ ပုံသေသတ်မှတ်ထားခြင်းမရှိပါ။ ကွန်မြူနစ်များ ပထမဦးဆုံးရွေးချယ်သည့်နည်းမှာ ငြိမ်းချမ်းစွာယှဉ်ပြိုင်သွားသောနည်း၊ သွေးထွက်သံယိုမှု နည်းနိုင်သမျှ အနည်းဆုံးနည်းသာ ဖြစ်ပါသည်။ အုပ်စိုးသောလူတန်းစားကအကြမ်းဖက်လာသည့်နောက်ဆုံးကျမှသာလျှင် မလွှဲမရှောင်သာဘဲ လက်နက်ကိုင်တိုက်ပွဲနည်းကို သုံးကြရပါသည်'

(ကျွန်တော်က အောက်ပါအတိုင်း အကိုးအကားများကိုဆက်ပြ၏)

'ဤအချက်နှင့်ပတ်သက်၍ ၁၉၅၈ခုနှစ်။ ဇန်နဝါရီလ ၂၉ရက်နေ့ကကျင်းပသော ပြည်လုံးကျွတ်ဖဆပလညီလာခံတွင်ပြောကြားသည့် ထိုစဉ်က ဖဆပလဥက္ကဋ္ဌကြီး ဦးနု၏မိန့်ခွန်းမှ ထုတ်နုတ်ဖော်ပြလိုပါသည်'

'လက်နက်ကိုင်လမ်းစဉ်ဟာ ဘယ်အခါမှ မမှန်ဘူး၊ အမြဲတမ်းမှားတယ်လို့ ကျွန်တော်မဆိုလိုဘူး။ ဒီလိုဆိုရင်လဲ ကျွန်တော်မှားလိမ့်မည်။ ပါလီမန်နည်းနဲ့ အချုပ်အခြာအာဏာကိုသိမ်းနိုင်တဲ့ အခွင့်အလမ်းတွေမရှိတဲ့နိုင်ငံမှာဆိုရင် လက်နက်ကိုင်တော်လှန်ရေးဟာ အောင်မြင်နိုင်တဲ့အခြေခံအချက်တွေနဲ့ ပြည့်စုံတဲ့အခါမျိုးမှာ လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ်ကို လိုက်တာမှန်တယ်'

'၁၉၅၈ခု၊ မေလ ၂၅ရက်နေ့က မန္တလေးမှာပြောကြားသော ထိုစဉ်က ပြည်ထဲရေးဝန်ကြီးဗိုလ်မင်းခေါင်၏မိန့်ခွန်းတွင်လည်း ကွန်မြူနစ်ပါတီ ဖဆပလမှ အထုတ်ခံရတာ၊ တောခိုရတာတွေဟာ ဦးကျော်ငြိမ်းကြောင့်ဖြစ်သည်ဟု ပြောဆိုခဲ့ပါသည်'

'၁၉၅၈ခု၊ မတ်လ ၆ရက်နေ့က မန္တလေးရှိစာရေးဆရာများအား သခင်ချစ်မောင်က မိန့်ခွန်းပြောကြားရာ၌ 'ကွန်မြူနစ်ပါတီ ဝင်လာခဲ့ပါ၊ အစိုးရကဖမ်းတယ်ဆိုရင် ကျုပ်ကိုယ်တိုင် တိုက်မယ်'ဟု ပြောခဲ့ပါသည်။ ၁၉၄၈ခု မတ်လတုန်းကမူ တပြည်လုံးရှိ ကွန်မြူနစ်ပါတီဝင်များမှာ အစုလိုက်၊ အပြုံလိုက် အဖမ်းခံခဲ့ရပါသည်'

'ထို့ပြင် ၁၉၅၈ခု၊ စက်တင်ဘာလ ၁၄ရက်နေ့ကလည်း ရန်ကုန်တွင် တည်မြဲဖဆပလမှပြုလုပ်သောလူထုဆန္ဒပြပွဲကြီး၌ ဗိုလ်ခင်မောင်လေးက 'ဗိုလျှင်ကွဲမည်၊ ထိလျှင်ချမည်။ တောတွင်းသို့တွန်းမပို့ပါနှင့်' ဟု ပြောခဲ့ပါသည်။ ထိုစဉ်က ဗိုလ်ခင်မောင်လေးတို့အဖိနှိပ်ခံရမှုထက် ၁၉၄၈ခုနှစ်က ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ပြည်သူလူထုများ ဖိနှိပ်ခံရမှုမှာ အဆအရာအထောင်မက ပိုခဲ့ပါသည်။ ထို့ပြင် ဦးကျော်ငြိမ်းကလည်း ဦးနုသည်အခြေခံဥပဒေကို စက္ကူစုတ်လုပ်နေပြီဟု ပြောခဲ့ပြန်ရာ ထိုအချိန်က ဦးနု အခြေခံဥပဒေကိုစက္ကူစုတ်လုပ်နေသည်ဆိုပါက ၁၉၄၈ခုနှစ်က ဖဆပလအစိုးရသည် အခြေခံဥပဒေကိုမီးရှို့ပစ်ခဲ့ခြင်းပင် ဖြစ်ပါသည်'

'ထို့ကြောင့် ၁၉၄၈ခုနှစ်တွင် ဖဆပလအစိုးရက မူလဒီမိုကရေစီအခွင့်အရေးများကို ချိုးဖျက်ပြီး ကွန်မြူနစ်ပါတီ အခြားဒီမိုကရေစီ ပါတီများနှင့်ပြည်သူလူထုတရပ်လုံးကို ဖိနှိပ်ခဲ့သည့်အတွက် ၎င်းတို့မှာမလွှဲမရှောင်သာဘဲ လက်နက်ကိုင်ခုခံတိုက်ခိုက်ခဲ့ရခြင်းမှာ လုံးဝတရား၍ မှန်ကန်ပါသည်'

'သို့ရာတွင် ကွန်မြူနစ်ပါတီသည် ဤလက်နက်ကိုင်တိုက်ပွဲအားဖြင့် လက်ရှိအစိုးရကို ဖြိုဖျက်ပြီး အာဏာသိမ်းရန်မဟုတ်ပါ။ တနည်းအားဖြင့်ဆိုလျှင် ယခုလက်နက်ကိုင်တိုက်ပွဲ၏ဦးတည်ချက်သည် လက်ရှိအစိုးရကို 'ဖြိုဖျက်ရေး'မဟုတ်ပါ။ ယခုလက်နက်ကိုင်တိုက်ပွဲ၏ဦးတည်ချက်သည် ပြည်သူလူထုဆုံးရှုံးနေသော မူလဒီမိုကရေစီအခွင့်အရေးများ ပြန်လည်ရရှိရေး၊ နိုင်ငံရေးပါတီအချင်းချင်း ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဘောင်အတွင်းမှ ဒီမိုကရေစီနည်းအရ၊ နိုင်ငံရေးနည်းအရ၊ ငြိမ်းချမ်းစွာယှဉ်ပြိုင်ရေး၊ ကွန်မြူနစ် ဆိုရှယ်လစ်လက်ဝဲအင်အားစုများ စည်းလုံးညီညွတ်မှုကို အခြေခံလျှက် ဆိုရှယ်လစ်စံနစ်သို့ ပါလီမန်ဒီမိုကရေစီနည်းအရ ငြိမ်းချမ်းစွာကူးပြောင်းရေးတို့ပင် ဖြစ်ပါသည်။ ထို့ကြောင့် ယခုလက်နက်ကိုင် တိုက်ပွဲမှာ အစိုးရကိုဖြိုဖျက်ခြင်းမဟုတ်ဟု ကျွန်တော်ဆိုခြင်းဖြစ်ပါသည်'

'ဗမာပြည်ကွန်မြူနစ်ပါတီသည် ဆိုရှယ်လစ်စံနစ်သို့ ပါလီမန်ဒီမိုကရေစီနည်းအရ ငြိမ်းချမ်းစွာကူးပြောင်းလိုသောဆန္ဒရှိပါသည်။ ဤသို့ ကူးပြောင်းနိုင်ရန်လည်း ကြိုးစားနေပါသည်။ ဤသို့ကူးပြောင်းနိုင်ရေးအတွက် ပထမဦးဆုံးလိုအပ်ချက်မှာ ယခုလက်နက်ကိုင်တိုက်ခိုက်နေရမှုကို နှစ်ဖက်စလုံးက ချက်ခြင်းရပ်စဲလိုက်ရန်ဖြစ်ပါသည်'

၁၉၄၉ခု ဇန်နဝါရီလ ၁၆ရက်နေ့က ဗမာပြည်ဆိုရှယ်လစ်ပါတီအတွင်း ဦးဗဆွေ၏ထုတ်ပြန်ချက်တွင် 'နယ်ချဲ့သမားတို့၏ပရိယာယ်မှာ ဗမာပြည်အတွင်းရှိ လက်ဝဲအင်အားစုများကိုကွဲပြားအောင်ပြုလုပ်၍ အချင်းချင်းတိုက်ခိုက်ခိုင်းကာ၊ ပြည်တွင်းစစ်ကိုဖန်တီးရန်ဖြစ်သည်။ လက်ဝဲညီညွတ်ရေးကို ငါတို့သည် ယုံကြည်မှုတရပ်အဖြစ်ဖြင့် သတ်မှတ်ရမည်။ အဓိကလုပ်ငန်းစဉ်တရပ်အနေဖြင့် လုပ်ဆောင်ရမည်။ မိမိအင်အားကျနေစဉ်လည်း လုပ်ရမည်။ တက်နေစဉ်လည်း လုပ်ရမည်။ တစ်ခါလုပ်၍ မအောင်မြင်သော်လည်း စိတ်မပျက်ဘဲ အခါအခွင့်ရတိုင်း လုပ်ရမည်'ဟု ဖေါ်ပြခဲ့ပါသည်။

၁၉၅၂ ခုနှစ်၊ အစိုးရတပ်မှူးများကွန်ဖရင့်တွင် ဗိုလ်ချုပ်နေဝင်းကလည်း 'ယခုဖြစ်ပွားနေသောလက်နက်ကိုင်တိုက်ပွဲကို စစ်ရေးအရ သာမဟုတ်၊ နိုင်ငံရေးနည်းနဲ့ပါ ဖြေရှင်းမှရမည်' ဟူ၍ ပြောခဲ့ပါသည်။

ဗမာပြည်ကွန်မြူနစ်ပါတီသည် ဤလက်နက်ကိုင်တိုက်ပွဲကိုရပ်စဲရန် အစဉ်တစိုက်ကြိုးစားခဲ့ပါသည်။ ယခုလည်း ကြိုးစားနေပါသည်။ ကွန်မြူနစ်ပါတီ၏ အဓိကတောင်းဆိုချက်မှာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအတွင်း နိုင်ငံရေးအရလွတ်လပ်စွာယှဉ်ပြိုင်နိုင်ခွင့်ရရှိရေးသာ ဖြစ်ပါသည်။ ထို့ကြောင့်ပင် နောက်ဆုံး ၁၉၅၈ခု အောက်တိုဘာလအတွင်းက ဗမာပြည်ကွန်မြူနစ်ပါတီ၏ကိုယ်စား ဗိုလ်ရဲထွဋ်က ဆရာကြီးသခင်ကိုယ်တော်မှိုင်းမှတဆင့်အစိုးရအားငြိမ်းချမ်းရေးရရှိရေးနှင့်ပတ်သက်၍တင်ပြရာ၌ 'ဗမာပြည်ကွန်မြူနစ်ပါတီသည် သမတကြီး၏ သင်ပုန်းချေ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်နှင့် တရားဝင်တည်ရှိခွင့်ကို လက်ခံသည်။ (၁)ဗမာပြည်ကွန်မြူနစ်ပါတီနှင့်ပတ်သက်သော နိုင်ငံရေးအကျဉ်းသမားများကို လွှတ်ရန်။ (၂)ကွန်မြူနစ်ပါတီကို ရွေးကောက်ပွဲဝင်ခွင့်ပေးရန်။ ဤနှစ်ချက်ကို အစိုးရက ကတိပြုလျှင် (၁)လက်နက်များကို အစိုးရသို့လွှဲအပ်မည်။ (၂)လက်နက်ကိုင်တိုက်ပွဲမှ ဥပဒေအတွင်းတိုက်ပွဲသို့ကူးပြောင်း၍ ဥပဒေအတွင်းဝင်မည်။ (၃) ကန့်သတ်ထားသောအချိန်အတွင်း ဥပဒေအတွင်း ဝင်မလာသောပါတီဝင်များကို အဆက်ဖြတ်မည်'ဟူ၍ တင်ပြခဲ့ပါသည်။

ထို့ပြင် ဗမာပြည်ကွန်မြူနစ်ပါတီဥက္ကဋ္ဌ သခင်သန်းထွန်းက ၁၉၅၈ခုနှစ်နိုဝင်ဘာလ ၁၈ရက်နေ့စွဲဖြင့် ဗိုလ်ချုပ်နေဝင်းထံစာပေးခဲ့ရာ၌ 'ခင်ဗျားတို့နဲ့ ကျွန်တော်တို့တလုံးတစည်းတည်း တိုင်းပြည်ရဲ့လွတ်လပ်ရေး၊ ဒီမိုကရေစီရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ စည်ပင်သာယာဝပြောရေး၊ ပြည်ထောင်စုစည်းလုံးညီညွတ်ရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေးတို့ကို လုပ်သွားနိုင်မယ်လို့ထင်တယ်'ဟု ဖေါ်ပြခဲ့ပါသည်။

ဤအချက်များကိုထောက်ခြင်းအားဖြင့် ဗမာပြည်ကွန်မြူနစ်ပါတီ၏ လက်နက်ကိုင်တိုက်ခိုက်မှုသည် လက်ရှိအစိုးရကို ဖြိုဖျက်အာဏာ သိမ်းရန်မဟုတ်ကြောင်း၊ လက်ရှိအစိုးရကိုအသိအမှတ်ပြုလျက် တိုင်းပြည်အကျိုးအတွက် အစိုးရနှင့်တူညီသောလုပ်ငန်းများကို ပူးတွဲ၍ပင်လုပ်ကိုင် ဆောင်ရွက်လိုကြောင်း၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကပေးထားသော ဒီမိုကရေစီအခွင့်အရေးများကို ရယူခံစားလိုကြောင်း၊ ယခုမူဤကဲ့သို့ ခံစားခွင့်မရသေးသည်သာမက အစိုးရ၏စစ်ဖက်လက်နက်အင်အားဖြင့် ဒလစပ်လိုက်လံတိုက်ခိုက်နေခြင်းကိုပင်ခံနေရသည့်အတွက်မိမိတို့၏အသက်ရှင်ရေးအတွက်မလွှဲသာဘဲ ဆက်လက်၍လက်နက်ကိုင်ခုခံနေရသေးခြင်းသာဖြစ်ကြောင်းထင်ရှားသည်ဟူ၍ ယုံကြည်ပါသည်။

အထက်တွင် နံပတ်(၁)အဓိကထား၍ ကျွန်တော်လျှောက်လဲခဲ့သောအချက်များ၏ အချက်မှာ ၁၉၄၈ခုနှစ်တွင် ဖဆပလအစိုးရသည် ဗမာပြည်ကွန်မြူနစ်ပါတီကို ဥပဒေဘောင်အတွင်း၌ လုပ်ကိုင်ခွင့်မပေးတော့ဘဲ တောတွင်းသို့မောင်းထုတ်ခဲ့သည်။

စစ်အင်အားဖြင့် လိုက်လံ တိုက်ခိုက်ခဲ့သည်။ ထို့ကြောင့် ကွန်မြူနစ်ပါတီသည် ပြည်သူလူထုနှင့်အတူ မိမိ၏ဘဝရပ်တည်ရေးအတွက် မလွှဲမရှောင်သာဘဲ လက်နက်ကိုင်ခုခံခဲ့ရသည်။

ကွန်မြူနစ်ပါတီ တရားဝင်ခွင့်ပြန်လည်ရရှိလျှင် အခြေခံဥပဒေက ပေးအပ်ထားသော ဒီမိုကရေစီအခွင့်အရေးများကိုပြန်လည်ရရှိလျှင် ကိုင်စွဲထားသောလက်နက်များကို အစိုးရထံလွှဲအပ်မည်ဟူ၍ ကတိပြုပြီးဖြစ်သည်။

ထို့ကြောင့် ကွန်မြူနစ်ပါတီ၏ လက်နက်ကိုင်ခုခံနေမှုသည် 'လက်နက်ကိုင်အာဏာသိမ်းရေးလမ်းစဉ်'မဟုတ်။ အစိုးရကို ဖြိုဖျက်ခြင်း မဟုတ်။ ဒီမိုကရေစီထွန်းကားရေးအတွက် တိုက်ပွဲဝင်ခြင်းသာဖြစ်သည်။

ကွန်မြူနစ်ပါတီတရပ်အနေဖြင့် လက်နက်ကိုင်အာဏာသိမ်းရေးလမ်းစဉ်ကိုလိုက်နေခြင်းမဟုတ်။ အစိုးရကို 'ဖြိုဖျက်'နေခြင်းမဟုတ်ဟု ဆိုလျှင် ကွန်မြူနစ်ပါတီဝင်တစ်ယောက်ဖြစ်သော ကျွန်တော့အတွက်ကား အထူးပြောရန်ပင် မလိုတော့ပါ။

(ထို့နောက် ကျွန်တော်ကဆက်လျက် ငြိမ်းချမ်းရေးအတွက်ကြိုးပမ်းရန် ကျွန်တော် ရန်ကုန်သို့လာခဲ့ပုံ၊ ယခုလည်း ဗိုလ်ရဲထွန်းမှုအရ ဆက်လက်ကြိုးပမ်းလိုပုံ သမတကြီး၏ သင်ပုန်းချေလွတ်ငြိမ်းချမ်းသာခွင့်အမိန့် တည်ရှိနေစဉ်အတွင်းက ကျွန်တော်တို့နိုင်ငံရေးအကျဉ်းသမားများ စုပေါင်း၍ အစိုးရထံစာရေးခဲ့ပုံတို့ကိုဖေါ်ပြပြီး ကျွန်တော့အပေါ်စွဲချက်များနှင့်ပတ်သက်၍ တစ်ချက်ချင်းဖြေရှင်းကာ လွတ်လပ်ရေးတိုက်ပွဲတလျှောက်တွင် ကျွန်တော်ပါဝင်ခဲ့ပုံတို့ကို ဖေါ်ပြပြီးနောက် ....)

ဤမျှဆိုလျှင် ကျွန်တော်၏လျှောက်လဲဖြေရှင်းချက်သည် ပြည့်စုံလုံလောက်ပြီဟု ယူဆပါသည်။

'ဤလျှောက်လဲဖြေရှင်းချက်များအရ ကျွန်တော့တွင်လုံးဝအပြစ်မရှိဟု အခိုင်အမာယုံကြည်လျက်ရှိပါကြောင်း'ဟူ၍ ကျွန်တော်က လျှောက်လဲချက်ကို နိဂုံးချုပ်လိုက်လေသည်။

(၃၈)

# မိုးကြိုးတိုက်မှ ကြိုးတိုက်သို့

ကျွန်တော်ပြသောသက်သေများတွင် ကိုကိုးကျွန်းသို့ရောက်နေသော ကိုအုန်းမောင်နှင့်ဗိုလ်မျိုးမြင့်တို့လည်းပါ၏။

သူတို့နှစ်ယောက်ကို ကိုကိုးကျွန်းမှခေါ်မပေးနိုင်၊ ကော်မရှင်နှင့် ကိုကိုးကျွန်းသို့သွား၍စစ်ပါဟု သက်ဆိုင်ရာမှအကြောင်းပြန်လာ၏။ ကျွန်တော်တို့က ကော်မရှင်နှင့်သွား၍ မစစ်နိုင်၊ ခေါ်ပေးပါဟု စာရေး၍ထပ်မံတင်ပြရာ တရားရေးဝန်ကြီးဌာနမှ ကိုကိုးကျွန်းမှ သက်သေများကို ရာသီဥတုမကောင်းသေး၍ ခေါ်မပေးနိုင်သေးကြောင်း၊ ရာသီဥတုကောင်းမှ ခေါ်ပေးမည်ဖြစ်ကြောင်း စာပြန်လာ၏။

ထို့ကြောင့် ကျွန်တော်တို့သည် မိုးကုန်ပြီး ကိုကိုးကျွန်းသို့သင်္ဘောဖြင့်သွားကာ သက်သေများကိုခေါ်နိုင်မည့်အချိန်ကို စောင့်နေကြရလေ၏။

မေလတွင် ဗိုလ်ချုပ်အစိုးရတက်လာသည်မှာ ဖလပြည့်သွားပြီဖြစ်ရာ ဖလသက်တမ်းအတွင်း 'ငြိမ်ဝပ်ပိပြားရေးအခြေအနေ'ကို ရေဒီယိုမှကြေညာလေ၏။ 'သောင်းကျန်းသူများ'ဖလအတွင်း အကျအဆုံး(၆၇၇) ဒဏ်ရာရ(၈၁၉) ဖမ်းမိ(၆၅၇) လက်နက်ချ(၁၃၇၁) စုစုပေါင်း (၃၅၂၄)ယောက် ဖြစ်၏။

ဇူလိုင်၁၉ရက် အာဇာနည်နေ့တွင်ကား ထောင်တွင်း၌မနှစ်ကကဲ့သို့ တထောင်လုံးအစည်းအဝေးကြီးမလုပ်နိုင်တော့။ ကိုယ့်အဆောင်တွင် ကိုယ့်အထိမ်းအမှတ်လောက်သာ လုပ်နိုင်ကြတော့၏။

အပြင်ဖက်တွင်ကား သမတကြီးက အာဇာနည်ဗိမာန်တွင်ပန်းခွေချ၏။ ရန်ကုန်ခရိုင် ဗလမစနှင့် တည်မြဲဖဆပလတို့ကလည်း ပန်းခွေချ၏။ သန့်ရှင်းဖဆပလကမူ သန့်ရှင်းဌာနချုပ်တွင် အစည်းအဝေးကျင်းပ၏။ ထိုအစည်းအဝေးတွင် သခင်တင်က မိန့်ခွန်းပြောရာ၌ 'သောင်းကျန်းသူတွေကို နှိမ်နင်းတဲ့အခါမှာ အားမတန်လို့မာန်လျော့ရတဲ့အဖြစ်မျိုးရောက်အောင်လုပ်လို့ ဖြစ်ပေါ်လာတဲ့ငြိမ်းချမ်းရေးမျိုးဟာ အခွန့်ရှည်တဲ့ ငြိမ်းချမ်းရေးမျိုးမဖြစ်နိုင်ပါဘူး'ဟု သူက ရှင်းပြ၏။ (အိုးဝေ ၂၇-၇-၅၉)

အချိန်သည် မိုးဥတုကိုဖြတ်သွားနေ၏။

ဩဂုတ်လ ပါလီမန်တွင်ကား 'ရွေးကောက်ပွဲကို ၁၉၆၀ခု ဇန်နဝါရီလ သို့မဟုတ် ဖေဖော်ဝါရီလတွင် လုပ်ပေးမည်'ဟူသော တရားရေးဌာနဝန်ကြီးဦးချန်ထွန်းအောင်၏အဖြေကို ကြားရလေ၏။

မိုးဥတုသည် တဖြည်းဖြည်းကုန်၍လာလေပြီ။

နိုဝင်ဘာလဆန်းတွင် ကိုကိုးကျွန်းမှကိုအုန်းမောင်နှင့်ဗိုလ်မျိုးမြင့်တို့ ရောက်လာကြ၏။ သူတို့နှစ်ယောက်ကို ဘားလမ်းနှင့်ရေဂျတ်တွင် တနေရာစီခွဲချုပ်ထားသည်ဟု ကြားရ၏။

နိုဝင်ဘာလ ၁၆ရက်နေ့တွင် သူတို့နှစ်ယောက်ကိုရုံးသို့ထုတ်လာရာ ရုံးပေါ်၌ကိုအုန်းမောင်မှာ အတော်ပင်နေထိုင်မကောင်းဖြစ်နေ၏။ သူက ထိုနေ့တွင်အစစ်မခံနိုင်သေးကြောင်း တရားသူကြီးအားပြောပြ၏။ ထို့နောက် သူကဆက်၍ ကိုကိုးကျွန်းတွင်ဆင်းရဲဒုက္ခရောက်လာပုံများကို တင်ပြ၏။ တရားသူကြီးမှာ ငြိမ်သက်စွာနားထောင်နေ၏။ တခန်းလုံးရှိလူများလည်း တိတ်နေကြ၏။

သူတို့နှစ်ယောက်ကိုတွေ့ရန် သူတို့၏ဇနီး၊ မိဘ၊ ဆွေမျိုးသားချင်းများသာမက ကိုကိုးကျွန်းတွင်ကျန်ရှိနေသေးသောသူများ၏ သားမယား များပါလာကြရာ သူတို့သည် ကိုအုန်းမောင်၏ ကိုကိုးကျွန်းအခြေအနေများကိုကြားရသောအခါ ရင်နင့်၍နေကြလေ၏။

ထိုနေ့က သူတို့ကိုမစစ်ဖြစ်တော့ဘဲ နိုဝင်ဘာလ ၁၉ရက်နှင့် ၂၀ရက်နေ့များကျမှစစ်ကာ ကိုကိုးကျွန်းသို့ အမြန်ဆုံးပြန်ပို့လိုက်လေ၏။

ဤတွင် ကျွန်တော်၏ခုခံကာကွယ်မှုသည် ပြီးဆုံးလေပြီ။ ကျွန်တော့အား အပြစ်ပေးသင့်- မပေးသင့် နှစ်ဖက်ရှေ့နေကြီးများ လျှောက်လဲဘို့သာ ကျန်တော့၏။ လျှောက်လဲချက်များပေးရန် နိုဝင်ဘာလ ၂၆ရက်နေ့သို့ ချိန်းလိုက်၏။

 သို့သော် ထိုနေ့မတိုင်မီမှာပင် ထောင်တွင်း၌ ကျွန်တော်တို့ အမှုတစ်ခုထပ်

ဖြစ်လေသည်။ နိုဝင်ဘာလ ၂၄ရက်နေ့တွင် ၃၉ကြိမ်မြောက်အမျိုးသားနေ့ ကျင်းပမှု ကြီးပင်ဖြစ်၏။ ထို 'အမှုကြီး'ကို ကျူးလွန်ကြသူတို့မှာ ရန်ကုန်သတင်းစာအယ်ဒီတာ ဦးယုမောင်၊ လူငယ့်တပ်ဦးမှကိုသိန်းဖဲနှင့် ကိုစိန်လှ၊ လူငယ်များအစည်းအရုံးမှ ကိုစိုးမင်း၊ ပြည်သူ့ရဲဘော်မှကိုသာထွန်းနှင့် ကျွန်တော်တို့ဖြစ်ကြ၏။ အမျိုးသားနေ့ကို ကျွန်တော်တို့ နံပါတ်၅ အဆောင်မှာပင် စည်းကမ်းသေဝပ်ငြိမ်သက်စွာ ကျင်းပကြ၏။ သဘာပတိက ဦးယုမောင်၊ အခမ်းအနားမှူးက ကိုသိန်းဖဲ၊ ကျန်လူများက အမျိုးသားနေ့အကြောင်းကို အသီးသီးဟောပြောကြ၏။ ထို့နောက် လဘက်ရည်စုသောက်ကြ၏။ ဒါဘဲ ဖြစ်၏။

သို့သော် ဤ'အမှုကြီး'မှာ ထောင်ပိုင်ကြီးရုံးသို့ ရောက်သွားတော့၏။

ထို 'အမှုကြီး'အတွက် ထောင်ပိုင်ကြီးရုံးသို့မသွားရသေးမီ နိုဝင်ဘာလ ၂၆ရက်နေ့သို့ရောက်လာပြီး အပြင်ရုံးသို့ထွက်ရပြန်၏။

ထိုနေ့တွင် ကျွန်တော့်ရှေ့နေကြီးဦးမောင်ကြီးက ကျွန်တော့်ကိုအပြစ်မပေးထိုက်ကြောင်း၊ အကယ်၍အပြစ်ပေးလျှင်လည်း ပုဒ်မ ၁၇(၂)အရသာ အပြစ်ပေးနိုင်ကြောင်း၊ အလွန်ဆုံးဆိုပါမှ ၁၂၃(၁)အရ ပေးနိုင်ကြောင်း၊ ၁၂၂(၁)အရမူ မည်သည့်နည်းနှင့်မျှ မပေးနိုင်ကြောင်း၊ အကိုးအကားများပြ၍ လျှောက်လဲလေ၏။ ဥပဒေအရ သက်သက်ကြည့်လျှင် ကျွန်တော့်ထွက်ချက်များက ကျွန်တော့်ကိုယ်ကို အများကြီးပြန်ပတ်နေသည့်ကြားထဲကပင်၊ သူသည် ရှေ့နေကောင်းတို့၏ ထုံးစံအတိုင်း ကျွန်တော့်လွတ်မြောက်ရေး သို့မဟုတ် သက်သာရေးအတွက် အထောက်အကူပြုနိုင်သော အချက်အလက်များကို နှိုက်နှိုက်ချွတ်ချွတ်ရှာဖွေပြီး လျှောက်လဲချက်များပေးသေး၏။ သို့သော် နိုင်ငံရေးအရထုချေ၍၊ ဥပဒေအရမိနေသော ကျွန်တော်၏ထွက်ချက်များကို မည်သည့်အကောင်းဆုံးရှေ့နေမှ ဥပဒေအရပေါ့သွားအောင် လုပ်နိုင်တော့မည်မဟုတ်။

နောက်တစ်နေ့တွင်(နိုဝင်ဘာ ၂၇) အစိုးရရှေ့နေကြီးဦးချစ်က ပြန်လည်ချေပလျှောက်လဲမည်ဖြစ်၍ ရုံးသို့ထွက်သွားရာ ဦးချစ်အသံနာနေ၍ မလျှောက်လဲဖြစ်။

ဒီဇင်ဘာ ၃ရက်နေ့သို့ ချိန်းလိုက်၏။ ညနေ ကျွန်တော်ထောင်သို့ ပြန်ရောက်သောအခါ အမျိုးသားနေ့လုပ်မှုကြီးအတွက် ဦးယုမောင်တို့ ရဲဘော် ၅ယောက်မှာ တိုက်ပိတ်ခံနှင့်နေကြရပြီဖြစ်သည်ကို တွေ့ရလေ၏။ ကျွန်တော်လည်း ထောင်ပိုင်ကြီးရုံးမှတဆင့် တိုက်ထဲသို့ တန်းရောက်သွားတော့၏။ ဤသို့ဖြင့် ကျွန်တော်တို့ ၆ယောက်မှာ ဘာလျှောက်လဲချက်မှ ပေးခွင့်မရကြတော့ဘဲ တိုက်တစ်လပိတ်ခြင်းကို ခံကြရလေ၏။ ထိုတိုက်ကို မိုးကြိုးတိုက်ဟုခေါ်၏။

ကျွန်တော့်မှာ မနှစ်ကလည်း ဒီအချိန်လောက် တိုက်တစ်လအပိတ်ခံခဲ့ရ၏။

ယခုလည်း တစ်လအပိတ်ခံရပြန်ရာ တနှစ်လျှင်တိုက်ပိတ်ရက်တစ်လ မှန်နေတော့၏။ ကိုစိန်လှလည်း ဧပြီလလောက်က တိုက်ပိတ်ခံခဲ့ရရာမှ အထူးတန်းဖြုတ်လိုက်သဖြင့် အစာငတ်ခံတိုက်ပွဲဆင်ပြီး အထူးတန်းပြန်ရကာ လွတ်မြောက်လာခဲ့သူဖြစ်၏။

ယခု အမျိုးသားနေ့ကို(ခွင့်မတောင်းဘဲ)လုပ်၍ တိုက်ပိတ်သည်ဆိုခြင်းမှာ ပိုဆိုးနေ၏။ ကျွန်တော်တို့က အကျဉ်းဌာနမင်းကြီးထံသို့ စာရေးတင်ပြခွင့်တောင်း တော့လည်း ထောင်အာဏာပိုင်များက ခွင့်မပြု။ ထို့ကြောင့် ကျွန်တော်တို့မှာ အစာငတ်ခံ ဆန္ဒပြရန်မှတပါး အခြားနည်းလမ်းမရှိတော့။

ဒီဇင်ဘာလ ၁ရက်နေ့ကစ၍ ကျွန်တော်တို့ ၆ယောက်စလုံး အစာငတ်ခံကြ လေ၏။ ထိုည၌ ရေသောက်ပြီး စောစောအိပ်ကြ၏။ နောက်တစ်နေ့တွင် ထမင်းဆာ သော်လည်းရေသောက်ပြီး လန်းလန်းဆန်းဆန်းပင်ရှိကြ၏။ တတိယမြောက်နေ့ ဒီ ဇင်ဘာလ ၃ရက်နေ့တွင်ကား အနည်းငယ် ညှိုးနေကြသော်လည်း ထူထူထောင်ထောင် ကားရှိကြသေး၏။

ထိုနေ့မှာပင် ကျွန်တော်သည်အပြင်ရုံးသို့ထွက်သွားရ၏။ အစိုးရရှေ့နေကြီး ဦးချစ်က ကျွန်တော့်အမှုတွင်လျှောက်လဲချက်ပေးရန် ချိန်းထားသောနေ့ဖြစ်၏။ ကျွန်တော့်ဝမ်းထဲ၌အစာမရှိသည်မှာ ၃ရက်ရှိပြီဖြစ်သော်လည်း ရုံးသို့ကောင်းစွာသွား နိုင်၏။ ရုံး၌ ကျွန်တော်တို့တိုက်ပိတ်ခံ နေရသောကိစ္စ၊ အစာငတ်ခံနေကြသော ကိစ္စတို့ကို အရေးပိုင်အားတင်ပြ၏။ အရေးပိုင်က သူအရေးယူဆောင်ရွက်ပါမည်ဟု ဆို၏။

ထို့နောက် ဦးချစ်က လျှောက်လဲချက်ပေး၏။ ထို့နောက် ဦးမောင်ကြီးက ပြောစရာရှိသည်များကို ပြန်လည်ပြောဆိုသွားပြီးနောက် နှစ်ဖက် လျှောက်လဲချက်များ ပြီးဆုံးသွားတော့၏။ တရားသူကြီးက စီရင်ချက်ချဘို့သာ ကျန်တော့၏။ စီရင်ချက်ချ ရန် ၁၁ရက်ခွာပြီး ဒီဇင်ဘာလ ၁၄ရက်နေ့သို့ ချိန်းလိုက်လေ၏။

ညနေ ထောင်သို့ပြန်ရောက်သောအခါ ကျွန်တော်တို့အစာငတ်ခံနေကြသော ကိစ္စမှာ ပြေလည်မှုရသွားတော့၏။ ထောင်အာဏာပိုင်များက ကျွန်တော်တို့အား တိုက် ပိတ်ထားရာမှလွှတ်လိုက်ပြီး ကျွန်တော်တို့ကလည်း အစာပြန်၍စားကြလေ၏။ နောက် တစ်နေ့တွင် ဆရာဝန်ကြီးက ကျွန်တော်တို့အားလုံး အားရှိပြီး ကျန်းမာရေးပြန်ကောင်း လာစေရန် ထောင်တွင်းဆေးရုံသို့ တစ်ပတ်ခန့် တင်လိုက်လေ၏။

ဆေးရုံကဆင်းပြီး ကြာကြာမနေလိုက်ရတော့။ ဒီဇင်ဘာ ၁၄ရက် ရောက်လာ ပြီး ကျွန်တော့်အား ရုံးမှသေဒဏ်ပေးလိုက်ရာ သေဒဏ် အကျဉ်းသမားများထားသော ကြိုးတိုက်ထဲသို့ ကျွန်တော့်အား ပို့လိုက်ကြလေ၏။

(၃၉)

# ကြိုးတိုက်ထဲဝယ်

ညက ဘယ်အချိန်တွင်အိပ်ပျော်သွားသည် မသိ။ နံနက်အိပ်ရာထ နောက်ကျနေ၏။

အခန်းတံခါးမှာ ပိတ်ထားတုန်းပင်ရှိသေး၏။ နံပါတ် ၅ဆောင်မှာတုန်းက ဆိုလျှင် နံနက် ဖြနာရီထိုးလျှင် အခန်းတံခါးများကိုလာ၍ဖွင့်ပြီးပြီဖြစ်၏။ အခန်းထဲမှ ဂန်ဖလားများ(အလေးအပေါ့သွားသောခွက်များ)လာ၍သယ်ကြ၊ တံမြက်စည်းလှဲကြနှင့် လုပ်နေကြပြီဖြစ်၏။ ယခုကား ကြိုးသမားအခန်းဖြစ်နေ၍ မနက်လင်းသော်လည်း မဖွင့်သေး။ သို့သော် ဘားလမ်းတွင်တနှစ်နီးပါးမျှ ကျင့်သားရလာပြီဖြစ်၍ ကိစ္စမရှိ။

ကျွန်တော်အိပ်ရာမှနိုးသည်၌ တံခါးသံတိုင်များရှေ့သို့ ဗိုလ်ကျော်လှိုင် ပေါ်လာပြီး သံတိုင်များကြားမှ မတ်ခွက်သွင်း၍လဘက်ရည်ပေး၏။ ဗိုလ်ကျော်လှိုင်မှာ ဗိုလ်ထွန်းစိန်နှင့် မက်တစ်ခုတည်းစားသူဖြစ်၏။ သူတို့ကားကြိုးသမားများမဟုတ်၊ အခန်းပေါင်း ၂၀ရှိသောကြိုးတိုက်၌ ကြိုးသမားက ကျွန်တော်ရောက်လာမှ ၆ယောက် တည်းသာရှိရာ ကျန် အားနေသောအခန်းများတွင် ကြိုးသမားမဟုတ်သူများ ရှိကြ၏။

ဗိုလ်ကျော်လှိုင်မှာ မက်အင်ချုပ်(စားဖိုမှူး)လုပ်နေပြီး သူ့အခန်းမှာ ကျွန်တော်နှင့်မျက်နှာချင်းဆိုင် ကပ်လျက်ရှိနေရာ အတော်ဟန်ကျနေ၏။ ကျွန်တော် အရှေ့ဖက်မှကပ်လျက်အခန်းမှာ ဗိုလ်ထွန်းစိန်၏အခန်းဖြစ်နေရာ ပို၍အဆင်ပြေနေ၏။

ကျွန်တော်မရောက်မီက ရှိနှင့်ကြသောကြိုးသမား ၅ယောက်ထဲတွင် စိန်ပေါ ကျောင်းအုပ်ကြီးကိုသတ်မှုနှင့်ကျနေသော ကျောင်းသားကလေး ဘွတ်ဗီးလ်(ခေါ်) အီစွတ်လည်းပါ၏။ သူက အယူခံတွေအားလုံးရှုံးပြီး သမတကြီးထံသို့ရောက်နေပြီဖြစ်၏။ ကိုရင်တစ်ပါးလည်းပါ၏။ ၅ယောက်စလုံးမှာ အသက် ၂၀တဝိုက် လူငယ်ကလေးများပင်ဖြစ်ကြ၏။ မနေ့က ကျွန်တော်ရောက်ပြီးနောက် သူတို့က လမ်းလျှောက်ထွက်

ချိန်တွင် ကျွန်တော့အပေါက်ရှေ့တွင် ဝိုင်းအုံလာကြပြီး နှုတ်ဆက်ကြ၏။ သမတကြီး ထံရောက်နေသူတစ်ယောက်က ညှိုးငယ်စွာနှင့်အုတ်နံရံကို လက်နှင့်ဖေးမှီထားရင်းက 'ကျွန်တော်တို့တော့ ယှဲ့ယှဲ့ကလေးကျန်တော့တယ်'ဟု ဆိုရှာ၏။

မိန်းမရှာများကား ကျွန်တော်တို့အခန်းများရှေ့တွင် လမ်းသလားလျက်ရှိကြ၏။ မိန်းမရှာကလေးတစ်ယောက်မှာ သူ့အလုံးအရပ်ရော၊ အပြင်အဆင်အမူအရာရော တကဲ့မိန်းမများထက်ပင် မိန်းမဆန်နေ၏။ ကျွန်တော်တို့အထဲမှ ကြိုးသမားကလေး တစ်ယောက်နှင့် သမီးရည်းစားဖြစ်နေသည်ဟုဆို၏။ (မကြာမီမိန်းမလျှာများကိုမိုးကြိုး တိုက်သို့ ပြောင်းပစ်လိုက်၏။)

ညနေပိုင်း၌ ထောင်ပိုင်ကြီးလာ၍ ကျွန်တော့ကိုယ်အမှတ်အသားများကိုယူ၏။ နောင်ကြိုးပေးဖြစ်ခဲ့လျှင် လူမမှားအောင်ကြည့်ဘို့ဖြစ်၏။

နောက်တစ်နေ့တွင် ကျွန်တော့အားကြိုးမိန့်ချလိုက်ခြင်းကို ကြင်နာသည့်အနေဖြင့် ထောင်တွင်းမှအကျဉ်းသမားများက ထမင်းတနပ် မစားဘဲနေကြ၏။ ထောင်အာဏာပိုင်များက ထမင်းမစားဘဲနေကြသူများကို စာရင်းလိုက်ကောက်လေ၏။

ထိုနေ့မှာပင် ဇနီးဖြစ်သူက ထောင်ဝင်စာလာတွေ့၏။ ယခင်ကလို ဘူးထဲထွက်မတွေ့ရတော့။ သူက ကျွန်တော့အခန်းတံခါးရှေ့ထိ လာ၍တွေ့ရ၏။ တံခါးမှာပိတ်ထားရာ ကြားက သံတိုင်များခြားလျက်စကားပြောရ၏။ သူက ကျွန်တော်မှာလိုက်သော သတင်းစာတွေကို ယူလာ၏။

တရားလွှတ်တော်သို့ ကျွန်တော့အမှုအယူခံရာတွင် ရှေ့နေဦးမောင်ကြီးတင် မကဘဲ ဒေါက်တာဦးအေးမောင်ပါလိုက်လိမ့်မယ်ဟု သူက ပြောရာ ကျွန်တော်က သို့အောင်းမေ့လိုက်မိ၏။ အင်း .... အောက်ရုံးတုန်းကလည်း ဒီအဘိုးကြီး ငါ့အမှုကို လိုက်ပြီး နောက်ဆုံးလျှောက်လဲချက် မပေးရခင် ဝန်ကြီးဖြစ်သွားခဲ့တယ်။ အခုလဲ လိုက်ပြန်ပြီ၊ ဝန်ကြီးတော့ တစ်ခါဖြစ်အုံးတော့မှာဘဲ။

ကျွန်တော်ရောက်ပြီးနောက် ဇက်တိုက်လိုလိုပင် ကြိုးသမားများတယောက်ပြီးတစ်ယောက်၊ တစ်စုပြီးတစ်စု ရောက်လာကြ၏။ ကျောက်ကုန်းမှ ရှေ့နေဦးဘိုးဒန်သတ်မှု၊ ဆရာဝန်ကြီးဦးဘသောင်းဇနီး ဒေါ်စောလှသတ်မှု၊ မင်းလှလေးလောင်းပြိုင်သတ်မှု၊ အင်းစိန်သတင်းထောက်စံရှားသတ်မှု၊ အခြားမထင်ရှားသောအမှုများ။

ကြိုးသမားများကို တစ်ခန်းတစ်ယောက်သာထားရသဖြင့် ကြိုးသမားများ တိုးလာသည်နှင့်အမျှ ကြိုးသမားမဟုတ်သူများမှာ ကြိုးတိုက်မှ ပြောင်းရွှေ့ပေးကြလေရာ နောက်ဆုံး၌ အခန်း ၂၀စလုံး ကြိုးသမားများချည်း ကျန်ရစ်လေ၏။ နောက်ကြိုးကြိုက်ပင် မဆန့်တော့ဘဲ၊ မိုးကြိုးတိုက်သို့ပါ ခွဲထားရတော့၏။

ဇန်နဝါရီလ ၂၉ရက်နေ့တွင် သတင်းထောက်စံရှားသတ်မှုနှင့် ဦးသာနိုးနှင့် ကိုတင်ညိုတို့ ကျလာကြ၏။ ဦးသာနိုးမှာ အင်းစိန်မှ သန့်ရှင်း ခေါင်းဆောင်တစ်ယောက်ဖြစ်၏။ ယခင်က ကြိုးတိုက်တွင်အထူးတန်းရသောကြိုးသမား ကျွန်တော်တစ်ယောက်သာရှိရာ ဦးသာနိုးရောက်လာသော အခါတွင် နှစ်ယောက်ဖြစ်လာ၏။

ကျွန်တော်လည်း ကြိုးတိုက်ထဲရောက်စကနေသော အခန်းကျဉ်းကလေး နံပါတ် ၅မှနေ၍ အခန်းကျယ် နံပါတ် ၂သို့ ပြောင်းလာခဲ့၏။ ထိုအခန်းမှာ ကိုမောင်ကို နေပြီး လွတ်သွားသောအခန်းဖြစ်၏။ ဦးသာနိုးအခန်းနှင့် မျက်နှာခြင်းဆိုင်ဖြစ်၏။

အယူအဆရှိတတ်သူများအဘို့ ရေးရဦးမည်။ ကျွန်တော် ဘားလမ်းမှထောင်သို့ပြောင်းလာစဉ်က ကြိုးတိုက်အခန်းနံပါတ် ၂တွင်ကိုမောင်ကိုနှင့်အတူနေ၏။ (ထိုအခါက ကြိုးတိုက်တွင် ကြိုးသမားလုံးလုံးမရှိသေး) ထို့နောက် အခန်းနံပါတ် ၅သို့ ပြောင်း၏။ နောက် တိုက်ပိတ်ခံရ၏။ (၅၈–ဒီဇင်ဘာ) နောက် နံပါတ် ၅အဆောင်သို့ ပြောင်းသွားရ၏။ ယခု လာလမ်းအတိုင်း တစ်ပတ်ပြန်လှည့်လာ၏။ ၅ ဆောင်တွင်နေရာမှ တိုက်ပိတ်ခံရ၏။ (၅၉– နိုဝင်ဘာ) နောက်ကြိုးတိုက်အခန်း နံပါတ် ၅သို့ ပြန်ရောက်လာ၏။ ယခု ကိုမောင်ကိုနှင့်အတူနေခဲ့သော အခန်းနံပါတ် ၂သို့ ရောက်နေပြီဖြစ်၏။ ကိုမောင်ကိုကဲ့သို့ လွတ်ဘို့ဘဲကျန်တော့၏။

နိုင်ငံရေးအခြေအနေကား ပြောင်းလဲလာခဲ့လေပြီ။

(၄၀)

## ရွေး ကောက်ပွဲ

ဖေဖော်ဝါရီလ ၆-ရက်နေ့ (၁၉၆၀)တွင် ရွေးကောက်ပွဲကြီးလုပ်ဘို့မှာ သေချာသွားပြီဖြစ်၏။ တရားမျှတနိုင်သမျှ အမျှတဆုံးရွေးကောက်ပွဲ ဖြစ်အောင်ပြုလုပ်မည်ဟု ဗိုလ်ချုပ်အစိုးရက ကြေညာလေ၏။

ဒီဇင်ဘာလ ၁၈ရက်နေ့တွင် ကိုကိုးကျွန်းမှ ဗိုလ်ချုပ်၏အစ်ကိုဦးအောင်သန်းပြန်ရောက်လာပြီး ၂၉ရက်နေ့တွင် နိုင်ငံရေးအကျဉ်းသမားများ အားလုံးပြန်ရောက်လာကြလေ၏။ သူတို့ကို ရန်ကုန်အင်းစိန်ထောင်များတွင် ခွဲ၍ထား၏။ သခင်ဖေဌေးနှင့်ကိုအုံးမောင်တို့မှာ အင်းစိန်ထောင်သို့ ရောက်သွားကြ၏။ ရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် ထောင်ထဲမှပင်နေ၍ အမတ်လောင်းအဖြစ်စာရင်းတင်ခြင်း၊ ရွေးကောက်ပွဲအတွက် ပြင်ဆင်ခြင်းတို့ကို ပြုလုပ်ကြရလေ၏။

ပါတီအဖွဲ့အစည်းလူပုဂ္ဂိုလ်အသီးသီးတို့သည် တစ်လလောက်အချိန်အတွင်း၌ ရွေးကောက်ပွဲအတွက် အစွမ်းရှိသမျှပြင်ဆင်ကြလေ၏။ ရွေးကောက်ပွဲကြေညာချက်များလည်း ပလူပျံသလို ထွက်လာ၏။ ပမညတ က(ပမညတ၊ သန့်ရှင်း၊ တည်မြဲ)ညွန့်ပေါင်းအစိုးရဖွဲ့ရေးကို တင်ပြ၏။ သန့်ရှင်းက ဒီမိုကရေစီတစ်ခုတည်းကိုသာဖိပြီး ကြွေးကြော်၏။ တည်မြဲက စစ်တပ်လုပ်တာဒို့နှင့်မဆိုင်၊ စစ်တပ်ကို စစ်တန်းလျားများသို့ ပြန်ပို့မည်ဟု ကြေညာ၏။

ရွေးကောက်ပွဲတွင် အစိုးရအမှုထမ်းအရာထမ်းများသည် မည်သူ့ဖက်ကိုမျှ မလိုက်ရဟူ၍ ဗိုလ်ချုပ်နေဝင်းက တင်းတင်းကြပ်ကြပ် ပညတ်ထားသော်လည်း နယ်များမှသတင်းများမှာ အမျိုးမျိုးထွက်ပေါ်၍လာလေ၏။ ဘက်လိုက်သောသတင်းများ၊ အကြမ်းဖက်ခြိမ်းချောက်သော သတင်းများ။

နောက်ဆုံး၌ သမတကြီးကိုယ်တိုင်က ဗိုလ်ချုပ်နေဝင်းထံစာပေးရလေ၏။ သမတကြီး၏ မဲဆန္ဒနယ်ကိုယ်တိုင်မှာပင် ဘက်လိုက်မှု၊ ခြိမ်းချောက်မှုများပေါ်နေ၍ အခြားနယ်များတွင် တွေးဝံ့စရာပင်မရှိ။ တရားမျှတမှုဖြစ်အောင် ဆောင်ရွက်ပေးပါဆိုသောစာဖြစ်၏။ ဖေဖော်ဝါရီလ ၆–ရက်နေ့ကား တပြည်လုံးရှိလူထုကြီးလှုပ်ရှားသောနေ့ဖြစ်၏။ ထိုနေ့၌ ရွေးကောက်ပွဲကျင်းပရာ နေရာပေါင်း ၂၅၀အနက် ၂၂၄–နေရာတွင် တပြိုင်တည်းကျင်းပလေသည်။

ထိုနေ့နံနက်လင်းသည်မှစ၍ ထောင်ထဲမှကျွန်တော်တို့လည်း ရွေးကောက်ပွဲကိုစိတ်ဝင်စားနေကြ၏။ အပြင်ဖက်မှဖြတ်၍ ဖြတ်၍သွားကြသော ကားများပေါ်မှ ကြွေးကြော်အော်ဟစ်သံများကို ကြားနေရ၏။ ၂နာရီတစ်ကြိမ် ဂျူတီချိန်းရန်ဝင်၍ဝင်၍လာကြသောအစောင့်ဝါဒါများအား အပြင်ကမဲရုံတွေသတင်းကို ကျွန်တော်တို့က ဆီး၍မေးကြ၏။ ရသမျှသတင်းတွေက အဝါ–အဝါနှင့် ဖြစ်နေ၏။

ကျွန်တော်တို့ထောင်မှာ လမ်းမတော်မဲဆန္ဒနယ်အတွင်း၌ရှိရာ တည်မြဲဖဆပလခေါင်းဆောင်ဦးဗဆွေနှင့် သန့်ရှင်းခေါင်းဆောင်ဒေါက်တာ ဦးအေးမောင်တို့ ယှဉ်ပြိုင်အရွေးခံကြ၏။ ထောင်အမှုထမ်းများက သူတို့ကို မဲဆန္ဒပေးရ၏။

တစ်နေ့လုံး ရွေးကောက်ပွဲအကြောင်းကိုချည်း ပြောနေကြရာ တရုံးရုံးဖြစ်နေတော့၏။

ညတွင်ရေဒီယိုက ရေတွက်ပြီးသောမဲစာရင်းများကိုကြေညာ၏။ ထိုညတစ်ညလုံးကြေညာရာ ကျွန်တော်တို့လည်း မအိပ်ဘဲ တစ်ညလုံး စောင့်၍နားထောင်ကြ၏။ တပြည်လုံး ဝါသွားလေပြီ။ ဒီတချီတော့ ဗိုလ်မှူးချုပ်ဟောင်းကျော်ဇောလို လူပင်လျှင် အဝါကိုမတိုးနိုင်တော့။

ဤသို့ဖြင့် လူထုကြီးတရပ်လုံးက ပြင်းထန်သောဒီမိုကရေစီဆန္ဒကိုပြလိုက်ကြ၏။ ထို့ကြောင့်ပင် ရွေးကောက်ပွဲလှုပ်ရှားမှုကြီးကို ဗိုလ်မှူးချုပ်ဟောင်းကျော်ဇောနှင့် ဗိုလ်မင်းခေါင်တို့က 'လက်နက်မဲ့တော်လှန်ရေး'ဟု ဆိုလိုက်ခြင်းဖြစ်၏။ ဤလူထုကြီး၏ ဒီမိုကရေစီဆန္ဒကို 'သန့်ရှင်း'သည် အစစ်အမှန်ဖြည့်စွမ်းနိုင်ပါမည်လော။

ကိုကိုးကျွန်းမှပြန်ရောက်လာသူများမှာ တစ်သုတ်ပြီးတစ်သုတ် လွတ်၍သွားကြ၏။ သခင်ဖေဌေးနှင့်ကိုအုန်းမောင်တို့ပါသော(ပုဒ်မ ၅) ၁၃ယောက်ကိုမူ ဂေါ်တူး

ထောင်သို့ပို့လိုက်လေ၏။ (နောက်မှပြန်ခေါ်၏။)

ချိတ်ပိတ်ခံထားရသော ဗိုလ်တထောင်၊ ကြေးမုံ၊ ရန်ကုန်သတင်းစာများမှာလည်း အယူခံတွင်နိုင်ကြပြီး ပြန်ထွက်လာကြလေ၏။ အယ်ဒီတာများနှင့်ထုတ်ဝေသူများသည်လည်း တစ်ယောက်ပြီးတစ်ယောက် လွတ်၍သွားကြလေ၏။ များစွာသော အမှုများမှာလည်း အာမခံရ၍သွားကြလေ၏။

သို့သော် ငြိမ်းချမ်းရေးကိစ္စတွင်ကား 'လက်နက်ချအလင်းဝင်မလာလျှင် အပြင်းအထန်နှိမ်နင်းမည်'ဟူသော အဆို(ဦးချမ်းသာ)တို့ သန့်ရှင်းဖဆပလ(ပြည်ထောင်စုအဖွဲ့ချုပ်)က ချမှတ်လိုက်လေ၏။ (မတ်လ ၁၇ရက် ဦးစီးညီလာခံ) ဤအတိုင်းဆိုလျှင် ငြိမ်းချမ်းရေးရနိုင်ပါမည်လော၏။

ဧပြီလ ၄ရက်နေ့တွင် ဗိုလ်ချုပ်အစိုးရနုတ်ထွက်ပြီး ဦးနုအစိုးရဝန်ကြီးများ ကျမ်းကျိန်ကြ၏။ ထိုနေ့မှာပင် ပြည်သူတို့ကတင်မြှောက်သော အစိုးရအပေါ်သစ္စာရှိကြရန် သမတကြီးက တိုင်းပြည်သို့ မေတ္တာရပ်ခံ၏။

နောက်တစ်နေ့တွင် လူထုကရွေးကောက်တင်မြှောက်သောအစိုးရ တက်လာသည့် အထိမ်းအမှတ်အဖြစ် သမတကြီးက ကြိုးသမား ၆ယောက်ကိုသေဒဏ်မှတသက်တကျွန်းသို့ပြောင်းပေးလိုက်ရာကျွန်တော်တို့ကြိုးတိုက်ထဲမှဟန်ဘိုဆိုသောကြိုးသမားကလေး တစ်ယောက်ပါသွား၏။

ထိုနေ့တွင် ပါလီမန်၌ဝန်ကြီးချုပ်ဦးနုက ဥပဒေပဓာနတရားမိန့်ခွန်းကိုပြောရာ နောက် ၂ရက်အကြာ ပမညတက သတင်းစာကွန်ဖရင့် လုပ်ပြီး ဦးနု၏ပါလီမန်မိန့်ခွန်းတွင်ပါသော ဒီမိုကရေစီကတိများကိုကြိုဆိုကြောင်း၊ 'ပြည်တွင်းငြိမ်းချမ်းရေးနှင့်ပတ်သက်၍ အစိုးရက ပါတီတရားဝင်ခွင့်နှင့် သင်ပုန်းချေလွတ်ငြိမ်းချမ်းသာခွင့်ပေးရန်နှင့် သူပုန်များကလက်နက်စွန့်ပြီး ဥပဒေဘောင်ထဲကလုပ်ရန်လိုကြောင်း' ပြောကြားလေ၏။

ဦးနုက လွှတ်တော်တွင် သူ၏မိန့်ခွန်းအားဝေဖန်ချက်များကိုဖြေကြားရာ၊ 'သောင်းကျန်းသူတွေနဲ့ ဘယ်တော့မှမစေ့စပ်။ သူတို့ကလက်နက်ချဝင်လာရင်ဒီမိုကရေစီပေးရမယ်။ သူတို့ဟာ ရန်သူတွေမဟုတ်ဘူး။ လွတ်ငြိမ်းခွင့်ပေးဘို့ကိစ္စကိုတော့ အတိုက်အခံတွေနဲ့ တိုင်ပင်လုပ်ပါမယ်'ဟု ဆို၏။

ဧပြီလ ၂၅ရက်နေ့တွင် နှစ်ဖက်လက်ခံနိုင်သည့်နည်းဖြင့် ငြိမ်းချမ်းရေးရအောင်ဆောင်ရွက်ကြရန် ဆရာကြီးသခင်ကိုယ်တော်မှိုင်းက ပန်ကြားချက်ထုတ်လိုက်လေသည်။ ထိုပန်ကြားချက်ကို ပြည်သူ့ရဲဘော်ပါတီနှင့် ပြည်သူ့တိုးတက်ရေးပါတီတို့က ထောက်ခံကြလေသည်။

ငြိမ်းချမ်းရေးအသံကား ပြန်၍ကြားလာရလေပြီ။

(၄၁)

# ကြိုး ပေးခြင်း

ထင်သည့်အတိုင်းပင် တရားလွှတ်တော်၌လည်း ကျွန်တော့အယူခံမှုကို ဒေါက်တာဦးအေးမောင်က လျှောက်လဲရန်ကြိုးစားသော်လည်း မလျှောက်လဲလိုက်ရတော့ဘဲ ဝန်ကြီးဖြစ်သွားတော့ရာ ဦးမောင်ကြီးကပင် လျှောက်လဲချက်ပေးရတော့၏။

ဦးနုအစိုးရတက်ပြီးနောက် ၂ရက်အကြာ၊ ဧပြီလ ၆ရက်နေ့၌ တရားလွှတ်တော်က ကျွန်တော့အယူခံကိုပယ်ချပြီး အောက်ရုံးကအမိန့်ကိုအတည်ပြုလိုက်လေ၏။

လုပ်ရိုးလုပ်စဉ်အတိုင်းဆိုလျှင် ကျွန်တော်သည် တရားလွှတ်တော်ချုပ်သို့ အယူခံရမည်ဖြစ်၏။ သို့ရာတွင် ကျွန်တော်က တရားလွှတ်တော်ချုပ်သို့ အယူမခံတော့ဘဲ သင်ပုန်းချေငြိမ်းချမ်းခွင့်ပေးရန် သမတကြီးထံပန်ကြားလိုက်လေသည်။

ကျွန်တော်၏ပန်ကြားချက်၌ ရုံးတွင် ကျွန်တော်လျှောက်လဲထုချေခဲ့သော အချက်များကို အကျဉ်းချုံးပြီးဖေါ်ပြကာ (အခဏ်း ၃၇တွင် ဖေါ်ပြထားသောလျှောက်လဲချက်ဖြစ်သည်။) ထိုအချက်များအရ ကျွန်တော့အား သင်ပုန်းချေလွှတ်ငြိမ်းခွင့်ပေးရန် ပန်ကြားလိုက်၏။

ကြိုးသမားများလည်း တဖြည်းဖြည်းနည်း၍လာလေသည်။ အယူခံနိုင်ပြီး ကွင်းလုံးကျွတ် လွှတ်သူကလွှတ်၊ (ဧပြီလ ၂၁တွင် ဦးသာနိုးနှင့် ကိုတင်ညိုတို့လွှတ်

သည်။) တသက်တကျွန်းပြောင်းသူကပြောင်း၊ ထောင် ၁၀နှစ်ကျသူကကျ၊ လက်တွေ့ကြိုးပေးလိုက်ရသူကား တစ်ယောက်မျှ မရှိသေး။

ဤအစိုးရလက်ထက်တွင် လက်တွေ့ကြိုးပေးလိမ့်မည်မဟုတ်ဟုလည်း ထင်မှတ်နေကြ၏။ သို့သော် ဆီတောင်အိုင်အမှုမှချစ်လှိုင်နှင့် ထွန်းဝိုင်းတို့ကိုကြိုးပေးလိုက်ပြီဟု သတင်းစာများတွင်ပါလာသည့်အခါ ကြိုးတိုက်အတွင်း၌စိုးရိမ်မှု၊ စိတ်မချမှုများဖြစ်လာကြ၏။ ဘယ့်နှယ်လဲဆိုသောအမူအယာနှင့် တစ်ယောက်ကိုတစ်ယောက် ကြည့်ကြ၏။

စိုးရိမ်သည့်အတိုင်းပင် ဖြစ်လာတော့၏။

ဇူလိုင်လ ၂၅ရက်နေ့။

နံနက် ၈နာရီလောက်တွင် ကြိုးတိုက်ထဲသို့ ဆရာဝန်ကြီးဝင်လာ၏။ လက်ထောက်ဆရာဝန်လည်းပါ၏။ သူတို့က ကြိုးသမား ၂ယောက်ကို ဆေးစစ်ရန်အထုတ်ခိုင်းလေသည်။ တစ်ယောက်မှာ ကျွန်တော့အနောက်ဖက်ကပ်လျက်အခန်း (အခန်းနံပါတ် ၃)မှ မာမက်ဖြစ်၍ အခြားတစ်ယောက်က ကျွန်တော့အခန်းနှင့် ၂ခန်းကွာ နံပါတ် ၅အခန်း(မူလက ကျွန်တော်နေခဲ့သောအခန်း)မှ နဝါကာလီဖြစ်၏။

သူတို့နှစ်ယောက်မှာ အမှုတွဲဖြစ်၏။ နဝါကာလီဆိုသောကုလားကြီးက အသက် ၅၀ခန့်၊ မာမက်က အသက် ၂၀ရွယ်။ နဝါကာလီက အပြင်တွင် လူသတ်မှုနှင့်တစ်သက်တစ်ကျွန်းကျခဲ့၏။ မာမက်က အမှုသေးကလေးတစ်ခုနှင့် ထောင် ၆လကျရာလွတ်ခါနီးနေချိန် ထိုအချိန်တွင် သူတို့နှစ်ယောက်ပေါင်းမိပြီး ထောင်ထဲ၌လူသတ်မှုကျူးလွန်ကြရာမှ ယခုကြိုးတိုက်ထဲသို့ရောက်နေကြခြင်းဖြစ်၏။ အယူခံနှစ်ဆင့်စလုံးရှုံးပြီး ယခုသမတကြီးထံရောက်နေချိန်ဖြစ်၏။

သူတို့နှစ်ယောက်ကို အခန်းထဲမှထုတ်၍ဆေးစစ်သည်ဟုဆိုလျှင်ပင် ကျွန်တော်တို့ကသိပ်ပြီး သက်မကင်းကြတော့။ အခါတိုင်း ဘယ်နေ့တွေကမှ ဒီလိုအချိန်မျိုးမှာ ဆရာဝန်လာလည်း မလာဘူးခဲ့။ ဆေးလည်းထုတ်မစစ်ဘူးခဲ့။ ဆရာဝန်က သူတို့နှစ်ယောက်ကို အကျီချွတ်ခိုင်းကာ ရင်ပတ်ကိုနားကြပ်နှင့်စမ်းသပ်ကြည့်ပြီး ဆေးတစ်ခွက်စီတိုက်၍ အခန်းထဲသို့ပြန်သွင်းလိုက်လေသည်။

ဆရာဝန်များပြန်သွားပြီးနောက် နာရီဝက်လောက်အကြာ ထောင်ပိုင်ကြီး ထောင်ပိုင်ကလေး၊ ထောင်မှူးကြီး၊ ထောင်မှူးများနှင့်ဝါဒါများ တစုကြီးဝင်လာကြပြီး ထောင်ပိုင်ကြီးက သူတို့နှစ်ယောက်ကို အကျိုးအကြောင်းပြောပြလေ၏။ သူတို့နှစ်ယောက်ကို သမတကြီးကပယ်ချလိုက်ပြီးဖြစ်၍ နက်ဖြန်နံနက် ၅နာရီတွင် ကြိုးပေးရတော့မည်ဖြစ်ကြောင်း၊ တွေ့လိုသူများကိုခေါ်ပေးမည်ဖြစ်ကြောင်း၊ လိုတာကိုပြောပြစေ

လိုကြောင်း ရှင်းပြလေ၏။

ထိုအချိန်မှစ၍ သူတို့နှစ်ယောက်မှာ အထူးသဖြင့် ကုလားကလေးမာမက်မှာ စိတ်လျှော့ချလိုက်ဟန်တူသည်။ အရုပ်ကြိုးပြတ်သလို ပုံကျမသွားသော်လည်း မဟန်နိုင်တော့။

ထိုအချိန်ကစ၍ သူတို့သည် မသေသေးသော်လည်း အသက်မရှိကြတော့။ ဖုတ်သွင်းထားသည့်ခန္ဓာကိုယ်ကြီးလို ဖြစ်နေကြ၏။

မာမက်မှာ သပ်သပ်ရပ်ရပ်နေတတ်သောကုလားကလေးတယောက်ဖြစ်၏။ ရှိသမျှအိပ်ရာ အဝတ်အစားကလေးများကို သူ့နေရာနှင့်သူ စီစီညီညီခေါက်ထားတတ်၏။ အခန်းကို အမြဲလှဲကျင်းပွတ်တိုက်နေ၏။ ယခု သူ့အခန်းမှာ လူမရှိသောအခန်းကဲ့သို့ ဖြစ်သွားလေပြီ။ အားလုံးအဝတ်အစားတွေဖရိုဖရဲ၊ သူ့ခါးကလုံချည်ကိုပင် ကျွတ်မကျရုံ စည်းထား၏။

သူသည် မပျံနိုင်သောခိုကလေးတစ်ကောင်ကို ထမင်းကျန်ကလေးများကျွေးပြီးမွေးထား၍ ညတွင်သူ့အခန်းထဲ၌ နေရာကလေးလုပ်ပေးထားပြီး ခိုကလေးကိုသိပ်၏။ နေ့ခင်းနေ့လယ်များ၌ အိပ်ရာပေါ်တွင် သူကပက်လက်လှန်အိပ်ပြီး ခိုကလေးကိုရင်ဘက်ပေါ်၌တင်ပြီး ပွတ်သပ်ပေးနေလေ့ရှိ၏။ အပြင်ကထောင်ဝင်စာလာမည့်သူလည်း မရှိ။ ခိုကလေးကိုပင် အဖော်လုပ်နေ၏။ ဤခိုကလေးသည် မနေ့ကပင်ပျံထွက်သွားပြီး သူ့ကိုပစ်ထားခဲ့လေပြီ။

နဝါကာလီကုလားကြီးကား မာမက်ထက်ထိန်းနိုင်၏။ မာမက်မှာလည်း သူ့ကြောင့်ပင်သေရခြင်းဖြစ်၍ သူပင်သတ်ခြင်းဖြစ်သည်ဟု ပြောနေ၏။ အစားလည်း သိပ်မပျက်။ သူတို့မသေမီ ဓါတ်ပုံများရိုက်ထားခဲ့လိုသည်ဟုဆို၍ ထောင်အာဏာပိုင်များက ဓါတ်ပုံများလာရိုက်ပေးကြ၏။

တထောင်လုံးလည်း စိတ်မကောင်းကြ။ အထူးသဖြင့် သူတို့နှင့်အတူတူနေရသော ကျွန်တော်တို့က ပို၍စိတ်မကောင်းကြ။ ဘယ်သူမှလဲ ထမင်းစား၍မရကြတော့။ နက်ဖြန်တွင် သွေးအေးအေးဖြင့်အသတ်ခံကြရတော့မည့် လူ ၂ယောက်က ကျွန်တော်တို့ မျက်စိအောက်တွင် ဖြစ်နေလေပြီ။

ကြိုးတိုက်တွင် အစောင့်များကိုတိုး၍ချထား၏။ သူတို့၏ကိုယ်အလေးချိန် အရပ်အမောင်း အတိုင်းအထွာများကို လာ၍ယူ၏။ ကြိုးစင်တွင် ချိန်ပြီးကြိုးတပ်ဆင်ရန်ဖြစ်၏။ သို့မှကြိုးပေးရာ၌ ချောချောရှုရှုဖြစ်မည်ဖြစ်၏။

သူတို့မှာ မဟာမေဒင်ဘာသာဝင်များဖြစ်၍မဟာမေဒင်ဘုန်းကြီးလာပြီး တရားဟော၏။သူတို့အခေါ်ခိုင်းသောအသိမိတ်ဆွေများလည်းအပြင်မှလာ၍တွေ့ကြ၏။

## ဗိုလ်မှူး ချစ် ကောင်း

ထိုညတစ်ညလုံး သူတို့မအိပ်နိုင်ကြ။ ဘိလပ်ရည်မှာ၍ သောက်နေကြ၏။ ကျွန်တော်တို့လည်း အိပ်၍မရကြ။ တစ်ဆောင်လုံးလည်းတိတ်နေ၏။ အခါတိုင်းကဲ့သို့ တစ်ခန်းနှင့်တစ်ခန်းလှမ်း၍ စကားပြောသံ၊ ရယ်သံမောသံများလည်း မကြားရတော့။

သတ်ရန်အချိန်မှာ တဖြည်းဖြည်းနီးကပ်လာနေပြီဖြစ်၏။ သန်းကောင်ကျော်တွင် မိုးရွာ၍လာ၏။ မိုးရေပေါက်ကျသံများကြားထဲမှ လေးနာရီ သံချောင်းခေါက်သံပေါ်လာ၏။ သတ်ရန်အချိန် တစ်နာရီသာလိုတော့၏။

မိုးရေထဲတွင် ကြိုးတိုက်၏ဘေးမှဖြတ်လျက် ကြိုးစင်ရှိရာဖက်သို့ ဝါဒါများဝင်လာကြလေပြီ။ ဝါဒါများလျှောက်သွားနေသည်ကို ပြူတင်းပေါက်သံတိုင်ကြားမှ လှမ်းမြင်နေရ၏။ ဝါဒါ ၅၀မျှရှိ၏။

အနောက်ဖက်အခန်းတွင် ပြူတင်းပေါက်သံတိုင်များကြားမှမီးရောင်ကြောင့် မာမက်၏အရိပ်မှာ မြေကြီးပေါ်တွင်လာထင်နေ၏။ အချိန်နီးလာသည်နှင့်အမျှ သူ၏အရိပ်မှာ ယောက်ယက်ခတ်၍နေ၏။

၅ နာရီထိုးခါနီးတွင် ထောင်မှူး ထောင်ပိုင်များ၊ တရားသူကြီးနှင့် ဒေါက်ဖြုတ်မည့်သူတို့ဝင်လာကြလေ၏။ ကြိုးပေးမည့်သူများကို အမှတ်အသားများစစ်ကာ လက်ပြန်ကြိုးတုပ်လေ၏။ မာမက်သည် အစောင့်များကြားတွင် လက်ပြန်ကြိုးတုပ်လျက်နှင့် ကျွန်တော့အခန်းရှေ့သို့လာရပ်လျှက် 'ဆရာ–သွားတော့မယ်'ဟု နှုတ်ဆက်ရှာ၏။ မျက်ရည်များဝဲလျက် ငိုသံပါနေ၏။

ကြိုးစင်မှာ ကြိုးတိုက်၏အနောက်ဖက် ပေ ၃၀အကွာလောက်မှာပင်ရှိ၏။ ကြိုးစင်မှအံဖုံးပေါ်တွင် ကြိုးပေးမည့်လူကိုတင်ထားပြီး အံဖုံးကို ဖြုတ်ချလိုက်သောအခါ လူကအောက်ကျသွားပြီး ကြိုးတန်းလန်းနှင့်ဖြစ်သွား၏။ နှစ်ယောက်ကို တပြိုင်တည်းကြိုးပေးနိုင်၏။

မာမက်က နှုတ်ဆက်သွားပြီးနောက် သိပ်မကြာလိုက်၊ အာလာဆိုသော ဘုရားဆုတောင်းသံနှင့်အတူ 'ဂျိုင်း'ခနဲ အံဖုံးပြုတ်ကျသံကြီးကို ကြားလိုက်ရ၏။ ၅ နာရီလည်း ထိုးလေပြီ။

နာရီဝက်အကြာ ဆရာဝန်လာကြည့်ပြီးနောက် သေပြီဖြစ်ကြောင်းအတည်ပြုလိုက်လေ၏။

(၄၂)

# ရေနာင် အနှစ်နှစ်ဆယ်

နဝါကာလီနှင့်မာမက်တို့ကိုကြိုးပေးပြီးနောက် ကျွန်တော်သည် ကြိုးတိုက်ထဲတွင် ကြာကြာမနေလိုက်ရတော့။ ၁၃ရက်အကြာတွင် ထောင်မှလွတ်မြောက်လာခဲ့၏။

ယခင်အစိုးရလက်ထက်က ထောင်ထဲသို့ ရောက်ခဲ့ကြသည့်နိုင်ငံရေးသမား၊ စာရေးဆရာ၊ သတင်းစာဆရာ၊ စာရေးစာချီ၊ ကျောင်းသား၊ လူငယ်၊ ကုန်သည်ပွဲစားအများအပြားမှာ လွတ်၍သွားကုန်ကြလေပြီ။ ကြက်ပျံမကျစည်ကားလှသော ထောင်ကြီးမှာလည်း တဖြည်းဖြည်းခြောက်ကပ်၍ လာလေပြီ။

ကျွန်တော်သည် ၁၉၅၇–ခုနှစ် မတ်လ ၉–ရက်နေ့တွင်အဖမ်းခံရပြီး ၁၉၆၀–ခု ဩဂုတ်လ ၈–ရက်နေ့တွင်လွတ်ခဲ့ရာ၊ ထောင်ထဲတွင် စုစုပေါင်း ၃နှစ်နှင့် ၅လတိတိကြာခဲ့၏။ (ဘားလမ်းအချုပ်တွင် ၁နှစ်နီးပါးကြာခဲ့၏။ ကြိုးတိုက်ထဲတွင် ၈လနီးပါးကြာခဲ့၏။ ကျန်အချိန်မှာ ရန်ကုန်ထောင်ကြီးထဲမှနေ၍ အမှုဆိုင်နေခဲ့ရသောအချိန်ဖြစ်၏။)

သမတကြီးသည် ကျွန်တော့အားလုံးဝလွတ်ငြိမ်းခွင့်ပေးပြီး လွှတ်ပစ်လိုက်၏။ သူသည် ရဲဘော်စိတ်ကို အထင်အရှားပြသလိုက်ခြင်းပင်ဖြစ်၏။

လွတ်လပ်ရေးတိုက်ပွဲကို အတူဆင်နွှဲခဲ့ကြသောရဲဘော်များသည် အချင်းချင်းရဲဘော်စိတ်ကိုပြန်၍မွေးကြပြီး ပြည်တွင်းငြိမ်းချမ်းရေးပြဿနာကြီးကို ပြေလည်သွား

အောင်မြေရှင်းနိုင်ကြလျှင် မည်မျှကောင်းလေမည်နည်း။

ပြောင်းလဲလာသောအခြေအနေများကြောင့် ကျွန်တော်တို့သည် လွတ်မြောက်၍လာခဲ့ကြ၏။ ဤအခြေအနေများကို ပြည်သူလူထုကြီး၏ အစွမ်းအစက ဖန်တီးလိုက်ခြင်းဖြစ်၏။ ထို့ကြောင့် ကျွန်တော်တို့လွတ်မြောက်လာခဲ့ခြင်းမှာ ပြည်သူလူထုကြီး၏ အစွမ်းအစကြောင့်ပင် ဖြစ်တော့၏။

သို့ဖြစ်ရာ ပြည်သူလူထုကြီးအစွမ်းအစသည် ကိုအုန်းမောင်၊ သခင်ဖေဌေး၊ ဗိုလ်အောင်ညွန့်၊ ဤကဲ့သို့ကျန်နေသေးသော နိုင်ငံရေးအကျဉ်းသမားတို့လွတ်မြောက်အောင်၊ ငြိမ်းချမ်းရေးပြန်လည်ရရှိအောင်၊ အဘယ့်ကြောင့်မတတ်နိုင်ရမည်နည်း။

ကျွန်တော်တို့၏ ပထမအနှစ်နှစ်ဆယ်သည် ကုန်သွားခဲ့ပြီဖြစ်၏။ ဤအနှစ်နှစ်ဆယ်အတွင်း၌ ကျွန်တော်တို့သည် ဘဝအမျိုးမျိုးကို ဖြတ်သန်းခဲ့ကြ၏။ နစ်နာမှုအမျိုးမျိုးကိုခံခဲ့ကြ၏။ အတွေ့အကြုံအမျိုးမျိုးကို ရခဲ့ကြ၏။ ကျွန်တော်တို့မှာ ဘာတွေဘဲကွဲလွဲကွဲလွဲ တူညီသောအချက်တစ်ခုရှိ၏။ ကျွန်တော်တို့တိုင်းပြည်ကို ကောင်းအောင်လုပ်လိုသောဆန္ဒဖြစ်၏။ ဤဆန္ဒအရ ကျွန်တော်တို့သည် အနှစ်နှစ်ဆယ်လုံးလုံး လုပ်လာခဲ့ကြ၏။

ယနေ့တိုင်းပြည်အခြေအနေကို ပြန်ကြည့်လိုက်သောအခါ ဤဆန္ဒသည် မည်မျှအကောင်အထည်ပေါ်နေပါပြီနည်း။ ဤဆန္ဒညီသူ အချင်းချင်းသည် မည်သည့်အခြေအနေတွင်ရှိနေပါသနည်း။

ကျွန်တော်တို့သည် နောင်အနှစ်နှစ်ဆယ်ကို မည်သို့အစပြုသင့်ကြပါသနည်း။ တိုင်းပြည်ကောင်းအောင်လုပ်လိုသူအချင်းချင်း ညှိနှိုင်းတိုင်ပင်ကြပြီး ကွဲလွဲချက်တွေကိုဘေးဖယ်ကာ တူတာတွေကို တက်ညီလက်ညီဝိုင်းဝန်းလုပ်ကိုင်ကြခြင်းဖြင့် အစပြုသင့်ပါသလော။ သို့မဟုတ် အချင်းချင်း သတ်ပွဲ–ဖြတ်ပွဲ–ဆော်ပွဲ–ကလော်ပွဲများဖြင့် အစပြုသင့်သလော။

တမျိုးသားလုံးစည်းလုံးညီညွတ်ခဲ့သောနေသူရိန်ခေတ်၊ ဗိုလ်ချုပ်အောင်ဆန်းတို့ခေတ်က လုပ်ငန်းတာဝန်များသည် အားလုံးပြီးဆုံးလေပြီလော။ ထိုလုပ်ငန်းတာဝန်များကို ဆက်လက်ဆောင်ရွက်ရန်အတွက် အမျိုးသားစည်းလုံးညီညွတ်ရေးသည် မလိုတော့ပြီလော။

ကျွန်တော်လွတ်သောနေ့က ဂါဒီးယန်သတင်းစာ(၇–၈–၆၀) အလိုအရဆိုလျှင် ဩဂုတ်လ ၆–ရက်နေ့ဖြစ်နေ၏။ ထိုနေ့မှာ တိုက်တိုက်ဆိုင်ဆိုင် ဝါခေါင်လပြည့်ဖြစ်နေ၏။

ကျွန်တော်တို့သည် တန်ခူးလပြည့်နေ့တွင် ဂျပန်တော်လှန်ရေးလုပ်ခဲ့ကြပြီး

သီတင်းကျွတ်လပြည့်နေ့၌ ဖဆပလကွန်မြူနစ်ကွဲ၍၊ နတ်တော်လပြည့်နေ့၌ ကြိုး တိုက်ထဲသို့ရောက်ကာ ဝါခေါင်လပြည့်နေ့တွင် ထောင်မှလွတ်လေ၏။

သို့သော်–ဝါခေါင်လပြည့်နေ့မှာ စနေနေ့ဖြစ်နေ၍ သက်ဆိုင်ရာမှလွတ်ဝရမ်း ရောက်မလာသောကြောင့် တနင်းလာနေ့ (ဩဂုတ်–၈)ကျမှ လက်တွေ့လွတ်လာခဲ့၏။

ကျွန်တော်သည်လွတ်လာချိန်၌ ကြိုးတိုက်တွင် ကြိုးသမား ၈–ယောက်ကျန် ရစ်ခဲ့၏။

ထိုနေ့တွင် ကျွန်တော့ဇနီးထောင်ဝင်စာလာသည်နှင့်ဆုံနေသဖြင့် သူက အထုပ်အပိုးများကို ကူ၍ထုပ်ရင်းက 'ကဲ ... မောင်ဘာနဲ့ပြန်မလဲ' ဟု မေးလိုက်၏။

အပြင်တွင်ကား မိုးမှာတဖွဲဖွဲရွာလျက် ရှိလေ၏။ ။